မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၂)
အမှတ် (၂၅၆)

Established in 1914

Myanma Alinn Daily

၁၃၇၅ ခုနှစ်၊ နယုန်လဆန်း ၁၀ ရက်

၂၀၁၃ ခုနှစ်၊ ဇွန် ၁၈ ရက်၊ အင်္ဂါနေ့။

နိုင်ငံတော်ဝန် အရေး(၃)ပါး

❖ ပြည်ထောင်စု မပြိုကွဲရေး။

❖ တိုင်းရင်းသား စည်းလုံး ညီညွတ်မှု မပြိုကွဲရေး။

❖ အချုပ်အခြာအာဏာ တည်တံ့ ခိုင်မြဲရေး။

ဒုတိယသမ္မတ ဦးညဏ်ထွန်း ထိုင်းနိုင်ငံရှိ စက်မှုဇုန်များနှင့် Amata City တိုးချဲ့တည်ဆောက်မှုကြည့်ရှု

နေပြည်တော် ဇွန် ၁၇

ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ရောက်ရှိနေသည့် ဒုတိယသမ္မတ ဦးညဏ်ထွန်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ဇွန် ၁၆ ရက် နံနက်ပိုင်းတွင် ထိုင်းနိုင်ငံဝန်ကြီးချုပ်ရုံး ဝန်ကြီး H.E.Mr. Niwattumrong Boonsongpaisan၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးတင်ဝင်းနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ခေတ္တတည်းခိုသည့် Grand Hyatt Erawan ဟိုတယ်မှ မော်တော်ယာဉ်များဖြင့်ထွက်ခွာခဲ့ရာ နံနက် ၁၀ နာရီခွဲတွင် Rayong ပြည်နယ်ရှိ Map Ta Phut စက်မှုဇုန်အုပ်ချုပ်ရေးမှူးရုံးသို့ ရောက်ရှိကြသည်။

ထို့နောက် အစည်းအဝေးခန်းမ၌ ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များအား ထိုင်းနိုင်ငံစက်မှုဇုန် အာဏာပိုင်အဖွဲ့ (IEAT)ဒုတိယအုပ်ချုပ်ရေးမှူး Mr.Peravatana Rungraungsri က Map Ta Phut စက်မှုဇုန် စတင်တည်ဆောက်မှုသမိုင်းကြောင်းနှင့် ရေနက်ဆိပ်ကမ်းတည်ဆောက်မှု၊ စက်မှုဇုန်ရှိ စက်ရုံများမှ ကုန်ပစ္စည်းထုတ်လုပ်မှု၊ လျှပ်စစ်ဓာတ်အား တပ်ဆင်အသုံးပြုမှု၊ ဆက်သွယ်ရေး၊ သောက်သုံးရေရရှိရေးနှင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုမရှိစေရေး စီစဉ်ဆောင်ရွက်ထားရှိမှု အခြေအနေများကို အသေးစိတ်ရှင်းလင်းတင်ပြရာ မြန်မာကိုယ်စားလှယ်အဖွဲ့က Map Ta Phut စက်မှုဇုန်နှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို မေးမြန်းကြသည်။

ဆက်လက်၍ ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် Environmental Monitoring Control Center အတွင်း သဘာဝပတ်ဝန်းကျင်ပျက်စီးမှုမရှိစေရေး စောင့်ကြည့်စစ်ဆေးမှုအခြေအနေနှင့် စက်မှုဇုန်အတွင်း အရေးပေါ်ဘေးအန္တရာယ်ကြုံတွေ့ပါက *စာမျက်နှာ ၅ ကော်လံ ၅* ✻

ဒုတိယသမ္မတ ဦးညဏ်ထွန်း Chonburi ရှိ Amata Nakorn စက်မှုဇုန်သို့ ရောက်ရှိကြပြီး စက်မှုအသက်မွေးပညာသင်ကျောင်း (Thai-German Institue) အတွင်း ကြည့်ရှုလေ့လာစဉ်။ (သတင်းစဉ်)

မော်တော်ယာဉ်အရောင်းအဝယ်စိတ်တိုင်းကျပြုလုပ်နိုင်သည့်ရန်ကုန်မြို့မှ ယာဉ်ရပ်နားစခန်းများ

ရန်ကုန် ဇွန် ၁၇

မြန်မာနိုင်ငံအစိုးရက ပြည်ပမှ ယာဉ်တင်သွင်းမှုစည်းမျဉ်း၊ စည်းကမ်းများ လျှော့ချပေးခဲ့ပြီးနောက် မော်တော်ယာဉ်မျိုးစုံ တင်သွင်းမှု တစ်ရှိန်ထိုးများပြားခဲ့သည်။ ထို့အတူ မော်တော်ယာဉ်ဈေးနှုန်းများလည်း အံ့မခန်းကျဆင်းသွားရာ ကားအရောင်းအဝယ်များလည်း တုံ့ဆိုင်းသွားခဲ့သည်။

သို့သော် မော်တော်ယာဉ်များ ဝယ်လိုသူနှင့် ရောင်းချလိုသူများ အဆင်ပြေစေရန်အတွက် ရန်ကုန်မြို့တွင် ကားအရောင်းအဝယ်ပြုလုပ်နိုင်သည့် ယာဉ်ရပ်နားစခန်းများကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက စီစဉ်ဆောင်ရွက်ပေးထားရာ ယခင်သီရိမင်္ဂလာဈေး အဆောက်အအုံ မြေညီထပ်နှင့် လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်း၊ပြည်လမ်းနှင့် ဗိုလ်ချုပ်လမ်းအကြား ကျန်းမာရေးဝန်ကြီးဌာနပိုင် မြေနေရာတွင် မင်းရဲကျော်စွာ ယာဉ်ရပ်နားစခန်း(ယာယီ)များကို ဖွင့်လှစ်ပေးထားပြီး ဖြစ်သည်။

မင်းရဲကျော်စွာ ယာဉ်ရပ်နားစခန်း(ယာယီ)တွင် စတင်ဖွင့်လှစ်သည့် ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီ ၂၆ ရက်မှ နောက်ပိုင်းတစ်နေ့လျှင် ကားအစီး ၇၀၀ ခန့် လာရောက်ပြသနေလျက်ရှိပြီး ညအိပ်ကားမှာ အစီး ၄၀၀ခန့်ရှိကြောင်း၊ ယခုအခါ နေ့စဉ်မော်တော်ကားအစီးရေ ၉၅၀ ခန့်လာရောက်ပြသနေရာ ရောင်းချရန်အတွက်လာရောက်ပြသသည့် ကားအစီးရေ ပိုမိုများပြားလျက်ရှိကြောင်း မင်းရဲကျော်စွာ ယာဉ်ရပ်နားစခန်း(ယာယီ)မှ တာဝန်ခံ ဦးဝင်းကြိုင်က ပြောကြားသည်။

မင်းရဲကျော်စွာ ယာဉ်ရပ်နားစခန်း(ယာယီ)တွင် ကားလေးများသာ လာရောက်ရပ်နား ရောင်းဝယ်မှုများ ပြုလုပ်လျက်ရှိပြီး ယာဉ်ဝင်ခကို *စာမျက်နှာ ၅ ကော်လံ ၅* ❐

သတင်း-မောင်သစ္စာ
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

မင်းရဲကျော်စွာ ယာဉ်ရပ်နားစခန်း(ယာယီ) ကိုတွေ့ရစဉ်။

ကိုယ့်နိုင်ငံက အလုပ်အကိုင်အခွင့်အလမ်းသစ်တွေ ဖန်တီးပေးလာပြီဆိုတော့ ပြည်ပသွားပြီး အလုပ်မလုပ်စေချင်

သတင်းစာမျက်နှာ ➤ ၆

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

ကောင်းသောအလုပ် မှန်သောစကား

စကားခြောက်ခွန်း၊ လှူ၌ထွန်း၊ လေးခွန်းကိုပယ် နှစ်ခွန်းတည်၏ ဟူသောဆိုစကားရှိသည်။ မဟုတ်မမှန်၊ အကျိုးစီးပွားမရှိ သူတစ်ပါးတို့မနှစ်သက်။ ဟုတ်မှန်၏၊ အကျိုးစီးပွားမရှိ၊ သူတစ်ပါးတို့ မနှစ်သက် တစ်ခွန်း။ ဟုတ်မှန်၏၊ အကျိုးစီးပွားရှိ၊ သူတစ်ပါးတို့မနှစ်သက် တစ်ခွန်း။ မဟုတ်မမှန်၊ အကျိုးစီးပွားမရှိ၊ သူတစ်ပါးတို့နှစ်သက်၏ တစ်ခွန်း။ ဟုတ်မှန်၏ အကျိုးစီးပွားမရှိ၊ သူတစ်ပါးတို့ နှစ်သက်၏ တစ်ခွန်း။ ဟုတ်မှန်၏ အကျိုးစီးပွားရှိ၏ သူတစ်ပါးလည်းနှစ်သက်၏ တစ်ခွန်း။ ယင်းစကား ခြောက်ခွန်းအနက် တတိယစကားဖြစ်သည့် ဟုတ်မှန်၏ အကျိုးစီးပွားရှိ၊ သူတစ်ပါး မနှစ်သက်စကားနှင့် ဆဋ္ဌမစကားဖြစ်သည့် ဟုတ်မှန်၏ အကျိုးစီးပွားရှိ၏ သူတစ်ပါးလည်း နှစ်သက်၏ စကားနှစ်ခွန်းသည် အများသူငှာတို့ လိုက်နာကျင့်သုံးသင့်သည့် စကားဖြစ်သည်။

လောက၌ လူတို့သည် နေ့စဉ်စကားအမျိုးမျိုးကို ပြောဆိုနေကြရသည်။ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး၊ မိသားစုအရေး စသည်ဖြင့် အချင်းချင်းပြောဆိုဆက်ဆံနေကြရာ အကျိုးရှိသော စကားများ၊ အကျိုးမရှိသောစကားများ၊ သူတစ်ပါးထိခိုက်နစ်နာစေသောစကားများ၊ သူတစ်ပါးအကျိုးစီးပွားပျက်စီးစေသော စကားအမျိုးမျိုး ပါဝင်ပေသည်။ မဟုတ်မမှန်သောစကားများ၊ မိမိလည်းအကျိုးမရှိ သူတစ်ပါးလည်း အကျိုးမရှိသော စကားများကို မည်သူမျှလည်း မနှစ်သက်ကြသဖြင့် ရှောင်ကြဉ်သင့်ပေသည်။

ဟုတ်မှန်၏ အကျိုးစီးပွားရှိ သူတစ်ပါးတို့ မနှစ်သက်စကားနှင့် စပ်လျဉ်း၍ ရှေးအခါက ရတနာပုရမြို့၌ တရဖျားမင်းသည် နောင်တော်၏ သမီးတော်ကို ထိမ်းမြားမိပြီး အမတ်ကြီးတစ်ပါးကို ကိလေသာ၌ မျက်စိရှိသလောဟု မေး၏။ အမတ်ကြီးကလည်း အရှင်မင်းကြီး ကိလေသာ၌ မျက်စိမရှိဟု လျှောက်၏။ အဘယ်ကြောင့်နည်းဟုမေးမြန်းရာ အကျွန်ုပ်သည် အရွယ်ရောက်သောသမီးနှင့် ရေချိုးသွားလေသော် မြစ်ကမ်းမှ ရေချိုးတက်လာသော သမီးကို ရာဂစိတ်ဝင်မိပြီး လက်ဆွဲမိချေ၏။ သမီးက ဖခင်ကို သမီးပါဟု လျှောက်ထားမှ သတိရ၍ ချမ်းသာစွာ အိမ်သို့ပြန်လာနိုင်ခဲ့သည်။ ကျွန်ုပ်သာမဟုတ်၊ ဤလူ့ရွာ၌ရှိသော အချို့သောသူတို့သည် ရာဂစိတ်ဝင်သောအခါ မျောက်၊ ခွေးတိရစ္ဆာန်ကိုပင် လူကဲ့သို့ထင်၍ ပြုမူကြသဖြင့် ကိလေသာ၌ မျက်စိမရှိကြောင်းကို သိပါသည်ဟု လျှောက်၏။ ထိုစကားကို ကြားသော တရဖျားမင်းသည် တူမတော်အား သိမ်းယူခြင်းမှ ရှောင်လွှဲလေသည်။ ဤစကားသည် ဟုတ်မှန်၏ သူတစ်ပါးတို့လည်း မနှစ်သက် ဤတတိယစကားမျိုးကိုသာ ဘုရားသခင်လည်း ဆိုတော်မူကြောင်း ကျီးသဲလေးထပ် ဆရာတော်၏ ကျမ်းတွင် ဖော်ပြထားသည်။

ဆဋ္ဌမစကားဖြစ်သည့် ဟုတ်မှန်၏ အကျိုးစီးပွားရှိ၏ သူတစ်ပါးလည်း နှစ်သက်သည့်စကားမှာ ကောင်းသောစကားကို ဆိုခြင်းဖြစ်သည်။ဆိုဆုံးမခြင်း၊ ပညာပေးခြင်း၊ နည်းလမ်းကောင်းပေးခြင်း၊ ကောင်းရောင်းကောင်းဝယ် ပြုလုပ်ရန်၊ ပညာရှာရန်၊ အလှူပေးရန် စသည့်စကားတို့သည် အကျိုးစီးပွားဖြစ်သည် အများသူငှာ အားလုံးနှစ်သက်သည့် စကားဖြစ်သည်။ ထို့ကြောင့် လူတိုင်းသည် စကားကြီးခြောက်ခွန်းမှ နှစ်ခွန်းသောစကားကဲ့သို့ အများအတွက်အကျိုးရှိပြီး မှန်ကန်သောစကားကိုသာ ပြောသင့်ပါကြောင်း။ ။

ပြည်တွင်းသတင်း

ရှမ်းပြည်နယ် ရွှင်မြို့နယ်အနီး မြို့ကြီးရေလှောင်တမံ ဘက်စုံစီမံကိန်း တည်ဆောက်လျက်ရှိ

နေပြည်တော် ဇွန် ၁၇

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် ဇွန် ၁၄ ရက် မွန်းလွဲ ၂ နာရီက ရှမ်းပြည်နယ် ရွှင်မြို့နယ်အနီး မြို့ကြီးရေလှောင်တမံ ဘက်စုံစီမံကိန်းသို့သွားရောက်ပြီး တာဝန်ရှိသူများအား တွေ့ဆုံ၍ တည်ဆောက်ရေး လုပ်ငန်းများကို ကြည့်ရှုရာ ရေလွှဲ၊ ရေယူ ဥမင်လိုဏ်၊ ရေယူအဆောက်အအုံ အပြီးသတ်တည်ဆောက်နေမှု၊ ရေအားလျှပ်စစ်ဆက်စပ်အဆောက်အအုံ တည်ဆောက်နေမှုနှင့် ရေပိုလွှဲတည်ဆောက်နေမှုတို့ကို လှည့်လည်စစ်ဆေးပြီး မြို့ကြီးရေလှောင်တမံ ဘက်စုံစီမံကိန်းသည် နိုင်ငံတော်၏ အထူးစီမံကိန်းတစ်ခုအဖြစ် မိတ္ထီလာလွင်ပြင်စိမ်းလန်းစိုပြည်ရေးနှင့် လယ်မြေဧက ၃၃၀၀၀ကို ရေသောက်စနစ်များဖြင့် သီးထပ်သီးညှပ် စိုက်ပျိုးနိုင်မည်ဖြစ်ပြီး လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၃၀ ထုတ်လုပ်သည့် ဘက်စုံစီမံကိန်းဖြစ်သည့်အားလျော်စွာ ဒေသနေပြည်သူလူထုအတွက်သာမက နိုင်ငံတော်၏ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို ထိရောက်စွာ အကျိုးပြုနိုင်မည်ဖြစ်ကြောင်း၊ စီမံကိန်း အင်ဂျင်နီယာများအနေဖြင့် လုပ်ငန်းအရှိန်အဟုန်တိုးမြှင့်၍ မူလလျာထားချက်အတိုင်း ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ပြီးစီးရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို ပိုမိုတိုးတက် အကျိုးပြုနိုင်ရေးကို ကြိုးစားဆောင်ရွက်ရန် လိုအပ်ကြောင်း။

ဆည်၊ တမံလုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဒီဇိုင်းပုံစံနှင့် အရည်အသွေးပြည့်မီစွာ တည်ဆောက်ရေးနှင့် တစ်ပြိုင်တည်း ဆည်၏ ရေဝေ၊ ရေလဲနယ်မြေဖြစ်သည့် ဇော်ဂျီမြစ်တစ်လျှောက်ရှိ သစ်တောဧရိယာများကို လုပ်ထုံးလုပ်နည်းနှင့်အညီ ကာကွယ်ရေး၊ စိမ်းလန်းစိုပြည်ရေးအတွက် စနစ်တကျ ဆောင်ရွက်ကြရန် လိုအပ်ကြောင်း။

နိုင်ငံတော်၏ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးသာမက ဘက်စုံအထောက်အကူပြုနိုင်မည့် မြို့ကြီးရေလှောင်တမံ ဘက်စုံစီမံကိန်းကို နိုင်ငံတော်ဖွံ့ဖြိုးရေးတွက် အခြေခံမောင်းနှင်အားတစ်ရပ် အနေဖြင့် ပညာရှင်များက အထောက်အကူပြုရည်မှန်းချက်နှင့် စိတ်ကောင်းစေတနာ အပြည့်အဝထားရှိကာ ကြိုးပမ်းအကောင်အထည်ဖော်ကြရန် မှာကြားသည်။

မြို့ကြီးရေလှောင်တမံ ဘက်စုံစီမံကိန်းသည် ရှမ်းပြည်နယ်(တောင်ပိုင်း) ရွှင်မြို့နယ် မြို့ကြီးကျေးရွာအနီး ဇော်ဂျီမြစ်ပေါ်တွင် တည်ဆောက်နေရာ တည်ဆောက်ရေးလုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးနေပြီဖြစ်ကာ ကျန်ရှိနေသော လုပ်ငန်းများကို အပြီးသတ်တည်ဆောက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တာချီလိတ် မယ်ယန်းကျေးရွာ လမ်းအစိတ်အပိုင်း ပြုပြင်ပေးရန် လိုအပ်နေ

ထင်သာမြင်သာ ပြုပြင်စရာ

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံ-တာချီလိတ် ပြည်ထောင်စုလမ်းမကြီးသည် တာချီလိတ်မြို့နှင့် ကျိုင်းတုံမြို့တို့ကို အဓိက ဆက်သွယ်ထားသည့် ပြည်ထောင်စုလမ်းမကြီး ဖြစ်ကာ စုစုပေါင်း ၁၄၇ ကီလိုမီတာ ရှည်လျားပြီး မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံ-တာချီလိတ် မဟာဗျူဟာလမ်းမကြီး၏ အစိတ်အပိုင်းတစ်ခုလည်း ဖြစ်သည်။ မိုင်းယောင်းမြို့သို့ လည်းကောင်း၊ တရုတ် - လာအို - မဲခေါင်မြစ်ကြောင်း ကုန်သွယ်မှုသည် ဝမ်ပုံဆိပ်ကမ်းသို့ လည်းကောင်း၊ ထိုင်းနိုင်ငံ မယ်ဆိုင်မြို့သို့လည်းကောင်း ဆက်သွယ်ယှက်ဖြာနေသော အာရှလမ်းမကြီးလည်း ဖြစ်သည်။

ကျိုင်းတုံ - တာချီလိတ် ပြည်ထောင်စုလမ်းမကြီးသည် နိုင်လွန်ကတ္တရာလမ်း အမျိုးအစားဖြစ်ကာ ၂၀၁၁ ခုနှစ်က လှုပ်ခတ်ခဲ့သော တာလေငလျင်ဒဏ်ကြောင့် မိုင်းဖြတ်နှင့် တာချီလိတ်မြို့များအကြား လမ်းအစိတ်အပိုင်းအချို့ ကျိုးပျက်ခဲ့သည်ကို ပြန်လည်ပြုပြင် ဖာထေးထားရသည်မှအပ အဆင့်မီလမ်းမကြီးတစ်ခုဖြစ်သည်။

အဆိုပါ လမ်းမကြီး၏ တာချီလိတ်မြို့အဝင် မယ်ယန်းကျေးရွာ ရွာလည်၌ အလျား နှစ်ဖာလုံခန့်ရှိ လမ်းအစိတ်အပိုင်းသည် ပျက်စီးလျက်ရှိသည်။

အဆိုပါနေရာတွင် ကျေးရွာပြည်သူများက စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမှုနှင့်အညီ တိုက်တာ အိုးအိမ်များ ဆောက်လုပ်ကြရာတွင် ရေနုတ်မြောင်းများ စနစ်တကျ တည်ဆောက်မှုမရှိခြင်းကြောင့် မိုးရာသီကာလတွင် လမ်းမကြီးပေါ် အထိ ရေလျှံနေလေ့ရှိရာ တစ်စတစ်စဖြင့် လမ်းမကြီးပေါ်မှ ကတ္တရာများ၊ ကျောက်များပျက်စီးလာကာ ယခုအခါ ဆိုးရွားစွာ ပျက်စီးနေသည်မှာ နှစ်နှစ်ကျော်ခန့်ရှိနေပြီ ဖြစ်သည်။

နေပူလျှင်ဖုန်ထူ၊ မိုးရွာလျှင် ဗွက်အိုင်ဖြစ်ကာ မော်တော်ယာဉ်များသည် ချိုင့်ခွက်များကို ရှောင်တိမ်းမောင်းနှင်ကြရပြီး မော်တော်ဆိုင်ကယ် မတော်တဆဖြစ်မှုများကိုလည်း မကြာခဏ ကြုံတွေ့နေကြရသည်။ အဆိုပါနေရာသည် တာချီလိတ်-ကျိုင်းတုံ လမ်းအသုံးပြုခကောက်ခံသော Toll Gate နှင့် မနီးမဝေးတွင် ရှိနေပါသည်။ နှစ်နှစ်ကျော်သုံးနှစ်နီးပါးကြာအောင် ပျက်စီးလျက်ရှိရာ တာဝန်ရှိသူများအနေဖြင့် ပြည်ထောင်စုလမ်းမကြီး၏ စံချိန်စံညွှန်းနှင့်လျော်ညီသော လမ်းမကြီးအဖြစ် အမြန်ဆုံးပြုပြင်ပေးနိုင်ပါရန် ရေးသားတင်ပြလိုက်ရပါသည်။

မောင်ယဉ်ကျေး

သတိပေးချက်

၁။ မီးလောင်မှုဖြစ်ပွားလျှင် ထွက်မပြေးပါနှင့်။ ပတ်ဝန်းကျင်ကို အကူအညီတောင်းပါ။

၂။ မီးစတင် လောင်ကျွမ်းသောအချိန်တွင် ငြိမ်းသတ်နိုင်လျှင် မီးလောင်ဆုံးရှုံးမှု မများနိုင်ပါ။

၃။ အိမ်တိုင်း၊အဆောက်အအုံတိုင်း၊ ယာဉ်တိုင်းတွင် DCP (Dry Chemical Power Extingusher)ဓာတုဗေဒ ပေါင်ဒါမှုန့်ခြောက် မီးသတ်ဆေးဘူးများ ဆောင်ထားခြင်းဖြင့် အလျင်အမြန်မီးငြိမ်းသတ်နိုင်ပြီး မီးဘေးအန္တရာယ်မှ ကာကွယ်နိုင်ပါသည်။ **မီးသတ်ဦးစီးဌာန**

GUSTO INSTITUTE
School of Computing & Software Engineering

ကွန်ပျူတာ နည်းပညာဖြင့် အောင်မြင်သော အနာဂတ်ကို တည်ဆောက်လိုသူများအတွက်

edexcel Approved Centre No. 93683

HND Diploma in Computing (UK)
B.Sc. (Hons) Computing (UK)

UK ၏ အကြီးမားဆုံး ပညာရေးအဖွဲ့အစည်းဖြစ်သည့် Edexcel နှင့် IT/Computing ဘာသာရပ်ကို အထူးပြု သင်ကြားပေးနေသော Gusto Institute တို့ ပူးပေါင်း၍ သင်ကြားပို့ချမည်ဖြစ်ပါသည်။

Gusto Institute : #332(D), Pyay Road, (Near Maharmyaing), Sanchaung Township, Yangon, Myanmar. Ph: 01-503715, 0986-28806.

ရွှေရတုမြန်မာ့ကျောက်မျက်ရတနာပြပွဲ တတိယနေ့ ဆက်လက်ကျင်းပ

နေပြည်တော် ဇွန် ၁၇

မြန်မာ့မြေ၊ မြန်မာ့ရေမှထွက်ရှိသည့် မြန်မာ့ကျောက်မျက်ရတနာများ ပြသရောင်းချသည့် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီက ကြီးမှူးကျင်းပသော အကြိမ် (၅၀)မြောက် ရွှေရတု မြန်မာ့ကျောက်မျက်ရတနာပြပွဲကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ မဏိရတနာ ကျောက်စိမ်းခန်းမနှင့် ကျောက်မျက်ရတနာပြတိုက်တို့တွင် ပြပွဲတတိယနေ့အဖြစ် ဆက်လက်ကျင်းပရာ သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်အောင် လှည့်လည်ကြည့်ရှုအားပေးသည်။

နံနက်ပိုင်းမှစတင်၍ ပြည်တွင်းပြည်ပ ရတနာကုန်သည်များသည် မဏိရတနာ ကျောက်စိမ်းခန်းမအတွင်း၊ အပြင်နှင့် ကျောက်မျက်ရတနာပြတိုက်တို့တွင် လူပင်လယ်လှိုင်းလုံးကြီးများသဖွယ် စည်ကားများပြားလျက်ရှိသည်။

လေလံစနစ်

မဏိရတနာ ကျောက်စိမ်းခန်းမအတွင်းနှင့် အပြင်တို့တွင် ပြည်တွင်း၊ ပြည်ပ ကျောက်မျက်ရတနာကုန်သည်များသည် တင်ဒါစနစ်၊ လေလံစနစ်တို့ဖြင့် ပြသရောင်းချမည့် ကျောက်စိမ်း အတွဲ ၁၀၀၀၃ တွဲအတွက် မိမိတို့လိုလားနှစ်သက်သည့် ကျောက်စိမ်းအတွဲများကို လေ့လာမှတ်သားကြပြီး **(အောက်ဝဲပုံ)** လွတ်လပ်စွာ တင်ဒါတင်သွင်းနေသည့် မြင်ကွင်းကို တွေ့မြင်နေရသည်။ ကျောက်မျက်ရတနာပြတိုက်တွင် မြန်မာ့ရေထွက်ပုလဲများကို တင်ဒါစနစ်ဖြင့်လည်းကောင်း၊ လေလံစနစ်ဖြင့်လည်းကောင်း လွတ်လပ်ပွင့်လင်းစွာ ဝယ်ယူနေကြသည်ကို တွေ့မြင်နေရသည်။

မြန်မာ့ ကျောက်မျက်ရတနာပြတိုက်တွင် ယနေ့ နံနက်ပိုင်းက ပြည်တွင်း ပြည်ပ ရတနာကုန်သည်များအား ပုလဲအတွဲ ၇၈ တွဲကို တင်ဒါစနစ်ဖြင့်ရောင်းချရာ ပုလဲအတွဲအားလုံးကို အောင်မြင်စွာ ရောင်းချနိုင်ခဲ့ပြီး ဒုတိယပိုင်းအစီအစဉ်အဖြစ် ပုလဲအတွဲ ၂၁ တွဲကို လေလံတင်ရောင်းချရာတွင်လည်း ပုလဲအတွဲအားလုံးကို အောင်မြင်စွာ ဆက်လက်ရောင်းချနိုင်ခဲ့သည်။

ပြည်တွင်း ပြည်ပ ကျောက်မျက်ရတနာကုန်သည်များမှ မြန်မာ့ ပုလဲအတွဲများ တန်ဖိုးငွေအများဆုံးဖြင့် ဝယ်ယူသူ ဂျပန်နိုင်ငံသား MR. BHAVIK PANKAJ JHAVERI အား မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိန်လွင်က အမှတ်တရလက်ဆောင်ပစ္စည်းနှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်တွင်းသတင်း

ထိုင်းပါလီမန်ဥက္ကဋ္ဌနှင့် အောက်လွှတ်တော်ဥက္ကဋ္ဌ မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီးရောက်ရှိ

နေပြည်တော် ဇွန် ၁၇

ထိုင်းပါလီမန်ဥက္ကဋ္ဌနှင့် အောက်လွှတ်တော်ဥက္ကဋ္ဌ H.E .Mr. Somsak Kiatsuranont ဦးဆောင်သည့် ထိုင်းပါလီမန်အဖွဲ့သည် မြန်မာနှင့် ထိုင်း နှစ်နိုင်ငံအကြား ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု ပိုမိုခိုင်မြဲစေရန်အတွက် ချစ်ကြည်ရေးခရီးအဖြစ် ယနေ့ညနေ ၆ နာရီ ၄၅ မိနစ်တွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ရောက်ရှိလာရာ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်း၊ ဒုတိယဥက္ကဋ္ဌ ဦးတင်အောင်၊ အမျိုးသားလွှတ်တော်မှ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများဖြစ်ကြသော ဒေါက်တာခင်ရွှေ၊ ဦးနေဝင်းထွန်း၊ ဒေါက်တာမြင့်ကြည်၊ ဦးညွန့်တင်၊ ဦးဝင်းနောင်နှင့် ထိုင်းနိုင်ငံ ယာယီသံအမတ်ကြီးတို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လွှတ်တော်ကိုယ်စားလှယ်အဖွဲ့ ဘယ်လ်ဂျီယံနိုင်ငံသို့ ထွက်ခွာ

ရန်ကုန် ဇွန် ၁၇

ဥရောပသမဂ္ဂ ပါလီမန်၏ဖိတ်ကြားချက်အရ ဘယ်လ်ဂျီယံနိုင်ငံရှိ Fact Finding Mission သို့လေ့လာရန် ပြည်သူ့လွှတ်တော် ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီအဖွဲ့ဝင် ဦးဝင်းဦးနှင့် အမျိုးသားလွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီအဖွဲ့ဝင် ဦးမင်းဦးတို့သည် ဇွန် ၁၅ ရက် ညပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာသွားခဲ့ကြသည်။ **(သတင်းစဉ်)**

အဝေးမှစူးစမ်းလေ့လာခြင်းနှင့် ပထဝီသတင်းအချက်အလက် စာရင်းကောက်ယူမှုနည်းပညာဆိုင်ရာ အခြေခံနှင့် အဆင့်မြင့်သင်တန်းဖွင့်လှစ်

နေပြည်တော် ဇွန် ၁၇

ကြုံတွေ့နေရသော ရာသီဥတုပြောင်းလဲမှုနှင့်ဆက်နွှယ်ပြီး နိုင်ငံတော်၏ သဘာဝသယံဇာတ အရင်းအမြစ်များ လျော့နည်းပြုန်းတီးလာခြင်း၊ လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်လာမှုကို ထိခိုက်ခြင်းနှင့် သဘာဝပတ်ဝန်းကျင်ဂေဟစနစ်များ ယိုယွင်းလာခြင်းတို့သည် ထာဝစဉ်ညီတိုးတက်လာစေရေး (Sustainable Development) အတွက် အနှောင့်အယှက်ဖြစ်လာရာ ၎င်းတို့နှင့်ဆက်နွှယ်ပြီး ဆန်းစစ် ကာကွယ်ထိန်းသိမ်း ဆောင်ရွက်ရန် အရေးတကြီးလိုအပ်လာသည်။ Remote Sensing နှင့် ပထဝီသတင်းအချက်အလက်စနစ် Geographic Information System (GIS)သည် ပတ်ဝန်းကျင်ဆိုင်ရာနှင့် သဘာဝသယံဇာတများအား စောင့်ကြည့်လေ့လာခြင်း၊ ကာကွယ်ထိန်းသိမ်းခြင်းတို့တွင် အရေးပါသည့်ပညာရပ်အဖြစ် ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနေကြသည်။

ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ အစိမ်းရောင်စီးပွားရေးနှင့် အစိမ်းရောင် ဖွံ့ဖြိုးတိုးတက်ရေးအသင်း (Green Economy Green Growth-Myanmar-GEGG)၊ အမေရိကန်နိုင်ငံ စမစ်ဆိုးနီးယန်း ဇီဝဗေဒထိန်းသိမ်းရေးဌာန (Smithsonian Conservation Biology Institute, USA)နှင့် ကမ္ဘာ့တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းရေးရန်ပုံငွေအဖွဲ့ (WWF)တို့ ပူးပေါင်း၍ ဂြိုဟ်တုဓာတ်ပုံသရုပ်ခွဲခြင်းများအပါအဝင် ဂြိုဟ်တုနည်းပညာအသုံးပြုခြင်းများ၊ ပထဝီသတင်းအချက်အလက်စနစ် Geographic Information System(GIS) သုံးစွဲ၍ မြေအသုံးချမှုလေ့လာခြင်း၊ ဇီဝမျိုးစုံ မျိုးကွဲတို့၏ နေရင်းဒေသများကို ဆန်းစစ်လေ့လာခြင်းနှင့် မြေပုံများထုတ်ယူခြင်းတို့ကို သိရှိနိုင်ရန်နှင့် သင်တန်းမှရရှိလာသော နည်းပညာရပ်များကို မိမိတို့ တာဝန်ထမ်းဆောင်နေသော ကဏ္ဍအသီးသီး၌ အကျိုးရှိစွာ အသုံးပြုနိုင်ရန် ရည်ရွယ်ချက်များဖြင့် ဖွင့်လှစ်သည့် အဝေးမှစူးစမ်းလေ့လာခြင်းနှင့် ပထဝီသတင်းအချက်အလက် နည်းပညာဆိုင်ရာ အခြေခံနှင့် အဆင့်မြင့်သင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် ရေဆင်းရှိ သစ်တောသုတေသနခန်းမ၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံအစိမ်းရောင်စီးပွားရေးနှင့် အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်ရေးအသင်း၊ အမေရိကန် စမစ်ဆိုးနီးယန်း ဇီဝဗေဒထိန်းသိမ်းရေးဌာန၊ ကမ္ဘာ့တောရိုင်းတိရစ္ဆာန် ထိန်းသိမ်းရေးရန်ပုံငွေအဖွဲ့တို့မှ ကိုယ်စားလှယ်များ၊ သင်တန်းသားများ တက်ရောက်ခဲ့ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် သစ်တောတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာမြင့်ဦးက အဖွင့်အမှာစကားပြောကြားပြီး စမစ်ဆိုးနီးယန်း ဇီဝဗေဒထိန်းသိမ်းရေးဌာန မြန်မာနိုင်ငံ အစိမ်းရောင်စီးပွားရေးနှင့် အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်ရေးအသင်းနှင့် ကမ္ဘာ့တောရိုင်းတိရစ္ဆာန် ထိန်းသိမ်းရေးရန်ပုံငွေအဖွဲ့တို့မှ တာဝန်ရှိသူများက အမှာစကား ပြောကြားခဲ့ကြသည်။

သင်တန်းတွင် Remote Sensing နည်းပညာနှင့်သက်ဆိုင်သည့် ဂြိုဟ်တုဓာတ်ပုံဖတ်နည်းပညာရပ်များ၊ Geographic Information System(GIS) နည်းပညာများအသုံးပြု၍ Satellite Imageries ဂြိုဟ်တုဓာတ်ပုံများအား အချက်အလက်တွက်ချက်ခြင်း နည်းပညာရပ်များ (Data Analysis)၊ Monitoring & Conservation Methodologies စောင့်ကြည့်ခြင်းနှင့် ထိန်းသိမ်းခြင်းစနစ်များ အကြောင်းကို စာတွေ့လက်တွေ့ သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

သင်တန်းသို့ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနအောက်ရှိ လုပ်ငန်းဌာနများ၊ သစ်တောတက္ကသိုလ်၊ ဆက်စပ်ဝန်ကြီးဌာနများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ သင်တန်းသား ၂၅ ဦး တက်ရောက်ပြီး သင်တန်းကာလမှာ ယနေ့မှ ဇွန် ၂၁ ရက်အထိ ငါးရက်ကြာမြင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အဝေးမှ စူးစမ်းလေ့လာခြင်းနှင့် ပထဝီသတင်းအချက်အလက် နည်းပညာဆိုင်ရာ အခြေခံနှင့် အဆင့်မြင့် သင်တန်းဖွင့်ပွဲတွင် သစ်တောတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာမြင့်ဦး အမှာစကားပြောကြားစဉ်။
(သတင်းစဉ်)



ဂျီ – ၈ ထိပ်သီးအစည်းအဝေးစတင် ဆီးရီးယားကိစ္စ အဓိကဆွေးနွေးကြမည်

နယူးယောက် ဇွန် ၁၇

စက်မှုထိပ်သီးရှစ်နိုင်ငံ (ဂျီ-၈) ခေါင်းဆောင်များသည် မြောက်အိုင်ယာလန်နိုင်ငံ၌ ကျင်းပလျက်ရှိသော ထိပ်သီးအစည်းအဝေးတွင် ဆီးရီးယားအကျပ်အတည်းကိစ္စကို အဓိကဆွေးနွေးလိမ့်မည်ဖြစ်ကြောင်း ဇွန် ၁၇ ရက် ဘီဘီစီသတင်းတွင် ဖော်ပြသည်။

ဗြိတိန်ဝန်ကြီးချုပ်ဒေးဗစ်ကင်မရွန်းသည် ဆီးရီးယား၏ အဓိကမဟာမိတ် ရုရှားခေါင်းဆောင် ဗလာဒီမာပူတင်နှင့် ဇွန် ၁၆ ရက်က တွေ့ဆုံခဲ့ကြသည်။ ယင်းတို့သည် ဆီးရီးယားသူပုန်ကို လက်နက်ပေးရန် စီစဉ်နေသော အမေရိကန်သမ္မတ ဘားရက်အိုဘားမားနှင့် သီးခြားစီ တွေ့ဆုံဆွေးနွေးလိမ့်မည်ဟု ဆိုသည်။ အိမ်ရှင်အဖြစ် လက်ခံကျင်းပသော မစ္စတာကင်မရွန်းအနေဖြင့် ကမ္ဘာ့စီးပွားရေးနှင့် ပတ်သက်ပြီးလည်း ဦးတည်ဆွေးနွေးရန် ဆန္ဒပြင်းပြလျက်ရှိသည်။

၄င်းအနေဖြင့် အီးယူ-အမေရိကန် လွတ်လပ်စွာကုန်သွယ်ရေးစာချုပ်ကိစ္စကို ဆွေးနွေးရန်လည်း မျှော်လင့်ထားသည်။ (၃၉) ကြိမ်မြောက် ဂျီ-၈ ထိပ်သီးအစည်းအဝေးကို ဇွန် ၁၇ နှင့် ၁၈ ရက်တွင် မြောက်အိုင်ယာလန်နိုင်ငံ လောင့်အာနေး၌ ကျင်းပလျက်ရှိရာ ကနေဒါ၊ ပြင်သစ်၊ ဂျာမနီ၊ အီတလီ၊ ဂျပန်၊ ရုရှား၊ အမေရိကန်နှင့် ဗြိတိန်တို့မှ ခေါင်းဆောင်များ တက်ရောက်လျက်ရှိသည်။ **(ဘီဘီစီ)**

ဝန်ကြီးချုပ် ပီတာနေးကက်(စ်) ၄င်း၏နိုင်ငံရေးဆိုင်ရာ တာဝန်ယူမှုလုပ်ငန်းများနှင့်စပ်လျဉ်း၍ ရုပ်မြင်သံကြားထုတ်လွှင့်မှုသို့ ရှင်းလင်းပြောကြားခဲ့စဉ်။

အဂတိလိုက်စားသည်ဟု သတင်းများထွက်ပြီးနောက် ချက်ဝန်ကြီးချုပ် ရာထူးမှနုတ်ထွက်ရန် ကြေညာလိုက်ပြီ

ပရာဟာ ဇွန် ၁၇

ချက်သမ္မတနိုင်ငံ ဝန်ကြီးချုပ် ပီတာနေးကက်(စ်)သည် နိုင်ငံအတွင်း မကြာသေးမီရက်များက နိုင်ငံရေးကမောက်ကမများ ဖြစ်ပွားခဲ့ပြီးနောက် ဇွန် ၁၆ ရက်က ရာထူးမှနုတ်ထွက်ရန် ကြေညာလိုက်ကြောင်း ဘီဘီစီသတင်းတစ်ရပ်တွင် ဖော်ပြသည်။

မစ္စတာ ပီတာနေးကက်(စ်)၏ အာဏာရ ညွန့်ပေါင်းအဖွဲ့သည် စီဗစ်ဒီမိုကရက်တစ်ပါတီ(အိုဒီအက်စ်) က ရွေးချယ်တင်မြှောက်ထားသူ အချို့နှင့် အစိုးရသစ်ဖွဲ့စည်းရန် ကြိုးစားလျက်ရှိသည်။

အဆိုပါ ဝန်ကြီးချုပ်၏ ဝန်ထမ်းအကြီးအကဲ ဂျနားနက်ယိုဗားသည် အစိုးရရှေ့နေများက အာဏာအလွဲသုံးစားပြု၍ အဂတိလိုက်စားမှုများရှိသည်ဟု ဇွန် ၁၄ ရက်က စွပ်စွဲပြောကြားလိုက်ပြီးနောက် မစ္စတာနေးကက်(စ်)ကို ဖိအားပေးမှုများ ကြီးထွားလာခြင်းဖြစ်သည်။

အမိန့်ပေးလိုက်

အမတ်ဟောင်းနှစ်ဦး၊ ဝန်ကြီးဟောင်းတစ်ဦးနှင့် လက်ရှိနှင့် ယခင်စစ်ထောက်လှမ်းရေး အကြီးအကဲများကိုလည်း ထိန်းသိမ်းထားလိုက်ပြီဖြစ်သည်။ လက်နက်ကိုင်ရဲတပ်ဖွဲ့က အစိုးရနှင့် ပုဂ္ဂလိကဆိုင်ရာရုံးများသို့ ဝင်ရောက်ရှာဖွေမှုများပြုလုပ်ခဲ့ပြီးနောက် ချက်သမ္မတမီလောဇေမန်ကယင်းတို့ကို ဖမ်းဆီးရန် အမိန့်ပေးလိုက်သည်။

ထိုသို့ ဝင်ရောက်ရှာဖွေစဉ်အတွင်း ချက်ငွေ ကိုရူးနားသန်း ၁၅၀(အမေရိကန်ဒေါ်လာ ၈ သန်း)၊ ရွှေချောင်း ၁၀ ကီလိုဂရမ်နှင့် စာချုပ်စာတမ်းအများအပြား သိမ်းဆည်းရမိခဲ့သည်ဟုဆိုသည်။

မစ္စနက်ယိုဗားသည် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများတွင် လာဘ်ပေးလာဘ်ယူလုပ်သည်ဟု သံသယရှိကြောင်း စုံစမ်းစစ်ဆေးရေးမှူးများက ပြောကြားသည်။ သူမသည် ဆယ်စုနှစ်တစ်ခုကြာ မစ္စတာနေးကက်(စ်)၏ အနီးကပ်အဖော်ဖြစ်ခဲ့ပြီး လာဘ်ပေးလာဘ်ယူမှုဖြင့် သံသယရှိသူဖြစ်သည်။

မစ္စတာနေးကက်(စ်) ယခုသီတင်းပတ်က ဇနီးဖြစ်သူ ရက်ကာနီကာဆိုဗာနှင့် ကွာရှင်းပြတ်စဲကြောင်း ကြေညာခဲ့သည်။ သို့သော်လည်း ချက်မီဒီယာများက ၄င်း၏ ဇနီးအပါအဝင် ပစ်မှတ်ထား၍ သတင်းများဖော်ပြခဲ့ကြသည်။ **(ဘီဘီစီ)**

မြောက်ကိုရီးယားဆွေးနွေးရန်ကမ်းလှမ်းမှု အေးစက်စက်တုံ့ပြန်

ဝါရှင်တန် ဇွန် ၁၇

မြောက်ကိုရီးယားဘက်က အမေရိကန်နှင့်အဆင့်မြင့်အရာရှိအဆင့် တွေ့ဆုံဆွေးနွေးလိုကြောင်း ကမ်းလှမ်းမှုကို ဝါရှင်တန်အစိုးရနှင့် တောင်ကိုရီးယားနိုင်ငံတို့က တုံ့ဏှိဘာဝေသဘောထားကာ တုံ့ပြန်ကြောင်း ဘီဘီစီသတင်းတွင် ဇွန် ၁၇ ရက်က ဖော်ပြသည်။ မြောက်ကိုရီးယားတို့အနေဖြင့် ကတိကဝတ်များပေးပြီး လေဖမ်းတရားနာနေရသည့်အခြေအနေမျိုး မဟုတ်စေဘဲ လက်တွေ့လုပ်ရပ်များဖြင့် မှတ်ကျောက်တင်ခံစေလိုကြောင်း အမေရိကန်အစိုးရပြောရေးဆိုခွင့်ရှိသူ အမျိုးသမီးတစ်ဦးက ပြောကြားသည်။ ဒေသတွင်း ငြိမ်းချမ်းရေးဆွေးနွေးအဖြေရှာရန် အမေရိကန်ထံဇွန် ၁၆ ရက်က မြောက်ကိုရီးယားတို့ ကမ်းလှမ်းခဲ့သော်လည်း ဆွေးနွေးပွဲများအရေးတွင် ကြိုတင်သတ်မှတ်စည်းကမ်းများ မရှိသင့်ဟု ပြုံယမ်းအစိုးရက ပြောကြားသည်။ **(ဘီဘီစီ)**

ဘရုစလီကြေးရုပ်တု လော့စ်အိန်ဂျလိစ် ချိုင်းနားတောင်း၌ပြသ

လော့စ်အိန်ဂျလိစ် ဇွန် ၁၇

အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်ရှိ ချိုင်းနားတောင်းအရာရှိများသည် ဇွန် ၁၅ ရက်ညက သမိုင်းဝင်စင်ထရယ်ပလာဇာအတွင်းရှိ ရာပေါင်းများစွာသော ပရိသတ်ရှေ့မှောက်၌ အမြင့်ခုနစ်ပေရှိ ဘရုစလီ ကြေးရုပ်တုတစ်ခုကို ဖွင့်လှစ်ပြသပေးခဲ့ကြောင်း ဇွန် ၁၆ ရက်က လော့စ်အိန်ဂျလိစ်တိုင်းတွင် ဖော်ပြသည်။

အဆိုပါဖွင့်လှစ်ပြသသည့် ဘရုစလီကြေးရုပ်တုကို ချိုင်းနားတောင်းသို့ ယူဆောင်လာရန် ငါးနှစ်ကြာကြိုးပမ်းခဲ့ရကြောင်း ဘရုစလီ၏သမီးလည်းဖြစ်၊ ဘရုစလီဖောင်ဒေးရှင်း၏ ဥက္ကဋ္ဌလည်းဖြစ်သူ ရှန်နွန်လီက ပြောကြားခဲ့သည်။ ယင်းရုပ်တုကို တရုတ်နိုင်ငံ ကွမ်တုံပြည်နယ် ကွမ်ကျိုးမြို့ရှိ ပန်းပုပညာရှင်တစ်ဦးက ထုလုပ်ဖန်တီးခဲ့ခြင်းဖြစ်ပြီး အမေရိကန်နိုင်ငံတွင် သူမအဖေ၏ ပထမဆုံးရုပ်တုဖြစ်ကြောင်း ရှန်နွန်လီကဆိုသည်။

ယခုနှစ်သည် သူမအဖေသေဆုံးမှု နှစ်(၄၀)ပြည့်သည့်နှစ်ဖြစ်ပြီး ချိုင်းနားတောင်းဖြစ်တည်မှု၏ (၇၅)နှစ်မြောက်လည်းဖြစ်သည်။ ထို့အပြင် ဇွန် ၁၅ ရက် အဖေများနေ့မတိုင်မီ တစ်ရက်လည်းဖြစ်သည်ဟု ဆိုသည်။ ဘရုစလီသည် အမေရိကန်နိုင်ငံ ဆန်ဖရန်စစ္စကိုမြို့တွင် မွေးဖွားခဲ့ပြီး အော့ကလန်တွင် နေထိုင်ကာ ချိုင်းနားတောင်းရှိ ဆက်တဲလ်ဒေသတွင် အနုပညာကျောင်းသုံးကျောင်း ဖွင့်လှစ်ပေးခဲ့သည်ဟု ဆိုသည်။



လော့စ်အိန်ဂျလိစ်တိုင်းမ်

မောင်မွေး ရေးသားသည်

အမေရိကန်ပြည်ထောင်စုတွင်ရောက်ရှိနေသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ဆန်ဖရန်စစ္စကိုမြို့တွင် မြန်မာမိသားစုများနှင့်တွေ့ဆုံ

ဆန်ဖရန်စစ္စကို ဇွန် ၁၇

မြန်မာနိုင်ငံတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် အပစ်အခတ်ရပ်စဲရေးအပြင် ရေရှည်တည်တံ့မည့် ထာဝရငြိမ်းချမ်းရေးအတွက် ဥပဒေချမှတ်ပေးရန် အမေရိကန်ပြည်ထောင်စု ကာလီဖိုးနီးယားပြည်နယ် ဆန်ဖရန်စစ္စကိုမြို့ရှိ မြန်မာမိသားစုများက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းကို တောင်းဆိုခဲ့ကြသည်။

အမေရိကန် ပြည်ထောင်စုသို့ ပထမဆုံးအကြိမ် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအဖြစ် ရောက်ရှိလာသည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် သူရဦးရွှေမန်းက တနင်္ဂနွေနေ့တွင် ဆန်ဖရန်စစ္စကိုရှိ မြန်မာမိသားစု အသိုင်းအဝိုင်းနှင့် တွေ့ဆုံပြီး အပြန်အလှန်ဆွေးနွေးမှု၊ အိတ်ဖွင့်ပေးစာပေးမှုနှင့် အမေးအဖြေများ ပြုလုပ်ခဲ့သည်။

အဆိုပါ တွေ့ဆုံဆွေးနွေးမှုတွင် သူရဦးရွှေမန်း **(ယာပုံ)**က ဒီမိုကရေစီစနစ်တွင် ဈေးကွက်စီးပွားရေးစနစ် အောင်မြင်ရေး၊ မြန်မာနိုင်ငံ ပြုပြင်ပြောင်းလဲရေးအတွက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၊ အစိုးရနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက မြန်မာနိုင်ငံ အောင်မြင်ရာအောင်မြင်ကြောင်း ကြိုးစားလျက်ရှိကြောင်း၊ နိုင်ငံတကာနှင့် အနှစ် ၅၀ ခန့် ခေတ်နောက်ကျနေသည့် မြန်မာနိုင်ငံကို ခေတ်နှင့် ရင်ပေါင်တန်းနိုင်ရန် ဒီမိုကရေစီ အင်အားစုများနှင့် တွေ့ဆုံပြီး အမေရိကန်နိုင်ငံ၏ ဒီမိုကရေစီစနစ်ကို လေ့လာကာ အစိုးရလက်ထက်တွင် အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

တွေ့ဆုံဆွေးနွေးပွဲဖြစ်မြောက်ရေး ကမကထပြု ဆောင်ရွက်ပေးခဲ့သည့် အဖွဲ့လေးဖွဲ့အနက် မြန်မာကျောင်းသားများအစည်းအရုံး ဆန်ဖရန်စစ္စကို ဘေးဧရိယာ၏ ပြောရေးဆိုခွင့်ရှိသူ ဦးကိုကိုလေးက အချက်လေးချက် တောင်းဆိုခဲ့မှုနဲ့ ပတ်သက်ပြီး "နံပါတ်တစ်က ကျွန်တော်တို့တောင်းဆိုတာက တိုင်းရင်းသားလူမျိုးတွေနဲ့ အပစ်အခတ်ရပ်စဲရုံသာမက ပြည်လုံးကျွတ် ထာဝရငြိမ်းချမ်းရေး အမြန်ဆုံးရရှိဖို့အတွက် ဥပဒေတွေပြုပေးရေး၊ နှစ်ကတော့ တိုင်းရင်းသား ဒေသအသီးသီးမှာ ကိုယ်စားလှယ်တွေ အားလုံးတက်ရောက်နိုင်တဲ့ ၂၀၁၅ အထွေထွေရွေးကောက်ပွဲမှာ တိုင်းရင်းသားဒေသအသီးသီးက ပါဝင်ခွင့်ရရှိရေး၊ နံပါတ်သုံးက မြန်မာဒီမိုကရေစီ အသွင်ကူးပြောင်းရေးကာလမှာ ယုံကြည်ချက်ကြောင့် နယ်စပ်နဲ့ ပြည်ပသို့ရောက်နေသူကလည်း လူမှုရေးဖွံ့ဖြိုးတိုးတက်ရေးသာမကဘဲ ငြိမ်းချမ်းရေးနဲ့နိုင်ငံရေးမှာပါ လွတ်လပ်စွာ ပါဝင်လုပ်ဆောင်နိုင်ဖို့ ဥပဒေပြုဖို့လည်း တောင်းဆိုပါတယ်။ နောက်ဆုံးအရေးကြီးတဲ့အချက်ကတော့ အထွေထွေလွတ်ငြိမ်းချမ်းသာခွင့်ပြုပေးဖို့ တောင်းဆိုပါတယ်"ဟု ပြောကြားသည်။

၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ဒီမိုကရေစီနည်းမကျသည့် ပြဋ္ဌာန်းချက်များနှင့် ပတ်သက်၍ ပြင်ဆင်ပေးရန် တောင်းဆိုခဲ့မှုကို မိမိတို့အနေဖြင့် လုပ်ပိုင်ခွင့်ရှိသည်များကို လုပ်ပေးသွားမည်ဟု ပြောကြားသွားသည့်အတွက် ကျေနပ်အားရမှုရှိကြောင်း ဦးကိုကိုလေးက ဆက်လက်ပြောကြားသည်။

အဆိုပါ တွေ့ဆုံပွဲဖြစ်မြောက်ရေးအတွက် Burmese American Democratic Alliance- BADA၊ Burmese American Women Alliance-BAWA၊ မြန်မာကျောင်းသားများ အစည်းအရုံး၊ ဆန်ဖရန်စစ္စကို ဘေးဧရိယာ၊ မြောက်ပိုင်း Chemical Engineering Association တတ်သိပညာရှင်များ အဖွဲ့လေးဖွဲ့နှင့် အခြားစိတ်ဝင်စားသူများ စုပေါင်းပြီး သူရဦးရွှေမန်းနှင့် တွေ့ဆုံဆွေးနွေးရေးအဖွဲ့တစ်ဖွဲ့ကို ဇွန် ၈ ရက်တွင် ဖွဲ့စည်းစီစဉ်ခဲ့ခြင်းဖြစ်သည်။ အခမ်းအနားသို့ တက်ရောက်လာသူပေါင်း ၁၅၀ ဝန်းကျင်ခန့်ရှိပြီး အခမ်းအနားကုန်ကျစရိတ်ကို မြန်မာသံရုံးမှ ကျခံပေးသည်ဟု သိရသည်။ **(ဗွီအိုအေ)**

လွှတ်တော်အစည်းအဝေးများ ကျင်းပရေး ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဇွန် ၁၇

၂၀၁၃ခုနှစ် လွှတ်တော်အစည်းအဝေးများကျင်းပရေး ဗဟိုကော်မတီနှင့်လုပ်ငန်းကော်မတီများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင်နေပြည်တော်ရှိ လွှတ်တော်ရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

ရှေးဦးစွာ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ဦးမြည်မိန်းနှင့် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာတို့က လွှတ်တော်အစည်းအဝေးများ အောင်မြင်စွာကျင်းပနိုင်ခဲ့မှုနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားကြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် လွှတ်တော်အစည်းအဝေးများကျင်းပရေးဗဟိုကော်မတီအတွင်းရေးမှူးက လုပ်ငန်းကော်မတီများ ဖွဲ့စည်းရန် လျာထားချက်ကို လည်းကောင်း၊ လုံခြုံရေး၊ ပြန်ကြားရေး၊ ကျန်းမာရေးနှင့်သယ်ယူပို့ဆောင်ရေးစသည့် လုပ်ငန်းကော်မတီများမှ တာဝန်ရှိသူများက သက်ဆိုင်ရာလုပ်ငန်းကော်မတီအလိုက် ပြင်ဆင်ဆောင်ရွက်ထားမှုများကို လည်းကောင်း အသီးသီး ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ဦးမြည်မိန်းက တင်ပြချက်များအပေါ် သုံးသပ်ဆွေးနွေးပြောကြား၍ လုပ်ငန်းကော်မတီဖွဲ့စည်းမှုများကို အတည်ပြုဆောင်ရွက်ကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြည်မိန်း၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ လုပ်ငန်းကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

နေပြည်တော် စည်ပင်သာယာရေးကော်မတီ ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်



မပြုပြင်မီပုံ။

ပြုပြင်ပြီးပုံ။

နေပြည်တော် ဇွန် ၁၇

နေပြည်တော် စည်ပင်သာယာရေးကော်မတီသည် နေပြည်တော်ကောင်စီနယ်မြေအတွင်း မော်တော်ယာဉ်များနှင့် ခရီးသွားပြည်သူများ သွားလာမှု ချောမွေ့စေရေးအတွက် လမ်းသစ်များ ဖောက်လုပ်ခြင်း၊ လမ်းဟောင်းများ ပြုပြင်ခြင်းနှင့် ရေစီးရေလာကောင်းမွန်စေရေးတို့အတွက် ရေမြောင်းများ တူးဖော်ခြင်း စသည့် လုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ခနသိဒ္ဓိရပ်ကွက် ရတနာမြိုင်လမ်း ကွန်ကရစ်လမ်းပေါ် ရေလျှံနေခြင်းအား နေပြည်တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား)မှ ယနေ့တွင် ဆောင်ရွက်ပြီးစီးသွားပြီဖြစ်၍ မော်တော်ယာဉ်များနှင့် ရပ်ကွက်နေပြည်သူများ အဆင်ပြေစွာ သွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

နိုင်ငံအဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေမည်

ပြည်တွင်းသတင်း

ရှေ့ဖုံးမှ

ကယ်ဆယ်ရေးဆောင်ရွက်နိုင်ရန် ကြိုတင်စီစဉ်ထားသော အသက်ကယ်နည်းစနစ်သရုပ်ပြသမှုတို့ကို ကြည့်ရှုလေ့လာသည်။

ထို့နောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် Map Ta Phut စက်မှုဇုန်အတွင်းရှိ ကျောက်မီးသွေးသုံးဓာတ်အားပေးစက်ရုံ (BLCP Power) သို့ရောက်ရှိကြပြီး စက်ရုံခန်းမဆောင်၌ ကျောက်မီးသွေးကို အသုံးပြု၍ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှု၊ ပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရေးဆောင်ရွက်ထားရှိမှု၊ ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်မှုနှင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှု၊ ဖြန့်ဖြူးမှုတို့ကို BLCP Power မှမန်နေဂျင်း ဒါရိုက်တာ Mr. Phaphan ရှင်းလင်းတင်ပြရာ သိရှိလိုသည်များကို မေးမြန်းကြသည်။

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် ကျောက်မီးသွေးသုံးဓာတ်အားပေးစက်ရုံ(BLCP Power)ကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုလေ့လာကြသည်။

BLCP Power သည် လျှပ်စစ်ဓာတ်အားစုစုပေါင်း (၁၄၃၄)မဂ္ဂါဝပ်ထုတ်လုပ်နိုင်သော ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံဖြစ်သည်။ စက်ရုံကို သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရန် စနစ်တကျတည်ဆောက်ထားခြင်းဖြစ်ပြီး ဒေသခံများအတွက် လူမှုရေးလုပ်ငန်းများ အစဉ်တစိုက်ဆောင်ရွက်ပေးလျက်ရှိသည်။ စက်ရုံအတွက်လိုအပ်သော ကျောက်မီးသွေးကုန်ကြမ်းကို ပြည်ပနိုင်ငံများမှ မှာယူတင်သွင်းရကြောင်း သိရသည်။

ယင်းနောက် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် Chonburi ပြည်နယ်ရှိ Laem Chabang International Country Club သို့ရောက်ရှိကြရာ Amata Corporation မှ တာဝန်ရှိသူများက ကြိုဆိုကြပြီး Club House ၌ နေ့လယ်စာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် Amata City သို့ ရောက်ရှိကြပြီး Amata City အတွင်း စီးပွားရေးဇုန်နှင့် စက်မှုဇုန်များ တည်ဆောက်ထားမှု၊ Amata City ကို ထပ်မံတိုးချဲ့ တည်ဆောက်ရန် ဆောင်ရွက်ထားရှိမှုတို့ကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုကြသည်။

Amata City သည် စတုရန်းကီလိုမီတာ ၂၀ ကျယ်ဝန်းပြီး ၁၉၉၇ ခုနှစ်တွင် စတင်အကောင်အထည်ဖော်ခဲ့သော စီမံကိန်းဖြစ်သည်။ စတင်တည်ဆောက်စဉ်က စီးပွားရေးကျဆင်းမှုနှင့် ကြုံကြိုက်ခဲ့ရသဖြင့် ပထမ(၁၀)နှစ်အတွင်း အခက်အခဲရှိခဲ့သော်လည်း ယခုအခါအောင်မြင်သော စက်မှုဇုန်တစ်ခုဖြစ်လာပြီး အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနေပြီဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် Chonburi ပြည်နယ်ရှိ Amata Nakorn စက်မှုဇုန်သို့ရောက်ရှိကြပြီး စက်မှုအသက်မွေးပညာသင်ကျောင်း (Thai-German Institute) အတွင်း ကြည့်ရှုလေ့လာကြသည်။

ထို့နောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် Amata Nakorn စက်မှုဇုန်အတွင်း နိုင်ငံတကာမှအသေးစားနှင့် အလတ်စားစက်ရုံများ လာရောက်ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုဇုန်ဖွံ့ဖြိုးရေးအတွက် လျှပ်စစ်ဓာတ်အားရရှိရေး ဆောင်ရွက်ထားရှိမှုတို့ကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုလေ့လာကြသည်။

Amata Nakorn စက်မှုဇုန်သည် ၃၂ စတုရန်းကီလိုမီတာ ကျယ်ဝန်းပြီး ဆက်လက်တိုးချဲ့တည်ဆောက်လျက်ရှိသည်။ အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းများ အဓိကရင်းနှီးမြှုပ်နှံကြပြီး သဘာဝပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးဖြစ်အောင် စီမံဆောင်ရွက်ထားသော စက်မှုဇုန်ဖြစ်ကြောင်း သိရသည်။

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် Amata Nakorn စက်မှုဇုန်ရှိ Amata Spring သို့ရောက်ရှိကြရာ ဧည့်ခန်းမ၌ Amata Corporation Chairperson of Investment Board Mrs. Somhatai Panichewa က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး Amata Corporation မှမန်နေဂျာ Mr. Satha Vanalabh-Patana က Amata Group ၏ အခြေခံအဆောက်အအုံနှင့် စက်မှုဇုန် ဖွံ့ဖြိုးတိုးတက်ရေးစီမံခန့်ခွဲမှု (Industrial City Development) ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် မြန်မာကိုယ်စားလှယ်အဖွဲ့က Amata City နှင့် Amata Nakorn စက်မှုဇုန်တို့နှင့်စပ်လျဉ်း၍ သိရှိလိုသည်များကိုမေးမြန်းကြရာ Mrs.Somhatai Panichewa က ပြန်လည်ရှင်းလင်းဖြေကြားပြီး ထိုင်းနိုင်ငံဝန်ကြီးချုပ်ရုံးဝန်ကြီးက ကျေးဇူးတင်စကားပြောကြားသည်။

ညပိုင်းတွင် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များအားAmata Corporation က Amata Spring ၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။ **(သတင်းစဉ်)**

❒ *ရှေ့ဖုံးမှ*

၂၀၁၃ ခုနှစ် မေ ၂၂ ရက်မှစတင်ကာ သုံးတန်အထိ ကားတစ်စီးကို ငွေကျပ် ၂၀၀၊ သုံးတန်မှ ငါးတန်အထိ တစ်စီးလျှင် ငွေကျပ် ၃၀၀၊ ငါးတန် အထက် တစ်စီးလျှင် ငွေကျပ် ၅၀၀ တို့ သတ်မှတ် ကောက်ခံလျက်ရှိသည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။

အဆင်ပြေ

မင်းရဲကျော်စွာ ယာဉ်ရပ်နားစခန်း(ယာယီ)ကို ပိတ်ရက်မရှိ ဖွင့်လှစ်ထားရာ ပုဂ္ဂလိကကုမ္ပဏီများ၏ ကားအရောင်းပြခန်းများ ရှိသော်လည်း သီရိမင်္ဂလာဈေး ယာဉ်ရပ်နားစခန်းနှင့် မင်းရဲကျော်စွာ ယာဉ်ရပ်နားစခန်း (ယာယီ)တို့တွင် ပုံမှန်ကားအရောင်းဝယ်မှုများ ဖြစ်လျက်ရှိနေရာ ယာဉ်များ ညအိပ်ခွင့်ပါ ရရှိနေသဖြင့် အဆင်ပြေမှုရှိကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

သတင်း

ကိုယ့်နိုင်ငံက အလုပ်အကိုင်အခွင့်အလမ်းသစ်တွေ ဖန်တီးပေးလာပြီဆိုတော့ ပြည်ပသွားပြီး အလုပ်မလုပ်စေချင်

ရန်ကုန် ဇွန် ၁၇

မလေးရှားနိုင်ငံသို့ သွားရောက်အလုပ်လုပ်ကိုင်ခဲ့သည့် မြန်မာရွှေ့ပြောင်းလုပ်သားအမျိုးသား ၂၀နှင့် အမျိုးသမီး ငါးဦးတို့သည် ယနေ့မွန်းလွဲ ၁ နာရီ မိနစ် ၅၀ တွင် ဆိုက်ရောက်သည့် MAI လေယာဉ်ဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်လိုက်ပါလာကြသည်။

တွေ့ဆုံမေးမြန်း
ညွန့်သန်း ၊ ရီရီမြင့်၊
ဥမ္မာသန့်၊ နန္ဒာဝင်း
ဓာတ်ပုံ-ရဲထွဋ်

၄င်းတို့အား မြန်မာတိုင်းရင်းသား စီးပွားရေးလုပ်ငန်းရှင်များက အမျိုးသားရေးစိတ်ဓာတ်ဖြင့် တတ်စွမ်းနိုင်သမျှ ဝိုင်းဝန်းပံ့ပိုးကူညီစောင့်ရှောက်ပေးလျက်ရှိရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ရောက်ရှိနေသော ထူးဖောင်ဒေးရှင်းမှ စီအီးအို ဦးပေါ်မြင့်ဦးက "ထူးဖောင်ဒေးရှင်းအနေနဲ့ မလေးရှားက ပြန်လာတဲ့ မြန်မာရွှေ့ပြောင်း အလုပ်သမားတွေ မြန်မာနိုင်ငံကို ပြန်ရောက်တဲ့အခါ အခက်အခဲ ဖြစ်မှာစိုးရိမ်တဲ့အတွက် တစ်ယောက်ကို ကနဦးအမေရိကန်ဒေါ်လာ ၁၀၀ စီ ထောက်ပံ့ပေးသွားမှာဖြစ်ပါတယ်။ ပြီးတော့ ကျွန်တော်တို့ ကုမ္ပဏီခွဲတွေဖြစ်တဲ့ Air

တပ်ကုန်းမြို့မှ
ကိုကျော်အောင်။

Bagan နဲ့ Asia Wings တို့က စာရင်းယူထားပြီး သူတို့တတ်နိုင်တဲ့ဘက်က အလုပ်အကိုင်ရှာဖွေပေးဖို့ အစီအစဉ်ရှိပါတယ်"ဟု ပြောကြားခဲ့သည်။

ထို့အတူ Air Bagan မှ Deputy Director ဖြစ်သူ ဒေါ်ဂရေ့စ်ကလည်း "မလေးရှားနိုင်ငံမှ ပြန်လည်ရောက်ရှိလာတဲ့သူတွေကို သူတို့သက်ဆိုင်ရာ ဒေသတွေကို ပြန်တဲ့အခါမှာ Air Bagan လေယာဉ်ပြေးဆွဲတဲ့မြို့နဲ့ ဆက်စပ်တဲ့မြို့တွေမှာနေတဲ့သူတွေကို လေယာဉ်လက်မှတ်အခမဲ့ ပံ့ပိုးကူညီသွားမှာဖြစ်ပါတယ်။ တကယ်ပဲ အလုပ်အကိုင်အခက်အခဲရှိတဲ့သူတွေကို Air Bagan မှာပဲဖြစ်ဖြစ်၊ Air Bagan နဲ့ ဆက်စပ်တဲ့လုပ်ငန်းမှာဖြစ်ဖြစ်၊ အရင်ဘာလုပ်ငန်းအတွေ့အကြုံရှိခဲ့တယ်ဆိုတဲ့ အချက်တွေနဲ့ လျှောက်ထားရင် ဒီဘက်က လိုအပ်တဲ့အချက်တွေနဲ့ ကိုက်ညီမယ်ဆိုရင် ဦးစားပေးခန့်ထားပေးမှာဖြစ်ပါတယ်"ဟု ပြောကြားခဲ့ပါသည်။

အလားတူ ဧရာဝတီဖောင်ဒေးရှင်းမှ Media Officer ဦးမိုးဝေကလည်း "ကျွန်တော်တို့ ဖောင်ဒေးရှင်းက ကိုယ်စားလှယ်လေးဦး ပြီးခဲ့တဲ့ ဇွန် ၁၂ ရက်ကစပြီး မလေးရှားနိုင်ငံကို ကိုယ်တိုင်ကိုယ်ကျ သွားရောက်ပြီး အခက်အခဲရှိတဲ့သူတွေကို ကူညီဖို့ သွားရောက်ခဲ့ပါတယ်။ အဲဒီလို သွားရောက်ပြီး မြန်မာနိုင်ငံမှ လာတဲ့ ဒုတိယဝန်ကြီးနှစ်ဦး၊ မလေးရှားမှာရှိတဲ့ မြန်မာသံရုံး၊ မလေးရှားမှာရှိတဲ့ လူမှုရေးကွန်ရက်တွေနဲ့ တွေ့ဆုံပြီး ဘယ်လိုကူညီရမလဲ။ ဘယ်လိုလူတွေကို ကူညီရမလဲဆိုတာကိုညှိနှိုင်းပြီး ကူညီပေးပါတယ်။ အကြမ်းဖက်ခံရတဲ့အတွက် ဆေးရုံတက်ရောက်ကုသနေရတဲ့သူတွေကိုလည်း သွားရောက်အကူအညီပေးပါတယ်။ ကပုန်းနာရေး ကူညီမှုအသင်းကိုလည်း အမေရိကန်ဒေါ်လာ ၂၀၀၀၀ လှူဒါန်းခဲ့ပါတယ်။ လူမှုရေးကွန်ရက်တွေက စာရင်းပေးတဲ့ ပြန်လာချင်တဲ့သူတွေ၊ ပတ်စ်ပို့မရှိတော့တဲ့ Over Stay ဖြစ်နေတဲ့ သူတွေကို သံရုံးနဲ့ညှိပြီးနေ့ချင်းပြီး CI ရအောင် ဆောင်ရွက်ပေးပါတယ်။ မလေးရှား လဝကမှာ သူတို့ပေးဆောင်ရမယ့် ဒဏ်ကြေးငွေရင်းဂစ် ၄၀၀ ကိုလည်း ဧရာဝတီ ဖောင်ဒေးရှင်းက စိုက်ထုတ်ပေးဆောင်ပေးပါတယ်။ အဲဒီလို လိုက်ပါဆောင်ရွက်ပေးတဲ့အတွက် သုံးလကြာပြီးမှနေရပ်ပြန်ခွင့်ရမယ့်ကိစ္စကို သုံးလေးရက်နဲ့ပြီးစီးအောင် ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ အဲဒီလိုပြန်ခွင့်ရတဲ့သူတွေကို လေယာဉ်လက်မှတ်စီစဉ်ပေးပြီး အခုပြန်ခေါ်လာပါတယ်။ ပြန်ခေါ်လာတဲ့သူ ၂၅ ဦးမှာ အကြမ်းဖက်ခံရတဲ့အတွက် ဆေးရုံမှာ တက်ရောက်ဆေးကုသခံနေရတဲ့ ဒဏ်ရာရတဲ့သူတစ်ဦး ပြန်ပါလာပါတယ်။ အဲဒီဒဏ်ရာရတဲ့သူကို အခုပါလာတဲ့ လူနာတင်ယာဉ်နဲ့တင်ပြီး ဝိတိုရိယဆေးရုံမှာ ဆေးဝါးကုသမှုခံယူနိုင်အောင် ဧရာဝတီဖောင်ဒေးရှင်းက ပံ့ပိုးသွားမှာဖြစ်ပါတယ်။ အဲဒီ ၂၅ ဦးထဲမှာ အကြမ်းဖက်ခံရတဲ့ ဆာလာရန်းဒေသက ၁၆ ဦး ပြန်ပါလာပါတယ်။ အဲဒီသူတွေက နယ်ကဖြစ်ပြီး ရန်ကုန်မှာ ခေတ္တတည်းခိုနေထိုင်ဖို့ ဟိုတယ်လည်း စီစဉ်ထားပါတယ်။ ဒီမှာအလုပ်ပြန်လုပ်မယ်ဆိုရင်လည်း အလုပ်အကိုင်အခွင့်အလမ်းတွေ ပြန်လည်စီစဉ်ပေးဖို့လည်း စီစဉ်ထားပါတယ်"ဟု ပြောကြားသည်။

MAI ဈေးကွက်နဲ့ လူမှုဆက်ဆံရေး မန်နေဂျာ ဒေါ်အေးမရသာကလည်း "ကျွန်မတို့အနေနဲ့ ဖြစ်ပျက်နေတာတွေသိသိချင်း ကမ္ဘောဇဘဏ်ဥက္ကဋ္ဌ ဦးအောင်ကိုဝင်းကနေ MAIကို ချက်ချင်း ၅၀ ရာခိုင်နှုန်းလျှော့ပေးပါ ပြောပါတယ်။ နောက်တစ်နေ့မှာ တကယ်တော့ ၅၀ ရာခိုင်နှုန်းဆိုတာထက်ကို အနည်းဆုံးဖြစ်စေချင်တယ်။ ဒါကြောင့် ကျွန်မတို့အနေနဲ့ ဒီထက်လျှော့ချတဲ့အနေနဲ့ အမေရိကန်ဒေါ်လာ ၇၀ နဲ့ ဒီဇွန်လ ၁၂ ရက်နေ့ကနေ ဇူလိုင်လ ၁၂ ရက်နေ့အထိ ရောင်းချပေးပါမယ်ဆိုပြီး ရောင်းချပေးပါတယ်။ တကယ်လို့ ဇူလိုင်လထက်ပိုရင်လည်း လုပ်ပေးပါမယ်။ ဒီ့အပြင်လည်း လိုအပ်လာတယ်။ အများကြီးလည်း ပြန်ဖို့ရှိလာတယ်ဆိုရင်လည်း ကျွန်မတို့အနေနဲ့ တစ်ပတ်သုံးရက်ပြန်တယ်။ အဲဒါထက် မလောက်ရင်လည်း စင်းလုံးငှား စီစဉ်တာတွေကိုလည်း ကမ္ဘောဇဘဏ်နဲ့ ပူးပေါင်းပြီး အခမဲ့ လုပ်ပေးပါမယ်။ ကျွန်မတို့ ဒီနေ့အထိ မြန်မာလုပ်သား ၁၃ ရက်နေ့က ပြန်လာတာ ၅၀ ကျော်ရှိမယ်။ မနေ့က ၁၆၀ ကျော်ရှိတယ်။ ဒီနေ့စာရင်းအရဆိုရင် ၁၅၀ကျော်မယ်၊ ညနေလေယာဉ်ဆိုက်ရင် အတိအကျသိမယ်။ MAI က အခုကျတော့ နိုင်ငံသားပိုင်ဖြစ်နေပြီ။ အရင်ကဆိုရင် အစ်မတို့က နိုင်ငံခြားသားနဲ့ Joint လုပ်ထားခဲ့တယ်ဆိုတော့ တစ်ခုဆုံးဖြတ်ချက်ချရင် မြန်မြန်ဆန်ဆန် ဆုံးဖြတ်ချက်မချနိုင်ခဲ့ဘူး။ အခုဆိုရင် နိုင်ငံခြားသားပိုင် မဟုတ်တော့ဘူး။ မြန်မာနိုင်ငံသားပိုင် ဖြစ်နေပြီဆိုတော့ ကမ္ဘောဇဘဏ်ဥက္ကဋ္ဌကြီး ဆုံးဖြတ်ချက်အတိုင်း ချက်ချင်းထိထိရောက်ရောက်လုပ်ဆောင်ခိုင်းတာပါ။ လိုအပ်တယ်ဆိုရင် အခမဲ့ Flight တွေကို စီစဉ်ပေးနေတာပါ။ MAI အနေနဲ့

Air Bagan မှ
Deputy Director
ဒေါ်ဂရေ့စ်

ပြန်လာမယ့်လူအားလုံးကို စီစဉ်ပေးတာပါ။ အလှူငွေတွေနဲ့ လက်ဆောင်တွေကိုလည်း MAI က ပေးပါတယ်" ဟု ပြောသည်။

လေဆိပ်၌ မြန်မာရွှေ့ပြောင်းလုပ်သားများအား ပို့ဆောင်ပေးရေးအတွက် စောင့်ဆိုင်းနေသည့် ရွှေပုံ့လွှားခရီးသည်ပို့ဆောင်ရေးအသင်း ဥက္ကဋ္ဌ ဦးမျိုးချစ်က "ကျွန်တော်တို့ ရွှေပုံ့လွှားခရီးသည် ပို့ဆောင်ရေးအသင်းက မလေးရှားပြန် မြန်မာလုပ်သားများအား မိသားစုစိတ်ဓာတ်ဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိတဲ့ မြို့နယ်များကို လိုက်ပါပို့ဆောင်ပေးမှာပါ။ ဒုတိယအကြိမ် ပို့ဆောင်ပေးခြင်း ဖြစ်ပါတယ်။ ကားပေါင်း ၇၅ စီးဖြင့် ပို့ဆောင်ပေးခြင်း ဖြစ်တယ်။ အခကြေးငွေလုံးဝမယူပါဘူး။ မိသားစုစိတ်ချမ်းသာစေချင်ပါတယ်။ မိသားစုများပါလာရင်လည်း တစ်ခါတည်းခေါ်သွားမှာပါ။ ကျွန်တော်တို့အနေနဲ့ စိတ်မကောင်းပါဘူး။ သူများနိုင်ငံကိုသွားပြီး ဒုက္ခရောက်ခဲ့တာကို စိတ်မကောင်းပါဘူး။ ကိုယ့်နိုင်ငံကို အားကိုးတကြီးနဲ့ ပြန်လာတဲ့သူတွေ အကူအညီပေးခဲ့တယ်။ ကျွန်တော်တို့ ရွှေပုံ့လွှားခရီးသည် ပို့ဆောင်အသင်း နှစ်ဖွဲ့ရှိပါတယ်။ ပြည်တွင်းပြည်ပ နှစ်ခုရှိပါတယ်"ဟု ပြောသည်။

ထို့နောက် မွန်းလွဲ ၁ နာရီ မိနစ် ၅၀တွင် မလေးရှားနိုင်ငံကွာလာလမ်ပူမြို့မှ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ဆိုက်ရောက်လာ သည့် MAI လေယာဉ်ဖြင့် မြန်မာရွှေ့ပြောင်းလုပ်သား ၂၅ ဦးအား ဦးဆောင်လိုက်ပါလာသူ ဧရာဝတီဖောင်ဒေးရှင်းမှ အပြည်ပြည်ဆိုင်ရာ ဆက်ဆံရေးတာဝန်ခံအရာရှိ ဦးအောင်မျိုးစောက "မလေးရှားမှာ မြန်မာနိုင်ငံသားတွေ ဒုက္ခရောက်နေတယ်ဆိုတဲ့ သတင်းကြားရတဲ့အခါ ကိုယ့်ရဲ့မြန်မာနိုင်ငံသားတွေကို ကူညီရအောင်ဆိုပြီး မျက်မြင်အခြေအနေ ဘယ်လိုရှိတယ်ဆိုတာ သိရအောင် သွားရောက်ခဲ့ပါတယ်။ ကပုန်း ဘုန်းတော်ကြီးကျောင်းကိုလည်း သွားရောက်ခဲ့ပြီး ဆာလာရန်းဈေးမှာ အကြမ်းဖက်ခံရလို့ ထွက်ပြေး တိမ်းရှောင်လာတဲ့သူ ၁၆ ဦးကိုလည်း တွေ့ဆုံပြီး ပြန်ခေါ်လာပါတယ်။ အဲဒီလို ပြန်ခေါ်လာတဲ့အခါ အခက်အခဲတွေ တွေ့ရပါတယ်။ တချို့က ပတ်စ်ပို့ကို ကုမ္ပဏီကသိမ်းထားတာတို့၊ အေးဂျင့်က သိမ်းထားတာတို့၊ Over Stay ဖြစ်နေတာတို့ ရှိတဲ့အတွက် စာရွက်စာတမ်းတွေ လုပ်ရတဲ့အခါမှာ အခက်အခဲတွေ့ကြုံရပါတယ်။ အခုပြန်ပေါ်လာတဲ့အထဲမှာ အကြမ်းဖက်ခံရစဉ်က ဓားနဲ့အထိုးခံရလို့ ဒဏ်ရာရနေတဲ့ ဦးထွန်းမော်သိန်းလည်း ပါလာပါတယ်။ တစ်ဦးဆိုရင် နံနက် ၂ နာရီမှာ ဆာလာရန်းဈေးမှာ ဈေးဝယ်ထွက်ဖို့အသွား လူအုပ်စုတစ်စုက ဝိုင်းဝန်းအကြမ်းဖက်တာ ခံခဲ့ရပါတယ်။ မလေးရှားမှာ လူမှုရေးကူညီမှုအသင်းတွေ ဒေသအလိုက် ဖွဲ့စည်းပေးထားခဲ့ပါတယ်။ အဲဒီအဖွဲ့တွေက စာရင်းပေးတဲ့ ပြန်လာချင်တဲ့သူတွေကို မြန်မာသံရုံးနဲ့ဆက်သွယ်ပြီး ပြန်ဖို့စီစဉ်ပေးမှာဖြစ်ပါတယ်။ အခြေအနေတွေက တစ်နေရာနဲ့တစ်နေရာ မတူညီပါဘူး။ အချို့နေရာတွေမှာကြောက်ပြီး အပြင်မထွက်ရဲအောင်ရှိတဲ့ ဒေသတွေရှိသလို အလုပ်အကိုင် အသွားအလာမပျက် ရှိနေတဲ့ဒေသတွေလည်း ရှိပါတယ်"ဟု ပြောကြားခဲ့သည်။

တန့်ဆည်မြို့နယ်မှ
မမြနန္ဒာ

ဆာလာရန်းဒေသ၌ ဒဏ်ရာရရှိသူ ကျောက်ပန်းတောင်းမြို့နယ် ဘိုကုန်းရွာနေ ဦးထွန်းမော်သိန်းကို မေးမြန်းခဲ့ရာ ကျန်းမာရေးအခြေအနေကြောင့် ဖြေဆိုနိုင်ခြင်းမရှိဘဲ ဧရာဝတီဖောင်ဒေးရှင်းမှ တာဝန်ရှိသူတစ်ဦးက "မလေးရှားမှာ အကြမ်းဖက်ခံခဲ့ရတဲ့ ဒဏ်ရာကြောင့် ဗိုက်အောင့်လာလို့ ကျွန်တော်တို့ ဝိတိုရိယဆေးရုံကို ပို့ရပါမယ်၊ အဲဒါကြောင့် သူဖြေကြားနိုင်ခြင်းမရှိပါဘူး"ဟု ပြောကြားသည်။

တပ်ကုန်းမြို့နေ ကိုကျော်အောင်က "ကျွန်တော်က ဆာလာရန်း NSK မှာအလုပ်လုပ်ပါတယ်။ ကျွန်တော်တို့နဲ့အတူလုပ်တဲ့ NSK က ဓားထိုးခံရတဲ့တစ်ဦးက ၁၀ နာရီအလုပ်က အပြန် သုံးလေးဦးက ဓားနဲ့ဝိုင်းထိုးကြတယ်။ ဓားနဲ့ထိုးပြီး နောက်တစ်ရက်မှာလည်း ပြဿနာတက်တယ်။ ကျွန်တော်တို့ NSK က မြန်မာ ၄၀-၅၀ က ပြန်မလုပ်ရဲဘူး။ ပြန်မလုပ်ရဲတော့ ဘုန်းကြီးကျောင်းကို သွားကြတယ်။ ဘုန်းကြီးကျောင်းမှာပဲ ၁၅ ရက်လောက်ခိုလှုံနေရတယ်။ ဓားနဲ့ထိုးတဲ့သူတွေကို အခုထက်ထိ မမိသေးပါဘူး၊ အဲဒီကနေတစ်ဆင့် ဆာလာရန်း ကပုန်းဘုန်းကြီးကျောင်းက ဘုန်းကြီးက စီစဉ်ပေးတယ်၊ ပြန်မယ့်သူတွေကို ပြန်ဖို့စီစဉ်ပေးနေပြီ။ ဘုန်းကြီးကလည်း သူ့ဒါယကာ ဒါယိကာမတွေကို လှူခိုင်းတယ်။ ကျွန်တော်တို့ စရိတ်မရှိဘူး၊ ဖုန်းဆက်စရာ ဖုန်းကတ်မရှိဘူး ပြောတော့ ပိုက်ဆံတွေပေးပါတယ်၊ စီစဉ်ပေးတဲ့ဘုန်းကြီးက ကျွန်တော့်ရွာနားရှိ ဘုန်းကြီးကျောင်းက ကျောင်းထိုင်ပါ။ ကျွန်တော်တို့ ဘယ်မှပြေးစရာမရှိလို့ ဘုန်းကြီးကျောင်းမှာပဲ ပုန်းနေရပါတယ်။ ကျွန်တော်တို့သူဌေး

ဧရာဝတီဖောင်ဒေးရှင်းမှ
အပြည်ပြည်ဆိုင်ရာဆက်ဆံရေး
တာဝန်ခံအရာရှိ ဦးအောင်မျိုးစော

က မြန်မာ ၅၀-၆၀ကို အာမ မခံပေးဘူး။ မင်းတို့ အပြင်မှာဖြစ်တာ၊ အာမမခံပေးဘူး။ ကျွန်တော်တို့ တစ်ဖွဲ့လုံး ဘုန်းကြီးကျောင်းကို အကုန်ထွက်ပြေးကြတယ်။ မနေရဲကြဘူး။ NSK ဆိုတာ အခု လေယာဉ်ကွင်းလောက်ကြီးရှိတဲ့ မားကတ်ကြီးဖြစ်တယ်။ ကျွန်တော်တို့ အဲဒီမှာ ဈေးရောင်းရတယ်။ သစ်သီး၊ ငါး၊ ဟင်းသီးဟင်းရွက် အမျိုးစုံရောင်းရတယ်။ ကျွန်တော်ဆာလာရန်းကို ရောက်တာ ငါးနှစ်ရှိပါပြီ။ ကျွန်တော်တို့ မလုပ်ရဲကြတော့ဘူး၊ အဲဒါကြောင့် ဘုန်းကြီးက မင်းတို့ပြန်ကြလို့ ပြောတယ်။ ဒီမှာနေရင် မင်းတို့အသက်ရှင်မှာ မဟုတ်ဘူးတဲ့"ဟု ပြောသည်။

စစ်ကိုင်းတိုင်းဒေသကြီး တန့်ဆည်မြို့နယ် သစ်ရာပင်ကျေးရွာနေ ကိုဌေးလွင်က "ကျွန်တော်တို့အလုပ်က အတူတူပါပဲ။ သူဌေးကလည်းတစ်ဦးတည်းပါ။ ကျွန်တော်တို့အဖွဲ့ထဲက ဦးထွန်းမော်သိန်းကို လူခုနစ်ဦးရှစ်ဦး က ဓားနဲ့ဝိုင်းထိုးတယ်။ ည ၁၀ နာရီလောက်မှာ အလုပ်သိမ်းတယ်။ ကျွန်တော်တို့အလုပ်က နံနက် ၈ နာရီဝင် ည ၁၀နာရီပြန်၊ ကျွန်တော်တို့ အဲဒီလိုလုပ်တဲ့အခါ ကျွန်တော်တို့ အလုပ်လည်းထွက်ရော၊ NSK နဲ့ မလှမ်းမဝေးမှာ လူလေးဦး၊ ငါးဦးက နေပြီးတော့ ဓားနဲ့ညှပ်ထိုးလိုက်တယ်။ ဒါနဲ့ကျွန်တော်တို့ အားလုံးဝိုင်းပြီးတော့ ဒဏ်ရာကိုစောင်တွေနဲ့ပတ်၊ အဝတ်တွေနဲ့ပတ်ပြီး သူ့ကိုဆေးရုံကိုပို့ဖို့ စီစဉ်တော့ ကျွန်တော်ကလည်း ဆေးရုံကိုမလိုက်နိုင်ဘူး။ နေကလည်း မကောင်းဘူး။ NSK က နေကောင်းတဲ့သူတွေကို ဆက်သွယ်ပြီးတော့ ဆေးရုံကိုပို့ဖို့စီစဉ်တယ်။ ကျွန်တော်တို့ ဆေးရုံကိုပို့ဖို့ သူဌေးကို အကြောင်းကြားတယ်။ ကုမ္ပဏီက မန်နေဂျာကို အကြောင်းကြားတယ်။ အကြောင်းကြားတဲ့အခါမှာ ဆေးရုံကိုပို့ဖို့ ကားလိုတယ်။ မကူညီနိုင်ဘူးတဲ့။ မကူညီနိုင်ဘူးဆိုတာ သူ့အလုပ်အတွင်းထဲမှာ ဖြစ်တာမဟုတ်ဘူး။ အပြင်မှာဖြစ်တာ၊ ဒီလိုပြောတာ၊ ကျွန်တော်တို့စိတ်က တအားပေါက်ကွဲတာပေါ့။ ကျွန်တော်တို့နဲ့ ရန်ငြိုးရန်စလည်းမရှိပါဘူး။ အခု ကျွန်တော်တို့ပြန်လာတော့ တစ်ပတ်ဆယ်ရက်လောက်တော့ ငြိမ်နေပါတယ်။ ပြန်သွားဖို့အစီအစဉ်တော့ လုံးဝမရှိတော့ပါဘူး။ ကျွန်တော် မြန်မာပြည်မှာပဲ လုပ်ကိုင်စားသောက်ပါတော့မယ်။ နောက်သွားမယ့်သူတွေကို ပြောချင်တာက ဆာလာရန်း NSK က မားကတ် ၁၁ ခုရှိတယ်။ NSK နဲ့ပတ်သက်လာရင် မြန်မာပြည်ကသူတွေကို ဘယ်သူ့ကိုမှ မသွားစေချင်ပါဘူး။ ဘာအကျိုးခံစားခွင့်မှ မရှိပါဘူး။ ကိုယ်လုပ်မှကိုယ်ရတယ်။ ပိတ်ရက်မရှိဘူး။ ဒုက္ခဖြစ်ရင် အကူအညီလုံးဝမပေးဘူး။ သူတို့ မကူညီဘူး၊ ကျွန်တော် အဲဒါပဲ ပြောချင်ပါတယ်" ဟု ပြောသည်။

မော်လမြိုင်မှ ကိုဝင်းမောင်ဦးက ပြောရာတွင် "ကျွန်တော့်အတွေ့အကြုံကတော့ အခု NSK မှာ အလုပ်လုပ်တယ်။ အခုလိုကိစ္စတွေ ဖြစ်လာတဲ့အတွက် ကျွန်တော်တို့စိုးရိမ်လာတယ်။ ကိုယ့်အသက် အန္တရာယ်ဖြစ်လာမှာ စိုးရိမ်လာတယ်။ အခုလို ပြန်ဖို့အတွက်ကို လူကြီးတွေက စီစဉ်ပေးတဲ့အတွက် ကျွန်တော်တို့ ပြန်လာရပါတယ်။ သွားချင်တဲ့သူတွေကိုတော့ ပြောချင်တာက သူတို့ကတော့ သူတို့စိတ်နဲ့သူတို့ပေါ့၊ ကျွန်တော့်စိတ်ကတော့ မသွားတော့ဘူး။ အခုလိုပုံစံနဲ့ ပိုက်ဆံရှာရမယ့် အနေအထားဆိုတော့ သိပ်အဆင်မပြေလှဘူး။ ကိုယ့်အသက်ကို ကိုယ်ပေးရမယ့်အနေအထား ဖြစ်နေတယ်။ အာမခံချက်မရှိဘူး။ ကျွန်တော် ဆာလာရန်းကို ရောက်တာ လေးနှစ်လောက်ရှိနေပါပြီ။ အခုစီစဉ်ပေးတဲ့ တာဝန်ရှိသူတွေအားလုံးကို ကျေးဇူးတင်ပါတယ်။ ကျွန်တော်တို့ ဒုက္ခရောက်နေတာကို ကူညီပေးတဲ့အတွက်၊ နို့မို့ဆိုရင် ကျွန်တော်တို့ ဘယ်လိုမှအဆင်ပြေမှာ မဟုတ်ပါဘူး" ဟု ပြောပါတယ်။

ပဲခူးမြို့နေ မောင်ထွန်းဝေလင်းက ပြောရာတွင် "ကျွန်တော် KL က ပြန်လာတာပါ။ ကျွန်တော်က သက်သက်မယ့်အကြောင်းမဲ့ ပြန်လာခြင်း ဖြစ်ပါတယ်။ ကျွန်တော်က အဆင်ပြေပါတယ်။ ကျွန်တော်တို့ သတင်းတွေကြားလို့ အပြင်သိပ်မထွက်ပါဘူး။ ကျွန်တော်တို့စက်ရုံမှာ အလုပ်လုပ်ခဲ့တယ်။ ကျွန်တော် အခု မလေးကို ပြန်မသွားတော့ပါဘူး။ အခြေအနေအရပေါ့၊ နောက်မလေးရှားကို သွားမယ့် သူတွေကိုလည်း မသွားစေချင်ပါဘူး၊ ကိုယ့်တိုင်းပြည်မှာပဲ အလုပ်အကိုင်အခွင့်အလမ်းတွေ ရရှိလာမယ်ဆိုရင် အလုပ်လုပ်မှာပါ"ဟု ပြောသည်။

တပ်ကုန်းမြို့ လွှာပုံရွာမှ မချိုချိုဝင်းကပြောရာတွင် "ကျွန်မ ဆာလာရန်းမှာ *စာမျက်နှာ ၇ သို့*

ငါးရစ်ငါးသန်ဘေးမဲ့ချန်
ပုံမှန်စားသုံး မျိုးမသုဉ်း

မျိုးဆက်သစ်တို့ ကျန်းမာဖွံ့ဖြိုးဉာဏ်ရည်တိုးဖို့ နွားနို့နေ့စဉ်သောက်သုံးစို့

မောင်အောင်(မွေး/ကု)

"ကျန်းမာဖွံ့ဖြိုးဉာဏ်ရည်တိုးဖို့ နွားနို့နေ့စဉ်သောက်သုံးစို့"ခေါင်းစဉ်ဖြင့် စာစီစာကုံးပြိုင်ပွဲကို ပြီးခဲ့သည့် ဖေဖော်ဝါရီ ၁၆ ရက်က တစ်ပြည်လုံးရှိ အခြေခံပညာကျောင်းများတွင် ကျင်းပခဲ့သည်။ ကျောင်းသား ကျောင်းသူ ၁၀၀၀၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် စစ်ဆေးအကဲဖြတ်၍ ပထမ၊ ဒုတိယ၊ တတိယ ရရှိသော စာစီစာကုံးများကို ပညာရေးစီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာနသို့ ပေးပို့ခဲ့ကြသည်။ ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ စစ်ဆေးအဖွဲ့ ဖွဲ့စည်းစစ်ဆေးပြီး တစ်ပြည်လုံးတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုရရှိခဲ့သည့် စာမူများရွေးချယ်၍ အခြေခံပညာကျောင်းများတွင် နို့တိုက်ကျွေးရေးစီမံကိန်းဦးဆောင်ကော်မတီသို့ ပေးပို့လာခဲ့ပါသည်။

ပေးပို့လာခဲ့သည့် ဆုရစာစီစာကုံးများကို ဖတ်ရှုရသည့်အခါ မျှော်မှန်းထားသည်ထက် ပိုမိုအဆင့်အတန်းရှိသည့် စာမူများဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။ ထို့အတူ လူထုအတွင်း နွားနို့သောက်သုံးရေး၊ အနာဂတ်နိုင်ငံတော်ကို ဦးဆောင်ကြမည့် မျိုးဆက်သစ်လူငယ်များအတွင်း "ကြံ့ခိုင်ဖွံ့ဖြိုး ဉာဏ်ရည်တိုးစေမည့်" အရေးကို မြင်တွေ့ခံစားမိပါသည်။

အခြေခံပညာကျောင်းများတွင် နို့တိုက်ကျွေးရေးစီမံကိန်းကို မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ၂၀၀၆ ခုနှစ်တွင် စတင်၍ မျိုးစေ့ချဖြစ်ပါသည်။ အဲဒီအချိန်က ကုလသမဂ္ဂစားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့နှင့်မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သည့် အသေးစားနို့နှင့်နို့ထွက်ပစ္စည်း သင်တန်းဖြန့်ဖြူးရေးစီမံကိန်း (Small Scale Dairy Technology Transfer and Training Project) မှ စတင်ခဲ့ပါသည်။ ၂၀၀၆ ခုနှစ်မှစ၍ ပေါင်းခံသည့် နို့(Pasteurized Milk) ထုတ်လုပ်ခဲ့ပြီး ယင်းပေါင်းခံသည့်နို့(နို့ပေါင်း)ကို အင်းစိန်နှင့် မင်္ဂလာဒုံရှိ အခြေခံပညာမူလတန်းကျောင်းများတွင် စတင်တိုက်ကျွေးခဲ့ခြင်း ဖြစ်ပါသည်။

၎င်းစီမံကိန်းရည်ရွယ်ချက်မှာ နို့ထုတ်လုပ်မှုနည်းပညာဖြန့်ဖြူးရန်သာ အဓိကဖြစ်သည်။ သို့ဖြစ်၍ မိမိတိုင်းပြည်ရှိ အနာဂတ်မျိုးဆက်သစ်များ ကြံ့ခိုင်ဖွံ့ဖြိုးရေးအတွက် နို့တိုက်ကျွေးမှုသည် ၂၀၀၆ ခုနှစ်က သန္ဓေတည်ခဲ့ပြီး အမျိုးသားရေးတာဝန်ဖြစ်သဖြင့် တစ်စတစ်စ ဖွံ့ဖြိုးကြီးထွားလာခဲ့သည်။

နိုင်ငံတော်သစ်တည်ဆောက်ချိန်တွင် နိုင်ငံတော်၏ပြောင်းလဲလာသော ပွင့်လင်းမြင်သာသည့် မူဝါဒများအရ နိုင်ငံခြားတိုင်းပြည်များမှ အလှူရှင်များက အခြေခံပညာကျောင်းများတွင် နို့ချိုတိုက်ကျွေးရေးကိစ္စ ကမ်းလှမ်းလာခဲ့သည်။ အထူးသဖြင့် Tetra Pak South and South-East Asia ကုမ္ပဏီသည် အခြေခံပညာကျောင်းများရှိ ကျောင်းသား ကျောင်းသူ ၄၅၀၀၀ ကို ၂၀၁၃-၂၀၁၄ ပညာသင်နှစ်မှစ၍ သုံးနှစ်ဆက်တိုက် နို့တိုက်ကျွေးရန် လှူဒါန်းခဲ့သည်။ အမေရိကန်ဒေါ်လာရှစ်သန်းတန်ဖိုးရှိပါသည်။ ၎င်းစီမံကိန်းဖြစ်မြောက်ရေးအတွက် MK ကုမ္ပဏီမှ လိုအပ်သည်များ ချိတ်ဆက်ဆောင်ရွက်ပေးခဲ့သည်။

နိုင်ငံတော်သမ္မတကြီးမှလည်း မျိုးဆက်သစ်တို့ ကျန်းမာဖို့၊ ကြံ့ခိုင်ဖို့၊ ဉာဏ်ရည်မြင့်မားဖို့၊ ခန္ဓာကိုယ်ကြံ့ခိုင်ဖွံ့ဖြိုးဖို့ နွားနို့ပိုမိုသောက်ရန် လမ်းညွှန်ခဲ့သည်။နို့စားနွားမွေးမြူရေး တိုးတက်ဖွံ့ဖြိုးစေရန် ပံ့ပိုးဖြည့်ဆည်းလာသည်။ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနမှလည်း နှစ်စဉ်ပြည်ပမှ နို့နှင့်နို့ထွက်ပစ္စည်း အမေရိကန်ဒေါ်လာသန်း ၅၀ ဖိုးတင်သွင်းမှုကို အစားထိုးနိုင်ရန် နို့စားနွားမွေးမြူရေး တိုးချဲ့ဆောင်ရွက်နေချိန်တွင် ကျောင်းများတွင် နို့တိုက်ကျွေးရေးစီမံကိန်း စတင်အကောင်အထည်ဖော်မှုသည် ရေကန်အသင့်၊ ကြာအသင့်ဖြစ်ခဲ့သည်။

၂၀၁၂ ခုနှစ် စက်တင်ဘာလ ၂၆ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် ကမ္ဘာ့ကျောင်းများ နို့တိုက်ကျွေးရေးနေ့ (World School Milk Day) အခမ်းအနားသည် ကျောင်းသားလူငယ်များနှင့် ပြည်သူလူထုအတွင်း မှတ်မှတ်ထင်ထင်ရှိခဲ့သည်။ နိုင်ငံတော်သမ္မတကြီး၏ လမ်းညွှန်မှု၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၏ ကြိုးပမ်းဆောင်ရွက်မှု၊ ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့၏ ပံ့ပိုးဖြည့်ဆည်းမှုတို့ဖြင့် နေပြည်တော်ကောင်စီနယ်မြေမှ အခြေခံပညာကျောင်း ၈၁ကျောင်းရှိ ကျောင်းသား ကျောင်းသူ ၃၂၀၀၀ကို နို့ချိုတိုက်ကျွေးနိုင်ခဲ့သည်။

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန၏ စည်းရုံးဦးဆောင်မှုဖြင့် နေပြည်တော်ကောင်စီနယ်မြေတွင်သာမက ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့ရှိ အခြေခံပညာမူလတန်းကျောင်းများတွင် နို့တိုက်ကျွေးမှုလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသည်။ နို့စားနွားမွေးမြူရေးလုပ်ငန်းရှင်များ၊ စေတနာရှင်ပြည်သူများ ပါဝင်လှူဒါန်းခဲ့ကြသည်။ နို့တိုက်ကျွေးခြင်းဖြင့် အခြေခံပညာမူလတန်းကျောင်းသား ကျောင်းသူများ ကျန်းမာပြည့်ဖြိုး ဉာဏ်ရည်တိုးစေရုံသာမက ကျောင်းနေပျော်၍ စာတော်ကြမည်ဖြစ်ပါသည်။

Tetra Pak ကုမ္ပဏီနည်းတူ CP Meiji ကုမ္ပဏီကလည်း မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနသို့ ၂၀၀ စီစီဆံ့ အပူချိန်မြင့်ပြုပြင်ထားသည့် နို့ (UHT) ဘူး ၂၅၀၀၀၀ လှူဒါန်းခဲ့သည်။ လှူဒါန်းခဲ့သည့်နို့များအား အခြေခံပညာကျောင်းများ နို့တိုက်ကျွေးရေးစီမံကိန်း ဦးဆောင်ကော်မတီမှ အောက်ပါအတိုင်း တိုက်ကျွေးသွားမည်ဖြစ်ပါသည်-

စမတောင်ဘုန်းကြီးကျောင်း လူငယ်ပြုစုရေးစခန်းတွင် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနဝန်ကြီးနှင့် အလှူရှင် Tetra Pak South and South East Asia ကုမ္ပဏီမှ တာဝန်ရှိသူများ၊ ကျောင်းသားကလေးငယ်များအား နို့ချိုတိုက်ကျွေးနေစဉ်။

စဉ်	တိုင်းဒေသကြီးနှင့်ပြည်နယ်	ခရိုင်	မြို့နယ်	ကျောင်း	ကျောင်းသား ဦးရေ	အလှူရှင်
၁	နေပြည်တော်ကောင်စီနယ်မြေ	၂	၈	၂၈	၁၀၀၀၀	Tetra Pak
၂	ရန်ကုန်တိုင်းဒေသကြီး	၄	၄၃	၁၁၀	၁၇၅၀၀	॥
၃	မန္တလေးတိုင်းဒေသကြီး	၇	၂၈	၇၉	၁၇၅၀၀	॥
		၁၃	၇၉	၂၁၇	၄၅၀၀၀	

စဉ်	တိုင်းဒေသကြီးနှင့်ပြည်နယ်	ခရိုင်	မြို့နယ်	ကျောင်း	ကျောင်းသား ဦးရေ	အလှူရှင်
၁	ချင်းပြည်နယ်	၁	၃	၇	၁၀၀၀	CP.Meiji
၂	ကယားပြည်နယ်	၂	၄	၈	၁၀၀၀	CP.Meiji
		၃	၇	၁၅	၂၀၀၀	

နွားနို့သည် အာဟာရဓာတ်များ ပြည့်စုံစွာပါဝင်သည်။ ဗီတာမင်သည် A,D,E နှင့် K တို့အပြင် ဗီတာမင် B_1,B_2 နှင့် B_{12} တို့ ပါဝင်သဖြင့် ဖြည့်စွက်အားဆေးသောက်စရာမလိုဘဲ လူတစ်ဦး၏ လိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်မည်။ နွားနို့တွင်ပါဝင်သည့် ကယ်လ်စီယမ်နှင့်ဖော့စဖောရပ်တို့သည် အရိုးအဆစ်များသန်မာ၍ ကြံ့ခိုင်ဖွံ့ဖြိုးစေသည်။ အလားတူ နွားနို့တွင်ပါဝင်သည့် ပရိုတိန်းဓာတ်နှင့်အဆီဓာတ်များသည် ခန္ဓာကိုယ်ကြံ့ခိုင်ဖွံ့ဖြိုးစေသည့်အပြင် ဉာဏ်ရည်ကိုပါ တိုးတက်မြင့်မားစေသည်။

သို့ဖြစ်၍လည်း နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုး၏ ကြံ့ခိုင်ဖွံ့ဖြိုးမှုကို လူတစ်ဦး တစ်နှစ်စားသုံးသည့် နို့ပမာဏဖြင့် အညွှန်းကိန်းသဖွယ် တိုင်းတာ၍ရနိုင်သည်။ အခြေခံပညာကျောင်းများတွင် နို့တိုက်ကျွေးရေးစီမံကိန်းကို Tetra Pak၊ MK ကုမ္ပဏီနှင့် CP.Meiji ကုမ္ပဏီတို့၏ လှူဒါန်းမှုဖြင့် ၂၀၁၃ ခုနှစ် ဇွန် ၁၈ရက်နေ့တွင် စတင်တော့မည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ စေတနာရှင်ပြည်သူများအား အနာဂတ်မျိုးဆက်သစ်လူငယ်များ ကျန်းမာဖွံ့ဖြိုးဉာဏ်ရည်တိုးစေရေးအတွက် နွားနို့နေ့စဉ် တိုက်ကျွေးကြပါရန် နှိုးဆော်တိုက်တွန်းရေးသားလိုက်ပါသည်။

စာမျက်နှာ ၆ မှ

အလုပ်လုပ်တယ်။ ကျွန်မတို့ ခေါခုတ်တယ်ဆိုတာကြားလို့မနေရဲလို့ ပြန်လာတာပါ။ ကျွန်မတို့လည်း အလုပ်ဆက်မလုပ်ရဲဘူး။ ကျွန်မက ဆာလာရန်းစက်ရုံမှာ ဟင်းရွက်ပါဆယ်ထုပ်တဲ့ အလုပ်လုပ်ပါတယ်။ မြန်မာသံရုံးနဲ့ စေတနာရှင်လူကြီးမင်းများ၏ အကူအညီပေးမှုတွေကြောင့် ပြန်လာရတာပါ။ မြန်မာနိုင်ငံက လာရောက်တဲ့ ဒုတိယဝန်ကြီးနှစ်ဦးလည်း ဒုက္ခရောက်နေသည့်သူတွေကို သွားရောက်တွေ့ဆုံပြီး မြန်မာနိုင်ငံကိုပြန်လာလို့ရကြောင်း၊ မြန်မာနိုင်ငံရောက်ရင်လည်း အကူအညီပေးမည်ဖြစ်ကြောင်း သိရတဲ့အတွက်ဝမ်းသာမိပါတယ်။ကျွန်မတို့ နောက်မသွားတော့ဘူး၊ ကိုယ့်တိုင်းပြည်မှာပဲ တောင်သူပဲလုပ်တော့မယ်"ဟု ပြောသည်။

တန့်ဆည်မြို့နေ မမြနန္ဒာက ပြောရာတွင် "ဂျိုဟိုးဘက်မှာနေပါတယ်၊ ဆာလာရန်းနဲ့ မနီးမဝေးပါ။ ကျွန်မတို့နားမှာတော့ လက်တွေ့မဖြစ်ဘူး၊ အစ်ကိုပါလာတယ်။ အစ်ကိုတို့နားမှာတော့ဖြစ်တယ်။ ညဆိုလည်း အေးအေးဆေးဆေးမအိပ်ရဘူး။ ပြန်လာတာကောင်းမယ်ဆိုပြီး မြန်မာနိုင်ငံကလည်း လေယာဉ်လက်မှတ်ကအစ အစစအရာရာအားလုံးကိုကူညီမယ်လို့သိရတဲ့အတွက် ပြန်လာခဲ့တာပါ။ ဝမ်းသာပါတယ်။ ရက်တိုတိုလေးနဲ့ မြန်မာပြည်ကို ပြန်ရောက်အောင် လိုလေသေးမရှိ ကိုယ့်နိုင်ငံက အကူအညီပေးတော့ စိတ်ချမ်းသာတာပေါ့။ မြန်မာနိုင်ငံက လူကြီးတွေ လာတာလည်းသိတယ်။ အကူအညီပေးတယ်ဆိုတာကို သိရပါတယ်။ ဒီမနက်လည်း လေဆိပ်မှာ သံအမတ်ကြီးကိုယ်တိုင် အားလုံးကို အဆင်ပြေအောင် ကူညီပေးပါတယ်။ သံအမတ်ကြီးနဲ့ အားလုံးက လေဆိပ်မှာ ခုလို ကူညီပေးလို့ မြန်မာပြည်ပြန်ရောက်ခဲ့တာ ဝမ်းသာလို့မဆုံးပါဘူး။ ပြန်သွားဖို့ အစီအစဉ်မရှိပါဘူး။ ကိုယ့်တိုင်းပြည်မှာပဲ အလုပ်လုပ်မယ်လို့ ဆုံးဖြတ်ထားပါတယ်"ဟု ပြောသည်။

မလေးရှားနိုင်ငံ ဆာလာရန်းNSK မားကတ်မှာ အလုပ်လုပ်ခဲ့တဲ့ မုံရွာမြို့နယ် ကံပြားရွာနေ ကိုငွေဌေးက "အခုခရီးစဉ်မှာပြန်ပါလာတဲ့ ထွန်းမော်သိန်းက ၃၀ ရက်နေ့မှာ အကြမ်းဖက်ခံရတာပါ။ သူနဲ့ကျွန်တော်က လုပ်ငန်းအတူတူလုပ်တာဖြစ်ပါတယ်။ သူက အပြင်ဆောင်၊ ကျွန်တော်တို့ကအတွင်းဆောင်မှာနေပါတယ်။ အဲဒီနေ့က သူ အလုပ်ပြီးချိန် ည ၁၀ နာရီလောက်မှာ လူခုနစ်ဦး၊ ရှစ်ဦးက ဝိုင်းပြီး ခေါနဲ့ထိုးတယ်။ ရန်ငြိုးရန်စလည်း မရှိဘူး၊ တစ်ခါမှလည်း မမြင်ဖူးဘူးလို့ ပြောပါတယ်။ သူ့အဲဒီဒဏ်ရာနဲ့ ရောက်အောင်ပြန်လာခဲ့ပါတယ်။ အဆောင်မှာရှိတဲ့ အလုပ်သမား မြန်မာသူငယ်ချင်းတွေက အချိန်မီအောင် ဝိုင်းပြီး ဆေးရုံကို ပို့ပေးခဲ့တယ်။ ကျွန်တော်တို့လည်း အသက်အန္တရာယ်ကို စိုးရိမ်တဲ့အတွက် မေ ၃၁ ရက်နေ့မှာက ပုန်းဘုန်းကြီးကျောင်းကို စရောက်ခဲ့ပါတယ်။ ဒီက နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် အလုပ်သမားဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးတို့ ရောက်လာတုန်းကလည်း ကူညီမယ်လို့ အားပေးစကားပြောခဲ့ပါတယ်။ အခုလို အဆင်ပြေပြေနဲ့ ပြန်ရောက်ဖို့ကိုလည်း ကူညီပေးခဲ့ကြပါတယ်။ CI လျှောက်တာ ခါတိုင်းဆို သုံးလလောက်ကြာတယ်။ အခုတစ်ခါတည်း ရခဲ့တယ်။ ဟိုမှာ ဆက်နေရင် လုံခြုံမှုခက်ခဲတာကြောင့် အခုလို ပြန်ခဲ့ရတာ ဖြစ်ပါတယ်။ ကျွန်တော်တို့က ဘုန်းကြီးကျောင်းမှာနေတာ ဆိုတော့ နောက်ပိုင်းအခြေအနေကို အတိအကျမသိပါဘူး။ ငြိမ်သွားပြီလို့တော့ ယူဆလို့ရပါတယ်။ ဒါပေမယ့် မြန်မာအလုပ်သမားတွေရဲ့ စိတ်ထဲမှာ မလုံခြုံဘူးလို့ ခံစားနေကြရတယ်။ အများစုက ပြန်လာချင်နေကြတယ်။ ကိုယ့်အသက်ကိုကိုယ် အာမခံချက်မရှိဘူးလို့ ယူဆနေကြတယ်။ ဒီမှာ အလုပ်အကိုင်ကျပြန်တော့ မရေရာသေးဘူး။ ကိုယ့်မြေပေါ်မှာခြေချမိကတည်းက လုံခြုံသွားတယ်လို့ ခံစားရပေမယ့် စီးပွား ရေးအဆင်မပြေသေးဘဲနဲ့ ပြန်လာရတော့ စိတ်တော့ မကောင်းဘူး။ ဒါပေမယ့် အဖေနဲ့ အမေကို တွေ့ရမှာဖြစ်လို့ ဝမ်းသာနေတယ်။ ကျန်နေတဲ့သူတွေအတွက် အသက်လုံခြုံမှုရှိအောင် ဒီက သက်ဆိုင်ရာအစိုးရက ဆောင်ရွက်ပေးနေသလို ဆက်လက်ပြီးလည်း ဆောင်ရွက်ပေးစေချင်ပါတယ်။ ကျွန်တော်တို့လို အလုပ်သွားလုပ်မယ့် ညီအစ်ကို မောင်နှမတွေကို အခြေအနေတွေကိုလေ့လာပြီးမှ သွားဖို့၊ မသွားဖို့ကို ဆုံးဖြတ်ပါလို့ ပြောချင်ပါတယ်" ဟု ပြောပါသည်။

မြင်းခြံမှာနေတဲ့ ကိုကျော်ဦးက ဒီလိုပြဿနာမျိုးတွေကြောင့် အသက်အန္တရာယ်ရှိလာတာနဲ့ ကပုန်းဘုန်းကြီးကျောင်းမှာ ခိုလှုံခဲ့ပါတယ်။ ဆရာတော်က အစားအသောက် အဝတ်အထည်ကအစ ထောက်ပံ့ပေးပါတယ်။ အခုလို ပြန်မယ်ဆိုတော့လည်း နိုင်ငံတော်အစိုးရအစီအစဉ်နဲ့ ဧရာဝတီဖောင်ဒေးရှင်းက မြန်မာပြည်ပြန်လာဖို့ စီစဉ်ပေးခဲ့ပါတယ်။ မြန်မာနိုင်ငံက ဒုတိယဝန်ကြီးတွေ ရောက်လာပြီး နောက်ပိုင်း စီစဉ်ပေးလို့ ယခုလို အလွယ်တကူ ပြန်လာနိုင်ကြတာပါ။ ဆာလာရန်းက လုံခြုံစိတ်ချရမှုနည်းလို့ ကျွန်တော်တို့ ပြန်လာကြတာပါ။ မြန်မာနိုင်ငံမှာရှိတဲ့ လူငယ်တွေကိုလည်း အခုလို အခြေအနေမှာ ကိုယ့်နိုင်ငံက အလုပ်အကိုင်အခွင့်အလမ်းသစ်တွေလည်း ဖန်တီးပေးလာပြီဆိုတော့ဖြစ်နိုင်ရင် ပြည်ပကိုသွားပြီး အလုပ်မလုပ်စေချင်ပါဘူး။ အခု ပြန်လာတဲ့သူတွေ အနေအထားကိုလည်း ကြားနေ သိနေတာပဲ။ ကိုယ့်နိုင်ငံမှာပဲ ရိုးရိုးသားသား ကြိုးကြိုးစားစားနဲ့ အလုပ်လုပ်ရင်း ကြီးပွားနိုင်ပါတယ်လို့ပြောချင်ပါတယ်"ဟုပြောကြားခဲ့ကြသည်။

မိုးကောင်းမြို့နယ် အင်ကြင်းကုန်းကျေးရွာရှိ တောင်သူလယ်သမားများနှင့် တွေ့ဆုံဆွေးနွေး

မြစ်ကြီးနား ဇွန် ၁၇

မိုးကောင်းမြို့နယ် အင်ကြင်းကုန်းကျေးရွာအုပ်စု အင်ကြင်းကုန်းကျေးရွာ ခမ္မာရုံ၌ ဇွန် ၁၂ ရက် မွန်းလွဲ ၁ နာရီက ကချင်ပြည်နယ်အစိုးရအဖွဲ့ စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီး ဦးဘီထောဇောင်းနှင့်အတူ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများ၊ တာဝန်ရှိသူများလိုက်ပါကာ ဒေသခံတောင်သူများနှင့် တွေ့ဆုံရာ စုစုပေါင်း ၁၅၀ ကျော် တက်ရောက်ခဲ့သည်။

အခမ်းအနားတွင် ဝန်ကြီးက အမှာစကားပြောကြားပြီးနောက် တက်ရောက်လာကြသည့် တိုင်းရင်းသားပြည်သူများ၏ လိုအပ်ချက်၊ လိုလားချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေးအတွက် တောင်သူများ၏ မေးမြန်းချက်များကို သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာများက ရှင်းလင်းပြောကြားခဲ့ပြီးနောက် ဝန်ကြီးက နိဂုံးချုပ်စကားပြောကြားရာတွင် လယ်ယာမြေမှတ်ပုံတင်ခြင်းကို ဆောင်ရွက်ရာတွင်ပူးပေါင်းပါဝင်ပြီး လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်(ပုံစံ-၇)ရရှိမှသာလျှင် မိမိတို့၏သားစဉ်မြေးဆက် အာမခံချက်ရှိစေမည်ဖြစ်၍ ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရေးအတွက် ကျေးရွာအုပ်ချုပ်ရေးမှူးများ အနေဖြင့် စည်းရုံးပြောကြားပေးသွားရန် မှာကြားခဲ့ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်းသိရသည်။

မိုးယံကျ(မြစ်ကြီးနား)

ပြည်တွင်းသတင်း

မီဒီယာများအနေဖြင့် ရုပ်မြင်သံကြားနှင့် နိုင်ငံပိုင်မီဒီယာများမှ ရှင်းလင်းစွာလွှင့်ထုတ်ပေးသည့် သတင်းကိုပင် မှားယွင်းထုတ်ပြန်ခြင်း
ပြည်သူလူထုက အစိုးရအား အထင်အမြင်လွဲမှားပြီး နိုင်ငံတော်နှင့် နိုင်ငံသားတို့၏အကျိုးကို ထိခိုက်စေနိုင်၍ အထူးအလေးထားသ

▲ *ကျော်ဖုန်းမှ*

ခုလို နယ်စပ်ဒေသမှာ ဝင်ရောက်နေထိုင်အခြေချခွင့်ရှိခဲ့တာဟာ ဘယ်သူ့ကြောင့်၊ ဘယ်ဝါကြောင့် စသည်ဖြင့် ရှုထောင့်အမျိုးမျိုးမှ ပြောဆိုဝေဖန်မှုတွေရှိလာတာကြောင့် စာစာက တင်ပြခဲ့သလို ဤဥပဒေကို မည်ကဲ့သို့ စဉ်းစားရေးဆွဲခဲ့ကြသည်၊ မည်သည့်အချက်များကို အခြေခံခဲ့ကြသည် စသည်တို့နဲ့ ကျွန်တော့်အရင်ဆွေးနွေးချက်တွေအရ သမိုင်းကြောင်းနှင့်ယှဉ်၍ အကျဉ်းမျှ ရှင်းပြရန် လိုအပ်လာပါသဖြင့် အချိန်အနည်းငယ်ပေး ရှင်းပြခွင့်ပြုပါရန် ဥက္ကဋ္ဌကြီးအား ပထမဦးစွာ တင်ပြအပ်ပါတယ်။

နောက်ကြောင်းသမိုင်းကို အကျဉ်းမျှ တင်ပြရရင် အားလုံးသိပြီး ဖြစ်သည့်အတိုင်း ၁၈၂၄ ခုနှစ်မတိုင်မီအထိက ယေဘုယျအားဖြင့် ကျွန်တော်တို့ မြန်မာနိုင်ငံတွင်းမှာ မည်သည့်နိုင်ငံခြားသားမှ အခြေချနေထိုင်ခြင်းမရှိခဲ့ဘူးလို့ သမိုင်းအထောက်အထားများကို ရည်ညွှန်း၍ ပြောကြားလိုပါတယ်။ ထိုစဉ်က မိမိတို့နိုင်ငံအတွင်းမှာ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ဗမာ၊ ရခိုင်၊ ရှမ်းနဲ့ ၄င်းတို့နဲ့ ဆက်နွယ်နေတဲ့ မျိုးနွယ်စုအပါအဝင် လူမျိုးစု ၁၀၀ ကျော်ဟာ စည်းလုံးညီညွတ်စွာ နေထိုင်ခဲ့ကြတယ်လို့ သမိုင်းက ဆိုခဲ့ပါတယ်။ ၁၈၂၄ ခုနှစ်တွင် အင်္ဂလိပ်-မြန်မာ ပထမစစ်ပွဲ ဖြစ်ပွားခဲ့ပါတယ်။ နယ်ချဲ့စစ်ကြောင့် မြန်မာနိုင်ငံ အနောက်ဘက်ခြမ်းဟာ ဗြိတိသျှကိုလိုနီနယ်ချဲ့အောက်သို့ စတင်ကျရောက်ခဲ့ပြီး အနောက်ခြမ်းက ပြည်နယ်သည် အိန္ဒိယပြည်နယ်၏ လက်အောက်ခံပြည်နယ်တစ်ခုဖြစ်ခဲ့ရပါတယ်။ ထိုမှစ၍ အကြောင်းအမျိုးမျိုးကြောင့် မြန်မာနိုင်ငံအတွင်းသို့ တစ်ဖက်နိုင်ငံနေ နိုင်ငံခြားသားများ စတင်ဝင်ရောက်ခွင့် ရလာကြပါတယ်။ ဒါ့ကြောင့် မူလက တိုင်းရင်းသား စစ်စစ်သာနေထိုင်ခဲ့ကြတဲ့ ကျွန်တော်တို့နိုင်ငံအတွင်းမှာ မူလတိုင်းရင်းသားများနှင့် နိုင်ငံခြားသားဟူ၍ နှစ်မျိုးရှိလာခဲ့ပါတယ်။ ထိုမှတစ်ဆင့် တိုင်းရင်းသားနှင့် နိုင်ငံခြားသားများ ပေါင်းဖက်ရာမှ သွေးနှောကပြားဟူသော အတန်းအစားတစ်ရပ်ဆိုတာလည်း မလွှဲမရှောင်သာ ဖြစ်ပေါ်လာခဲ့ရပါတယ်။ ဒါ့ကြောင့် ပထမဦးစွာ မြန်မာနိုင်ငံအတွင်းသို့ နိုင်ငံခြားသားများ စတင်ဝင်ရောက် အခြေချနေထိုင်နိုင်ခဲ့ခြင်း၏ အဓိကအချက်သည် နယ်ချဲ့စနစ်ကြောင့်ဟု သမိုင်းအရ ပြောဆိုနိုင်ပါကြောင်း ဦးစွာတင်ပြလိုပါတယ်။

ကျွန်တော်တင်ပြခဲ့သလို နယ်ချဲ့စနစ်နှင့်အတူ နိုင်ငံခြားသားစစ်စစ်တွေ ပြည်တွင်းကိုရောက်ရှိ အခြေချခွင့်တွေရခဲ့သလိုပဲ လွတ်လပ်ရေးရပြီးစကာလတွေမှာလည်း ပြည်တွင်းပဋိပက္ခများနှင့်အတူ မြန်မာနိုင်ငံနှင့် နယ်စပ်ချင်းထိစပ်ရာနိုင်ငံများမှ အသွင်တူလူမျိုးများဟာ နိုင်ငံအတွင်းသို့ နည်းမျိုးစုံဖြင့် လွယ်ကူစွာ စိမ့်ဝင်ရောနှော၊ အခြေချနေထိုင်ခွင့်၊ တိုးပွားခွင့်များ ရှိခဲ့ကြတယ်ဆိုတာလည်း အားလုံးအသိဖြစ်ပါတယ်။ ဤနေရာတွင် အချိန်ကို ငဲ့ညှာသောအားဖြင့် နယ်စပ်တိုင်းမှ ရောနှောဝင်ရောက်လာသမျှ လူမျိုးတွေအားလုံးအား တစ်မျိုးချင်းစီ ခွဲခြားမပြောတော့ဘဲ ထင်သာမြင်သာဖြစ်အောင် မြန်မာနိုင်ငံ အနောက်ဘက်ခြမ်းမှ စိမ့်ဝင်မှုအခြေအနေတစ်ခုကိုသာ ထုတ်နုတ်ပြောကြားရခြင်းဖြစ်ပါတယ်။

စာစာက တင်ပြခဲ့သလို ၁၈၂၄ ခုနှစ် ကနေစပြီး နိုင်ငံရဲ့ တစ်စိတ်တစ်ပိုင်း သူတစ်ပါးလက်အောက်ကျရောက်ခဲ့ရာက ၁၈၈၅ ခုနှစ်မှာ မြန်မာတစ်နိုင်ငံလုံး သူတစ်ပါးလက်အောက်ကျရောက်ခဲ့ရပါတယ်။ ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် လွတ်လပ်ရေးရရှိခဲ့ပါတယ်။ လွတ်လပ်ရေးမရမီ ၁၈၂၄ မှ ၁၉၄၈ ထိ နှစ်ပေါင်း (၁၂၀) ကျော်ကြာ ကျွန်တော်တို့နိုင်ငံဟာ တိုင်းတစ်ပါးလက်အောက်မှာ နေခဲ့ရပါတယ်။ အဲဒီကာလတစ်လျှောက်လုံးဟာ သူ့ကျွန်ဖြစ်ခဲ့ရလို့ နိုင်ငံတော်ရဲ့အချုပ်အခြာအာဏာ ဆုံးရှုံးခဲ့ရပါတယ်။ ကိုယ့်ကြမ္မာကို ဖန်တီးခွင့်လည်း မရှိခဲ့ပါ။ ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုးကိုလည်း မကာကွယ်နိုင်ခဲ့ဟု ဆိုရပါမယ်။ လွတ်လပ်ရေးရပြီးနောက် မြန်မာနိုင်ငံတွင် လွန်စွာများပြားနေပြီးဖြစ်သော နိုင်ငံခြားသားနှင့် သွေးနှောကိစ္စများကို ထိန်းကျောင်းနိုင်ဖို့အတွက် ထိုစဉ်က နိုင်ငံကို အုပ်ချုပ်ခဲ့သူများက ၁၉၄၈ ခုနှစ်၊ မြန်မာနိုင်ငံသားဖြစ်မှု အက်ဥပဒေနှင့် ၁၉၄၈ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံသားအဖြစ် (ရွေးချယ်ရေး) အက်ဥပဒေနှစ်ရပ်ကို ပြဋ္ဌာန်းခဲ့ပါတယ်။ ဥပဒေဆိုသည်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေပါ အချက်များအပေါ်မူတည်၍ ဆောင်ရွက်ရခြင်းဖြစ်လို့ ထိုဥပဒေ(၂) ခုဟာ ထိုစဉ်က ရှိခဲ့သော ၁၉၄၇ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေအပေါ် အခြေခံခဲ့ရပါတယ်။ ၁၉၄၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ-၁၁ ပုဒ်မခွဲ(က)၊ (ခ)၊ (ဂ)နှင့် (ဃ)တို့တွင် နိုင်ငံသားဖြစ်ကြောင်း သတ်မှတ်ချက်များ ပါရှိခဲ့ပါတယ်-

အချိန်ကို ငဲ့ညှာသောအားဖြင့် ပုဒ်မတစ်ခု နှစ်ခုကိုပဲ နမူနာအဖြစ် ထုတ်နုတ်တင်ပြပါ့မယ်။ ၁၉၄၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မခွဲ(ဃ)တွင် ဗြိတိသျှဘုရင်မင်းမြတ် အာဏာပျံ့နှံ့ရာနယ်မြေတစ်ခုခုတွင် မွေးဖွားခဲ့ပြီး ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအာဏာတည်သည့် ၄-၁-၁၉၄၈ နေ့မတိုင်မီက ပြည်ထောင်စုမြန်မာနိုင်ငံတွင် အနည်းဆုံးရှစ်နှစ် နေထိုင်ခဲ့ဖူးပြီး ပြည်ထောင်စုမြန်မာနိုင်ငံတွင် ထာဝစဉ်နေထိုင်ရန် ရည်ရွယ်ကြောင်းထုတ်ဖော်၍ သတ်မှတ်သောနည်းလမ်းနှင့်အညီ ပြည်ထောင်စုမြန်မာနိုင်ငံသားအဖြစ် ရွေးချယ်သူသည် နိုင်ငံသားဖြစ်သည်ဟု ဆိုထားပါတယ်။

ထိုစဉ်က ဗြိတိသျှဘုရင်မင်းမြတ် အာဏာပျံ့နှံ့ရာနယ်မြေဆိုတာဟာ အားလုံးသိကြတဲ့အတိုင်း နေမဝင်အင်ပါယာ ဖြစ်ခဲ့တာကြောင့် ဗြိတိသျှပိုင်နယ်မြေဟာ ကမ္ဘာအနှံ့ကျယ်ပြန့်ခဲ့ပါတယ်။ အဲဒီဥပဒေအရ ကျွန်တော်တို့ နိုင်ငံနဲ့ မည်မျှပင် ဝေးကွာပါစေ အကျင့်စရိုက်များ လွန်စွာခြားနားလွန်းတဲ့ ဒေသကပင်ဖြစ်ပါစေ မိမိနိုင်ငံသားရဲ့ သွေးပါသည်ဖြစ်စေ၊ မပါသည်ဖြစ်ပါစေ သတ်မှတ်ကာလအထိ နိုင်ငံမှာနေထိုင်ဖူးရင် နိုင်ငံသားဖြစ်နိုင်ခြေရှိသည့်သဘော ဖြစ်နေပါတယ်။ ဒါ့အပြင် ဒီဥပဒေအရ နိုင်ငံသားဖြစ်ခွင့်ကို ဗြိတိသျှတစ်နိုင်ငံတည်းကိုသာ ဦးစားပေးစဉ်းစားသည့်သဘောမျိုး ဖြစ်နေပါတယ်။ အဲဒီလို အားနည်းချက်များ ရှိခဲ့ပါတယ်။

တစ်ခါ ဥပမာတစ်ခုကို ထပ်တင်ပြရရင် ၁၉၄၈ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်မှု အက်ဥပဒေပုဒ်မ(၅)မှာ နိုင်ငံခြားသားတစ်ဦးသည် နိုင်ငံသားပြုမှုလက်မှတ်ကို တင်ပြလျှောက်ထားနိုင်တယ်။ ဝန်ကြီးက ကျေနပ်လက်ခံလျှင် နိုင်ငံသားပြု လက်မှတ်ကို ပေးအပ်နိုင်သည်ဟု ဖော်ပြထားပါတယ်။ နိုင်ငံတော်အချုပ်အခြာအာဏာ အစိတ်အပိုင်းတစ်ရပ်ဖြစ်တဲ့နိုင်ငံသားဖြစ်မှု ခွင့်ပြုပေးခြင်းလုပ်ငန်းစဉ်ကြီးအပေါ်မှာ ဝန်ကြီးတစ်ဦးရဲ့ ဆုံးဖြတ်ချက်နဲ့ ခွင့်ပြုမိန့် ပေးခြင်းသည် အမျိုးသားအကျိုးစီးပွားကို စဉ်းစားရာမှာ အလွန်ပင် လွယ်ကူသည့်သဘောဖြစ်နေတယ်လို့ ဆိုရမှာဖြစ်ပါတယ်။ ဒါကလည်း အားနည်းချက်ပါ။ အခြားဥပမာများစွာ ရှိပါသေးတယ်။ အချိန်ကို ငဲ့ညှာသောအားဖြင့် အခြားဥပမာများ ထပ်မံမတင်ပြတော့ပါ။

မည်သူတွေကို နိုင်ငံသားအဖြစ် လက်ခံသည်ဆိုသည့်ကိစ္စမှာ နိုင်ငံတော်၏ အချုပ်အခြာအာဏာအတွင်း ကျရောက်သည့် လုပ်ပိုင်ခွင့်သာ ဖြစ်သော်လည်းပဲ အဲဒီတုန်းက လွတ်လပ်ရေးအတွက် ကြိုးပမ်းနေရချိန်မျိုးမှာ နိုင်ငံသားဥပဒေများကို စဉ်းစား ရေးဆွဲခဲ့ရသောကြောင့် နိုင်ငံတော်နှင့်ပြည်သူ ရေရှည်အကျိုးစီးပွားထက် ထိုစဉ်က ဖြစ်ပေါ်နေသောအခြေအနေတွေကို ထည့်သွင်းတွက်ချက်စဉ်းစားခဲ့ရကြောင်းလည်း တွေ့ရပါတယ်။ လွတ်လပ်ရေးရပြီးနောက်ပိုင်းတွင်လည်း တိုင်းပြည်သစ်၊ နိုင်ငံသစ်အနေဖြင့် စတင်တည်ထောင်ရသဖြင့် ကဏ္ဍတိုင်းတွင် တိုင်းရင်းသားပညာရှင်များ မပြည့်စုံခြင်းကြောင့် အကူအညီလိုအပ်ချက်ပေါ်မူတည်၍ ဥပဒေများ ရေးဆွဲခဲ့သဖြင့် နိုင်ငံသားဖြစ်မှုအပိုင်းတွင် အလျှော့ပေးခဲ့ရသည့် ချို့ယွင်းအားနည်းမှုများဖြစ်ပေါ်ခဲ့သည်ကို တွေ့ရှိရပါတယ်။

ဒီနေရာမှာ အလျဉ်းသင့်လို့ ကမ္ဘာမှာ နိုင်ငံသားအဖြစ် စဉ်းစားကြတဲ့ အချက်တစ်ချက်ကို တင်ပြလိုပါတယ်။ ကမ္ဘာတစ်ဝန်းမှ နိုင်ငံသားအဖြစ် ဆုံးဖြတ်ရာမှာ မြေပေါ်မူတည်ဆုံးဖြတ်သည့်နည်းနှင့် သွေးပေါ်မူတည်ဆုံးဖြတ်သည့် နည်းလမ်းဟူ၍ (၂)မျိုးရှိပါတယ်။ မြေပေါ်မူတည်ဆုံးဖြတ်သည့် နည်းဆိုတာက မိမိနိုင်ငံမြေပေါ်တွင် နေထိုင်နေတယ်ဆိုရင် သတ်မှတ်ကာလတစ်ခုမှာ နိုင်ငံသားဖြစ်ခွင့်ပြုခဲ့ကြတယ်ဆိုတဲ့ အဓိပ္ပာယ်ဖြစ်ပါတယ်။ သွေးပေါ်မူတည်စဉ်းစားခြင်းဆိုတာကတော့ နိုင်ငံမြေပေါ်မှာ ဘယ်လောက်ပဲ ကြာနေပြီဖြစ်ပါစေ မိမိတို့နိုင်ငံသားတစ်ဦးဦးနှင့် သွေးသားဆက်နွယ်မှုတစ်ခုခု ဆက်နွယ်မှုရှိမှသာ နိုင်ငံသားအဖြစ်ကို စဉ်းစားကြခြင်းဖြစ်ပါတယ်။ ကမ္ဘာ့နိုင်ငံများတွင် မြေပေါ်မူတည်၍ စဉ်းစားသည့်နိုင်ငံများ များစွာရှိသလို သွေးပေါ်မူတည်၍ စဉ်းစားသည့်နိုင်ငံများလည်း များစွာရှိပါတယ်။ ပုံသေရယ်လို့မရှိဘဲ ကိုယ့်နိုင်ငံရဲ့ အမျိုးသား အကျိုးစီးပွားအပေါ်မှာသာ အခြေခံစဉ်းစားကြတာဖြစ်ပါတယ်။ ဒီနေရာမှာ အဆိုရှင်ကိုယ်စားလှယ်တော်ကြီး တင်ပြခဲ့သော လက်ရှိဥပဒေဟာ နိုင်ငံတကာအခြေအနေနဲ့ ညီညွတ်ရန် လိုသည်ဆိုသည့်အချက်ကို စဉ်းစားရာတွင် နိုင်ငံတကာမှာသည်ပင်လျှင် နိုင်ငံသားဖြစ်မှုကို သက်ဆိုင်ရာနိုင်ငံ၏အကျိုး၄ာ အမျိုးမျိုးကို စဉ်းစားနေခဲ့ကြပါတယ်။ ပုံသေရယ်လို့မရှိနိုင်ပါဆိုတဲ့အချက်ကို ထောက်ပြပြောဆိုလိုခြင်း ဖြစ်ပါကြောင်းလည်း ရှင်းလင်းလိုပါတယ်။

ဆက်ပြီးတင်ပြရရင် ၁၉၄၈ ခုနှစ် မြန်မာနိုင်ငံသားဖြစ်မှု အက်ဥပဒေနှင့် ရွေးချယ်ရေးအက်ဥပဒေတွေအရ နိုင်ငံသားဖြစ်ချင်သူတွေကို ရွေးချယ်ခွင့်တွေ ပေးနေချိန်မှာပဲ ၁၉၆၂ ခုနှစ်တွင် အဲဒီတုန်းက အစိုးရသစ်အာဏာ ရလာခဲ့ပါတယ်။ ထိုအခါ နိုင်ငံအတွင်းမှာ သွေးနှောတွေ၊ နိုင်ငံခြားသားတွေ များပြားနေပြီဖြစ်ကြောင်း သတိပြုနေပါပြီ။ ထိုစဉ်က တည်ဆဲဥပဒေတွေနဲ့ ဥပဒေရဲ့ အားနည်းချို့ယွင်းချက်များရှိနေသဖြင့် နိုင်ငံတော်အတွက် လူမျိုးရေးနဲ့ အမျိုးသားအကျိုးစီးပွား၊ လုံခြုံရေးစတဲ့ အခြေအနေကို ထည့်သွင်းစဉ်းစားပြီး ၁၉၇၆ ခုနှစ်မှစ၍ ဥပဒေသစ်ကို ရေးဆွဲနိုင်ရန်အတွက် စဉ်းစားလာခဲ့ကြပါတယ်။ ထိုလုပ်ငန်းစဉ်အတွက် နိုင်ငံတော်ကောင်စီဟာ ဥပဒေကော်မရှင်တစ်ရပ်ကို သီးခြားဖွဲ့စည်းတာဝန်ပေးပြီး ဥပဒေကြမ်းကို ရေးဆွဲခဲ့ပါတယ်။ ဥပဒေရေးဆွဲခြင်းကို ၁၉၇၈ ခုနှစ်တွင် စတင်ဆောင်ရွက်ခဲ့ပြီး ပါတီ၊ ကောင်စီ၊ လူထုလူတန်းစားအဖွဲ့အစည်းများ၊

နယ်စပ်ဒေသရှိ ပြည်သူလူထုနှင့် နိုင်ငံတစ်ဝန်းလုံးရှိ ပြည်သူလူထုများကို
ထိတွေ့ပြီး လူတန်းစားစုံ၏ အကြံပြုချက်များ ရယူထည့်သွင်းစဉ်းစားပြီး
ခန့် အချိန်ယူရေးဆွဲခဲ့ကြောင်း ထိုစဉ်က မှတ်တမ်းများမှာ ဖော်ပြ
ဒီဥပဒေကို ၁၉၈၂ ခုနှစ် အောက်တိုဘာလ ၁၅ ရက်နေ့တွင် ပြည်သူ့လွှ
တင်ပြ၍ အတည်ပြုပြဋ္ဌာန်းခဲ့ခြင်းဖြစ်ပါတယ်။ ထိုစဉ်က အဓိကထ
ခဲ့သည်ဆိုသည့်အချက်မှာ နယ်ချဲ့စနစ်ကြောင့်ဖြစ်ခဲ့ရသည့် နိုင်ငံတွင်းရှိ
နိုင်ငံခြားသား၊ တစ်နည်းအားဖြင့် ဧည့်သည်ဖြစ်သော ဧည့်နိုင်ငံသားနှင့်
ရလာသည့် သွေးနှောများ၏ပြဿနာ၊ ၄င်းကိစ္စအား ကိုင်တွယ်ဖြေရှင်းဖို့
၁၉၄၈ ခုနှစ်က ပြဋ္ဌာန်းခဲ့တဲ့ ဥပဒေ(၂)ခုရဲ့ အားနည်းချက်၊ အဲ
ဆက်လက်တည်ရှိနေဦးမည့် သွေးနှောပြဿနာများ ဖြေရှင်းနည်းနဲ့
ဆက်စပ်မှုအပေါ် မူတည်စဉ်းစားသည့် နိုင်ငံသားဖြစ်ရေးအဆုံးအဖြတ်
ကို ကျယ်ကျယ်ပြန့်ပြန့် လေးလေးနက်နက် စဉ်းစားခဲ့ကြခြင်းဖြစ်တ
လေ့လာတွေ့ရှိခဲ့ရကြောင်း တင်ပြအပ်ပါတယ်။

ကျွန်တော် အထက်ကတင်ပြခဲ့သလို အချိန်ယူစဉ်းစားပြီး ပေါ်လာ
၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေတွင် အခန်း(၁၀)ခန်း၊ ပုဒ်မ (၇၆)
နိုင်ငံသားတွင် နိုင်ငံသား/ဧည့်နိုင်ငံသား/နိုင်ငံသား ပြုခွင့် ရသူဟူ၍ အ
ခွဲခြားထားပါတယ်။ ဤဥပဒေအရ နိုင်ငံသားအဖြစ်သတ်မှတ်ရေးသ
ဘာသာအပေါ် အခြေမခံဘဲ ဥပဒေပါပြဋ္ဌာန်းချက်များပေါ်မှာသာ
ဆုံးဖြတ်ပါကြောင်း တင်ပြလိုပါတယ်။

နိုင်ငံသားဆိုရာမှာလည်း မွေးရာပါနိုင်ငံသားနှင့် ဥပဒေအရ နိုင်င
နှစ်မျိုးရှိပါတယ်။ မွေးရာပါ နိုင်ငံသားဆိုသည်မှာ ၁၉၈၂ ခုနှစ် မြန်မာ
ဥပဒေပုဒ်မ-၃အရ နိုင်ငံတော်တွင် ပါဝင်သော နယ်မြေတစ်ခုခုတွ
သက္ကရာဇ် ၁၁၈၅ခုနှစ်၊ ခရစ်သက္ကရာဇ် ၁၈၂၃ခုနှစ် မတိုင်မီမှစ၍ ပ
အဖြစ် အမြဲနေထိုင်ခဲ့သော ကချင်၊ကယား၊ကရင်၊ ချင်း၊ မွန်၊ ဗမာ၊
စသည့် တိုင်းရင်းသားများနှင့်မျိုးနွယ်စုများသည် မြန်မာနိုင်ငံသားဖြ
ပြဋ္ဌာန်းထားပါတယ်။ ပုဒ်မ-၅ မှာတော့ တိုင်းရင်းသားတိုင်းသည်လည
တိုင်းရင်းသားမိဘနှစ်ပါးမှ မွေးဖွားသူတိုင်းသည်လည်းကောင်း၊
နိုင်ငံသားများဖြစ်သည်ဟု ပြဋ္ဌာန်းထားပါတယ်။ ဒါ့ကြောင့် ကချင်၊ ကယ
ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းလူမျိုးပင် ဖြစ်စေကာမူ နိုင်ငံတော်တွင် ပ
အဖြစ် အမြဲနေထိုင်ခြင်းမရှိဘဲ အခြားနိုင်ငံများတွင် ပင်ရင်းနိ
အမြဲနေထိုင်ကြသူများသည် တိုင်းရင်းသားများ မဟုတ်ကြသလို၊ ၁
နောက်ပိုင်း နိုင်ငံတော်အတွင်းသို့ ဝင်ရောက်နေထိုင်ကြသော အမည်
များသည်လည်း တိုင်းရင်းသားများ မဟုတ်ကြပါ။ မွေးရာပါနိုင်ငံ
မဟုတ်ပါ။ အခြားနိုင်ငံသားအဖြစ် ခံယူထားသော တိုင်းရင်းသားသ
ကောင်း၊ ထိုသို့သော တိုင်းရင်းသားမိဘနှစ်ပါးမှ မွေးဖွားသူများသည် လ
မြန်မာနိုင်ငံသားများမဟုတ်ကြောင်း ပြဋ္ဌာန်းထားခြင်းဖြစ်ပါတယ်။ အ
တိကျတဲ့သဘောကို ဖော်ပြလိုခြင်းဖြစ်ပါတယ်။

ဥပဒေအရ နိုင်ငံသားဆိုသည်မှာ မွေးရာပါနိုင်ငံသား မဟုတ်ကြ
၁၉၄၈ခုနှစ်ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်မှုအက်ဥပဒေအရသော် လ
၁၉၄၈ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံသားအဖြစ် (ရွေးချယ်ရေး)အ
အရသော်လည်းကောင်း ရွေးချယ်လျှောက်ထားမှုကြောင့် မြန်မာနိုင်ငံသ
အာဏာတည်သည့် ၁၉၈၂ခုနှစ် အောက်တိုဘာ ၁၅ရက်နေ့မတိုင်မီ
ဖြစ်လာသူများသည် မွေးရာပါနိုင်ငံသားမဟုတ်သော်လည်းဥပဒေအရ နိုင
လာကြသူများဖြစ်ကြောင်း ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသား ဥပဒေပု
ပြဋ္ဌာန်းထားခြင်း ဖြစ်ပါတယ်။ သို့ရာတွင် ထိုသူများသည် ၁၉၈၂ခုနှစ် မြ
သား ဥပဒေပုဒ်မ-၁၈ပါ ပြဋ္ဌာန်းချက်နှင့်ငြိစွန်းလျှင် ယင်းပုဒ်မအရ အ
ခံရမည်ဟု ပြဋ္ဌာန်းထားပါတယ်။ ဒါ့ကြောင့် ကျွန်တော်တို့ နိုင်ငံသားတို
တွေနဲ့ ရုပ်ရည်သွင်ပြင်မတူတဲ့ သွေးနှောတစ်ဦးဦးက နိုင်ငံသားစိစစ်
ကိုင်ထားတယ်ဆိုရင် ဒါဟာ ဥပဒေအရ ဖြစ်လာတဲ့နိုင်ငံသားတွေလည
တယ်ဆိုတာ သတိပြုနိုင်အောင် တင်ပြလိုခြင်းဖြစ်ပါတယ်။

သွေးနှောများကို သတ်မှတ်ချက်နှင့် ကိုက်ညီတယ်ဆိုရင် မြို့န
အဆင့်/တိုင်း/ပြည်နယ်အဆင့်က ဌာနစုံအဖွဲ့စုံက အဖွဲ့ဝေ
စိစစ်တိုင်းတာပြီး ဧည့်နိုင်ငံသား/နိုင်ငံသားပြုအဖြစ် ရွေးချ
လျှောက်ထားခွင့်ရှိတယ်ဆိုတာ ကနေ့ လူ့အများပြောနေကြ
လူ့အခွင့်အရေးကိစ္စ၊ နိုင်ငံမဲ့မဖြစ်ရေးကိစ္စတွေကို အလေးထာ
သဘောပဲ မဟုတ်ပါလား။

ထုတ်ပြန်ခြင်းသည်
အလေးထားသင့်

ုံးရှိ ပြည်သူလူထုများကို ကွင်းဆင်း
ယူထည့်သွင်းစဉ်းစားပြီး ခြောက်နှစ်
တ်တမ်းများမှာ ဖော်ပြခဲ့ပါတယ်။
ရက်နေ့တွင် ပြည်သူ့လွှတ်တော်သို့
။ ထိုစဉ်က အဓိကထားစဉ်းစား
ခံစားခဲ့ရသည့် နိုင်ငံတွင်းရှိ နိုင်ငံသား၊
သော ဧည့်နိုင်ငံသားနှင့် ပေါင်းပြီး
အား ကိုင်တွယ်ဖြေရှင်းဖို့ဖြစ်လာတဲ့
အားနည်းချက်၊ အဲဒါကြောင့်
နာများ ဖြေရှင်းနည်းနဲ့ သွေးသား
ားဖြစ်ရေးအဆုံးအဖြတ် စတာတွေ
စဉ်းစားခဲ့ကြခြင်းဖြစ်တယ်ဆိုတာ
၊
န်ယူစဉ်းစားပြီး ပေါ်လာတဲ့ လက်ရှိ
န်း(၁၀)ခန်း၊ ပုဒ်မ (၇၆)ခု ပါဝင်ပြီး
သား ပြုခွင့် ရသူဟူ၍ အမျိုးအစား
းအဖြစ်သတ်မှတ်ရေးသည် လူမျိုး
န်းချက်များပေါ်မှာသာ အခြေခံ

သားနှင့် ဥပဒေအရ နိုင်ငံသားဟူ၍
မှာ ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသား
သာ နယ်မြေတစ်ခုခုတွင် မြန်မာ
၃ခုနှစ် မတိုင်မီမှစ၍ ပင်ရင်းနိုင်ငံ
ရင်၊ ချင်း၊ မွန်၊ ဗမာ၊ ရခိုင်၊ ရှမ်း
ည် မြန်မာနိုင်ငံသားဖြစ်သည်ဟု
ရင်းသားတိုင်းသည်လည်းကောင်း၊
သည်လည်းကောင်း၊ မွေးရာပါ
ဒါ့ကြောင့် ကချင်၊ ကယား၊ ကရင်၊
ကာမှု နိုင်ငံတော်တွင် ပင်ရင်းနိုင်ငံ
ငံများတွင် ပင်ရင်းနိုင်ငံအဖြစ်
း မဟုတ်ကြသလို၊ ၁၈၂၃ခုနှစ်
နထိုင်ကြသော အမည်တူမျိုးနွယ်စု
ကြပါ။ မွေးရာပါနိုင်ငံသားလည်း
သော တိုင်းရင်းသားသည် လည်း
မွေးဖွားသူများသည် လည်းကောင်း၊
ားခြင်းဖြစ်ပါတယ်။ အင်မတန်မှ

ပါနိုင်ငံသား မဟုတ်ကြသော်လည်း
က်ဥပဒေအရသော် လည်းကောင်း၊
အဖြစ် (ရွေးချယ်ရေး)အက်ဥပဒေ
မှုကြောင့် မြန်မာနိုင်ငံသား ဥပဒေ
ာ ၁၅ရက်နေ့မတိုင်မီ နိုင်ငံသား
သော်လည်းဥပဒေအရ နိုင်ငံသားဖြစ်
မာနိုင်ငံသား ဥပဒေပုဒ်မ-၆တွင်
များသည် ၁၉၈၂ခုနှစ် မြန်မာနိုင်ငံ
လျှင် ယင်းပုဒ်မအရ အရေးယူခြင်း
န်တော်တို့ နိုင်ငံသားတိုင်းရင်းသား
ဦးဦးက နိုင်ငံသားစိစစ်ရေးကတ်
လာတဲ့နိုင်ငံသားတွေလည်း ဖြစ်နိုင်
ဖြစ်ပါတယ်။

တိုရင် မြို့နယ်
ာ အဖွဲ့တွေနဲ့
ခြစ် ရွေးချယ်
ပြာနေကြတဲ့
ာလေးထားတဲ့

နောက်တစ်မျိုးက ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေအရ အောက်ဖော်ပြပါသူတို့သည် ဧည့်နိုင်ငံသားများ သတ်မှတ်ပေးထားပါသည်-

(က) ယခင် ၁၉၄၈ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်မှု အက်ဥပဒေအရ နိုင်ငံသားအဖြစ် လျှောက်ထားခဲ့ပြီး ခွင့်ပြုရန် ကျန်ရှိသူများ

(ခ) ဧည့်နိုင်ငံသားဖြစ်သော မိဘနှစ်ပါးတို့မှ မွေးဖွားသူများ

၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေအရ အောက်ဖော်ပြပါသူတို့သည် နိုင်ငံသားပြုခွင့်ရသူများအဖြစ် လျှောက်ထားနိုင်ခွင့်ရှိပါသည်-

(က) ၄-၁-၁၉၄၈ ရက်နေ့မတိုင်မီ နိုင်ငံတော်အတွင်း၌ ရောက်ရှိနေထိုင်သူများနှင့် ၎င်းတို့မှ နိုင်ငံတော်အတွင်း မွေးဖွားသောသူများ၊

(ခ) ဥပဒေအာဏာတည်သည့်နေ့မှစ၍ နိုင်ငံတော်အတွင်း၌ဖြစ်စေ၊ နိုင်ငံတော် ပြင်ပ၌ဖြစ်စေ မွေးဖွားသည့် အောက်ပါသူတို့သည်လည်း နိုင်ငံသားပြုခွင့်ရရန် လျှောက်ထားနိုင်သည်-

(၁) နိုင်ငံသားနှင့် နိုင်ငံခြားသားမိဘနှစ်ပါးမှ မွေးဖွားသူများ၊

(၂) ဧည့်နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူ မိဘနှစ်ပါးမှ မွေးဖွားသူများ၊

(၃) ဧည့်နိုင်ငံသားနှင့် နိုင်ငံခြားသားမိဘနှစ်ပါးမှ မွေးဖွားသူများ၊

(၄) နိုင်ငံသားပြုခွင့်ရသူ မိဘနှစ်ပါးမှ မွေးဖွားသူများ၊

(၅) နိုင်ငံသားပြုခွင့်ရသူနှင့် နိုင်ငံခြားသားမိဘနှစ်ပါးမှ မွေးဖွားသူများ၊

(ဂ) နိုင်ငံသား သို့မဟုတ် ဧည့်နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့်ရသူနှင့် အိမ်ထောင်ကျခဲ့သော ဤဥပဒေအာဏာတည်သည့်နေ့မတိုင်မီက နိုင်ငံခြားသား မှတ်ပုံတင်လက်မှတ် ကိုင်ဆောင်သူ၊

၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေတွင် သွေးနှောများအတွက် နိုင်ငံသား/ဧည့်နိုင်ငံသား/နိုင်ငံသားပြုခွင့်ရသူအဖြစ် စိစစ်ဆုံးဖြတ်ခြင်းကို အဖွဲ့ဝင် ငါးဦးပါဝင်သော ဗဟိုအဖွဲ့ဖြင့် ဆောင်ရွက်ပါသည်။ နိုင်ငံသားဖြစ်ခွင့် လျှောက်ထားသူတွေကို မြို့နယ်အဆင့်ကနေစပြီး နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူစိစစ်ရေးဘုတ်အဖွဲ့ ဖွဲ့စည်းပြီး ဌာနစုံက အဖွဲ့စုံနဲ့ စိစစ်၊ အဲဒီကတစ်ဆင့် တိုင်း/ပြည်နယ်ဒေသကြီးကိုတင်၊ ၎င်းအား နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူစိစစ်ရေးဘုတ်အဖွဲ့ အဖွဲ့စုံနဲ့ ထပ်စစ်၊ အဲဒီကတစ်ဆင့် ဗဟိုအဖွဲ့ကို တင်ရပါတယ်။ စိစစ်တဲ့အချက်တွေများစွာ ရှိပါတယ်။ ဗဟိုအဖွဲ့မှလည်း စနစ်တကျစိစစ်ပြီး ရွေးချယ်မှုကို အစိုးရအဖွဲ့ကို တင်ပြအတည်ပြုချက်ရယူရပါတယ်။ ဗဟိုအဖွဲ့တွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာနနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနတို့မှ ဝန်ကြီးများပါဝင်၍ ဥက္ကဋ္ဌမှ တာဝန်ပေးအပ်သူအား အတွင်းရေးမှူးအဖြစ် ပါဝင်ဖွဲ့စည်းထားတာကြောင့် နိုင်ငံသား/ဧည့်နိုင်ငံသား/နိုင်ငံသားပြုခွင့် ရသူအဖြစ် စိစစ်ဆုံးဖြတ်ရာတွင် နိုင်ငံတော်၏ လုံခြုံရေးနှင့် စီမံခန့်ခွဲရေးအမြင်ဖြင့် ဆုံးဖြတ်နိုင်သော အားသာချက်များရှိနေတာကို တွေ့ရမှာဖြစ်ပါတယ်။ ရှေးယခင်ကတော့ ဝန်ကြီး တစ်ဦးတည်းကသာ ဆုံးဖြတ်ခဲ့တာဖြစ်လို့ ဘက်စုံထောင့်စုံက စဉ်းစားနိုင်အောင် ပြင်ဆင်ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ ထို့အပြင် ဒီဥပဒေရဲ့ ပုဒ်မ(၇၀)အရ ဗဟိုအဖွဲ့၏ဆုံးဖြတ်ချက်အပေါ်တွင် မကျေနပ်ဘူးဆိုရင် အစိုးရအဖွဲ့သို့ အယူခံဝင်ရောက်နိုင်ပြီး အစိုးရအဖွဲ့အနေဖြင့် ဗဟိုအဖွဲ့၏ ဆုံးဖြတ်ချက်အပေါ် ထပ်ဆင့် စိစစ် ဆုံးဖြတ်နိုင်တယ်လို့ ခွင့်ပြုထားတဲ့အတွက် တရားမျှတမှု၊ ပွင့်လင်းမှု၊ ပြောင်းလွယ်ပြင်လွယ်မှုရှိနေတယ်လို့ ဆိုနိုင်ပါတယ်။

၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသား ဥပဒေကို ကြည့်ရင် အားသာချက်အနေနဲ့ တွေ့နိုင်တဲ့ အချက်တွေကို အနည်းငယ်ရှင်းပြလိုပါတယ်-

(က) ၁၉၈၂ ခုနှစ် ဥပဒေပါအချက်များဟာ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းများက သတ်မှတ်ထားသော လူ့အခွင့်အရေး၊ နိုင်ငံမဲ့ဖြစ်မှုလျှော့ချရေး၊ အိမ်ထောင်ပြုမှုကြောင့် အမျိုးသမီးများ နိုင်ငံသားဖြစ်မှု မပြောင်းလဲရေး၊ ကလေးသူငယ်များ မွေးဖွားကြောင်း မှတ်ပုံတင်ခွင့်နှင့် နိုင်ငံသား ဖြစ်ပိုင်ခွင့်ရှိရေး၊ နိုင်ငံသားအဖြစ် သတ်မှတ်ရာတွင် လူမျိုး၊ ကျား/မ၊ အသား၊ အရောင်၊ ကိုးကွယ်မှုဘာသာ မခွဲခြားရေး စသည့်မှုများနှင့်လည်း ကိုက်ညီအကျုံးဝင်လျက်ရှိနေကြောင်းနဲ့ နိုင်ငံအကျိုးကို မျှော်ကိုးဆောင်ရွက်ထားသော်လည်း တစ်ဖက်သတ်ဆောင်ရွက်ထားတာ မဟုတ်ဘူးဆိုတာ တစ်ချက်ချင်းစီကို ဥပမာအဖြစ် ဆွဲထုတ်ပြသ၍ ရနိုင်ပါကြောင်းလည်း တွေ့ရမှာဖြစ်ပါတယ်။

(ခ) နိုင်ငံသားပြုခွင့် လျှောက်ထားသူအား အချက်အလက်ပြည့်စုံပါက စောစောက တင်ပြခဲ့သလို ပြည့်စုံပါက မြို့နယ်အဆင့်/ တိုင်းဒေသကြီး/ ပြည်နယ်အဆင့်၊ ဗဟိုအဆင့် အစိုးရအဖွဲ့အဆင့် စတာတွေက အဆင့်ဆင့် အတည်ပြုပြီး လက်ခံမည်ဖြစ်ကြောင်း တရားဝင်အကြောင်းကြားလျှင် ထိုသူက ယင်း၏မူလရရှိထားသော နိုင်ငံသားအဖြစ်ကို စွန့်လွှတ်ပြီးမှသာ ဤဥပဒေအရ ခွင့်ပြုချက်ကို လက်ခံယူရေး အချိန်ပေးထားခြင်းဆိုတဲ့ အချက်ကိုကြည့်ရင် အဲဒီနောက် နိုင်ငံတော်ပါဝင်သော စစ်မက်ဖြစ်ပွားနေသည့် ကာလအတွင်းမှအပ နိုင်ငံသားအဖြစ်ကို စွန့်လွှတ်ခွင့်ပြုခြင်းစသည့် လွတ်လပ်သည့် အခွင့်အရေးများပေးထားခြင်း စတာတွေဟာ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းပါ အဆိုပြုချက်များနှင့် ကိုက်ညီနေကြောင်း တွေ့ရပါတယ်။

(ဂ) ဒါ့အပြင် သွေးနှောများကို သတ်မှတ်ချက်နှင့် ကိုက်ညီတယ်ဆိုရင် မြို့နယ်အဆင့်/တိုင်း/ပြည်နယ်အဆင့်က ဌာနစုံအဖွဲ့စုံက အဖွဲ့တွေနဲ့ စိစစ်တိုင်းတာပြီး ဧည့်နိုင်ငံသား/နိုင်ငံသားပြုအဖြစ် ရွေးချယ်လျှောက်ထားခွင့်ရှိတယ်ဆိုတာ ကနေ့လူအများ ပြောနေကြတဲ့ လူ့အခွင့်အရေးကိစ္စ၊ နိုင်ငံမဲ့မဖြစ်ရေးကိစ္စတွေကို အလေးထားတဲ့ သဘောပဲမဟုတ်ပါလား။ သတ်မှတ်ချက်နှင့် ကိုက်ညီလျှင် ပထမအဆင့်မှာ ဧည့်သည်အဖြစ် သတ်မှတ်လက်ခံပါမယ်။ တစ်ခါနိုင်ငံတော်အား သစ္စာစောင့်သိမယ်၊ တည်ဆဲ ဥပဒေတွေကို လိုက်နာနေမယ်ဆိုရင် ဒီအပေါ်အခြေခံ၍ စဉ်းစားပြီး တတိယမျိုးဆက်မြေးများ လက်ထက်ရောက်လာတဲ့အခါမှာ နိုင်ငံသားဖြစ်ခွင့် ရှိလာမှာဖြစ်ပါတယ်ဆိုတဲ့ အချက်တွေမှာ နိုင်ငံသား ဖြစ်လာစေရေးကို ခေတ်နှင့်အညီ ကြိုတင်တွေးခေါ်မျှော်မှန်းပြီး ပြဋ္ဌာန်းထားခဲ့ကြောင်းလည်း တွေ့ရလို့ အားသာချက်ရှိနေတယ်လို့ တင်ပြလိုခြင်း ဖြစ်ပါတယ်။

(ဃ) လက်ရှိဥပဒေသည် ၂၀၀၈ ခုနှစ် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေပါ နိုင်ငံသားဖြစ်ခြင်း၊ နိုင်ငံသားအဖြစ်မှ ရပ်စဲ/ရုပ်သိမ်းခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်နေပြီး နိုင်ငံသားများဖြစ်ပြီးသော မိဘနှစ်ပါးမှ မွေးဖွားသူဖြစ်မှသာ ရွေးချယ်တင်မြှောက်ခံပိုင်ခွင့်ရှိကြောင်း ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများကို လည်းကောင်း အထောက်အကူပြုလျက်ရှိနေကြောင်း စိစစ်တွေ့ရပါတယ်။

(င) နိုင်ငံသား/ဧည့်နိုင်ငံသား/နိုင်ငံသားပြုခွင့်ရသူအဖြစ် စိစစ်ဆုံးဖြတ်ခြင်းကို ဗဟိုအဖွဲ့အား တာဝန်အပ်နှင်းထားသဖြင့် စိစစ်ဆုံးဖြတ်ရာတွင် နိုင်ငံတော်၏ နိုင်ငံရေး၊ လုံခြုံရေးနှင့် စီမံခန့်ခွဲရေး၊ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာမူဝါဒများနှင့်အညီ ဆောင်ရွက်နိုင်ပါတယ်။ ဗဟိုအဖွဲ့၏ လုပ်ဆောင်ချက်အပေါ်တွင် အစိုးရအဖွဲ့မှ ကြီးကြပ်ကွပ်ကဲမှုပေးနိုင်သဖြင့် လုပ်ငန်းသွက်လက်၊ မှန်ကန်၊ မြန်ဆန်ရေးကို တွန်းအားပေးလျက်ရှိကြောင်း တွေ့ရပါတယ်။

(စ) မြန်မာနိုင်ငံသားဥပဒေတွင် နိုင်ငံသား/ဧည့်နိုင်ငံသား/နိုင်ငံသားပြုခွင့်ရသူဟူ၍ သုံးမျိုးခွဲခြားထားပြီး တာဝန်နှင့်အခွင့်အရေးများကို ခွဲခြားသတ်မှတ်ပေးထားသည့် အခြေအနေကောင်းများ ရှိနေကြောင်း စိစစ်တွေ့ရှိရပါတယ်။

ဒီနေရာမှာ ကျွန်တော်အဓိကထားပြောချင်တဲ့အချက်က ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေ အတည်ပြုရေးဆွဲစဉ်က လူ့အခွင့်အရေးတို့၊ အမျိုးသမီးအခွင့်အရေးတို့၊ ကလေးသူငယ်အခွင့်အရေးဆိုတဲ့ အသုံးအနှုန်းတွေ ကျွန်တော်တို့ဆီမှာ အဲဒီခေတ်ကာလတုန်းက ခေတ်စားဦးမယ် မဟုတ်ပေမယ့် အဲဒီအချက်တွေနဲ့ အကျုံးဝင်အောင် ကြိုတင်စဉ်းစားဆောင်ရွက်ခဲ့သလိုမျိုးကို တွေ့ရတယ်လို့ စိစစ်ချက်တွေအရ ပြောလိုခြင်း ဖြစ်ပါတယ်။

ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့လည်း စောစောက ကိုယ်စားလှယ်ကြီးများ အကြံပြုကြသလို အစိုးရအဖွဲ့သစ် စတင်တာဝန်ယူချိန်ကပင်စပြီး ခေတ်နှင့်ညီသော ဥပဒေများအဖြစ် ပြင်ဆင်နိုင်ရန် တစ်ခုပြီးတစ်ခု ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ ၁၉၈၂ ခုနှစ်၊ မြန်မာနိုင်ငံသားဥပဒေနှင့်ပတ်သက်လို့ လောလောဆယ်မှာ အချို့သောစာသားများနှင့် လုပ်ထုံးလုပ်နည်း နည်းဥပဒေပါ စာသားအချို့နှင့် ဒဏ်ကြေး၊ ငွေကြေးသတ်မှတ်မှုများမှာ ခေတ်စနစ်နှင့် မကိုက်ညီတော့သဖြင့် ပြင်ဆင်နိုင်ရန်အတွက်လည်း စောစီးစွာကပင် စီစဉ်ဆောင်ရွက်လျက်ရှိနေပါကြောင်း ပြောကြားလိုပါတယ်။

အဆိုရှင် ကိုယ်စားလှယ်တော်ကြီး၏ အဆိုပြုခဲ့သော အချက်များတွင် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းရှိနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းအသီးသီးတို့မှ မိမိတို့ တိုင်းပြည်အတွင်း လာရောက်ရင်းနှီးမြှုပ်နှံလုပ်ကိုင်တော့မည်ဖြစ်လို့ ပြည်ပနိုင်ငံ အတော်များများနှင့် ဆက်သွယ်ဆောင်ရွက်မှုများ ရှိလာနိုင်မည်ဖြစ်၍ ခေတ်နှင့်လျော်ညီတဲ့ မြန်မာနိုင်ငံသား ဥပဒေအသစ် ရေးဆွဲပြဋ္ဌာန်းရန် လိုအပ်ပါတယ်ဆိုတဲ့ အချက်တစ်ချက်လည်း ထည့်သွင်းအတည်ပြုခဲ့ကြောင်း တွေ့ရပါတယ်။

ဒီနေရာမှာ တစ်ခုတင်ပြလိုတဲ့ အချက်ကတော့ နိုင်ငံတော်၏ ပြောင်းလဲလာသောစီးပွားရေးအခွင့်အလမ်းကောင်းများအရ ပြည်ပမှ လာရောက်ရင်းနှီးမြှုပ်နှံလိုသူ၊ ဆက်ဆံလိုသူတိုင်းအတွက် မြန်မာနိုင်ငံသားအဖြစ် အသိအမှတ်ပြုဖို့ ထည့်သွင်းစဉ်းစားပေးရန်မလိုအပ်ပါဟု ယူဆပါတယ်။ ဒီလိုပုဂ္ဂိုလ်များအတွက် နိုင်ငံအတွင်းသို့ အလွယ်တကူ ဝင်ထွက်သွားလာနိုင်အောင် ပြည်ဝင်ခွင့်စနစ်ကြီးတစ်ရပ်လုံးအတွက် မိမိဝန်ကြီးဌာနမှ (Visa Policy in Myanmar) ဟု ခေါင်းစဉ်တပ်၍ ဖြေလျှော့မှုများဖြင့် လွယ်ကူအောင် စတင်ဆောင်ရွက်နေပြီဖြစ်ပါတယ်။ ဤစနစ်တွင် ပထမအဆင့်အဖြစ် (Business Visa) ကိုင်ဆောင်ထားသူ နိုင်ငံပေါင်း (၂၇)နိုင်ငံမှ ရင်းနှီးမြှုပ်နှံလိုသူ စီးပွားရေးသမားများအား ပြည်ပရှိ သံရုံးများကို သွားရန်မလိုဘဲ လွယ်ကူအောင် ရန်ကုန်မင်္ဂလာဒုံ အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် (Visa on Arrival) ထုတ်ပေးသည့်စနစ်အား ယခုနှစ် ဇွန်လ ၁ ရက်နေ့က စတင်၍ ဆောင်ရွက်နေပြီဖြစ်ပါတယ်။ ယခင်ထက် ခရီးသည် ၁၀ ဆခန့် ပိုမိုဝင်ရောက်လျက်ရှိပါတယ်။ နိုင်ငံတကာ၏ တောင်းဆိုချက်အရ နောက်ထပ် (၂၂) နိုင်ငံကိုလည်း အလားတူခွင့်ပြုနိုင်ရန် စီမံထားပြီး ဖြစ်ပါတယ်။ (Passport Visa) စစ်ဆေးခြင်းဆိုင်ရာစက်ကိရိယာများကို နိုင်ငံတော်ဘဏ္ဍာငွေခွင့်ပြုချက်အပေါ်မူတည်၍ မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်တွင်လည်း ထပ်မံတိုးချဲ့တပ်ဆင်နေပြီဖြစ်၍ မကြာမီ (Visa on Arrival) စနစ်ကို မန္တလေးလေဆိပ်၌ ထပ်မံတိုးချဲ့ဆောင်ရွက်သွားမည်လည်း ဖြစ်ပါတယ်။ လိုအပ်သော စစ်ဆေးရေးစက်ကိရိယာတွေတပ်ဆင်ပြီးရင် နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်မှာလည်း ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ၎င်းအပြင် ဒုတိယအဆင့်အဖြစ် (Tourist Visa) အပါအဝင် ဗီဇာအမျိုးအစားအချို့ကိုလည်း (E-Visa) အဖြစ် ပြောင်းလဲနိုင်ရေး ဆောင်ရွက်နေပြီဖြစ်ပြီး၊ အစုလိုက် အပြုံလိုက် လျင်မြန်စွာ ဝင်/ ထွက်နိုင်အောင် ဆောင်ရွက်နေပြီဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံအပေါ်မှာ ငွေပေးငွေယူကိစ္စတွေအတွက် ကျန်နေသေးတဲ့ Sanction အချို့ဖြုတ်လိုက်တာနဲ့ စတင်ဆောင်ရွက်နိုင်ပြီ ဖြစ်ပါတယ်။ ဒါတွေဟာ နိုင်ငံအတွင်း ရင်းနှီးမြှုပ်နှံလိုသူ၊ ဆက်ဆံလိုသူတွေလွယ်ကူစေရန် ကျွန်တော်တို့အပိုင်းနဲ့ဆိုင်တဲ့ ကိစ္စတစ်ခုတည်းရဲ့ ဆောင်ရွက်ချက်အချို့ကိုသာ တင်ပြခြင်းဖြစ်ပါတယ်။ ၎င်းအပြင် စနစ်သစ်တစ်ခုအနေနဲ့ သက်ဆိုင်ရာ နိုင်ငံ၏ နိုင်ငံသားဖြစ်မှုကို စွန့်လွှတ်ရန် မလိုဘဲမြန်မာနိုင်ငံအတွင်းသို့ နှစ်ရှည်လများ လာရောက်နေထိုင် စီးပွားရေးလုပ်ကိုင်လိုသည့် ပြည်ပရှိလူများအတွက်လည်း အမြဲတမ်းနေထိုင်ခွင့်စနစ် (Permanent Resident System) ကို မကြာမီ အကောင်အထည်ဖော်နိုင်ရေးအဖွဲ့ ဖွဲ့စည်းဆောင်ရွက်နေပြီလည်း ဖြစ်ပါတယ်။ အားလုံးသိပြီးဖြစ်မည်ဟု ယူဆပါတယ်။ ဤစနစ်များကြောင့် ပွင့်လင်းလာသောအခြေအနေ များအပေါ် နိုင်ငံတကာဆက်ဆံမှုနှင့် လာရောက်စီးပွားလုပ်လိုသူများအတွက် နိုင်ငံတကာတွင် ဆောင်ရွက်နေသည့် စနစ်များအတိုင်း ပြည်တွင်းနေထိုင်နိုင်တဲ့ အခွင့်အရေးများလည်း ဖော်ဆောင်ဖန်တီးပေးထားပြီး ဖြစ်ကြောင်းကိုလည်း အဆိုရှင်တင်ပြသည့်အချက်အပေါ်မူတည်၍ ဆောင်ရွက်ပြီးစီးမှုကို သိသာရန် အလျဉ်းသင့်သဖြင့် ပြောကြားရခြင်းဖြစ်ပါတယ်။

နိုင်ငံသားအဖြစ် ဆောင်ရွက်ပေးခြင်းသည် နိုင်ငံတော်အချုပ်အခြာ၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်သည်ဟု ပညာရှင်များက ထောက်ပြထားရှိပါတယ်။ ဒီအချက်ဟာ စဉ်းစားကြည့်ရင် တွေးကြည့်ရင်၊စဉ်းစားသလောက် တွေးသလောက် အဓိပ္ပာယ်များစွာကျယ်ဝန်းလှပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံဟာ အိမ်နီးချင်း ငါးနိုင်ငံနှင့်နယ်နိမိတ်ဆက်စပ်တည်ရှိနေသည့် ပထဝီဝင်အနေအထားအရ နိုင်ငံ တော်လုံခြုံရေးနှင့်အမျိုးသားအကျိုးစီးပွားအား စဉ်ဆက်မပြတ်အလေးထား စဉ်းစားခဲ့သည်သာ ဖြစ်ပါတယ်။ ဒါဟာ လိုအပ်ချက်ဖြစ်ပါတယ်။ မြေမျို၍ လူမျိုးမပြုတ်၊ လူမျိုမှ လူမျိုးပြုတ်မည်ဟု ဆိုရိုးလည်းရှိပါတယ်။

မြန်မာနိုင်ငံဟာ အိမ်နီးချင်း ငါးနိုင်ငံနှင့် နယ်နိမိတ်ဆက်စပ်တည်ရှိနေသည့် ပထဝီဝင်အနေအထားအရ နိုင်ငံတော်လုံခြုံရေးနှင့် အမျိုးသားအကျိုးစီးပွားအား စဉ်ဆက်မပြတ် အလေးထား စဉ်းစားခဲ့သည်သာ ဖြစ်ပါတယ်။ ဒါဟာ လိုအပ်ချက် ဖြစ်ပါတယ်။ မြေမျို၍ လူမျိုးမပြုတ်၊ လူမျိုမှ လူမျိုးပြုတ်မည်ဟု ဆိုရိုးရှိ။

ထို့ကြောင့် လွှတ်တော်ကိုယ်စားလှယ်ကြီး အဆိုပြုသည့် ၁၉၈၂ခုနှစ် မြန်မာ နိုင်ငံသား ဥပဒေအားပယ်ဖျက်ရန်နှင့် ဥပဒေအသစ်ရေးဆွဲသင့်ကြောင်း အဆိုနှင့်ပတ်သက်၍ ကျွန်တော့်အနေနဲ့ ၁၉၈၂ခုနှစ် မြန်မာနိုင်ငံသားဥပဒေမည်သည့်အခန်း၊ မည်သည့်ပုဒ်မသည် အားနည်းနေသောကြောင့် ပြင်ဆင်ရန်လိုအပ်ကြောင်းကို တိကျစွာ အတည်ပြုထောက်ပြပေးသင့်တယ်လို့ တင်ပြခဲ့ပါကြောင်း အကြံပြုတင်ပြလိုပါတယ်။ ဥပဒေတစ်ရပ်လုံးပြင်ဆင်မည်ဆိုပါက အစဉ်အလာနှင့်အညီ ကျယ်ကျယ်ပြန့်ပြန့်ဆွေးနွေး၍ နိုင်ငံတော်အကျိုးငှာ ဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ ကျွန်တော့်ရဲ့ တင်ပြချက်များဟာ တည်ဆဲ ၁၉၈၂ ခုနှစ် နိုင်ငံသား ဥပဒေအပေါ် ပြင်ဆင်လိုခြင်း/မပြင်ဆင်လိုခြင်းဆိုသည့်အချက်အပေါ် တင်ပြအခြေခံပြီး ဆန္ဒစွဲဖြင့် တင်ပြနေခြင်းမဟုတ်ပါ။ မိမိတို့ဌာနမှ တာဝန်ယူဆောင်ရွက်နေသော ဥပဒေတစ်ရပ်ဖြစ်နေတဲ့အတွက် ဥပဒေရဲ့ လေးနက်မှုနှင့် ရှေ့ကြောင်းနောက်ကြောင်းကို ဆက်စပ်သိသာနိုင်ရန် အနှစ်ချုပ် တင်ပြရခြင်းသာဖြစ်ပါတယ်။ ပြည်သူအများ၏ သဘောတူညီချက်ဖြင့် အဆင့်ဆင့် စနစ်တကျ အချိန်ယူစိစစ်ပြီး ဆောင်ရွက်သင့်သည်ဆိုပြီး ဥပဒေတစ်ရပ်အဖြစ် ပေါ်ပေါက်လာပြီဆိုရင်တော့ ကျွန်တော်တို့သည် ပြည်သူ့ဝန်ထမ်းများဖြစ်ခြင်းကြောင့် ဤဥပဒေအားလိုက်နာအကောင်အထည်ဖော်ပေးရမည့် တာဝန်ရှိလာမည်လည်းဖြစ်ပါကြောင်း ပြောကြားအပ်ပါတယ်။ ဒါ့ကြောင့် ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသား ဥပဒေကိုပယ်ဖျက်ရေးအဆိုနှင့်ပတ်သက်ပြီး အခြေအနေအချိန်အခါအရ အချိန်ယူစဉ်းစားသင့်သည့်ကိစ္စ၊ ကျယ်ပြန့်စွာ ချပြရမည့်ကိစ္စတစ်ရပ်ဖြစ်နေပါသည်ဟု သုံးသပ်တင်ပြအပ်ပါတယ်။

အဆိုနှင့်စပ်လျဉ်း၍ အဆိုရှင်က ၎င်း၏အဆိုကို မှတ်တမ်းတင်ထားသင့်ပါကြောင်း တင်ပြသဖြင့် အဆိုကို လွှတ်တော်က မှတ်တမ်းတင်ကြောင်းကြေညာခဲ့သည်။ ထိုသို့ မှတ်တမ်းတင်ထားရှိကြောင်းကို ၇-၁၁-၂၀၁၂ ရက်ထုတ် နိုင်ငံပိုင် နေ့စဉ်သတင်းစာများတွင် ဖော်ပြထားပြီး ဖြစ်သည်။

ထို့ကြောင့် နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် အရေးကြီးသော ဥပဒေရေးရာကိစ္စရပ်များကို ရေးသားဖော်ပြသည့် မီဒီယာများအနေဖြင့် ရုပ်မြင်သံကြားအစီအစဉ်နှင့် နိုင်ငံပိုင်မီဒီယာများမှ ရှင်းလင်းစွာ လွှင့်ထုတ်ပေးနေသည့် သတင်းကိုပင် မှားယွင်းထုတ်ပြန်ခြင်းသည် ပြည်သူလူထုက အစိုးရအား အထင်အမြင်လွဲမှားပြီး နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အကျိုးစီးပွားကို ထိခိုက်စေနိုင်သဖြင့် အထူးအလေးထားဆောင်ရွက်သင့်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်တွင်းသတင်း

မလေးရှားနိုင်ငံရောက် မြန်မာအလုပ်သမားများအား ကာကွယ်စောင့်ရှောက်ရန်အတွက် အလှူငွေများပေးအပ်

နေပြည်တော် ဇွန် ၁၇

မလေးရှားနိုင်ငံရောက် မြန်မာအလုပ်သမားများအား ကာကွယ်စောင့်ရှောက်ရန်အတွက် Super Coffee Mix Ltd., One Tea နို့ဆီနှင့် လေဆာသွားတိုက်ဆေးတို့မှ အလှူငွေလှူဒါန်းသည့် အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်၊ ဒုတိယဝန်ကြီး ဒေါ်ဝင်းမော်ထွန်းနှင့် ပြည်ပတွင် အလုပ်လုပ်ကိုင်မှု ကြီးကြပ်ရေးကော်မတီဝင်များ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် Super Coffee Mix Ltd.,က အလှူငွေ အမေရိကန်ဒေါ်လာ ၅၀၀၀ **(ယာပုံ)**၊ One Tea နို့ဆီမှ အမေရိကန်ဒေါ်လာ ၃၀၀၀နှင့် လေဆာသွားတိုက်ဆေးကုမ္ပဏီမှ အမေရိကန်ဒေါ်လာ ၃၀၀၀ အား ပေးအပ်လှူဒါန်းကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပေါက်မြို့နယ်၌ စီမံကိန်းရည်မှန်းချက်တာဝန်များ ပေးအပ်

ပေါက် ဇွန် ၁၇

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ပေါက်မြို့နယ်၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းရည်မှန်းချက် တာဝန်ပေးအပ်ပွဲကို ဇွန် ၁၅ ရက် နံနက် ၁၁ နာရီက ပေါက်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရွှေပေါက်ပင်အစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်စိုးက အမှာစကားပြောကြားပြီး ၂၀၁၃-၂၀၁၄ဘဏ္ဍာနှစ် စီမံကိန်းတာဝန်များကို မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအား တာဝန်ပေးအပ်ခဲ့သည်။ ထို့နောက် မြို့နယ်စီမံကိန်းဦးစီးမှူး ဦးစံထွေးမောင်က ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် စီမံကိန်းလျာထားချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုများကို ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။ **ဝသန်(မကွေး)**

ပျဉ်းမနားမြို့တွင် ဆင်ဆာမဲ့အခွေများ သိမ်းဆည်းရမိ

ပျဉ်းမနား ဇွန် ၁၇

နေပြည်တော်ရဲတပ်ဖွဲ့မှ ရဲအုပ်သန်းအောင်နှင့်အဖွဲ့သည် ပျဉ်းမနားမြို့မရဲစခန်းမှ နယ်ထိန်းတပ်ကြပ်စိုးနိုင်ပါဝင်သောတပ်ဖွဲ့ဝင်များ သက်သေများနှင့်အတူ တရားမဝင်ခိုးကူးခွေများ ရောင်းချနေကြောင်း သတင်းအရ ဇွန် ၁၆ ရက် နံနက် ၁၁ နာရီ ၃၅ မိနစ်က အာဟာရသုခဈေးပျံကျဈေးတန်းသို့ သွားရောက်ဖမ်းဆီးရာ ရန်နိုင်ဝင်း(၃၇နှစ်) မစိုးရိမ် ရွှေချီရပ်ကွက် ပျဉ်းမနားမြို့နေသူသည် တရား မဝင်ခိုးကူးခွေများကို ပလတ်စတစ်ခြင်း ၁၈ ခြင်းထဲတွင် စုစုပေါင်းဆင်ဆာမဲ့အခွေ ၁၅၀၀ ကို ရောင်းချနေသည်ကို တွေ့ရှိရ၍ သက်သေများရှေ့တွင် ရှာဖွေပုံစံဖြင့် ရေးသွင်းသိမ်းဆည်းပြီး ရန်နိုင်ဝင်းအား အရေးယူပေးပါရန် ရဲအုပ်အောင်သန်းက တရားလိုပြုလုပ်၍ တိုင်တန်းသောကြောင့် ပျဉ်းမနား မြို့မရဲစခန်းမှ အမှုဖွင့်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ကိုကိုရူပ**

နေပြည်တော် စည်ပင်သာယာရေးကော်မတီသို့ အခွန်ဝေစုလွှဲပြောင်း

နေပြည်တော် ဇွန် ၁၇

ပြည်တွင်းအခွန်များ ဦးစီးဌာန နေပြည်တော် အခွန်ဦးစီးဌာနမှူးရုံးမှ နေပြည်တော် စည်ပင်သာယာရေးကော်မတီသို့ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များ၏ အခွန်ကောက်ခံရငွေမှ (နုတ်-၅၀) အခွန်ဝေစု လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ဇွန် ၁၀ ရက် နံနက် ၁၁ နာရီက နေပြည်တော် အခွန်ဦးစီးဌာနမှူးရုံးအစည်းအဝေးခန်းမ၌ကျင်းပရာ အခမ်းအနားသို့ နေပြည်တော်ကောင်စီ ဘဏ္ဍာရေးတာဝန်ခံဦးမြင့်ဆွေ၊ နေပြည်တော် အခွန်ဦးစီးဌာနမှူး ဦးကိုကိုအေး၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီဘဏ္ဍာရေးဌာန ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

အခမ်းအနားတွင် နေပြည်တော် အခွန်ဦးစီးဌာနမှူးက ၅-၆-၂၀၁၂ ရက်မှ ၄-၁၁-၂၀၁၂ ရက်ထိ လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်များမှ အခွန်အခရငွေ၏ ၂၅ ရာခိုင်နှုန်းဖြစ်သောငွေ ၉၅၂၂၈၁၁၅၆ ကျပ်ကို နေပြည်တော်စည်ပင်သာယာရေးကော်မတီသို့ လွှဲပြောင်းပေးအပ်ပြီး နေပြည်တော် စည်ပင်သာယာရေးကော်မတီ ဘဏ္ဍာရေးဌာန ညွှန်ကြားရေးမှူးက လက်ခံကာ ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရောင်စုံသတင်းစာ ကျောက်ပန်းတောင်း၌ နေ့ချင်းဖတ်ရ ဝေဖန်အကြံပြုလိုပါက မန်း(ကိုယ်ပွား)သို့ဆက်သွယ်နိုင်

မန္တလေး ဇွန် ၁၇

မြန်မာ့အလင်းနှင့် ကြေးမုံရောင်စုံသတင်းစာများကို ၂၀၁၃ ခုနှစ် ဇန်နဝါရီ ၁ ရက်နေ့မှစတင်ပြီး မန္တလေးကိုယ်ပွားသတင်းစာတိုက်တွင် ရိုက်နှိပ်၍ အထက်မြန်မာနိုင်ငံရှိ မြို့နယ်/ကျေးရွာများသို့ ဖြန့်ချိပေးလျက်ရှိသည်။

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့သို့ မြသုံးလုံး လူစီးအဆင့်မြင့်လေအိတ်ကားများနှင့် နေ့စဉ်ပို့ဆောင်ပေးလျက်ရှိရာ မွန်းလွဲ ၁ နာရီခန့်တွင် ရောက်ရှိ၍ ကိုယ်စားလှယ်များမှတစ်ဆင့် ဖြန့်ဝေပေးလျက်ရှိပြီး နေ့ချင်းသတင်းစာဖတ်ရကြောင်း ကျောက်ပန်းတောင်းမြို့ခံများထံမှ ကြားသိရသည်။

ကျောက်ပန်းတောင်းမြို့တွင် မြန်မာ့အလင်း၊ ကြေးမုံနှင့် The New Light of Myanmar သတင်းစာများမှာယူဖတ်ရှုလိုသူများနှင့် ဝေဖန်အကြံပြုလိုပါက စာတည်းမှူး ကိုယ်ပွားသတင်းစာတိုက်(မန္တလေး) ဖုန်း ၀၂-၇၃၂၁၉၊ ကျောက်ပန်းတောင်းမြို့မှ သတင်းစာကိုယ်စားလှယ် ဦးမြသန်း၊ ဦးလင်းအောင် ဖုန်း-၀၉- ၄၀၂၅၂၉၃၀၉ တို့ထံသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။ **အေးမြ(မန္တလေး)**

မြေနီကုန်း J DONUTS ၌ မီးလောင်

ရန်ကုန် ဇွန် ၁၇

စမ်းချောင်းမြို့နယ် (မြေနီကုန်းမီးပွိုင့်အနီး)မြေနီကုန်းတောင်ရပ်ကွက် ပြည်လမ်း တိုက်အမှတ် ၂၃၆ (မြေညီထပ်)ရှိ J DONUTS ဆိုင်အတွင်း ဇွန် ၁၇ ရက် နံနက် ၆ နာရီ ၂၅ မိနစ်က မီးလောင်မှုဖြစ်ပွားခဲ့သည်။ **(အောက်ပုံ)**

မီးလောင်မှုသတင်း ရလျှင်ရချင်း မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှ မီးငြိမ်းသတ်ရေးယာဉ် ၁၁ စီး၊ ကွပ်ကဲမှုယာဉ် လေးစီး၊ အထောက်အကူပြုယာဉ် တစ်စီးတို့ တစ်ပြေးညီ ရောက်ရှိ ငြိမ်းသတ်ပေးနိုင်မှုကြောင့် နံနက် ၇ နာရီတွင် မီးငြိမ်းသွားခဲ့သည်။

မီးလောင်မှုဖြစ်ပွားရခြင်းမှာ ဆိုင်အတွင်းရှိရေခဲသေတ္တာနှင့် ဆက်သွယ်ထားသော ဆော့ဖ်ဂတ်အပူလွန်ကဲရာမှ ရေခဲသေတ္တာသို့ မီးကူးလောင်ခြင်းဖြစ်ကြောင်း မီးငြိမ်းသတ်ပေးခဲ့သော မီးသတ်အရာရှိတစ်ဦးက ဆိုသည်။

အကူအညီပေး

မီးလောင်ရာသို့ မြန်မာနိုင်ငံ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်မိုးနှင့် တာဝန်ရှိသူများက လာရောက်အကူအညီပေး ညွှန်ကြားမှုများပြုလုပ်ခဲ့သည်ကို တွေ့ရသည်။

မီးလောင်မှုကြောင့် ဆိုင်မန်နေဂျာကို စမ်းချောင်းရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။ **တင်ဝင်းလေး(ကြည့်မြင်တိုင်)**

ကျောင်းသုံးဗလာစာအုပ်များ လှူဒါန်း

ရေစကြို ဇွန် ၁၇

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် သူဌေးကုန်းကျေးရွာ အခြေခံပညာမူလတန်းကျောင်းမှ ကျောင်းသား ကျောင်းသူများအတွက် ဗလာစာအုပ်လှူဒါန်းပွဲကို ဇွန် ၁၄ ရက် နံနက်ကအဆိုပါကျောင်း၌ ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးဖိုးသစ်နှင့် ဆရာ ဆရာမများ၊ အလှူရှင် ဦးသိန်းဆွေ-ဒေါ်စန်းလှမိသားစုနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကျောင်းအုပ်ဆရာကြီး ဦးဖိုးသစ်က ကျေးဇူးတင်စကားပြောကြားပြီး အလှူရှင်ဦးသိန်းဆွေက ကျောင်းသား ကျောင်းသူ ၁၆၅ ဦးတို့အတွက် ဗလာစာအုပ် ၃၁ ဒါဇင်ကို ကျောင်းအုပ်ဆရာကြီးထံ ပေးအပ်လှူဒါန်းသည်။ **ဖေထွဏ်းဇော်(ရေစကြို)**

မိုးစပါးထွန်ယက်ပွဲ၊ မျိုးစေ့ချပွဲနှင့် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပေးအပ်ပွဲ

မြစ်ကြီးနား ဇွန် ၁၇

မိုးညှင်းခရိုင် မိုးညှင်းမြို့ အင်ကြင်းကုန်းကျေးရွာအုပ်စု မရင်းကုန်းကျေးရွာ၌ လက်တွန်းထွန်စက် ၁၉ စီးဖြင့် မိုးစပါးလယ်ယာမြေထွန်ယက်ပွဲနှင့် မျိုးစေ့ချပွဲကို ဇွန် ၁၄ ရက် နံနက် ၉ နာရီကကျင်းပရာ ကချင်ပြည်နယ် စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးဘီထောဇောင်းနှင့်အတူ တာဝန်ရှိသူများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ ခရိုင်မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများနှင့် ဒေသခံတောင်သူများ စုစုပေါင်း ၂၀၀ ကျော် တက်ရောက်ကြည့်ရှုအားပေးခဲ့သည်။

ထို့နောက် အင်ကြင်းကုန်းဓမ္မာရုံ၌ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပေးအပ်ပွဲအခမ်းအနားဆက်လက်ကျင်းပရာ ဝန်ကြီးနှင့် တာဝန်ရှိသူများက လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်များပေးအပ်ကြရာ ကျေးရွာအုပ်စုအတွင်းရှိကွင်းများမှ တောင်သူကိုယ်စားလှယ်က လက်ခံယူပြီးနောက် ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှုကော်မတီအတွင်းရေးမှူး ဦးဆန်းဝင်းက ဆောင်ရွက်ရသည့်လုပ်ငန်းအဆင့်ဆင့်နှင့် လယ်ယာမြေဥပဒေနှင့် နည်းဥပဒေများကို ရှင်းလင်းပြောကြားခဲ့သည်။လယ်ယာမြေမှတ်ပုံတင်များကို အင်ကြင်းကုန်းကျေးရွာအုပ်စု အင်းကုန်းကျေးရွာအတွင်းမှ ကွင်းပေါင်းသုံးကွင်း၊ ဦးပိုင်ပေါင်း ၁၆၈ ခု၊ တောင်သူပေါင်း ၁၂၄ ဦးတို့အတွက် ပေးအပ်ခဲ့ပြီးနောက် တောင်သူလယ်သမားများနှင့် ရပ်မိရပ်ဖများ၏ ဆွေးနွေးမေးမြန်းချက်များကို တာဝန်ရှိသူ ဌာနဆိုင်ရာများက ပြန်လည်ပြောကြားခဲ့ပြီး နံနက် ၁၁ နာရီခွဲတွင် အခမ်းအနားရုပ်သိမ်းခဲ့ကြောင်း သိရသည်။ **မိုဃ်းကျ(မြစ်ကြီးနား)**

ပဒေသာစာကြည့်တိုက်ဖွင့်

မော်လူး ဇွန် ၁၇

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးဒေသ သူရောင်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းခွဲတွင် မေတ္တာပန်းခင်း ကျေးရွာပဒေသာစာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားကို ဇွန် ၁၃ ရက် နံနက် ၉နာရီခွဲက ကျင်းပသည်။

အဆိုပါ စာကြည့်တိုက်ကို အမရပူရမြို့ မဟာဂန္ဓာရုံကျောင်းတိုက် အနုနာယက ဆရာတော် ဦးသုဇနာဘိဝံသ၊ အင်းတော်မြို့နယ်ပညာရေးမှူး ဒေါ်ကြည်ကြည်ဌေး၊ မော်လူးအခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ထုရာတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြသည်။ **ခင်မောင်ဆွေ**

အသိပေးကြေညာချက်

မြန်မာနိုင်ငံတွင် ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၁၁ ရက်မှ ၂၂ ရက်အထိ ကျင်းပပြုလုပ်မည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီးကို နေပြည်တော်၊ ရန်ကုန်၊ မန္တလေးနှင့် ငွေဆောင်မြို့များတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

၄င်းပြိုင်ပွဲကြီးတွင် Sponsorship Management Consultant တာဝန်များကို Dentsu Sport Asia Pte Ltd. နှင့် JK Group Consultant Management Co., Ltd. သို့ ပေးအပ်ထားပါသည်။ သို့ပါ၍ Seagame ပြိုင်ပွဲကြီးတွင် Sponsor အဖြစ် ပူးပေါင်းပါဝင်တာဝန်ယူ ဆောင်ရွက်လိုသည့် ပြည်တွင်း၊ ပြည်ပကုမ္ပဏီများအနေဖြင့် Dentsu Sport Asia Pte Ltd. နှင့် JK Group Consultant Management Co., Ltd. သို့ဆက်သွယ်၍ ပူးပေါင်းပါဝင် ဆောင်ရွက်နိုင်ရန် အသိပေးကြေညာအပ်ပါသည်။

ဆက်သွယ်နိုင်သည့်လိပ်စာနှင့် ဖုန်းနံပါတ်များ-
ဒေါ်နုနုရီ
အမှတ်-၂၉(ဘီ)၊ ရွှေတောင်ကြားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၄၂၀၂၀၅၂၀၀၊ ၀၁-၅၂၄၉၂၇၊ ၀၉-၄၃၀၆၇၃၀၉၊ ၀၉-၄၃၀၆၈၀၇၅
တို့သို့ ဆက်သွယ်နိုင်ပါသည်။

ပြည်ထောင်စုဖွား
သွေးချင်းများ
တားဆီးကာကွယ်
မီးရန်စွယ်

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

ရွာမဓာတ်အားပေးစက်ရုံဝင်းအတွင်း သဘာဝဓာတ်ငွေ့သုံး စက်ရုံစီမံကိန်းများ တိုးချဲ့တည်ဆောက်လျက်ရှိ

ရန်ကုန် ဇွန် ၁၇

ရွာမသဘာဝဓာတ်ငွေ့ စက်ရုံဝင်းအတွင်း တည်ဆောက်နေသည့် ထိုင်းနိုင်ငံအစိုးရမှ လွှဲပြောင်းလှူဒါန်းသော မဂ္ဂါဝပ် ၂၄၀ ဓာတ်ငွေ့တာဘိုင်စက်များနှင့် ၅၂ မဂ္ဂါဝပ် သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်များ တည်ဆောက် တပ်ဆင်ခြင်းလုပ်ငန်းများသို့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးသည် ဇွန် ၁၄ ရက် ညနေ ၄ နာရီက သွားရောက်စစ်ဆေးပြီး စက်များကို သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ စနစ်တကျ တပ်ဆင်တည်ဆောက်ရေးနှင့် တည်ဆောက်ပြီးစီးပါက စက်လည်ပတ်နိုင်ရေးအတွက် သဘာဝဓာတ်ငွေ့ပိုက်လိုင်းများပြီးစီးအောင် ဟန်ချက်ညီ တပ်ဆင်ရေးမှာကြားသည်။

ထို့နောက် ရွာမစက်ရုံဝင်းအတွင်း လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ အင်ဂျင်နီယာများနှင့် ထိုင်းနိုင်ငံ STFE တို့ပူးပေါင်းကာ အသစ်တပ်ဆင်တည်ဆောက်လျက်ရှိသော Mitsubishi Gas Turbine မဂ္ဂါဝပ် ၂၄၀ စက်ရုံစီမံကိန်းနှင့် (4MWx13= 52MW) စီမံကိန်းတို့၌ ဓာတ်အားပေးစက်များတပ်ဆင်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ **(အပေါ်ပုံ)**လိုအပ်သည် များဖြည့်ဆည်းပေးသည်။ ရွာမ ၅၂ မဂ္ဂါဝပ်သဘာဝဓာတ်ငွေ့ စက်ရုံသစ်၌ တပ်ဆင်လျက်ရှိသော စက်များသည် ဂျာမနီနိုင်ငံမှ ထုတ်လုပ်သော Caterpillar (CG 260-16) စက်အမျိုးအစားများဖြစ်ပြီး စက်များအား ၁၈-၉-၂၀၁၂ ရက်တွင် စတင်တပ်ဆင်ခဲ့ကာ ၁-၇-၂၀၁၃ ရက်တွင် ဓာတ်အားစတင်ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ၂၄၀ မဂ္ဂါဝပ်နှင့် ၅၂ မဂ္ဂါဝပ်စက်ရုံစီမံကိန်းများပြီးစီးပါက ရန်ကုန်တိုင်းဒေသကြီးအတွင်း ဓာတ်အားပို့လွှတ်ဖြန့်ဖြူးပေးနိုင်မည်ဖြစ်၍ ပြည်သူလူထုထံသို့ ဓာတ်အားပိုမိုဖြန့်ဖြူးပေးနိုင်မည်ဖြစ်ကြောင်း လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

တောင်သာမြို့စိမ်းလန်းစိုပြည်ရေး သစ်ပင်စိုက်

တောင်သာ ဇွန် ၁၇

တောင်သာမြို့သည် မြန်မာနိုင်ငံ အလယ်ပိုင်း အပူပိုင်းမိုးနည်းရပ်ဝန်းဒေသတွင် ပါဝင်နေရာ ဒေသစိမ်းလန်းစိုပြည်ရေးအတွက် တောင်သာတောင်ကြိုးဝိုင်း မိုးနှောင်းခင်း၊ ရွာလမ်းတို့တွင် တမာပင် ၃၀၀၊ တမာစေ့တစ်တင်း၊ ကန္တာရစေ့ တစ်တင်း၊ မန်ကျည်းစေ့ တစ်တင်း၊ ဘောစကိုင်းရှစ်ပြည်၊ ရှားစေ့ရှစ်ပြည် စုစုပေါင်းလေးတင်းတို့ဖြင့် နံနက် ၆ နာရီခွဲမှ သစ်တောဝန်ကြီးဌာန အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် တာဝန်ရှိသူများက သစ်စေ့မြုပ်ပွဲနှင့် သစ်ပင်စိုက်ပွဲဆောင်ရွက်ပေးခဲ့သည်။ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနက နံနက် ၇ နာရီခွဲတွင် ၄က်လှန်ရိုးဆည် ရေဝင်၊ ရေလွှဲဆည်၌ အပင် ၆၀၀ စိုက်ပျိုးခဲ့သည်။အခမ်းအနားတွင် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမင်းအောင်မင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ညွန့်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသန်းဌေးအောင်၊ မြင်းခြံခရိုင် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးလှမင်း၊ မြင်းခြံခရိုင် သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဝေလွင်၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများ စုစုပေါင်း ၃၀၀ နှင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

(၄၃၉)

အမျိုးသားပညာရည်အဆင့်ကို နိုင်ငံတကာနှင့်ယှဉ်ပြီး မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိရာ အောင်မြင်ဖြစ်ထွန်းနေပြီ

ရန်ကုန် ဇွန် ၁၇

အလုံမြို့နယ် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း သုံးထပ်ကျောင်းဆောင်သစ်နှင့် အားကစားခန်းမကို ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ဇွန် ၁၆ ရက် နံနက် ၈ နာရီက အဆိုပါကျောင်း၌ကျင်းပရာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကြူ၊ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာ မြင့်သိန်း၊ အမှတ်(၃)အခြေခံပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းဇော်၊ အလှူရှင်ချီကို Buddhist Foundation မှ Mr. Wang , Ming Der နှင့် တာဝန်ရှိသူများက အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေက ကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကာ အားကစားခန်းမနှင့် သုံးထပ်ကျောင်းဆောင်သစ်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ မရမ်းကုန်းမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း သုံးထပ်ကျောင်းဆောင်သစ် ငါးဆောင်တွဲနှင့် အားကစားခန်းမကို ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို အဆိုပါကျောင်း၌ ကျင်းပရာ ဒုတိယဝန်ကြီး၊ တိုင်းဒေသကြီး လူမှုရေးဝန်ကြီး၊ အမှတ်(၃)အခြေခံပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ချီကို Buddhist Foundation မှ Mr. Wang , Ming Der နှင့်တာဝန်ရှိသူများက သုံးထပ်ကျောင်းဆောင်သစ်များကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကာ ကျောင်းဆောင်သစ်များကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် အခမ်းအနားကို ယင်းအားကစားခန်းမ၌ ဆက်လက်ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လူတိုင်းပညာသင်ယူနိုင်ခွင့် အခွင့်အလမ်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အနေဖြင့် ပညာရေး အခြေခံအဆောက်အအုံများ တည်ဆောက်ပေးလျက်ရှိကြောင်း၊ အမျိုးသားပညာရည်အဆင့်အတန်းကို နိုင်ငံတကာနှင့်ယှဉ်တွဲပြီး မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိရာ အောင်မြင်ဖြစ်ထွန်းနေပြီဖြစ်ကြောင်း၊ ကျောင်းသား လူငယ်များအနေဖြင့် ငယ်ရွယ်စဉ် ပညာတွင်သာမက အားကစားပါ ထူးချွန်စေလိုကြောင်း၊ အားကစားအောင်နိုင်ခြင်းသည်လည်း ကမ္ဘာတွင် နိုင်ငံ့ဂုဏ်သိက္ခာကို မြှင့်တင်ပေးနိုင်ပါကြောင်း၊ ချီကို Buddhist Foundation မှ လှူဒါန်းသော ကျောင်းဆောင်သစ်နှင့် ပရိဘောဂများရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဆရာ ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်များ၊ ကျောင်းသား ကျောင်းသူများက တန်ဖိုးထားထိန်းသိမ်းစောင့်ရှောက်ပေးကြရန် တိုက်တွန်းမှာကြားသည်။

ထို့နောက် ချီကို Buddhist Foundation မှ Mr. Wang, Ming Der က ကျောင်းဆောင်နှင့် အားကစားခန်းမများဆောက်လုပ်လှူဒါန်းရသည့်အကြောင်းကို ရှင်းလင်းပြောကြားကာ ကျောင်းဆောင်သစ်နှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို အမှတ်(၃)အခြေခံပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ထံ လွှဲပြောင်းပေးအပ်သည်။

ယင်းနောက် ချီကို Buddhist Foundation မှ Mr. Wang, Ming Der က အထက(၄)အလုံနှင့် အထက(၁)မရမ်းကုန်းတို့အတွက် စာရေးကိရိယာများလှူဒါန်းရာ သက်ဆိုင်ရာကျောင်းအုပ်ကြီးများက လက်ခံကြပြီး ဒုတိယဝန်ကြီး ဦးအေးကြူက ကျေးဇူးတင်စကားပြောကြားသည်။

လှူဒါန်း

ချီကို Buddhist Foundation က အလုံမြို့နယ် အမှတ်(၄) အခြေခံပညာ အထက်တန်းကျောင်းတွင် အလျား ၁၃၅ ပေ၊ အနံ ၃၃ ပေနှင့် အလျား ၁၀၅ ပေ၊ အနံ ၄၃ ပေရှိ L Shape သုံးထပ် စာသင်ဆောင်နှင့် အလျား ၁၆၈ ပေ၊ အနံ ၉၉ ပေရှိ အားကစားခန်းမ ဆောင်တစ်ဆောင်အတွက် စုစုပေါင်းငွေကျပ်သန်း တစ်ထောင့် တစ်ရာကျော်နှင့် မရမ်းကုန်းမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းတွင် ပေ ၂၀၀ အရှည်ရှိ သုံးထပ် စာသင်ဆောင် ငါးဆောင်တွဲနှင့် အလျားပေ ၂၀၀၊ အနံပေ ၁၀၀ ရှိ အားကစားခန်းမတစ်ဆောင်အတွက် စုစုပေါင်းငွေကျပ်သန်းပေါင်း လေးထောင်ကျော်ကုန်ကျခံ လှူဒါန်းတည်ဆောက်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မလင်းတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

ပြည်တွင်းသတင်း

တောင်ပေါ်ဒေသထွက် တည်းသီးများ တောင်ငူမြို့ပွဲရုံများသို့ လှိုင်လှိုင်ဝင်

တောင်ငူ ဇွန် ၁၇

သံတောင်ကြီးဒေသနှင့် လိပ်သို၊ ယာဒိုဒေသထွက် တည်းသီးများသည် ဇွန်၊ ဇူလိုင်လများတွင် လှိုင်လှိုင်ပေါ်ပြီး လက်ရှိကုန်စိမ်းဈေးကွက်အတွင်းသို့ ပေါ်ဦးပေါ်ဖျား တည်းသီးအနု(အငယ်စား)၊ အရင့် (အကြီးစား) များ ဝင်ရောက်လျက်ရှိကာ ရှစ်ပြည်ဝင် သံပုံး၊ လေးထောင့်ပုံး တစ်ပုံးလျှင် တည်းခြံကောက်ဈေး ပထမအဆင့်အလုံးကြီးရှယ်တစ်ပုံး ငွေကျပ် ၁၂၀၀၀၊ ဒုတိယအဆင့် ပုံးကြီးတစ်ပုံး ငွေကျပ် ၁၀၀၀၀၊ တတိယအဆင့်အလုံးသေး တစ်ပုံး ငွေကျပ် ၇၀၀၀ ဖြင့် ရောင်းချရပြီး တစ်ပြည်လျှင် ငွေကျပ် ၁၅၀၀၊ တစ်လုံးချင်း ငွေကျပ် ၄၀ မှ ၇၀ အထိ ဈေးနှုန်းများရှိကြောင်း သိရသည်။ သံတောင်ကြီးဒေသထွက်နှင့် လိပ်သို၊ ယာဒိုဒေသထွက် တည်းသီးများကို တောင်ငူဈေးကွက်မှ တစ်ဆင့် နေပြည်တော် အာဟာရသုခဈေး၊ ပဲခူး၊ ရန်ကုန်နှင့် မန္တလေးမြို့ကြီးများသို့ တင်ပို့ရောင်းချလျက်ရှိပြီး တည်းပင်သည် စတင်စိုက်ပျိုးချိန်မှ အပင်အသက် ရှစ်နှစ်သားအရွယ်တွင် အသီးစတင် ဆွတ်ခူးနိုင်ကာ ဆယ်နှစ်သားမှ ၁၅ နှစ်သားအရွယ်သည် အသီးတင်နှုန်း အကောင်းဆုံးအချိန်ဖြစ်ပြီး ဂရုစိုက်ပြုစုနိုင်ခြင်းအပေါ် မူတည်၍ အပင်အသက် ၃၅ နှစ်ဝန်းကျင်အထိ အသီးဆွတ်ခူးနိုင်ကြောင်း၊ ပေ ၃၀ ကျော်ရှိသော အပင်မျိုးဖြစ်ပြီး အပူဒဏ်ကိုခံနိုင်သောကြောင့် တည်းပင်နှင့် အရိပ်ရနိုင်သော ရော်ဘာနှစ်ရှည်ပင်များ ကြားညှပ်စိုက်ပျိုးကြကြောင်း၊ တစ်ရာသီတွင် တည်းတစ်ပင်လျှင် တည်းသီးနှစ်ပုံးမှ သုံးပုံးအထိ ထွက်ရှိကြောင်း တောင်ယာစိုက်ပျိုးသူတစ်ဦးက ပြောပြခဲ့၍ သိရသည်။

သူရ(တောင်ငူ)

ရေဆင်း(၁၀) မိုးပြောင်းစိုက်တောင်သူများ မိုင်းပန်တွင် အောင်မြင်ဖြစ်ထွန်း

မိုင်းပန် ဇွန် ၁၇

ယခုအခါတွင် မြန်မာနိုင်ငံ တစ်ဝန်းရှိ အစေ့ထုတ်ပြောင်း စိုက်ပျိုးလျက်ရှိကြသော တောင်သူအများစုသည် အစေ့ထုတ်ပြောင်းမျိုး ရေဆင်း ၁၀၊ ၁၁ နှင့် ၈၆၈ တို့ကို အလေးထား စိုက်ပျိုးလျက်ရှိကြသည်ဟု သိရသည်။

ယခင်နှစ်က လင်းခေးခရိုင်မှ လင်းခေး၊ မိုးနဲ၊ မောက်မယ်မြို့နယ်များမှ တောင်သူများက ဒေသရာသီဥတုနှင့် ကိုက်ညီသော ရာသီစိုက်သီးနှံများထဲတွင် နှမ်း၊ မြေပဲနှင့် ပဲစင်းငုံတို့ထက် အစေ့ထုတ်ပြောင်းကို အများဆုံး စိုက်ပျိုးခဲ့ကြသည်ဟု ဒေသခံတောင်သူများက ပြောပြသည်။ ထိုသို့အစေ့ထုတ်ပြောင်းကို စတင်စိုက်ပျိုးချိန်၌ (၈၈၈) ပြောင်းမျိုးကိုသာ အဓိကထား စိုက်ပျိုးခဲ့ကြပြီး တစ်ဧကလျှင် အများဆုံး တင်း ၈၀ အထိ ရရှိခဲ့ကြောင်း ပြောကြားသည်။ ယခုနှစ် မိုးပြောင်းစိုက်ကာလသို့ မရောက်မီ မိုင်းပန်မြို့နယ် မြန်မာ့စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများ က "ဒီနှစ်မှာ ရေဆင်း (၁၀)၊ (၁၁)နဲ့ (၈၆၈)အစေ့ထုတ် ပြောင်းမျိုးတွေကို ဝယ်ယူစမ်းသပ်စိုက်ပျိုးကြည့်ပါ။ ကျွန်တော်တို့ မိုင်းပန်မြို့ရဲ့သဘာဝရာသီဥတုအရ ဒီရေဆင်း (၁၀)၊ (၁၁) ပြောင်းမျိုးတွေက တစ်ဧကအထွက် တင်း ၁၀၀ အထိ ရှိနိုင်ပါတယ်လို့ ပြောလို့ ရေဆင်း (၁၀)မျိုးအစေ့ထုတ်ပြောင်းကို စတင်စမ်းသပ်စိုက်ပျိုးခဲ့ပါတယ်"ဟု မိုင်းပန်မြို့မှ တောင်သူ ဦးဆရာငယ်က ပြောပြသည်။ ဆက်လက်၍ အောင်မြင်နေသော ရေဆင်း(၁၀)မျိုး အစေ့ထုတ်ပြောင်းစိုက်ခင်း (စမ်းသပ်စိုက် လေးဧက) သို့ ဇွန် ၁၄ ရက်က လင်းခေးခရိုင်အုပ်ချုပ်ရေးမှူး ဦးထူးလွင်၊ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းမိုးကြည်၊ မိုင်းပန်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးဝင်းမြင့်နှင့် တာဝန်ရှိသူများ လာရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

(ခရိုင် ပြန်/ဆက်)

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း

၁၇-၆-၂၀၁၃ **ရွှေဈေး** (အောင်သမာဓိရွှေဆိုင်)

၁၆ ပဲရည်(အခေါက်ရွှေ)	တစ်ကျပ်သား	၇၀၉၃၀၀
၁၅ ပဲရည်	တစ်ကျပ်သား	၆၆၇၅၀၀

(အချိန်နှင့်အမျှ ဈေးနှုန်းအပြောင်းအလဲရှိနိုင်ပါသည်)

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (သိမ်ဖြူငွေလဲကောင်တာ)

အမေရိကန်	တစ်ဒေါ်လာ	၉၅၈ ကျပ်
ဥရောပ	တစ်ယူရို	၁၂၇၈ ကျပ်
စင်ကာပူ	တစ်ဒေါ်လာ	၇၆၆ ကျပ်
ထိုင်း	တစ်ဘတ်	၃၁. ၁၅ ကျပ်
အိန္ဒိယ	တစ်ရူပီး	၁၆. ၄၆ ကျပ်
တရုတ်	တစ်ယွမ်	၁၅၄ ကျပ်
မလေးရှား	တစ်ရင်းဂစ်	၃၀၄ ကျပ်

စက်သုံးဆီဈေးနှုန်းများ (Max/Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	၈၁၄ ကျပ်
ဒီဇယ်	တစ်လီတာ	၈၆၀ ကျပ်
အောက်တိန်း ၉၂	တစ်လီတာ	၈၆၀ ကျပ်
အောက်တိန်း ၉၅	တစ်လီတာ	၁၁၇၀ ကျပ်
ပရီမီယံဒီဇယ်	တစ်လီတာ	၉၁၀ ကျပ်

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း (သား/ငါးဒိုင်များ)

၁။	ငါးကြင်း	တစ်ပိဿာ	၄၀၀၀ - ၆၅၀၀ ကျပ်
၂။	ငါးမြစ်ချင်း	တစ်ပိဿာ	၁၂၀၀ - ၃၀၀၀ ကျပ်
၃။	ငါးရံ့	တစ်ပိဿာ	၄၀၀၀ - ၇၅၀၀ ကျပ်
၄။	ငါးဖယ်	တစ်ပိဿာ	၆၀၀၀ -၁၂၀၀၀ ကျပ်
၅။	ပုစွန်(ကျော့)	တစ်ပိဿာ	၄၈၀၀ - ၉၀၀၀ ကျပ်
၆။	ပုစွန်တုပ်	တစ်ပိဿာ	၁၅၀၀၀ -၃၂၀၀၀ ကျပ်
၇။	ငါးသလောက်	တစ်ပိဿာ	၁၂၀၀၀ -၁၉၀၀၀ ကျပ်
၈။	ကြက်	တစ်ပိဿာ	၄၅၀၀ -၁၂၀၀၀ ကျပ်
၉။	ဝက်	တစ်ပိဿာ	၄၀၀၀ - ၈၀၀၀ ကျပ်
၁၀။	အမဲ	တစ်ပိဿာ	၃၅၀၀ - ၇၀၀၀ ကျပ်
၁၁။	ဆိတ်	တစ်ပိဿာ	၁၂၀၀၀ -၁၅၀၀၀ ကျပ်

ခင်ရတနာ-စုစည်းသည်။

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

၁။	နွေဆန်	တစ်အိတ်	၁၇၂၀၀
၂။	ပေါ်ကွဲ	တစ်အိတ်	၂၁၀၀၀
၃။	ပေါ်ဆန်း	တစ်အိတ်	၂၃၀၀၀-၂၉၀၀၀
၄။	မြေပဲဆီ	တစ်ပိဿာ	၃၉၀၀
၅။	စားအုန်းဆီ	တစ်ပိဿာ	၁၅၄၃
၆။	ဆိပ်ဖြူကြက်သွန်နီ	တစ်ပိဿာ	၃၉၀-၄၅၅
၇။	ရှမ်းကြက်သွန်ဖြူ	တစ်ပိဿာ	၁၁၀၀-၁၇၀၀
၈။	ကြူကုတ်ကြက်သွန်ဖြူ	တစ်ပိဿာ	၁၁၅၀-၁၂၀၀
၉။	အာလူး(အောင်ပန်း)	တစ်ပိဿာ	၇၅၀-၉၁၀
၁၀။	ဝါးခယ်မငရုတ်ရှည်	တစ်ပိဿာ	၁၇၀၀-၁၈၅၀
၁၁။	ဆင်ဖြူကျွန်းငရုတ်ပွ	တစ်ပိဿာ	၄၀၀၀-၄၃၀၀
၁၂။	သကြား	တစ်ပိဿာ	၉၀၀-၉၈၀

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်သည်။

ခင်ဆိုင်-စေ့ငုတင်ပြသည်။

ကျန်းမာရေးဝန်ကြီးဌာန
ကျန်းမာရေးဦးစီးဌာန
စံပြဆေးရုံကြီး-သဃ်န်းကျွန်း

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဦးစီးဌာန၊ စံပြဆေးရုံကြီး(သဃ်န်းကျွန်း)တွင် ဆေးကုသမှုခံယူနေသော လူနာများအတွက်လိုအပ်သော ဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၂၁-၆-၂၀၁၃ ရက် နံနက် ၁၀ နာရီ
တင်ဒါပိတ်မည့်ရက်နှင့် အချိန် - ၅-၇-၂၀၁၃ ရက် ညနေ ၄ နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် လုပ်ငန်းများအသေးစိတ်ကို သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

ဆေးရုံအုပ်ကြီးရုံး
စံပြဆေးရုံကြီး(သဃ်န်းကျွန်း)
ကျိုက္ကစံဘုရားလမ်း၊ သဃ်န်းကျွန်းမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၁-၅၇၉၈၇၆

မွေးနေ့မင်္ဂလာဆုတောင်း

မိခင်ကြီး ဒေါ်စန်းစန်းရွှေ၊ ကျန်းမာရေးဆရာမကြီး(ငြိမ်း)၊ စန်းသီတာဆေးဆိုင်၊ ပုလဲမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး၏ (၆၇)နှစ်ပြည့်မွေးနေ့မှသည် နောင်နှစ်များစွာတိုင်သည်အထိ စိတ္တကာယ နှစ်ဖြာသုခ ပြည့်ဝစွာဖြင့် ဆန္ဒရှိသမျှ အလျှုဒါနပြုရလျက် သောကခပ်သိမ်း ကင်းငြိမ်းပါစေကြောင်း မွေးနေ့မင်္ဂလာအခါသမယ၌ တောင်းဆုပြုပါသည်။

သားကြီး - **မောင်ဝင်းမင်းထွန်း-မခင်နှဲ့အေး(ပုလဲမြို့)**
သားငယ် - **မောင်ဇော်မင်းထွန်း-မမျိုးမျိုး(ရန်ကုန်)**
ချစ်မြေးများ - **မဇာနည်ဝင်းထွန်း** (Grade-X ၊ **မုံရွာပညာမိုးဘော်ဒါ)**
- **မခင်နေခြည်ထွန်း**
(Grade-II၊ **ရန်ကုန်ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးကျောင်း)**
- **မောင်ဘုန်းခန့်ငြားမင်း(ရန်ကုန်)**

ပျောက်ဆုံးကြောင်း

Golden Win Success Co.,Ltd.အမှတ် ၈၁/A၊ ရွှေနှင်းဆီလမ်း၏ သွင်းကုန်လိုင်စင်အမှတ် ILV-12-13 2385 01/01/ 2013 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါ။ **ဖုန်း-၀၉-၄၃၁၄၃၁၈၈၊ ၀၁-၆၆၆၆၂၉**

ပြည်ထဲရေးဝန်ကြီးဌာန
အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန
တနင်္သာရီတိုင်းဒေသကြီးရုံး

တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်ထဲရေးဝန်ကြီးဌာန၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ တနင်္သာရီတိုင်းဒေသကြီးရုံး၊ ထားဝယ်မြို့တွင် အောက်ဖော်ပြပါ အဆောက်အအုံတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်ရှိပါသဖြင့် ပြည်တွင်းမြန်မာနိုင်ငံသား ပုဂ္ဂလိကကုမ္ပဏီလုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်ပါသည်-

စဉ် **လုပ်ငန်းအမည်**
(က) တိုင်းဒေသကြီးရုံး(၂)ထပ်အဆောက်အအုံ CCR ဆောက်လုပ်ခြင်း
(ခ) တိုင်းဒေသကြီးရုံးပတ်လမ်း ကွန်ကရစ်ခင်းခြင်း
(ဂ) ရေဆင်းမြောင်းပြုလုပ်ခြင်း
(ဃ) ကွန်ကရစ်တိုင်၊ သွပ်ဆူးကြိုး၊ ခြံစည်းရိုးကာရံခြင်း
(င) ရုံးအဆောက်အအုံ သံပန်းကာရံခြင်း
(စ) ရေစင်၊ သံပန်း၊ သံတံခါး၊ တံတားဆောက်လုပ်ခြင်း

၂။ အိတ်ဖွင့်တင်ဒါတင်သွင်းလိုသူ ပြည်တွင်းနိုင်ငံသားကုမ္ပဏီလုပ်ငန်းရှင်များသည် ဖော်ပြပါလုပ်ငန်းများအတွက် တင်ဒါအဆိုပြုလွှာကို ၁၈-၆-၂၀၁၃ရက်မှစတင်၍ ဝယ်ယူနိုင်ပြီး ၂၅-၆-၂၀၁၃ရက် နောက်ဆုံးထား၍ ပေးပို့တင်သွင်းသွားရန် ဖြစ်ပါသည်။

၃။ တင်ဒါစည်းကမ်းချက်များနှင့် အဆိုပြုလွှာတွင် ပါဝင်ရမည့်အချက်အလက်များကို အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ တနင်္သာရီတိုင်းဒေသကြီးရုံး၊ ထားဝယ်မြို့တွင် ဝယ်ယူနိုင်ပြီး တင်ဒါစည်းကမ်းချက်များနှင့်အညီ အိတ်ဖွင့်တင်ဒါအဆိုပြုလွှာ တင်သွင်းရမည်ဖြစ်ပါသည်။

၄။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း-၀၅၉-၂၁၁၄၉သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးအဖွဲ့
အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန
တနင်္သာရီတိုင်းဒေသကြီးရုံး

အများသိစေရန်ကြေညာခြင်း

နေပြည်တော် လယ်ဝေးမြို့ အမှတ်(၂) ရပ်ကွက်၊ ကန်သာယာ(၂)လမ်း၊ အိမ်အမှတ် ၂၄၅ ဟုခေါ်တွင်သော အိမ်နှင့်ခြံမြေ၏ ခြံမြေပိုင်ဆိုင်သူ (ဦးအောင်နိုင်ဦး)ဇနီး ဒေါ်ဇင်ဝေလှိုင်(ခ)မစပယ် ၉/လဝန(နိုင်) ၀၅၀၂၄၉၏ အိမ်ပိုင်းခြံမြေစာချုပ်များနှင့် အိမ်ပိုင်ဆိုင်သူ ဒေါ်စိုးရီ ၉/လဝန(နိုင်) ၀၄၈၉၉၅၏ အထက်ဖော်ပြပါ အိမ်ပိုင်းအတွင်းရှိ အိမ်ပိုင်ဆိုင်မှုစာချုပ်များ ပျောက်ဆုံးသွားပါသဖြင့် အထက်ပါအိမ်ခြံမြေကို အရောင်း အဝယ်ပြုလုပ်ပါက ဥပဒေအရ အရေးယူ ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

ဒေါ်ဇင်ဝေလှိုင်(ခ)မစပယ်
၉/လဝန(နိုင်)၀၅၀၂၄၉
(၇)ရပ်ကွက်၊ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊
ရန်ကုန်မြို့

အလိမ္မာ စာမှာရှိ

ဥရောပ ယူ-၂၁ ချန်ပီယံရှစ် ဗိုလ်လုပွဲ စပိန်နှင့် အီတလီတို့ ထိပ်တိုက်ဆုံပြီ

ဥရောပ ယူ-၂၁ ချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲကို အစ္စရေးနိုင်ငံ ဂျေရုဆလင်မြို့ရဲ့ တက်ဒီအားကစားကွင်း၌ ဇွန် ၁၈ ရက်(ယနေ့)မှာ စပိန်နဲ့ အီတလီအသင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်ကစားကြပါတော့မယ်။ ပြိုင်ပွဲမစတင်မီကတည်းက ဗိုလ်စွဲမယ်လို့ ရေပန်းစားခဲ့တဲ့ နှစ်သင်းဖြစ်တာမို့ ပရိသတ်တွေအတွက် ပွဲကောင်းတစ်ပွဲအဖြစ် ရင်ခုန်လိုက်မောစွာနဲ့ အားပေးကြရဦးမှာ ဖြစ်ပါတယ်။

နှစ်နှစ်တစ်ကြိမ် ကျင်းပတဲ့ ဒီဘောလုံးပြိုင်ပွဲဟာ အစ္စရေးနိုင်ငံ မြို့ကြီးလေးမြို့မှာ ဇွန် ၅ ရက်က စတင်ပြီး ဘောလုံးအသင်း ရှစ်သင်းတို့က အုပ်စု(A)နဲ့ အုပ်စု(B)ခွဲကာ ယှဉ်ပြိုင်ကစားခဲ့တာ အခုဇွန် ၁၈ ရက်မှာ ဗိုလ်လုပွဲအဖြစ် ယှဉ်ပြိုင်ကစားကြတော့မှာ ဖြစ်ပါတယ်။

ဒီပြိုင်ပွဲမစတင်မီ ကတည်းက ဖလားဆွတ်ခူးနိုင်မယ်လို့ ရေပန်းအစားဆုံးအသင်းဖြစ်တဲ့ စပိန်ကတော့ အုပ်စု(B)မှာ ပါဝင်ခဲ့ပြီး နယ်သာလန်၊ ဂျာမနီနဲ့ ရုရှားအသင်းတွေနဲ့ တစ်အုပ်စုတည်း ပါဝင်ခဲ့ပါတယ်။

စပိန်အသင်းဟာ အုပ်စုပွဲစဉ်အဖြစ် ရုရှားအသင်းကို မိုရာတာရဲ့သွင်းဂိုးနဲ့ တစ်ဂိုး-ဂိုးမရှိနိုင်ပြီး ဂျာမနီအသင်းကိုလည်း မိုရာတာ သွင်းဂိုးနဲ့ပဲ တစ်ဂိုး-ဂိုးမရှိနိုင်ကာ နယ်သာလန်အသင်းကို သုံးဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။ အဲဒီပွဲမှာ စပိန်အသင်းအတွက် ဂိုးတွေကို မိုရာတာ၊ အစ္စကိုနဲ့ ဘက်စ်ကွက်ဇ်တို့က သွင်းယူပေးခဲ့ကြပါတယ်။

ဒါကြောင့် စပိန်အသင်းရဲ့ တိုက်စစ်မှူး အယ်လ်ဗာရိုမိုရာတာဟာ ပွဲစဉ်တိုင်း ဂိုးသွင်းနိုင်သူ ဖြစ်ခဲ့ပါတယ်။ ဒါ့အပြင် ဇွန် ၁၅ ရက်က ကစားခဲ့တဲ့ အကြိုဗိုလ်လုပွဲမှာ နော်ဝေအသင်းကို သုံးဂိုးပြတ်နဲ့ သွင်းယူခဲ့တာမှာလည်း မိုရာတာက တစ်ဂိုးသွင်းယူခဲ့တာမို့ အခုဆိုရင် တစ်ဦးတည်း လေးဂိုးသွင်းယူထားနိုင်သူဖြစ်ပြီး ဂိုးအများဆုံးသွင်းထားသူအဖြစ် ရပ်တည်နေပါတယ်။

စပိန်အသင်းမှာ ဂိုးသွင်းခြေစွမ်းထက်တဲ့ မိုရာတာနဲ့အစ္စကိုတို့ရှိနေတာမို့ အခုဗိုလ်လုပွဲမှာ အီတလီတို့ ရင်ဆိုင်မတတ်ခံစားရဖို့ရှိနေပါတယ်။ ပြိုင်ဘက် အီတလီအသင်းကလည်း အုပ်စု(A)မှာ ကစားခဲ့ပြီး နော်ဝေ၊ အစ္စရေးနဲ့ အင်္ဂလန်အသင်းတွေနဲ့ တစ်အုပ်စုတည်း ကျခဲ့တဲ့အသင်းဖြစ်ပါတယ်။ အီတလီအသင်းဟာ အင်္ဂလန်အသင်းကို တစ်ဂိုး-ဂိုးမရှိနဲ့ နိုင်ပွဲရပြီး အိမ်ရှင်အစ္စရေးကို လေးဂိုးပြတ်နဲ့ အနိုင်ယူခဲ့တဲ့ အသင်းဖြစ်ပါတယ်။

ဒါ့အပြင် နော်ဝေအသင်းကို တစ်ဂိုးစီ သရေပွဲဖြစ်ခဲ့ပြီး အကြိုဗိုလ်လုပွဲမှာ နယ်သာလန်အသင်းကို ဘိုရီနီရဲ့ သွင်းဂိုး တစ်ဂိုးတည်းနဲ့ နိုင်ပွဲရကာ နောက်ဆုံးဗိုလ်လုပွဲ တက်ရောက်လာခဲ့တာဖြစ်ပါတယ်။ စပိန်နဲ့အီတလီအသင်းဟာ တိုက်စစ်မှူးတွေရဲ့ ဂိုးသွင်းစွမ်းရည်မှာ စပိန်တို့က အားသာချက်ရှိသလို ပွဲစဉ်တစ်လျှောက်မှာ ပေးဂိုးလည်း လုံးဝမရှိခဲ့တဲ့အသင်းဖြစ်ပါတယ်။

အီတလီတို့က တစ်ဂိုးအသွင်းခံထားရပြီး တိုက်စစ်ပိုင်းမှာ စပိန်တို့လောက် ထက်မြက်မှုမရှိပေမယ့် အသင်းလိုက်စုစည်းမှုနဲ့ နားလည်မှုအပိုင်းမှာ ကောင်းမွန်တာတော့ အမှန်ပါပဲ။ နှစ်သင်းစလုံးရဲ့ ကစားအားက ဟန်ချက်ညီနေတာမို့ ဒီပွဲဟာ ပွဲကောင်းတစ်ပွဲဖြစ်လာမှာတော့ အမှန်ပါပဲ။

ဥရောပရဲ့ ဘောလုံးအင်အားကြီး နှစ်နိုင်ငံဆုံတွေ့တဲ့ ဗိုလ်လုပွဲဟာ ထူးခြားမှုရှိပြီး ရင်ခုန်စရာကောင်းနေတာမို့ မလွတ်တမ်း စောင့်စားကြည့်ရှုရမယ့်ပွဲဖြစ်ပါတယ်။ ။

မိုးမြင့်လင်းလက်- ရေးသားသည်

ဘောလုံးသတင်း အတိုအထွာ

မောင်ချစ်ကြည်

- ☆ မန်ယူအသင်းသည် ချယ်လ်ဆီးမှ ခေါ်ယူရန် ကြိုးစားနေသော အသက် ၂၀ အရွယ်ရှိ ဂန်ကယ်ကို ပေါင် ၁၅ သန်းဖြင့် ခေါ်ယူစာချုပ်နိုင်ရေး အပြိုင်ကြိုးစားလျက်ရှိသည်။
- ☆ မန်စီးတီးအသင်းက ဒေါ့မွန်တိုက်စစ်မှူး လီဝမ်ဒေါစကီးကို ပြောင်းရွှေ့ကြေး ပေါင် ၂၅ ဒသမ ၅ သန်းဖြင့် စာချုပ်နိုင်ရေး ပြင်ဆင်နေပြီဖြစ်သည်။
- ☆ ကိုရင်သီယန်အသင်းမှ ကွင်းလယ်ကစားသမား ပေါလင်ဟိုကို စပါးအသင်းက ခေါ်ယူရန် ကြိုးစားနေသည်။
- ☆ ဝီဂန်ကွင်းလယ်ကစားသမား မက်ကာသေးကို စပါးအသင်းက ပြောင်းရွှေ့ကြေးပေါင် သန်း ၂၀ ပေး၍ စာချုပ်နိုင်ရေး ဆွေးနွေးလျက်ရှိသည်။
- ☆ နယူးကာဆယ်အသင်းမှ အသက် ၂၇ နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမား ကာဘာယီသည် မိုနာကိုအသင်းသို့ ပြောင်းရွှေ့မည်ဖြစ်သည်။
- ☆ အသက် ၂၈ နှစ်အရွယ်ရှိ ဗလင်စီယာအသင်းတိုက်စစ်မှူး ဆိုလ်ဒါဒိုက ပရီမီယာလိဂ်သို့ ပြောင်းရွှေ့ရန် ဆန္ဒရှိနေသည်။
- ☆ အသက် ၂၇ နှစ်အရွယ်ရှိ လိုင်ယွန်အသင်းမှ တိုက်စစ်မှူးဂိုမစ်ကို ဆွမ်ဆီးနှင့်ကာဒစ်ဖ်အသင်းတို့က ခေါ်ယူရန် အပြိုင်ကြိုးစားလျက်ရှိသည်။
- ☆ နယူးကာဆယ်အသင်းက အသက် ၂၉ နှစ်အရွယ် တိုက်စစ်မှူး ဒါရင်ဘင့်ကို စာချုပ်နိုင်ရေး ဆွေးနွေးလျက်ရှိသည်။
- ☆ လီဗာပူးအသင်းက အသက်၂၄ နှစ်အရွယ်ရှိ ရှက်တာဒိုးနက်တိုက်စစ်မှူး ဟန်းရစ်ကို ပေါင်သန်း ၂၀ ပေး၍ ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

နိုင်ငံတကာအားကစားသတင်း



အင်္ဂလန်ဂေါက်သီးအားကစားသမား ယူအက်စ်ဖလားဆွတ်ခူး

အင်္ဂလန်ဂေါက်သီးကစားသမား ဂျပ်စတင်းရို့စ်သည် ယူအက်စ်အိုးပင်းဂေါက်သီးရိုက်ပြိုင်ပွဲတွင် ဖလားဆွတ်ခူးသွားခဲ့ရာ ၄၃ နှစ်တာအတွင်း အင်္ဂလန်ဂေါက်သီးကစားသမားတစ်ဦးအနေဖြင့် ပထမဆုံးသော ယင်းဖလားကို ဆွတ်ခူးနိုင်သူဖြစ်လာသည်။ အသက် ၃၂ နှစ်အရွယ်ရှိ ဂျပ်စတင်းရို့စ်သည် ခြောက်ကြိမ်တိုင် ဒုတိယဆုဆွတ်ခူးခဲ့သော ဖီးလ်မိုက်ကယ်ဆင်ကို ကျော်ဖြတ်ကာ နှစ်ချက်အသာဖြင့် ဖလားဆွတ်ခူးသွားခဲ့သည်။

အင်ဒီမာရေး ဖလားဆွတ်ခူး

အင်ဒီမာရေးသည် လန်ဒန်၌ကျင်းပခဲ့သော ကွင်းကလပ်တင်းနစ်ပြိုင်ပွဲတွင် မာရင်စီလစ်ကိုနိုင်ပြီး တတိယအကြိမ်မြောက် ယင်းပြိုင်ပွဲတွင် ဖလားဆွတ်ခူးသွားသည်။ မာရေးနှင့် စီလစ်တို့သည် ဗိုလ်လုပွဲတွင် အကြိတ်အနယ်ကစားခဲ့ရပြီး ၅-၇၊ ၇-၅၊ ၆-၃ဖြင့် အနိုင်ရလိုက်ခြင်းဖြစ်သည်။ မာရေးသည် ၎င်းပြိုင်ပွဲတွင် အနိုင်ရလိုက်ခြင်းဖြင့် မကြာမီကစားမည့် ဝင်ဘယ်ဒန်ဖလားပြိုင်ပွဲအတွက် အကောင်းဆုံးပြင်ဆင်ပြီးသားဖြစ်သွားခဲ့သည်။

(၇၇) လုံးမြောက်ဖလား ဖက်ဒဲရားရယူ

ဆွစ်ဇာလန်နာမည်ကြီး တင်းနစ်ကစားသမား ရော်ဂျာဖက်ဒဲရားသည် ဂျာမနီနိုင်ငံ၌ကျင်းပသော ဂါရီဝက်ဘားအိုးပင်း တင်းနစ်ပြိုင်ပွဲတွင် ရုရှားမှ မီးခေးလ်ယွတ်ဇနီးအား အနိုင်ရပြီး ၂၀၁၂ ခုနှစ် ဩဂုတ်လနောက်ပိုင်း ပထမဆုံး ဖလားဆွတ်ခူးသွားသည်။ အသက် ၃၁ နှစ်ရှိ ဖက်ဒဲရားသည် ယင်းပြိုင်ပွဲတွင် ဖလားဆွတ်ခူးနိုင်ခဲ့ခြင်းဖြင့် ၎င်း၏ တင်းနစ်ကစားသမားဘဝသက်တမ်းတစ်လျှောက်(၇၇)လုံးမြောက်ဖလားကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

ကောင်းမြတ်သူ စုစည်းသည်

ဒေါက်တာခင်ရွှေနှင့် အများသိစေရန် ကြေညာခြင်း

၅-၆-၂၀၁၃ ရက် မြန်မာ့အလင်းသတင်းစာ (စာ-၂၁)တွင် ရွှေအာရှသမဝါယမအသင်းလီမိတက် ဥက္ကဋ္ဌဖြစ်သူ ဒေါက်တာခင်ရွှေ၏ ညွှန်ကြားချက်အရ ရှေ့နေသုံးဦးတို့မှ ရန်ကုန်မြို့၊ အနော်ရထာလမ်းနှင့် မဟာဗန္ဓုလလမ်းကြား (၄၇လမ်းနှင့် ၄၈လမ်း)အကြားတွင် ဆောက်လုပ်ထားသော ရွှေအာရှကွန်ဒိုမီနီယံအိမ်ရာစီမံကိန်းမှ တိုက်ခန်းများအနက် (အေ-၅-၀၁)၊ (အေ-၅-၀၂)၊ (အေ-၅-၀၃)၊ (အေ-၅-၀၄)၊ (အေ-၅-၀၅)၊ (အေ-၅-၀၆)၊ (အေ-၅-၀၇)၊ (အေ-၅-၀၈)၊ (အေ-၆-၀၁)၊ (အေ-၆-၀၂) တိုက်ခန်း ၁၀ခန်းကို Asia Express (Ygn) Co.,Ltd. ၏ မန်နေးဂျင်းဒါရိုက်တာ ဦးဝင်းစိန်ထံမှ ဒေါက်တာခင်ရွှေက အဆိုပါကြော်ငြာပါသည့်ရက်မှ ၁၄ ရက်အတွင်းပေးအပ်ရန် တောင်းဆိုထားကြောင်း တွေ့ရပါသည်။

အဆိုပါတိုက်ခန်း ၁၀ခန်းကို အကျိုးခံစားခွင့်ရရှိထားသူ လေးဦးဖြစ်သော သမအသင်း ဥက္ကဋ္ဌဒေါက်တာခင်ရွှေ၊ ဒုဥက္ကဋ္ဌဦးမောင်မောင်၊ အတွင်းရေးမှူးဦးတင်အောင်မြင့်နှင့် တွဲဖက်အတွင်းရေးမှူးဦးတင့်ဆန်းတို့လေးဦးထံမှ ၁-၉-၂၀၀၅ ရက်စွဲဖြင့် **နှစ်ဦးသဘောတူ တိုက်ခန်းများ အရောင်းအဝယ်ကတိစာချုပ်** ချုပ်ဆို၍ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်ဝါဝါ ၁၂/ကတတ(နိုင်) ၀၁၅၄၂၂က စရန်ပေးဝယ်ယူထားပြီးဖြစ်ပါသည်။ ၈-၆-၂၀၁၃ ရက်စွဲပါ အစည်းအဝေးမှတ်တမ်း အရ ရောင်းသူနေရာတွင် တွဲဖက်အတွင်းရေးမှူး ဦးတင့်ဆန်းက လက်မှတ်ရေးထိုးခဲ့ပါသည်။

ယင်းတိုက်ခန်းများ၏ တန်ဖိုးငွေတစ်စိတ်တစ်ဒေသဖြစ်သော ငွေကျပ်သိန်း ၁၇၅၀ တိတိကို ရောင်းချသူ ဒေါက်တာခင်ရွှေအပါအဝင် လေးဦးသို့ အောက်ပါအတိုင်း ပေးချေထားပြီးဖြစ်ပါသည်။

(က) ၁-၉-၂၀၀၅ရက်တွင် ငွေကျပ် သိန်း ၈၀၀ကို စာချုပ်သောနေ့စရန်ငွေအဖြစ်လည်းကောင်း

(ခ) ၁၂-၁-၂၀၀၆ရက်တွင် ငွေကျပ် သိန်း ၆၀၀ နှစ်ဖက်ညှိနှိုင်း၍ပထမအရစ်ကိုလည်းကောင်း

(ဂ) ၃-၅-၂၀၀၆ရက်တွင် ငွေကျပ် သိန်း ၃၅၀ နှစ်ဖက်ညှိနှိုင်း၍ဒုတိယအရစ်ကိုလည်းကောင်း

ထိုသို့အရစ်ကျငွေများ ပေးချေနေသော်လည်း ထိုအချိန်က အဆိုပါတိုက်ခန်းများမှာမြေပေါ်သို့တက်မလာဘဲ ဆောက်လုပ်ရေးလုပ်ငန်းများ ရပ်ဆိုင်းနေကြောင်း သိရသဖြင့် စုံစမ်းကြည့်ရာ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနနှင့် ရွှေအာရှတို့မူလကစီစဉ်ထားသည့်အတိုင်း ၂၀း၈၀အချိုးဖြင့် တည်ဆောက်ရန် လုပ်ငန်းဆောင်ရွက်မှုသဘောတူစာချုပ် ချုပ်ဆိုရန်ကိစ္စမှာ နိုင်ငံတော်မှမူပြောင်းသွားသဖြင့် စာချုပ်မချုပ်နိုင်ဘဲ လုပ်ငန်းရပ်ဆိုင်းသွားကြောင်း သိရှိရပါသည်။

အဆိုပါလုပ်ငန်းရပ်ဆိုင်းနေခြင်းကြောင့် အထက်ပါတိုက်ခန်း ၁၀ခန်းပါဝင်သည့် အဆောက်အအုံကို နိုင်ငံတော်မှ တရားဝင်တည်ဆောက်ခွင့်ပြုမိန့် ရရှိလာအောင် စောင့်ဆိုင်းရန် လိုအပ်သည့်အတွက် ငွေဆက်လက်မပေးချေသေးဘဲ စောင့်ဆိုင်းခဲ့ရပါသည်။ ထို့ကြောင့် လုပ်ငန်းများတိုးတက်မှုရရှိလာအောင် ဝိုင်းဝန်းညှိနှိုင်းဆောင်ရွက်ပေးရန်နှင့် လုပ်ငန်းတိုးတက်မှု(Progress) များ ရှိလာသည့်အခါ ငွေဆက်လက်ပေးသွားမည်ဖြစ်ကြောင်း စာချုပ်လက်မှတ်ထိုးရောင်းချသူ ဦးတင့်ဆန်းထံ ၂၄-၈-၂၀၀၆ ရက်စွဲဖြင့် အကြောင်းကြားစာပေးပို့ခဲ့သော်လည်း အကြောင်းပြန်ကြားခြင်းမရှိခဲ့ပါ။

တိုက်ခန်းများအရောင်းအဝယ်စာချုပ်အပိုဒ်(၅)တွင် တိုက်ခန်း ၁၀ခန်းနှင့်ပတ်သက်၍ ပိုင်ဆိုင်မှုအရှုပ်အရှင်း တစ်စုံတစ်ရာပေါ်ပေါက်ပါက မိမိစရိတ်ဖြင့် တာဝန်ယူဖြေရှင်းပေးမည်ဖြစ်ကြောင်း ရောင်းသူဘက်က ဝန်ခံကတိပြုထားပါသည်။ ထို့ကြောင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်ဝါဝါဝယ်ယူထားသော တိုက်ခန်း ၁၀ ခန်းအနက် ခြောက်ခန်းမှာ နိုင်ငံတော်မှ တောင်းဆိုသည့်အတိုင်း ထောင်လိုက်အချိုးခွဲရာတွင် ပါသွားသည့်ကိစ္စကို ရောင်းချသူများဘက်မှ မည်သို့တာဝန်ယူ ဖြေရှင်းပေးမည်ကို သိလိုကြောင်းလည်း တောင်းဆိုအပ်ပါသည်။

ယခုအခါ သတင်းစာကြော်ငြာတွင် ဒေါ်ခင်ဝါဝါသို့ တိုက်ခန်းများ ကြိုတင်ရောင်းချထားခြင်းကို ထိမ်ချန်၍ ဒေါက်တာခင်ရွှေအဖွဲ့ပိုင်ဖြစ်သယောင် အခန်းတောင်းခံနေခြင်းကို တွေ့ရှိပါသဖြင့် ထိုအခန်းများမှာ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်ဝါဝါ ဝယ်ယူထားသောအခန်းများဖြစ်ကြောင်းနှင့် အခြားမည်သူ့ကိုမျှ ထပ်မံရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းစွန့်ကြဲခြင်းများ မပြုလုပ်ပါရန် ဦးခင်ရွှေအပါအဝင် ရောင်းသူလေးဦးနှင့် အများပြည်သူသိစေရန် ကြေညာအပ်ပါသည်။

ထို့အပြင် တိုက်ခန်းများ အရောင်းအဝယ်ကတိစာချုပ် အပိုဒ်(၅)တွင် အခန်းရောင်းသူ ဒေါက်တာခင်ရွှေအပါအဝင် လေးဦးတို့အနေဖြင့် ၎င်းတို့အခန်းလက်ခံရယူသည့်ရက်တွင် ဝယ်သူ ဒေါ်ခင်ဝါဝါသို့ လက်ရောက်အပ်နှံပေးရန် ဝန်ခံကတိပြုထားသဖြင့် အဆောက်အအုံ တည်ဆောက်သူအနေဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်ဝါဝါအား အသိမပေးဘဲ မည်သည့်အခန်းကိုမျှ အပ်နှံခြင်းမပြုပါရန် အသိပေးပါကြောင်းကိုလည်း အများပြည်သူ သိစေအပ်ပါသည်။

ဒေါ်ခင်ဝါဝါ၏ညွှန်ကြားချက်အရ-
ဦးမြင့်သိန်း
တရားလွှတ်တော်ရှေ့နေ(စဉ်-၃၂၀၃)
အမှတ် ၉/၁၁၊ အခန်း ၀၀၄-A၊ ၃၆လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၅၁၈၉၅၁၃

ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာန
နေပြည်တော် ခုတင် ၁၀၀၀ဆံ့ အထွေထွေရောဂါကုဆေးရုံကြီး

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နေပြည်တော် ခုတင် ၁၀၀၀ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးတွင် လူနာများအတွက် ဆေးဝါးပစ္စည်းဝယ်ယူရန် အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရရှိမည့်ရက်** - ၁၉-၆-၂၀၁၃ရက်
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၁၇-၇-၂၀၁၃ရက် ညနေ ၄ နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များ၊ ပစ္စည်းများစာရင်း အသေးစိတ်ကို သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါခေါ်ယူစိစစ်ရေးအဖွဲ့
နေပြည်တော် ခုတင် ၁၀၀၀ဆံ့
အထွေထွေရောဂါကုဆေးရုံကြီး

အများသိစေရန်ကြော်ငြာခြင်း

ပြင်ဦးလွင်မြို့ရှိ ဦးလှဒွဲ ပိုင်ဆိုင်သောမြေကွက်အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၅)တွင်နေသူ ဦးလှဒွဲ ၁/မကတ(နိုင်)၀၀၆၉၉၂ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသောအောက်တွင် အသေးစိတ်ဖော်ပြထားသည့်မြေကွက်ကို ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူဦးအေးထွန်းမှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေ(ကြိုတင်ပေးငွေ)တစ်စိတ်တစ်ဒေသကို ရောင်းသူဦးလှဒွဲသို့ ပေးချေထားပြီးဖြစ်ပါသည်။

ယင်းအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုအထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို တည်ဆဲပြဋ္ဌာန်းဥပဒေများနှင့်အညီ ပြီးဆုံးသည့်တိုင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

အရောင်းအဝယ်ပြုလုပ်မည့်မြေကွက်

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၆)၊ အကွက်အမှတ်(RA-III)၊ ကွက်ပြင်ရပ်၊ ဦးပိုင်အမှတ်(၆၈)၊ မြေယာအမှတ်(၁၉၅)၊ မြေဧရိယာ(၃ဒသမ၅၆)ဧကမှ ခွဲစိတ်ထားသော ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး(၆)၊ အကွက်အမှတ်(RA-III)၊ ကွက်ပြင်ရပ်၊ ဦးပိုင်အမှတ်(၆၈-ဆ)၊ မြေယာအမှတ်(၁၉၅-G)၊ မြေဧရိယာ ၀ ဒသမ ၁၅ ဧကဟုအမည်တွင်သော မြို့မြေယာကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံး။

ဝယ်ယူသူဦးအေးထွန်း၏လွှဲအပ်ချက်အရ-

ဦးထင်ကျော် B.Sc., H.G.P., R.L — **တရားလွှတ်တော်ရှေ့နေ(၅၃၁၅)**

ဒေါ်သက်လေးချို LL.B., D.B.L — **အထက်တန်းရှေ့နေ(၃၁၄၂၄)**

၁၃၈၊ ပထမထပ်၊ ၃၂လမ်း(လယ်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၂၄၃၅၆၈၊ ၀၉-၅၁၈၆၀၂၁

ကြော်ငြာ

Orchid Condominium



Orchid Condominium



- ရန်ကုန်မြို့၏ အချက်အချာကျသော နေရာတွင် တည်ရှိခြင်း။
- ယာဉ်ကြောပိတ်ဆို့မှု ကင်းဝေးပြီး သွားလာရလွယ်ကူသည့် နေရာတွင် တည်ရှိခြင်း။
- အလုံမြို့နယ် ... Sakura ဆေးရုံ ... ဆေးရုံ ... ဆေးရုံများ၊ Shopping Centre များ ... နီးကပ်စွာတည်ရှိခြင်း။
- ... အခန်းများတွင် ... နေထိုင်မှုသက်တောင့်သက်သာရှိခြင်း။
- ... ဧည့်ခန်း ... အိပ်ခန်း ... ရေချိုးခန်း ... ကို အဆင့်မြင့်စွာ ဆောင်ရွက်ထားခြင်း။
- ... Car Parking ၊ ... Mini Market များကို ... ဆောင်ထားခြင်း။
- (၂၄)နာရီ ... Generator ... တပ်ဆင်ထားခြင်း။
- အခန်းတွင်းကို ... အဆင့်မြင့် ပြင်ဆင်ပေးခြင်း။
- ... ဓာတ်လှေကား(၃)စင်း တပ်ဆင်ထားခြင်း။
- ... Orchid Condominium ကိုဝယ်ယူရန် ... ဖိတ်ခေါ်အပ်ပါသည်။

(10.6.2013 မှ 10.7.2013) အထိ ဝယ်ယူအားပေးသော Customer များအတွက် " အထူးလျှော့ဈေး " ဖြင့် ရောင်းချပေးနေပါသည်။

Fully Furnished အပြည့်အစုံဖြင့်
အခန်း(၈၀)အား ... ဝယ်ယူအားပေးသော
Customer များကို ... ပေးမည်ဖြစ်ပါသည်။

အရောင်းဆိုင် – ... အမှတ်(၄၅) ... ရန်ကုန်။

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

တာချီလိတ်၌ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေးဆောင်ရွက်

တာချီလိတ် ဇွန် ၁၇

ယခုနှစ် မိုးဦးကျကာလအတွင်း ရာသီဥတုမမှန်ကန်ဘဲ မိုးရွာသွန်းလျှင် ပြင်းထန်စွာရွာသွန်းခြင်း၊ နေပူလျှင် ၄၀ ဒီဂရီကျော်အထိ အပူချိန် ပြင်းထန်လွန်ကဲခြင်းစသည့် အချက်များသည် ခြင်ပေါက်ပွားမှုကို တိုးမြင့်စေသည့် အချက်တစ်ခုဖြစ်ခြင်းကြောင့် ဖြစ်ပွားတတ်သည့် ရောဂါများ၊အထူးသဖြင့်သွေးလွန်တုပ်ကွေးဖြစ်ပွားမှု များပြားလာသည့်အတွက် တာချီလိတ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ခရိုင်ကျန်းမာရေးဦးစီးဌာနတို့၏ ပူးပေါင်းစီစဉ်မှုဖြင့် ကျန်းမာရေးအသိပညာပေးမှုများ၊ ခြင်နှင့်ပိုးလောက်လမ်းနှိမ်နင်းမှုလုပ်ငန်းများကို မေလနောက်ဆုံးပတ်မှစတင်ကာ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် ခရိုင်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာစောလွင်၊ VBDC အဖွဲ့ခေါင်းဆောင် ဒေါက်တာဘစိုးသက်တို့ ဦးဆောင်သော ကျန်းမာရေးဝန်ထမ်းများသည် ခရိုင်နှင့်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ရပ်ကွက်နှင့်ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ပူးပေါင်းကာ တာချီလိတ်မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများအတွင်း ကျန်းမာရေးအသိပညာပေးဟောပြောခြင်း၊ ပိုးလောက်လမ်းနှိမ်နင်းရေးလုပ်ငန်း(ဖုံး၊ သွန်၊ လဲ၊ စစ်)များ၊ အဘိတ်ဆေးခတ်ခြင်းလုပ်ငန်းများ၊ ကြီးကောင်ခြင်နှိမ်နင်းခြင်း(စက်ဖြင့် ခြင်ဆေးမှုတ်ခြင်း) များ၊ ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းများကို ဆောင်ရွက်ကာ ဆေးစိမ်ခြင်ထောင်များကို အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

မောင်ယဉ်ကျေး

ချင်းတိုင်းရင်းသားစာပေ ပြုစုပြီးစီး ရခိုင်ရှိချင်းတိုင်းရင်းသားများအား သင်ကြားပေးမည်

စစ်တွေ ဇွန် ၁၇

ရခိုင်ပြည်နယ်အတွင်း ပျံ့နှံ့နေထိုင်လျက်ရှိသည့် ချင်းတိုင်းရင်းသားကလေးသူငယ်များကို သင်ကြားပြသနိုင်ရန် ချင်းစာပေကို အတည်ပြုခဲ့ပြီးဖြစ်ကြောင်း ရခိုင်ပြည်နယ် ချင်းတိုင်းရင်းသားရေးရာဝန်ကြီးဌာနဝန်ကြီး ဦးကိုကိုနိုင်က ပြောကြားသည်။ ဇွန် ၁၄ နှင့် ၁၅ ရက်တို့တွင်ပြုလုပ်ခဲ့သည့် ချင်းတိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုကော်မတီမှ ဆုံးဖြတ်အတည်ပြုခဲ့ခြင်းဖြစ်ပြီး ရခိုင်ပြည်နယ်အတွင်း မင်းပြား၊ မြေပုံ၊ အမ်း၊ တောင်ကုတ်၊ သံတွဲ၊ ဂွမြို့နယ်များတွင် ချင်းလူမျိုးများ ပျံ့နှံ့နေထိုင်လျက်ရှိကာ စုမ်းသူချင်း၊ လေးတူချင်းနှင့် အရှို(ခမော)ချင်းလူမျိုးများဖြစ်ကြောင်း သိရသည်။

ချင်းစာပေများကို မျိုးနွယ်စုအလိုက် ရေးသားပြုစုခဲ့ရကြောင်း တောင်ကုတ်နှင့်သံတွဲမြို့နယ်များတွင် အရှို(ခမော)ချင်းစာပေကိုသင်ကြားပေးသွားမည်ဖြစ်ကာ မြေပုံ၊ မင်းပြားနှင့် အမ်းမြို့နယ်များတွင် စုမ်းသူစာပေ၊ လေးတူစာပေနှင့်အရှို(ခမော)စာပေများကို သင်ကြားပေးသွားမည်ဖြစ်ကြောင်းသိရသည်။ ကျင်းပခဲ့သည့်အစည်းအဝေးမှ ချင်းတိုင်းရင်းသား စာပေနှင့်ယဉ်ကျေးမှုကော်မတီ (ပြည်နယ်အဆင့်)အား ရွေးချယ်ခဲ့ရာ မင်းပြားမြို့နယ်မှ ကိုယ်စားလှယ်ငါးဦး၊ မြေပုံမြို့နယ်မှ ကိုယ်စားလှယ်ငါးဦး၊ အမ်းမြို့နယ်မှ ကိုယ်စားလှယ်သုံးဦး၊ တောင်ကုတ်မြို့နယ်မှ ကိုယ်စားလှယ်လေးဦး၊ သံတွဲမြို့နယ်မှ ကိုယ်စားလှယ်သုံးဦးဖြင့် ဖွဲ့စည်းခဲ့ကြောင်းသိရသည်။ ၂၀၀၈ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပါသတ်မှတ်ပြဋ္ဌာန်းချက်အရ ရခိုင်ပြည်နယ်အတွင်းချင်းတိုင်းရင်းသားကိုယ်စားလှယ်တစ်ဦးကို ရွေးချယ်တင်မြှောက်ခွင့်ရရှိခဲ့ခြင်းဖြစ်သည်။ **(ကစ္စပမီဒီယာ)**

မရမ်းကုန်းမြို့နယ်အတွင်း သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေးဆောင်ရွက်

ရန်ကုန် ဇွန် ၁၇

ရန်ကုန်တိုင်းဒေသကြီး အနောက်ပိုင်းခရိုင် မရမ်းကုန်းမြို့နယ်အတွင်း၌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်နိုင် ဦးဆောင်သော မြို့နယ်ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများ စုပေါင်းအဖွဲ့သည် သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေး လူထုလုပ်ရှားမှုလုပ်ငန်းများကို ဇွန် ၁၅ ရက် နံနက် ၇ နာရီက အမှတ် ၃ ရပ်ကွက်ရှိလမ်းများအလိုက် တစ်အိမ်တက်ဆင်း ဖုံး၊ သွန်၊ လဲ၊ စစ် ဆောင်ရွက်ခြင်း၊ ခန်းဆီးလိုက်ကာ၊ ခြင်ထောင်များ ပိုးသတ်ဆေးစိမ်ခြင်း၊ အဘိတ်ဆေးခတ်ခြင်း၊ သွေးလွန်တုပ်ကွေးရောဂါအကြောင်း သိကောင်းစရာများ ဟောပြောပို့ချခြင်းများ ဆောင်ရွက်ကြရာတွင် ရန်ကုန်မြို့တော် စည်ပင်သာယာရေးဝန်ကြီး ဒေါက်တာမြင့်သိန်းက ကွင်းဆင်းစစ်ဆေးကြည့်ရှုခဲ့ကြောင်း သိရသည်။ **(၀၁၅)**

စာအုပ်စာပေ လူ့မိတ်ဆွေ

ဂန့်ဂေါ်၌ စာစီစာကုံးပြိုင်ပွဲ ကျင်းပ

ဂန့်ဂေါ ဇွန် ၁၇

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲကို ဇွန် ၁၁ ရက် နံနက်က ဂန့်ဂေါမြို့ မြို့မရပ်ကွက် အခြေခံပညာအထက်တန်းကျောင်းခွဲ၌ ကျင်းပရာ အထက်တန်းအဆင့် ၁၀ ဦးနှင့် အလယ်တန်းအဆင့် ၁၉ဦးတို့ ပါဝင်ယှဉ်ပြိုင်ကြကြောင်းသိရသည်။ **(အောက်ပုံ)** **(၁၀၁)**

အင်္ဂလိပ်စကားပြော အခမဲ့ သင်တန်းဖွင့်

မြိတ် ဇွန် ၁၇

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ ကလွင်ကျေးရွာအုပ်စု တောရကျောင်းရပ် သံသရာအေးဘုန်းတော်ကြီးပညာသင်ကျောင်းအတွင်း၌ ဇွန် ၁၅ ရက် မွန်းလွဲပိုင်းက သင်တန်းသား ၃၁ ဦး၊ သင်တန်းသူ ၃၉ ဦး ပေါင်း ၇၀ တို့အား အင်္ဂလိပ်စကားပြောအခမဲ့သင်တန်း ဖွင့်ပွဲကျင်းပရာ သံသရာအေးဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသုဇာတက ဩဝါဒကထာချီးမြှင့်သည်။ အဆိုပါ သင်တန်းကို စနေ၊ တနင်္ဂနွေနေ့တိုင်း ဆရာချစ်ကိုကို (INTERPRETER) က ခြောက်လသင်တန်းပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

မိုးဟိန်း(မြိတ်)

သတ္တုတွင်းဝန်ကြီးဌာန အမှတ်(၂)သတ္တုတွင်းလုပ်ငန်း အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သတ္တုတွင်းဝန်ကြီးဌာန၊ အမှတ်(၂)သတ္တုတွင်းလုပ်ငန်း လက်အောက်ရှိ ခဲမဖြူအဖြိုက်နက် ခွဲခြားသန့်စင်စက်ရုံ(လှိုင်ကော်)အား ပုဂ္ဂလိကနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် အိတ်ဖွင့်ဈေးပြိုင်စနစ်ဖြင့် တင်ဒါခေါ်ယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ တင်ဒါပိတ်ရက်မှာ ၂၀၁၃ခုနှစ် ဇူလိုင် ၉ရက် ၁၆း၀၀နာရီ ဖြစ်ပါသည်။

၃။ တင်ဒါပုံစံများနှင့်အသေးစိတ်သိရှိလိုသော အချက်အလက်များကို ဝယ်ယူရောင်းချရေးဌာနခွဲ၊ အမှတ်(၂)သတ္တုတွင်းလုပ်ငန်း၊ သတ္တုတွင်းဝန်ကြီးဌာန၊ ရုံးအမှတ်(၁၉)၊ နေပြည်တော် ဖုန်း-၀၆၇-၄၀၉၃၉၀နှင့် ၀၆၇-၄၀၉၃၉၁တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းရယူနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
အမှတ်(၂)သတ္တုတွင်းလုပ်ငန်း
သတ္တုတွင်းဝန်ကြီးဌာန

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်းမှ အောက်ပါပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူရန်အတွက် တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က)	ရုံးသုံးစာရေးကိရိယာပစ္စည်း	၁၃ မျိုး
(ခ)	လျှပ်စစ်ပစ္စည်း	၂၂ မျိုး
(ဂ)	ရေ/သန့်ပစ္စည်း	၁၃ မျိုး
(ဃ)	လုပ်ငန်းသုံးပစ္စည်း	၅ မျိုး

၂။ တင်ဒါပိတ်ရက်နှင့်အချိန်-၁၆-၇-၂၀၁၃ ရက် မွန်းလွဲ ၁း၀၀ နာရီ

၃။ တင်ဒါပုံစံများကို ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်း၊ မိတ္ထီလာမြို့တွင် သတင်းစာပါ ကြေညာသည့်ရက်မှစ၍ ရုံးချိန်အတွင်းဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကို ဌာနမှူး ဖုန်း-၀၆၄-၂၄၅၄၆၊ ဌာနခွဲမှူး(စီမံ) ဖုန်း-၀၆၄-၂၄၅၄၅တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်း၊ မိတ္ထီလာမြို့

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နေပြည်တော်ကောင်စီနယ်မြေနှင့် မကွေးတိုင်းဒေသကြီးအတွင်းရှိ လမ်းအထူးအဖွဲ့(၅)၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပြည်ထောင်စုနှင့် တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေဖြင့် လမ်းလုပ်ငန်းများဆောင်ရွက်ရန် လိုအပ်သည့်လမ်းခင်းပစ္စည်းများကို လမ်းအလိုက်၊ အပိုင်းအလိုက် (မြန်မာကျပ်ငွေဖြင့်) ဝယ်ယူလိုပါသည်။

စဉ်	ကျောက်အမျိုးအစား	အရေအတွက်
၁။	ခွဲကျောက်မျိုးစုံ	၆၆၁၁ ကျင်း
၂။	ကျောက်ရောမြေ	၁၄၅၈ ကျင်း
	တင်ဒါပုံစံရောင်းချမည့်ရက် -	၁၇-၆-၂၀၁၃ ရက်
	တင်ဒါပိတ်မည့်ရက် -	၁-၇-၂၀၁၃ ရက်
	တင်ဒါပိတ်မည့်အချိန် -	၁၆း၃၀ နာရီ

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို နေပြည်တော်ကောင်စီနယ်မြေ၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ လမ်းဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့ (၅)ရုံး၊ ပျဉ်းမနားမြို့တွင် ၁၇-၆-၂၀၁၃ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ
ဖုန်း-၀၆၇-၂၁၁၀၂၊ ၀၉-၄၂၀၇၃၂၀၃၆

မိတ္တူကူးစက်ပြင်
ကျွမ်းကျင်ဝန်ထမ်း အလိုရှိသည်
အနိမ့်ဆုံးလစာ တစ်သိန်းခွဲ (စားစရိတ်ငြိမ်း)
ဆက်သွယ်ရန် ဖုန်း-၀၉-၂၄၀၁၄၆၆၊ ၀၇၄-၂၀၈၆၆

ကလေးနာမည်ပေး
ကွန်ပျူတာပုရောဟိတ်
တြိစက္ကဗေဒစစ်ပြီးဟောစာတမ်း(၃၄)မျက်နှာ ကလေးနာမည်(၁၅၀)ကျော် 0931079394
095179128 0931300995
၂၂၀(ပ)ထပ်၃၇လမ်း(ထက်)ရန်ကုန်

ကလေးနာမည်ပေး
ဗေဒဇော်ဝင်း (L.L.B)
ကွန်ပျူတာဖြင့် နာမည်မပေးပါ။
394727, 399426, 09 73009994
အမှတ်(၄၆)၊ မြေညီထပ်၊ လမ်း(၉၀)မင်္ဂလာတောင်ညွန့်။(ပိတ်ရက်မရှိ)

ဒေါ်မော်မော်
B.Sc (Phy)Q, D.A (Myan), D.A (L.C.C.I) UK, DMAc, DFAc
L.C.C.I Level 1,2,3 & Computerised Accounting
သင်တန်းများဖွင့်ပြီ ကျောင်းအပ်လက်ခံပြီ
09-73205079, 09-43031955
၁၀၈(၃-ထပ်)၊၃၇-လမ်း၊ကုန်သည်လမ်းနှင့်မဟာဗန္ဓုလလမ်းကြား။

EVER TOP ဘာသာစကားသင်တန်း Ph: 0973040610
အမှတ်(၆၆/၆၈)၊ရွှေဂုံတိုင်၊စိန်လမ်း(စံရိပ်ငြိမ်မှတ်တိုင်၊လှည်းတန်းအနီး) 098770096

ဂျပန်	အင်္ဂလိပ်	ကိုရီးယား
ဦးအောင်ဆွေဦး၊ဦးအေးသိန်း ဂျပန်စကားပြော (၅၀၀၀/) အခြေခံ /စာမေးပွဲတန်းများ	ဦးမိုးမြင့်မောင်(Top) @ SayaWilliam ဆရာချမ်းဇော်ထက် ဆရာအောင်အောင်၊ 4-Skills (၅၀၀၀ကျပ်) Phonetics (၅၀၀၀ကျပ်) Interview/စကားပြောအမြန် Grammar+Writing	ဒေါ်ခင်ယုယုစမ်း TOPIK (မေးခွန်း၂၀၀၀) 4-Skills (အခြေခံ)
တရုတ်		**မလေး**
ဆရာစိုင်းဆိုင်ခမ်း စကားပြောအမြန်၁လ (၃၀၀၀၀)		ဦးစိုးသီဟ မလေးစကားပြောအမြန်

အင်္ဂလိပ်/ဂျပန်စကားပြော (၁၀၀၀၀/ကျပ်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
ပညာရေးစီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာန
အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

ပညာရေးစီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာနမှ **သိပ္ပံပစ္စည်းနှင့်ဓာတ်ဆေးများ၊ စက်မှုလက်မှု၊ စိုက်ပျိုးရေး၊ အားကစား၊ အိမ်တွင်းမှု၊ ပန်းချီ၊ ဂီတ+Organ နှင့် မီးစက်+စက်ပစ္စည်းများ**ကို အောက်ဖော်ပြပါစာရင်းများအရ ဌာနအရောက်ကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါသွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
၁	သိပ္ပံပစ္စည်း+ဓာတ်ဆေး	(၁၃၅)မျိုး
၂	စက်မှုလက်မှုပစ္စည်း	(၁၀)မျိုး
၃	စိုက်ပျိုးရေးပစ္စည်း	(၁၃)မျိုး
၄	အားကစားပစ္စည်း	(၉)မျိုး
၅	အိမ်တွင်းမှုပစ္စည်း	(၁၁)မျိုး
၆	ပန်းချီပစ္စည်း	(၅)မျိုး
၇	ဂီတပစ္စည်း+Organ	(၈)မျိုး
၈	မီးစက်+စက်ပစ္စည်း	(၆)မျိုး

အိတ်ဖွင့်တင်ဒါပိတ်ရက်မှာ **၁၅-၇-၂၀၁၃ ရက်(တနင်္လာနေ့)ညနေ (၁၅း၀၀)** နာရီဖြစ်ပါသည်။ အိတ်ဖွင့်တင်ဒါတင်သွင်းရန်ပုံစံနှင့်စည်းကမ်းများကို **၁၄-၆-၂၀၁၃ ရက် (သောကြာနေ့)**တွင် ရုံးအမှတ်(၁၃)၊ ပညာရေးစီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာန၊ နေပြည်တော် (သို့မဟုတ်)ဤဦးစီးဌာန(သင်ရိုးဌာနခွဲ)၊ အမှတ် ၁၂၃၊ နတ်မောက်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့သို့ လာရောက်ဆက်သွယ်ထုတ်ယူနိုင်ပါသည်။

ဆက်သွယ်ရန် ဖုန်း-၀၆၇-၄၀၇၃၉၇၊ ၄၀၇၃၉၅၊ ၀၁-၅၅၇၃၀၉၊ ၅၅၇၆၇၅၊ ၅၅၅၃၇၈

အိတ်ဖွင့်တင်ဒါစိစစ်ရေးကော်မတီ
ပညာရေးစီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာန
ရုံးအမှတ် ၁၃၊ ပညာရေးဝန်ကြီးဌာန၊ နေပြည်တော်

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းမှ အောက်ဖော်ပြပါပစ္စည်းများအား ဂိုဒေါင်အရောက် တန်ဖိုး DDP(ပေါင်းလောင်း) မြန်မာ(ကျပ်)ငွေဖြင့် ဝယ်ယူလိုပါသည်-

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
	Tender No. 03/HPGE/2013-2014	
(က)	Floor Standing Type 3 HP Air Conditioner	(44)Sets
(ခ)	Split Type Air Conditioner (2HP)	(18)Nos
	Tender No. 04/HPGE/2013-2014	
(က)	ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများအတွက် Bearing များ	(5)Sets
	Tender No. 05/HPGE/2013-2014	
(က)	သဖန်းဆိပ်စက်ရုံနှင့် တီကျစ်စက်ရုံအတွက် Control Card များ	(15)Nos
	Tender No. 06/HPGE/2013-2014	
(က)	11kV Vacuum Circuit Breakers (without Pannel)	(7)Nos
	Tender No. 07/HPGE/2013-2014	
(က)	တီကျစ်စက်ရုံအတွက် High Pressure heater	(1)Set
	Tender No. 08/HPGE/2013-2014	
(က)	ရုံးချုပ်အတွက် Electrical Testing Equipments များ	(12)Sets
	Tender No. 09/HPGE/2013-2014	
(က)	ဓာတ်အားပေးစက်ရုံများအတွက် စက်ဆီ၊ချောဆီများဝယ်ယူခြင်း	(900)Drums

၂။ အိတ်ဖွင့်တင်ဒါပိတ်ရက်မှာ ၂၀၁၃ခုနှစ် ဇူလိုင် ၂၃ရက် မွန်းတည့် ၁၂နာရီဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ဖော်ပြပါဌာနတွင် လာရောက်စုံစမ်းနိုင်ပါသည်။

ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း
ရုံးအမှတ် ၃၈၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၁၁၆၈နှင့် ၄၁၁၀၇၆

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

ပညာသင်စရိတ် ထောက်ပံ့ပေးအပ်

ရန်ကုန် ဇွန် ၁၇

ရန်ကုန်အရှေ့ပိုင်းခရိုင် မင်္ဂလာတောင်ညွန့်မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရှိ ဝန်ထမ်းသားသမီး ၁၄ ဦးတို့အား ၂၀၁၃-၂၀၁၄ ပညာသင်နှစ်အတွက် ပညာသင်စရိတ် ငွေကျပ် ၃၀၀၀၀၀နှင့် ကျောင်းသုံးစာရေးကိရိယာငွေကျပ် တစ်သိန်းကျော်ကို ဇွန် ၄ ရက်က မြို့နယ်အစည်းအဝေးခန်းမဆောင်၌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇေယျာအုန်းက တစ်ဦးချင်း ပေးအပ်ခဲ့သည်။ **(ယာပုံ)**

တက္ကသိုလ်ကျောင်းသားများအတွက် တစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀၊ အထက်တန်းနှင့် အလယ်တန်းအဆင့်အတွက် ငွေကျပ်၂၀၀၀၀၊ မူလတန်းနှင့်မူလတန်းကြိုအဆင့်အတွက် ငွေကျပ် ၁၅၀၀၀ဖြစ်ကြောင်း သိရသည်။

အောင်သန်း(မင်္ဂလာတောင်ညွန့်)

သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး ကျေးရွာများသို့ အချိန်မီကွင်းဆင်းဆောင်ရွက်

ကျောက်တန်း ဇွန် ၁၇

ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအဖွဲ့မှ ကြီးမှူး၍ ကျေးရွာများသို့ သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေးအတွက် ဆေးဖျန်းခြင်းနှင့်အဘိတ်ဆေးထည့်ပေးခြင်းများကို ဇွန် ၁၅ ရက်က ကွင်းဆင်းဆောင်ရွက်ကြသည်။

ထိုသို့ကွင်းဆင်းရာတွင် NGO အသင်းအဖွဲ့များနှင့်အတူ မြို့နယ်ဌာနဆိုင်ရာမှ တာဝန်ရှိသူများ လိုက်ပါ၍ ပါဒကြီးစံပြကျေးရွာအုပ်စုရှိ ဆေးဘိုဝရွာတွင် တစ်အိမ်တက်ဆင်းဖြင့် ရေစည်ရေအိုးများအတွင်း စစ်ဆေးခြင်း၊ အဘိတ်ဆေးထည့်ပေးခြင်း၊ ပိုးလောက်လမ်းများရှိနေသော ဘုရားပန်းအိုးများကို ရေလဲလှယ်ပေးခြင်း၊ အိမ်တွင်း အိမ်ပြင် ဆေးဖျန်းခြင်းများ ဆောင်ရွက်ပေးခဲ့ကြသည်။ **(အောက်ပုံ)** ယင်းကျေးရွာတွင် ဇွန်လ ပထမပတ်အတွင်း လေးနှစ်အောက်ကလေးငယ်သုံးဦး သွေးလွန်တုပ်ကွေးရောဂါဖြစ်ပေါ်ကာ အချိန်မီ ဆေးကုသမှုခံယူခဲ့သောကြောင့် အသက်အန္တရာယ်မှ ကာကွယ်နိုင်ခဲ့သည်။

ကွင်းဆင်းဆောင်ရွက်

ဆက်လက်ပြီး သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး ဟောပြောပွဲများ၊ လက်ကမ်းစာစောင် ဖြန့်ဝေခြင်းများကို အပတ်စဉ် ကွင်းဆင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

ရခိုင်ပြည်နယ်တွင် အာဆီယံသွေးလွန်တုပ်ကွေးနေ့အထိမ်းအမှတ် အခမ်းအနားကျင်းပ သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေး သရုပ်ပြပွဲများပြုလုပ်ပြီး ခြင်ထောင်ဆေးစိမ်ပေး

စစ်တွေ ဇွန် ၁၇

မြန်မာနိုင်ငံ၏ ကျန်းမာရေးပြဿနာများတွင် သွေးလွန်တုပ်ကွေးရောဂါသည် အရေးကြီးသည့်ပြဿနာတစ်ခုဖြစ်ကြောင်း၊ ကမ္ဘာပေါ်တွင် နှစ်စဉ်လူဦးရေ သန်း ၅၀ ခန့် သွေးလွန်တုပ်ကွေးရောဂါခံစားနေရပြီး လူ ၂၄၀၀၀ ခန့် သေဆုံးလျက်ရှိကြောင်း၊ ရောဂါဖြစ်ပွားမှုနှုန်း တစ်နှစ်ထက်တစ်နှစ် များပြားလာသည်ကို တွေ့ရကြောင်း၊ ယခင်က မြို့ကြီးများတွင် ဖြစ်ပွားသော်လည်း ယခု ကျေးလက်တောရွာများတွင် ဖြစ်ပွားလာကြောင်း၊ သွေးလွန်တုပ်ကွေး ကာကွယ်နှိမ်နင်းရေး လုပ်ငန်းများကို ကျန်းမာရေးဌာန တစ်ခုတည်းကတာဝန်ယူဆောင်ရွက်ရန် မဖြစ်နိုင်ကြောင်း၊ ဌာနဆိုင်ရာအသီးသီးနှင့် ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်းများကလည်း ပူးပေါင်းလက်တွဲလုပ်ဆောင်ကြရန်လိုအပ်ကြောင်း စသည်ဖြင့် ဇွန် ၁၅ ရက် နံနက် ၈ နာရီက စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ ကျင်းပသော ၂၀၁၃ အာဆီယံ သွေးလွန်တုပ်ကွေးနေ့အထိမ်းအမှတ် အခမ်းအနားတွင် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်က တက်ရောက်ပြီး အမှာစကားပြောကြားသည်။

အဆိုပါအခမ်းအနားသို့ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်နှင့်ဇနီး၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်၊ ရခိုင်ပြည်နယ် လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးသာညွန့်၊ ပြည်နယ်တရားသူကြီးချုပ် ဦးကျော်၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ ကျန်းမာရေးဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာစိုးလွင်ငြိမ်း၊ ရခိုင်ပြည်နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအေးငြိမ်းနှင့် ပြည်နယ်အဆင့် အရာရှိကြီးများ၊ စစ်တွေမြို့ပေါ်ရှိ မြို့နယ်အဆင့်အရာရှိများ၊ ကျန်းမာရေးဝန်ထမ်းများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ စုံညီစွာ တက်ရောက်ကြသည်။

ရှေးဦးစွာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ကျန်းမာရေးဝန်ကြီးဌာနဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်က အာဆီယံ သွေးလွန်တုပ်ကွေးနေ့နှင့် ပတ်သက်၍ အမှာစကားပြောကြားသည်။ ထို့နောက် ဒုတိယညွှန်ကြားရေးမှူးချုပ် ပါမောက္ခဒေါက်တာစိုးလွင်ငြိမ်းက သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ယင်းနောက် အခမ်းအနားအပြီးတွင် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့က သွေးလွန်တုပ်ကွေးပညာပေးပြခန်းများကို လှည့်လည်ကြည့်ရှုသည်။ ဆက်လက်၍စစ်တွေမြို့ အထက(၄)တွင်သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေး သရုပ်ပြပွဲများကျင်းပခဲ့ပြီး ထို့နောက် ရွာကြီးမြောက်ရပ်ကွက်၌ ခြင်ထောင်များကို ဆေးစိမ်ပေးခဲ့ကြောင်း သိရသည်။

လေးဝတီထွန်းစောခိုင်

ပ-သုံးလုံး ဝါတွင်းရဟန်းတော်များ ဝိပဿနာသင်တန်း

(၄၅)ကြိမ်မြောက် ဝါတွင်းရဟန်းတော်များ ဝိပဿနာပညာသင်တန်းကို ၁၃၇၅ခုနှစ် ဝါဆိုလပြည့်ကျော် ၈ရက်(၃၀-၇-၂၀၁၃)မှစ၍ ဝါတွင်းဥပုသ်နေ့တိုင်း မွန်းလွဲ၁နာရီမှ ညနေ ၃း၃၀နာရီခွဲအထိ ဖွင့်လှစ်ပို့ချမည် ဖြစ်ပါသည်။

ရဟန်းတော်များသည် သာသနာဝင်မှတ်တမ်း(မူရင်းနှင့်မိတ္တူ)၊ ပထမလတ်တန်းအောင်လက်မှတ်(မူရင်းနှင့်မိတ္တူ)၊ ရောင်စုံဓာတ်ပုံသုံးပုံ ပူးတွဲပါရှိရမည်ဖြစ်ပြီး အမှတ် ၂၀/၂၁(ဃ)၊ ကြားတောရလမ်း၊ ဗဟန်းမြို့နယ်၊ ပ-သုံးလုံး ဝိပဿနာပြန့်ပွားရေးအဖွဲ့ချုပ်သို့ ဇူလိုင် ၂၇ရက် နောက်ဆုံးထား လျှောက်ထားနိုင်ပါသည်။

အမှုဆောင်အဖွဲ့
ဖုန်း-၀၁-၃၇၇၇၃၁

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန
ပြည်တွင်းအခွန်များဦးစီးဌာန
ကုန်သွယ်လုပ်ငန်းခွန်ဌာနခွဲ
နှစ်ချုပ်ကြေညာလွှာတင်သွင်းရန်နှိုးဆော်ခြင်း

၁။ ၂၀၁၂ခုနှစ် ဧပြီ ၁ရက်မှ ၂၀၁၃ခုနှစ် မတ် ၃၁ရက်အထိဖြစ်သည့် ဘဏ္ဍာရေးနှစ်အတွင်း ကုန်သွယ်လုပ်ငန်းခွန်ဥပဒေအရ ကုန်သွယ်လုပ်ငန်းခွန်စည်းကြပ်ထိုက်သည့် ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေရရှိသည့် ပြည်ထောင်စုအစိုးရ၏ စီးပွားရေးအဖွဲ့အစည်း၊ နိုင်ငံပိုင်စက်ရုံ၊ အလုပ်ရုံ၊ ကုန်သွယ်မှုနှင့်ဝန်ဆောင်မှုလုပ်ငန်း၊ စည်ပင်သာယာရေးအဖွဲ့၊ သမဝါယမအသင်း၊ တစ်ဦးချင်းပုဂ္ဂိုလ်၊ တစ်ဦးချင်းပုဂ္ဂိုလ်များစုပေါင်းထားသည့် အဖွဲ့အစည်း(သို့မဟုတ်) အသင်း၊ ကုမ္ပဏီ၊ အစုစပ်လုပ်ငန်းနှင့် ဖက်စပ်လုပ်ငန်းတို့သည် နှစ်ချုပ်ကုန်ရောင်းကြေညာလွှာ (သို့မဟုတ်) နှစ်ချုပ်ဝန်ဆောင်မှုကြေညာလွှာကို ပြည့်စုံစွာဖြည့်စွက်၍ ကြေညာလွှာတွင် ဖော်ပြထားသည့် ရှင်းလင်းချက်ပါအတိုင်း လက်မှတ်ရေးထိုးခွင့်ရှိသူက လက်မှတ်ရေးထိုးပြီး နှစ်ချုပ်စာရင်းရှင်းတမ်းများနှင့်အတူ သက်ဆိုင်ရာ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး (သို့မဟုတ်) ကုမ္ပဏီများဆိုင်ရာအခွန်ရုံးသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှ မှတ်ပုံတင်ချောစာဖြင့်ဖြစ်စေ ပေးပို့ရန်နှင့် လူကိုယ်တိုင်ပေးပို့ခြင်းဖြစ်ပါက ကြေညာလွှာလက်ခံရရှိကြောင်း ဖြတ်ပိုင်းကို သက်ဆိုင်ရာရုံးမှ ပြန်လည်တောင်းခံထားရန် အသိပေးနှိုးဆော်အပ်ပါသည်။

၂။ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေအရ သမဝါယမကဏ္ဍနှင့် ပုဂ္ဂလိကကဏ္ဍများအတွက် ကုန်သွယ်လုပ်ငန်းခွန်မစည်းကြပ်ထိုက်သည့် ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေပမာဏ သတ်မှတ်ချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ကုန်သွယ်လုပ်ငန်းခွန် ဥပဒေဇယား ၂ မှ ဇယား ၆ ပါ ကုန်စည်များ နိုင်ငံတော်အတွင်း ထုပ်လုပ်ရောင်းချခြင်းအတွက် ဘဏ္ဍာနှစ်တစ်နှစ်အတွင်း ထုတ်လုပ်ရောင်းရငွေ စုစုပေါင်း ကျပ်သိန်းတစ်ရာတိတိ၊

(ခ) ကုန်သွယ်လုပ်ငန်းခွန် ဥပဒေဇယား ၇ ပါ ဝန်ဆောင်မှုလုပ်ငန်းများအတွက် ဘဏ္ဍာနှစ် တစ်နှစ်အတွင်း ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေ စုစုပေါင်း ကျပ်သိန်းတစ်ရာတိတိ၊

၃။ **တင်သွင်းရမည့်နောက်ဆုံးရက်** - ၂၀၁၃ခုနှစ် ဇွန် ၃၀ရက် (၃၀-၆-၂၀၁၃ရက်သည် အစိုးရရုံးပိတ်ရက်ဖြစ်ပါ၍ ၁-၇-၂၀၁၃ရက် ညနေ ၆း၀၀နာရီအထိ လက်ခံဆောင်ရွက်ပေးပါမည်။) (၁၈၇၃ခုနှစ် စကားရပ်များအနက် အဓိပ္ပာယ်ဖွင့်ဆိုရေး ဥပဒေပုဒ်မ ၉ အရ)

၄။ **ပျက်ကွက်မှုအတွက်ပြစ်ဒဏ်** - လုံလောက်သောအကြောင်းမရှိဘဲ သတ်မှတ်ထားသော အချိန်အတွင်း ကြေညာလွှာတင်သွင်းရန်ပျက်ကွက်ပါက စည်းကြပ်မှုအရ ထပ်မံပေးသွင်းရမည့် အခွန်၏ တစ်ဆယ်ရာခိုင်နှုန်းနှင့်ညီမျှသောငွေကို ဒဏ်ငွေအဖြစ် ပေးဆောင်ရပါမည်။

၅။ **ကြေညာလွှာပုံစံရယူရန်** - ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံး သို့မဟုတ် ကုမ္ပဏီများဆိုင်ရာ အခွန်ရုံးတို့တွင် အခမဲ့ရယူနိုင်ပါသည်။

၆။ **စုံစမ်းရန်** - မရှင်းလင်းသည့်အချက်များကို ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံး သို့မဟုတ် ကုမ္ပဏီများဆိုင်ရာ အခွန်ရုံး၊ သို့မဟုတ် အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (Tax Service Unit) အမှတ် ၅၉/၆၁၊ မြေညီထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်တို့တွင် မေးမြန်းစုံစမ်းနိုင်ပါသည်။

ကျော်ကျော်
ညွှန်ကြားရေးမှူး
ကုန်သွယ်လုပ်ငန်းခွန်ဌာနခွဲ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပညာရေးဝန်ကြီးဌာန
အဆင့်မြင့်ပညာဦးစီးဌာန(အထက်မြန်မာပြည်)
မုံရွာတက္ကသိုလ်
တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မုံရွာတက္ကသိုလ်တွင် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွက် အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

စဉ်	လုပ်ငန်းတည်နေရာ	စဉ်	လုပ်ငန်းအမည်
၁။	မုံရွာတက္ကသိုလ်	၁။	ဘွဲ့နှင်းသဘင်အဆောက်အအုံဆောက်လုပ်ခြင်း R.C (ရေ/မီးအပါအဝင်)
		၂။	(၃)ထပ်စာသင်ဆောင်(၅)လုံးဆောက်လုပ်ခြင်း R.C (ရေ/မီးအပါအဝင်)

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းများကို ၁၄-၆-၂၀၁၃ရက်မှစတင်၍ ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၁၅-၇-၂၀၁၃ရက် ၁၆း၃၀နာရီနောက်ဆုံးထား၍ တင်သွင်းရမည်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါတင်သွင်းလိုသူသည် မိမိတင်သွင်းလိုသည့်လုပ်ငန်းအတွက် သတ်မှတ်တင်ဒါအာမခံကြေးကို မုံရွာတက္ကသိုလ်၊ ဘဏ္ဍာဌာနတွင် ငွေပေးသွင်းပြီး ငွေသွင်းပြေစာမိတ္တူကို သတ်မှတ်အိတ်ဖွင့်တင်ဒါပုံစံနှင့်အတူ ပူးတွဲ၍ တင်သွင်းရမည်။ လုပ်ငန်းတစ်ခုထက်ပိုမို၍ တင်ဒါတင်သွင်းလိုပါက မိမိတင်သွင်းလိုသည့်လုပ်ငန်းတစ်ခုချင်းအတွက် သတ်မှတ်တင်ဒါအာမခံကြေးကို ပေးသွင်းပြီး သတ်မှတ်အိတ်ဖွင့်တင်ဒါပုံစံတစ်ခုချင်း တင်သွင်းရမည် ဖြစ်ပါသည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံရောင်းချမည့်လိပ်စာနှင့် အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်လိပ်စာမှာ မုံရွာတက္ကသိုလ်၊ မုံရွာမြို့ဖြစ်ပါသည်။

၅။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၇၁-၂၁၂၆၁ ဘဏ္ဍာဌာနကို ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးအဖွဲ့
မုံရွာတက္ကသိုလ်

အမည်ပြောင်း

ဦးဇော်ထွန်း၏သမီး ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်၊အထက(၁၄)၊တက္ကသိုလ်ဝင်တန်းတွင် ပညာသင်ကြားနေသော မသီတာမိုးအား ယနေ့မှစ၍ မဆုကဗျာထက်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

မဆုကဗျာထက်

အမည်မှန်

လင်းခေးမြို့၊ အထက၊ တက္ကသိုလ်ဝင်တန်းမှ နန်းမွေလောင်၏အမည်မှန်မှာ နန်းမိုလောင်ဖြစ်ပါကြောင်း။

နန်းမိုလောင်

အမည်မှန်

လားရှိုးမြို့၊ အထက(၆)၊ ဒုတိယတန်း(ဂ)မှ မောင်ရဲစည်သူအောင်ဦး၏အမည်မှန်မှာ မောင်ရဲစည်သူအောင် ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

လားရှိုးမြို့၊အထက(၆)၊ စတုတ္ထတန်း(ခ)မှ မောင်အောင်နိုင်၏ ဖခင်အမည်မှန်မှာ ဦးစိုးခိုင် ဖြစ်ပါသည်။

ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း
လုပ်ငန်းသုံးပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအတွက် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါလုပ်ငန်းသုံးပစ္စည်းများကို ပြည်တွင်းငွေဖြင့် ဝယ်ယူလိုပါသည်။

Chip Card Public Payphone System

(က)	Fixed Line	350 Nos
(ခ)	Pay Phone(Mobile)	50 Nos

၂။ တင်ဒါပုံစံတစ်စောင်လျှင် ၁၀၀၀ိ/-နှုန်းဖြင့် ဝယ်ယူနိုင်ပြီး ၁၅-၇-၂၀၁၃ရက် ၁၃း၀၀နာရီတွင် တင်ဒါပိတ်သိမ်းပါမည်။

၃။ တင်ဒါပုံစံနှင့် တင်ဒါခေါ်ယူသည့်ပစ္စည်းများ၏ အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် စုံစမ်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ
ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း(ပစ္စည်းဌာန)
အမှတ်(၄၃)၊ ဗိုလ်အောင်ကျော်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၁-၃၈၀၂၃၁/၀၁-၃၈၄၇၂၂

နော်မံကျောင်းကြီးတိုက် မိုးကုတ်ဝိပဿနာဓမ္မရိပ်သာ အဖွဲ့ခွဲအမှတ်(၁၇၂) အထူးတရားစခန်းပွဲဖိတ်ကြားခြင်း

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သာယာကုန်းရပ်ကွက်၊ နော်မံကျောင်းကြီးတိုက် (မင်္ဂလာဈေးအနီး) မိုးကုတ်ဓမ္မရိပ်သာ အဖွဲ့ခွဲအမှတ်(၁၇၂)တွင် အရှင်ဣန္ဒာဝုဓာဘိဝံသ (ထူးကြီးဆရာတော်)မိုးကုတ်ဝိပဿနာဇေတဝန်ကျောင်းတိုက်၊ ထူးကြီးမြို့၊အင်္ဂပူမြို့နယ်၊ ဆရာတော်ကြီးမှ ၂၅-၆-၂၀၁၃ရက်မှ ၂၇-၆-၂၀၁၃ရက် မွန်းလွဲ၁၂း၃၀မှ ၁၆း၃၀နာရီအထိ သုံးရက်တိတိ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားပေးမည်ဖြစ်ပါ၍ ကြွရောက်တရားနာယူနိုင်ရန် ဖိတ်ကြားအပ်ပါသည်။

ပြောင်းလဲခေါ်ပါရန်

ဦးဝင်းလှိုင်၏သား အလက လှစင်ဒုတိယတန်းမှ မောင်ဥက္ကာဖြိုး မောင်မောင်အား ယနေ့မှစ၍ မောင်ရဲမင်းထက်ဟုပြောင်းလဲခေါ်ပါရန်။

မောင်ရဲမင်းထက်

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၁ယ/၈၄၇၆၅၊ Luojia 110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဇွန်စန္ဒာဦး ၁၁/ကတန(နိုင်)၁၀၄၈၂၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး၊ မိတ္ထီလာမြို့

၂၀၁၄ ခုနှစ် ပြည်လုံးကျွတ်သန်းခေါင်စာရင်း ကောက်ယူခြင်း အထိမ်းအမှတ် ဆောင်းပါးပြိုင်ပွဲနှင့် ဝတ္ထုတိုပြိုင်ပွဲ စာမူများ ဖိတ်ခေါ်

နေပြည်တော် ဇွန် ၁၇

၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း ကောက်ယူခြင်းကို ပြည်သူများ ကျယ်ပြန့်စွာ သိရှိလာစေရန် ရည်ရွယ်၍ ဗဟိုသန်းခေါင်စာရင်း ကော်မတီက ဆောင်းပါးပြိုင်ပွဲနှင့် ဝတ္ထုတိုပြိုင်ပွဲကို ကျင်းပမည်ဖြစ်သည်။

ဆောင်းပါးပြိုင်ပွဲ

ဆောင်းပါးပြိုင်ပွဲကို **ပြည်သူအားလုံးပါဝင်လို့ သန်းခေါင်စာရင်းကောက်ကြစို့** ဟူသော ခေါင်းစဉ်ဖြင့် ပါဝင်ယှဉ်ပြိုင်ရမည်ဖြစ်ပြီး သန်းခေါင်စာရင်းကောက်ယူသည့် ရည်ရွယ်ချက်ဖြစ်သည့် နိုင်ငံတော်၏ လူမှုရေး၊ စီးပွားရေး၊ စီမံခန့်ခွဲရေးကိစ္စရပ်များအတွက် မူဝါဒများ ချမှတ်၍ စီမံကိန်းများရေးဆွဲ အကောင်အထည်ဖော်ရာတွင် အခြေခံထားရမည့် လူဦးရေဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များ၏အရေးပါမှုများကို ပေါ်လွင်အောင် ရေးသား ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ဝတ္ထုတိုပြိုင်ပွဲ

ဝတ္ထုတိုပြိုင်ပွဲကို နှစ်သက်ရာ ခေါင်းစဉ်ဖြင့် ရေးသားယှဉ်ပြိုင်နိုင်ပြီး သန်းခေါင်စာရင်းကောက်ယူသည့် ရည်ရွယ်ချက်ဖြစ်သည့် နိုင်ငံတော်၏ လူမှုရေး၊ စီးပွားရေး၊ စီမံခန့်ခွဲရေးကိစ္စရပ်များအတွက်မူဝါဒ များချမှတ်၍ စီမံကိန်းများ ရေးဆွဲ အကောင်အထည်ဖော်ရာတွင်အခြေခံထားရမည့် လူဦးရေဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များ၏ အရေးပါမှုများကို ဖော်ညွှန်းရေးသား ယှဉ်ပြိုင်ရမည်ဖြစ်သည်။

စည်းကမ်းချက်များ

စာမူများကို ကွန်ပျူတာဖြင့် (၅) မျက်နှာ သို့မဟုတ် လက်နှိပ်စက်ဖြင့် ၆ မျက်နှာ သို့မဟုတ် လက်ရေးဖြင့် ၇ မျက်နှာထက်မပိုဘဲ ရေးသားယှဉ်ပြိုင်နိုင်သည်။ ပြိုင်ပွဲဝင်တစ်ဦးလျှင် ပြိုင်ပွဲတစ်ခုအတွက် စာမူတစ်ပုဒ်သာ ပါဝင်ယှဉ်ပြိုင်ရမည်ဖြစ်ပြီး စာမူများကို ကွန်ပျူတာဖြင့်ဖြစ်စေ၊ လက်နှိပ်စက်ဖြင့်ဖြစ်စေ၊ ရှင်းလင်းပီသသော လက်ရေးဖြင့်ဖြစ်စေ တစ်မျက်နှာတည်းတွင် သပ်ရပ်စွာရေးသား၍ မူရင်းနှင့် မိတ္တူစာစောင် တင်သွင်းရမည်။

ပြိုင်ပွဲဝင်သူသည် ပတ်စ်ပို့ဓာတ်ပုံနှစ်ပုံ၊ အမည်ရင်း၊ ကလောင်အမည်၊ မိဘအမည်၊ နိုင်ငံသားမှတ်ပုံတင်အမှတ်၊ ပညာအရည်အချင်း၊ အလုပ်အကိုင်၊ နေရပ်လိပ်စာ၊ ကိုယ်ရေးအတ္ထုပ္ပတ္တိအကျဉ်းချုပ်ကို ဖော်ပြပြီး မိမိကိုယ်တိုင်ရေးသားထားကြောင်းနှင့် ပုံနှိပ်ဖော်ပြဖူးခြင်းမရှိကြောင်းဝန်ခံချက်များပါရှိရပါမည်။

စာမူပြိုင်ပွဲ တစ်ခုစီအတွက် ပထမဆု၊ ဒုတိယဆု၊ တတိယဆု ဆုသုံးဆုရွေးချယ်သွားမည်ဖြစ်ပြီး ပထမဆု ငွေကျပ် ၂၀၀၀၀၀၊ ဒုတိယဆု ငွေကျပ် ၁၅၀၀၀၀၊ တတိယဆု ငွေကျပ် ၁၀၀၀၀၀ ချီးမြှင့်ပေးသွားမည်ဖြစ်သည်။ ဆုရရှိသူများစာရင်းကို နေ့စဉ်ထုတ် သတင်းစာများတွင် ထည့်သွင်းဖော်ပြပေးသွားမည်ဖြစ်သည်။

စာမူများပေးပို့နိုင်

ပြိုင်ပွဲဝင်စာမူများကို ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူရေးအထိမ်းအမှတ်ဆောင်းပါးနှင့် ဝတ္ထုတိုပြိုင်ပွဲ စာမူစိစစ်ရွေးချယ်ရေးအဖွဲ့ အတွင်းရေးမှူး၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အမှတ် ၂၂၈ သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၂၀၁၉၃၆၊ ၀၁-၃၇၁၃၄၂ တို့သို့ ၂၀၁၃ ခုနှစ် ဇူလိုင် ၂၅ ရက် ညနေ ၄ နာရီနောက်ဆုံးထား၍ ပေးပို့ရမည်ဖြစ်သည်။

(သတင်းစဉ်)

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

နယ်လှည့်စာကြည့်တိုက်လုပ်ငန်းများဆောင်ရွက်

လပွတ္တာ ဇွန် ၁၇

ပြည်သူကိုဗဟိုပြုသည့် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းဆိုင်ရာ အသိပညာများ သိရှိတိုးပွားလာစေရေးအတွက် နယ်လှည့်စာကြည့်တိုက်ဟောပြောပွဲ၊ ဧရာနဒီနံ့ရံကပ်စာစောင်နှင့် ဓာတ်ပုံဗီဒီယိုပြသခြင်းလုပ်ငန်းများကို လပွတ္တာမြို့ အမှတ် (၁) ရပ်ကွက် ဇိနသိရီထွန်းခေါင်ဘုရားတန်ဆောင်း၌ ဇွန် ၁၅ ရက်က ကျင်းပရာ လပွတ္တာခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဒုဦးစီးမှူး ဒေါ်စန္ဒာကြည်က စာကြည့်တိုက်လုပ်ငန်း သိကောင်းစရာများ၊ သန်းခေါင်စာရင်းကောက်ယူမှုနှင့် ပတ်သက်သောအကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော အများပြည်သူများက နံရံကပ်စာစောင်၊ ဓာတ်ပုံများကို စိတ်ဝင်တစားကြည့်ရှုခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

သုံးခွမြို့နယ်တွင် အခြေခံသမဝါယမအသင်းသားများသို့ အသေးစားချေးငွေထုတ်ချေး

သုံးခွ ဇွန် ၁၇

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတွင် မြို့ပြနှင့်ကျေးလက်ကွာဟမှုမရှိစေရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်(၈)ရပ်အနက် အခြေခံပြည်သူများလိုအပ်နေသော ငွေကြေးအရင်းအနှီးအတွက် အသေးစားချေးငွေလုပ်ငန်းကို သမဝါယမအသင်းများက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ရန်ကုန် တောင်ပိုင်းခရိုင် သုံးခွမြို့နယ်တွင် မြို့နယ်သမဝါယမဦးစီးအရာရှိနှင့် ဦးစီးမှူးများ၊ မြို့နယ် သမဝါယမအသင်းစုဥက္ကဋ္ဌနှင့် အမှုဆောင်များပါဝင်သော အဖွဲ့တို့ ပူးပေါင်း၍ အဖွဲ့လေးဖွဲ့ခွဲကာ ဇွန် ၇ ရက်နှင့် ၈ ရက်တို့က ကျေးရွာပေါင်း ၁၂ ရွာရှိ အခြေခံသမဝါယမ အသင်း ၁၂ သင်းမှ အသင်းသားဦးရေ ၁၃၀၄ ဦးအား ငွေကျပ် ၈၄၈ ဒသမ ၂၀ သိန်းကို အသင်းသားများ လက်ဝယ်အရောက် ကွင်းဆင်းကာ တိုက်ရိုက်ထုတ်ချေးခဲ့ကြောင်း သိရှိရသည်။

ကိုကျော် (သုံးခွ)

အမှတ်(၂)သတ္တုတွင်းလုပ်ငန်း (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ အမှတ်(၂) သတ္တုတွင်းလုပ်ငန်းတွင် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါ လုပ်ငန်းသုံးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

(က) Copier နှင့် Laser Facsimile
(ခ) Computer အပါအဝင်ပစ္စည်း(၁၀)မျိုး
(ဂ) Power Transformer Muffle Furnace နှင့် Metal Cutter (ရွှေဖြတ်ကတ်ကြေး)
(ဃ) Plastic Binding Machine အပါအဝင် ရုံးသုံးစက်ပစ္စည်း(၄)မျိုး
(င) ရုံးသုံးပရိဘောဂပစ္စည်း(၈)မျိုး
(စ) Battery & Tyre (12)items
(ဆ) စက်ဆီချောဆီ(၄)မျိုး
(ဇ) Copier, Printer, Fax Spare နှင့် Computer ဆက်စပ်ပစ္စည်းများ
(ဈ) စက္ကူနှင့်စာရေးကိရိယာ(၅၂)မျိုး

၂။ **တင်ဒါပုံစံထုတ်ပေးမည့်ရက်** - ၁၀-၆-၂၀၁၃ရက်
၃။ **တင်ဒါပိတ်မည့်ရက်** - ၈-၇-၂၀၁၃ရက် အမှတ်စဉ်(က)၊ (ခ)၊ (ဂ)၊ (ဃ)၊ (င)
- ၁၅-၇-၂၀၁၃ရက် အမှတ်စဉ်(စ)၊(ဆ)၊(ဇ)၊(ဈ)

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်သည်။

ဝယ်ယူရောင်းချရေးဌာနခွဲ
အမှတ်(၂)သတ္တုတွင်းလုပ်ငန်း၊ သတ္တုတွင်းဝန်ကြီးဌာန
နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၉၃၉၁

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၂ယ/၃၂၅၇၆၊ Anbo 125 ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးမြင့်ဆွေ ၉/မလန(နိုင်)၁၀၂၂၂၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး၊ (မိတ္ထီလာမြို့)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၂ယ/၈၀၀၄၂၊ Honda Dream 125 ယာဉ်လက်ဝယ်ရှိသူ ဒေါ်မင်းမင်းလှ ၉/မထလ(နိုင်)၀၉၀၁၃၉က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး၊ (မိတ္ထီလာမြို့)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈၀/၄၂၂၇၊ Century 2 TonTruck, L/T(4×2)R ယာဉ်လက်ဝယ်ရှိသူ ဦးအေးမင်း ၁၂/ကတတ(နိုင်)၀၀၂၆၀၂က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းဒေသကြီးရုံးခွဲ(ရွာသာကြီး)၊ရန်ကုန်မြို့

သမီးအဖြစ်မှစွန့်လွှတ်ခြင်း

မှော်ဘီမြို့နေ ဦးဆုလေမာန်(လေ၊ ငြိမ်း)နှင့် ဒေါ်အေးခင်တို့၏သမီးဖြစ်သူ ဒေါ်သန်းသန်းအေး ၁၃/နစန(နိုင်) ၀၃၈၉၁၈ အား ယနေ့မှစ၍ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို လုံးဝတာဝန်ယူမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

ဖခင်-ဦးဆုလေမာန်
၁၂/မဘန(နိုင်)၁၀၄၁၀၄

အထူးဝမ်းမြောက်ဂုဏ်ယူခြင်း

တောင်ငူကေတုမတီမြို့သစ်နေ ကိုကျော်သူရ-မခင်မို့မို့လှိုင်(နန်းစံစတိုး)တို့၏ သမီး မလင်းနန္ဒာကျော်သည် ခုံအမှတ် (မမ-၇၉၇)ဖြင့် ၂၀၁၂-၂၀၁၃ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့်အတွက် များစွာဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း။

ကိုဝင်းကျော်-မနွဲ့ယဉ်ဝင်း(သမာဓိ-မိသားစု)
Super Coffeemix တောင်ငူရုံးခွဲ

တစ်ဦးတည်းဖြစ်ကြောင်း

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ၂၅ လမ်း၊ ၈၂×၈၃ လမ်းကြားနေ ဦးကျော်ဟန်၏သား ဒေါက်တာကြည်ဒွေးဟန် ၉/အမဇ(နိုင်)၀၁၈၆၄၅နှင့် ဒေါက်တာကျော်မင်းဟန်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ဒေါက်တာကြည်ဒွေးဟန်(ခ)ဒေါက်တာကျော်မင်းဟန်

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၂ယ/၄၄၈၆၀ Kenbo 125 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်တင်ချိုရေ ၉/မရမ(နိုင်)၀၇၁၀၆၂က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈ခ/၈၃၃၁ Super Mandalar L/T (SMLT 01) P/U (4x2) RHD ယာဉ်လက်ဝယ်ရှိသူ ဦးရန်နိုင်ကွမ်း(ခ) ထွန်းထွန်းဝင်း ၁၃/နခတ(နိုင်) ၀၂၉၉၉၉က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း) မန္တလေးမြို့

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော် ဥတ္တရသီရိမြို့နယ်၊ ရွှေနံ့သာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၆/ရွှေနံ့သာအရှေ့ရပ်၊ မြေကွက်အမှတ် ဉ-၁၈၁၂ မြေကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား ဦးရင်ခိုင်(ခ)မောင်လှိုင်အမည်ပေါက်ပိုင်ဆိုင်ပါသည်။

အဆိုပါမြေကွက်နှင့်မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား လက်ဝယ်ရရှိပိုင်ဆိုင်ထားသူ ဦးရင်ခိုင်(ခ)မောင်လှိုင်မှ အထက်ဖော်ပြပါမြေကွက်အား ပိုင်ဆိုင်ကြောင်း ဝန်ခံကတိပြုသည့်အတွက် အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်မ ဒေါ်နန်းကျုန်တစ်မှ ငွေပေးချေပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါမြေကွက်နှင့်ပတ်သက်၍ မြေစီမံခန့်ခွဲမှုဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်မည်ဖြစ်ပါ၍ ကန့်ကွက်လိုပါက ယနေ့မှစ၍ ၁၄ရက်အတွင်း တရားဝင်မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဒေါ်နန်းကျုန်တစ် ၁၃/တခလ(နိုင်) ၀၅၈၆၀၀
E-၄၅၀/ဝေဇယန္တာအိမ်ရာ၊ သဃ်န်းကျွန်း

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ အနော်ရထာလမ်း (ဆိပ်ကမ်းသာလမ်းထောင့်)၊ အမှတ် (၉၃/၉၅)ရှိ (၁၂ ½ ထပ်တိုက်)၏ အခန်းအမှတ် (A)၁၀လွှာနှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်းကြေညာချက်

အထက်အမည်ပါတိုက်ခန်းနှင့်ပတ်သက်၍ ကန်ထရိုက်တာ Kyaw City Construction နှင့် ဒေါ်ဂျယ်နီဘန်း၁၂/ကတတ(နိုင်)၀၁၈၇၀၁တို့သည် ၁၃-၅-၂၀၁၃ရက်တွင် နှစ်ဦးသဘောတူစရန်ပေးကတိစာချုပ်ဖျက်သိမ်းပြီးနောက် ကန်ထရိုက်တာ ဦးကျော်ဝင်း ၁၂/ပဘတ(နိုင်)၀၃၅၅၀၈ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကိုပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများဖြင့် ကြော်ငြာသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးနိုင်ထွဋ်လင်း (ဥပဒေအဖွဲ့) အထက်တန်းရှေ့နေ
အမှတ် ၉၉၊ ဒုတိယထပ်(ယာ)၊ ၃၉ လမ်း၊ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၄၂၁၀၂၂၇၇၄

အမြန်ပြန်လာပါ

ဦးပဥ္စင်း ဦးဝိသိဋ္ဌ ၁၂/ဗဟန(သ)၀၀၃၇၄၅ ဘုရား၊ အရှင်ဘုရား ဘုရားဖူးထွက်သွားသည်ဟု ဒကာတော်များထံမှ သိရှိရပါသည်။ ယခုသတင်းစာဖတ်ရရခြင်း တပည့်တော်ထံသို့ အကြောင်းကြားဆက်သွယ်ပါရန် ရိုသေစွာ လျှောက်တင်အပ်ပါသည်။ တပည့်တော်နှင့် အရှင်ဘုရားကိစ္စများအား ဆောင်ရွက်ရန်အတွက် အရှင်ဘုရားအား တပည့်တော် စောင့်မျှော်နေပါသည်။

တပည့်တော်
ဦးသန်းထိုက်ဦး ၁၂/အစန(နိုင်)၀၆၀၇၅၄
အမှတ်(F)၊ ကန်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊
ဖုန်း-၀၉-၇၃၁၈၃၄၆၁၊ ၀၉-၄၃၀၉၈၉၄၂

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၂/ပေါင်းလောင်း ၂၊ ယုဇနလမ်း၊ မြေကွက်အမှတ် ၁၉၄၂၊ မြေဧရိယာ ၀ ဒသမ ၀၅၅ ဧကရှိမြေကွက်မှာ ဒေါ်အမာသန်း BW-၀၅၇၀၀၀ အမည်ဖြင့် မြို့မြေချထားရေးကော်မတီ ပျဉ်းမနားမြို့မှ ချထားပေးသော မြေကွက်များဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့်မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား လက်ဝယ်ရရှိပိုင်ဆိုင်ထားသူ ဒေါ်အမာသန်း BW-၀၅၇၀၀၀ က အထက်ဖော်ပြပါမြေကွက်အား ပိုင်ဆိုင်ကြောင်း ဝန်ခံကတိပြုသည့်အတွက် အပြီးအပိုင် ဝယ်ယူရန် ကျွန်ုပ်မှငွေပေးချေပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါမြေကွက်များနှင့် ပတ်သက်၍ မြေစီမံခန့်ခွဲမှုဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်မည်ဖြစ်ပါ၍ ကန့်ကွက်လိုပါက ယနေ့မှစ၍ ၁၄ရက်အတွင်း တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့်သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဦးဇော်ဇော် ၉/ပမန(နိုင်)၁၆၂၇၇၄
မြေကွက်အမှတ်(၁၉၄၂)၊ ယုဇနလမ်း၊ ပေါင်းလောင်း(၂)၊ ပျဉ်းမနားမြို့

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၂/ပေါင်းလောင်း၂၊မေတ္တာလမ်း၊ မြေကွက်အမှတ်၁၇၅၀၊ မြေဧရိယာ ၀ ဒသမ ၀၅၅ ဧကရှိမြေကွက်မှာ ဦးတင်မောင် PMA-၁၃၂၅၃၂ အမည်ဖြင့် မြို့မြေချထားရေးကော်မတီ ပျဉ်းမနားမြို့မှ ချထားပေးသော မြေကွက်များဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့်မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား လက်ဝယ်ရရှိ ပိုင်ဆိုင်ထားသူ ဦးတင်ဝင်း PMA-၁၂၁၇၇၆က အထက်ဖော်ပြပါမြေကွက်အား ပိုင်ဆိုင်ကြောင်း ဝန်ခံကတိပြုသည့်အတွက် အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်မှ ငွေပေးချေပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါမြေကွက်များနှင့်ပတ်သက်၍ မြေစီမံခန့်ခွဲမှုဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်မည်ဖြစ်ပါ၍ ကန့်ကွက်လိုပါက ယနေ့မှစ၍ ၁၄ရက်အတွင်း တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့်သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဒေါ်သင်းသင်းနွယ် ၉/ပမန(နိုင်)၂၄၃၄၄၄
မြေကွက်အမှတ်(၁၇၅၀)၊ မေတ္တာလမ်း၊ပေါင်းလောင်း(၂)၊ ပျဉ်းမနားမြို့

ပြည်တွင်းသတင်းနှင့်မှုခင်း

မောင်တောမြို့တွင် စုပေါင်းသင်္ဘောလှူဒါန်းပွဲနှင့် ဆွမ်းဆန်တော်လောင်းလှူပွဲ ကျင်းပ

မောင်တော ဇွန် ၁၇

မောင်တော မြို့နယ်အတွင်း ၂၀၁၂ ခုနှစ် အစိုးရပါဠိပထမပြန် အောင်မြင်သော သံဃာတော် ၁၂ ပါးအား စာအောင်လက်မှတ် ဆက်ကပ်ပွဲကို မောင်တောမြို့ သာသနာ့ဗိမာန်၌ ဇွန် ၁၅ ရက် နံနက် ၈ နာရီက ကျင်းပရာ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ NGOအဖွဲ့အစည်းများ၊ စေတနာရှင် မြို့မိမြို့ဖများ တက်ရောက်ခဲ့သည်။

အခမ်းအနားတွင် ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူး ဦးအောင်မြင့်စိုး ကသာသနာရေးဆိုင်ရာများကိုလျှောက်ထားပြီး စာအောင်လက်မှတ်များနှင့် ဂုဏ်ပြုဆု အလှူငွေများ လှူဒါန်းပြီး အောင်မြေဗောဓိကျောင်းဆရာတော်က သာဓုအနုမောဒနာတရား ဟောကြားချီးမြှင့်ပြီး ဗုဒ္ဓသာသနံစိရံ တိဋ္ဌတုသုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အခမ်းအနားကို နံနက် ၉ နာရီတွင် ရုပ်သိမ်းလိုက်သည်။

ဆက်လက်၍ မြို့နယ်သံဃနာယကဆရာတော်များ၊ ကြီးကြပ်သံဃာများ၊ စာချသံဃာများ၊ စာအောင်သံဃာတော်များနှင့် ဆွမ်းဆန်တော်လောင်းလှူပွဲကို သာသနာ့ဗိမာန်မှ မြို့မကျောင်းတိုက်အထိ ကျင်းပသည်။

(အောက်ပုံ) (ခရိုင်ပြန်/ဆက်)

မီးရှူး၊ မီးပန်းများ သိမ်းဆည်းရမိ

နောင်ချို ဇွန် ၁၇

ရှမ်းပြည်နယ် (မြောက်ပိုင်း) နောင်ချိုမြို့အရှေ့ဘက် မန္တလေး-လားရှိုးကားလမ်း အေးရှားဝေါလ်တိုးဂိတ်အနီး၌ (Mobile Team) ပူးပေါင်းအဖွဲ့သည် ဇွန် ၁၅ ရက် နံနက် ၁ နာရီ ၁၅ မိနစ်ခန့်က မူဆယ်ဘက်မှ မန္တလေးဘက်သို့ ပို့ကုန်သွင်းကုန် တင်ဆောင်လာကြသည့် ယာဉ်များကို စနစ်တကျစစ်ဆေးကြစဉ် မူဆယ်ဘက်မှ မန္တလေးမြို့သို့ မောင်းနှင်လာသော ယာဉ်မောင်း လင်းရောင်ဝင်း မောင်းနှင်လာသည့် ယာဉ် ၂၈/. . ဖူဆိုဖိုက်ဘာအရောင်ဖြူပြာကျား ယာဉ်ကို ရပ်တန့်စစ်ဆေးခဲ့ရာ ဒေသသုံး ဖြစ်ကြသော ပလတ်စတစ်ဘူးဟောင်းခွံ စက္ကူဂျပ်ဖာများဖြင့် ဖုံးအုပ်သယ်ဆောင်ခဲ့သော မီးရှူး၊ မီးပန်း၊ အများပြည်သူများ ထိတ်လန့်စေတတ်သော ပြောက်အိုး၊ ကောင်းကင်၌ ထပ်ဆင့်ပေါက်ကွဲစေသည့် ရောင်စုံ မီးပန်းဒုံးကျည် အပါအဝင် ကိုးမျိုးကို ဂျပ်ဖာများအတွင်း ထည့်သွင်းကာ အစိမ်းရောင်ပီနံအိတ်နှင့် ထည့်လျက် အထုပ်ကြီး ၃၅ ထုပ်၊ အထုပ်သေး ၂၄ ထုပ်တို့ကို ရှာဖွေတွေ့ရှိသိမ်းဆည်းနိုင်ခဲ့ကြောင်း သိရသည်။

(ဝဖြ)

ပညာသင်ထောက်ပံ့ငွေ ပေးအပ်

မောက်မယ် ဇွန် ၁၇

ရှမ်းပြည်နယ် လင်းခေးခရိုင် မောက်မယ်မြို့ ဈေးတန်းရပ်ကွက် ဗိုလ်ကြီးဆန်းဝင်း(ငြိမ်း)၏ နေအိမ် ဇွန် ၁၅ ရက် နံနက် ၉ နာရီက စစ်မှုထမ်းဟောင်း စည်းရုံးရေးကော်မတီ ၂၀၁၃-၂၀၁၄ ပညာသင်နှစ် ပညာသင်ထောက်ပံ့ငွေပေးအပ်ပွဲတွင် တက္ကသိုလ်အဆင့်တစ်ဦး ငွေကျပ် ၁၅၀၀၀၊ အထက်တန်းဆင့်နှစ်ဦး တစ်ဦး ငွေကျပ် ၁၄၀၀၀၊ အလယ်တန်းဆင့် တစ်ဦးလျှင် ငွေကျပ် ၁၂၀၀၀၊ မူလတန်းဆင့် လေးဦး တစ်ဦး ၁၀၀၀၀ နှုန်းဖြင့် ပေးအပ်ခဲ့ကြောင်းသိရသည်။

စိုင်းမျိုးသန့်(ပြန်/ဆက်)

လူကုန်ကူးသူနှစ်ဦးအား အလုပ်နှင့်ထောင်ဒဏ်တစ်သက်တစ်ကျွန်း ချမှတ်

ဖန်းမော် ဇွန် ၁၇

ကချင်ပြည်နယ် ဗန်းမော်ခရိုင် တရားရုံးက လူကုန်ကူးသူ အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦးတို့ကို အလုပ်နှင့်ထောင်ဒဏ် တစ်သက်တစ်ကျွန်းချမှတ်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ၂၀၁၂ ခုနှစ် အောက်တိုဘာလက ဗန်းမော်မြို့ ဟန်းတဲရပ်ကွက်နေ မမြင့်မြင့်ခိုင်နှင့် ကိုမောင်ပုတို့သည် တစ်ရပ်ကွက်တည်းနေ ဦးတင်ဖေ၊ မောင်ထူး၊ ကိုအေးကျော်၊ ကိုတူးအောင်၊ မဇင်ဇင်မာနှင့်သားဖြစ်သူ မောင်အေကျိုင်း ၄ နှစ်တို့အား တရုတ်နိုင်ငံသို့ စည်းရုံးရောင်းချခဲ့သဖြင့် မဇင်ဇင်မာ၏ မောင်ဖြစ်သူကိုကျော်ကျော်နိုင်က တရားလိုပြုလုပ် တိုင်တန်းခဲ့ရာ ဗန်းမော်ရဲစခန်းက ၂၀၁၂ ခုနှစ် အောက်တိုဘာ ၂၈ ရက်တွင် အမှုဖွင့်၍ အမှုစစ်ဒုရဲအုပ်ကျော်လေးအောင်က လုပ်ထုံးလုပ်နည်းနှင့် အညီ ဆောင်ရွက်ပြီး ခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့သည်။ ဗန်းမော်ခရိုင်တရားရုံးက ၂၀၁၂ ခုနှစ် နိုဝင်ဘာ ၂၆ ရက်တွင် လက်ခံ၍ အမှုကို ဥပဒေနှင့်အညီ စစ်ဆေးဆောင်ရွက်ခဲ့ပြီး ဇွန် ၁၂ ရက်က ကိုမောင်ပု (၅၀နှစ်)၊ ဒေါ်ရွက်ငင်းတောင်သူ ဟန်းတဲရပ်ကွက် ဗန်းမော်မြို့နှင့်မမြင့်မြင့်ခိုင် (၃၀နှစ်)၊ ဒေါ်ပွင့်ကျပန်း၊ဟန်းတဲရပ်ကွက် ဗန်းမော်မြို့တို့အား လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေအရ အလုပ်နှင့်ထောင်ဒဏ် တစ်သက်တစ်ကျွန်း ပြစ်ဒဏ်ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

ဆီမီးခုံ -နန်းရီ

ငါးဖမ်းစက်လှေအတွင်း ရေလုပ်သားတစ်ဦး သေဆုံး

ဟိုင်းကြီးကျွန်း ဇွန် ၁၇

ဟိုင်းကြီးကျွန်းမြို့နယ်ခွဲပင်လယ်ပြင်၌ငါးဖမ်းရေလုပ်သားတစ်ဦးငါးဖမ်းစက်လှေအတွင်း၌ ဇွန် ၁၁ ရက် မွန်းလွဲ ၂ နာရီက သေဆုံးမှုဖြစ်ပွားကြောင်း သတင်းရရှိသည်။

ဖြစ်ပွားပုံမှာ ဇွန် ၁၁ ရက် မွန်းလွဲ ၂ နာရီက ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့နယ်ခွဲ အမှတ် ၁ ရပ်ကွက်နေဒေါ်မိုးမိုး၏ ကျော်ဝင်းခိုင်အမည်ရှိ အမှတ် ၃ ငါးဖမ်းစက်လှေသည် စက်လှေဦးစီး ဦးခင်မောင်ကြည်ပါ ငါးဖမ်းလုပ်သား ၂၃ဦးဖြင့် ပင်လယ်ပြင်၌ပိုက်ဆွဲနေကြစဉ် ၎င်းတို့နှင့်အတူ လိုက်ပါလာသော ငါးဖမ်းလုပ်သား မြင့်သိန်း (၃၃ နှစ်) ကုန်းကလေးကျေးရွာငပုတောမြို့နယ်နေသူသည် ကျန်းမာရေးမကောင်းသဖြင့် နားနေရာမှ ခန္ဓာကိုယ်အတွင်း ပူလောင်သည်ဟု ဆိုပြီး စက်လှေပေါ်၌ လူးလိမ့်သေဆုံးသွားခြင်းကြောင့် စက်လှေဖြင့် ဟိုင်းကြီးသို့ ပြန်လည်သယ်ဆောင်လာရကြောင်း သတင်းအရ ဟိုင်းကြီးကျွန်းရဲစခန်း ဒုရဲအုပ်မိုးဇော်နှင့်အဖွဲ့က သွားရောက်စစ်ဆေးရာ သေဆုံးသူ ရေလုပ်သား မြင့်သိန်းသည် ပြင်ပဒဏ်ရာမရှိဘဲ သေဆုံးခြင်းဖြစ်၍ ဓမ္မတာအတိုင်း သေဆုံးခြင်းဟုတ်မဟုတ် သိရှိနိုင်ရန် အမှုဖွင့် စစ်ဆေးလျက်ရှိသည်။

ပုသိမ်လှကြည်

ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ အရှေ့ကြို့ကုန်းရပ်ကွက်၊ (၁၀)လမ်းတောင်၊ အိမ်အမှတ် ၆၇၉တည်ရှိရာ အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၆ ဒီ (၁၄၊ ၁၅၊ ၁၆)၊ မြေကွက်အမှတ် ၃၉၁၊ ဧရိယာ ၀ဒသမ၀၈၀ဧကရှိမြေကွက်အား ဦးကြည်စိုး ၁၂/လမန(နိုင်) ၀၂၉၀၅၈အမည်ဖြင့် မြေငှားစာချုပ်(အထူးဂရန်)ထုတ်ပေးမည်ဖြစ်ပါ၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ဤဦးစီးဌာနသို့ သက်ဆိုင်ရာစာရွက်စာတမ်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေငှားစာချုပ်(ဂရန်)မူရင်းအား ထုတ်ပေးမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၊ နေပြည်တော်

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၂/ပေါင်းလောင်း (၂)၊ မေတ္တာလမ်း၊ မြေကွက်အမှတ် ၁၈၄၈၊ မြေဧရိယာ ၀ဒသမ၀၅၅ဧကရှိ မြေကွက်မှာ ဦးသက်လွင် ၉/ပမန(နိုင်)၀၇၂၃၄၄အမည်ဖြင့် မြို့မြေချထားရေးကော်မတီ ပျဉ်းမနားမြို့မှ ချထားပေးသောမြေကွက်များဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား လက်ဝယ်ရရှိပိုင်ဆိုင်ထားသူ ဦးသက်လွင် ၉/ပမန(နိုင်)၀၇၂၃၄၄ က အထက်ဖော်ပြပါမြေကွက်အား ပိုင်ဆိုင်ကြောင်း ဝန်ခံကတိပြုသည့်အတွက် အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်မှ ငွေပေးချေပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါမြေကွက်များနှင့်ပတ်သက်၍ မြေစီမံခန့်ခွဲမှုဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်မည်ဖြစ်၍ ကန့်ကွက်လိုပါက ယနေ့မှစ၍ ၁၄ရက်အတွင်း တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

ဦးနေလင်းစိုး ၉/ပမန(နိုင်)၂၄၃၄၄၃
မြေကွက်အမှတ် ၁၈၄၈၊ မေတ္တာလမ်း၊ ပေါင်းလောင်း (၂)၊ ပျဉ်းမနားမြို့

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၂/ပေါင်းလောင်း (၂)၊ မေတ္တာလမ်း၊ မြေကွက်အမှတ် ၁၈၄၉၊ မြေဧရိယာ ၀ ဒသမ ၀၅၅ဧကရှိ မြေကွက်မှာ ဦးတင်စိုး PMA-၁၁၆၀၄၀အမည်ဖြင့် မြို့မြေချထားရေးကော်မတီ ပျဉ်းမနားမြို့မှ ချထားပေးသောမြေကွက်များဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား လက်ဝယ်ရရှိပိုင်ဆိုင်ထားသူ ဦးတင်စိုး PMA-၁၁၆၀၄၀ မှ အထက်ဖော်ပြပါမြေကွက်အား ပိုင်ဆိုင်ကြောင်း ဝန်ခံကတိပြုသည့်အတွက် အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်မှ ငွေပေးချေပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါမြေကွက်များနှင့်ပတ်သက်၍ မြေစီမံခန့်ခွဲမှုဆိုင်ရာကိစ္စရပ်များဆောင်ရွက်မည်ဖြစ်၍ ကန့်ကွက်လိုပါက ယနေ့မှစ၍ ၁၄ ရက်အတွင်း တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဒေါ်နွယ်နွယ်စိုး ၉/ပမန(နိုင်)၂၆၃၂၅၃
မြေကွက်အမှတ် ၁၈၄၉၊ မေတ္တာလမ်း၊ ပေါင်းလောင်း(၂)၊ ပျဉ်းမနားမြို့

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဒဂုံမြို့နယ်၊ (၇၀)ရပ်ကွက်၊ လှော်ကားလမ်း၊ မြေကွက်အမှတ် ၁၂၀၉/ခ ဟုခေါ်တွင်သော မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဦးဇော်ဝင်းနိုင် ၁၂/ဒဂတ(နိုင်)၀၂၃၈၅၄ထံမှ ကျွန်တော် မောင်စိန်လှိုင်က ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

မောင်စိန်လှိုင် ၁၂/ဥကတ(နိုင်)၁၄၈၁၂၃
ဖုန်း-၀၉-၅၁၀၄၅၇၃

ကန့်ကွက်နိုင်ပါသည်

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်၊ ဂန့်ဂါရပ်ကွက်၊ ထနောင်ခါးလှအကွက်အမှတ်(ဘီ) ၃၅၊ ဧရိယာ ၀ ဒသမ ၉၁၈ ဧကရှိ နှစ် ၃၀ ဂရန်မြေကွက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို မြေအမည်ပေါက်ပိုင်ရှင် ဦးမြတ်ဝဏ္ဏ ၁၂/ရကန(နိုင်) ၀၀၀၉၄၆ ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ကို ကန့်ကွက်လိုသူရှိပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးအပိုင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်နှင်းမြခိုင် LL.B, LL.M
အထက်တန်းရှေ့နေ (စဉ်-၃၄၇၂၂)
အမှတ် ၂၇(A) မြေညီထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၃၀၈၈၃၈၃

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ အမှတ်(၂)လမ်းမ၊ မြေတိုင်းရပ်ကွက်အမှတ် ၁၆၊ နှစ် ၆၀ ဂရန်မြေဟုခေါ်တွင်သော မြေကွက်အမှတ် (၁၀၃)၊ ဧရိယာ (၃၅ ပေ× ပေ ၅၀)ရှိ မြေကွက်တစ်ကွက်နှင့် ပူးတွဲမြေကွက်အမှတ် (၁၀၄)၊ ဧရိယာ (၃၅ ပေ× ပေ ၅၀)ရှိ မြေကွက်တစ်ကွက်အပါအဝင် စုစုပေါင်းဧရိယာ(ပေ ၇၀× ပေ ၅၀)ရှိ မြေကွက်နှစ်ကွက်တွဲနှင့် ယင်းမြေကွက်နှစ်ကွက်တွဲပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ဒေါ်မြတ်ယုလွင် ၁၂/သဃက(နိုင်)၀၀၀၅၀၈ မှ အမည်ပေါက်ပိုင်ဆိုင်ထားသောပစ္စည်းဖြစ်ပြီး ၎င်းတစ်ဦးတည်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသောကြောင့် ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း ခိုင်လုံသော အထောက်အထားစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်၍ စာချုပ်ပြုလုပ်ချုပ်ဆိုသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်တင်တင်လှိုင် LL.B ဒေါ်ခင်မာနွယ် LL.B,D.B.L ဒေါ်ဌေးဌေးဝင်း LL.B,D.I.L
တရားလွှတ်တော်ရှေ့နေ အထက်တန်းရှေ့နေများ
အမှတ် ၃/ခ၊ ကုက္ကိုင်းရေကူးကန်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၇၃၀၇၁၇၉၂၊ ၀၁-၅၄၀၈၁၄

အများသိသာရန်

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ်၊ အကွက်အမှတ် ၂၂ ကျစွာ

(က) ဦးပိုင်အမှတ် ၁၈၁ ဧရိယာ ၀ ဒသမ ၁၁၀ ဧက
(ခ) ဦးပိုင်အမှတ် ၁၈၂ ဧရိယာ ၀ ဒသမ ၁၁၀ ဧက
(ဂ) ဦးပိုင်အမှတ် ၁၈၃ ဧရိယာ ၀ ဒသမ ၁၁၀ ဧက
(ဃ) ဦးပိုင်အမှတ် ၂၁၅ ဧရိယာ ၀ ဒသမ ၁၁၀ ဧက
(င) ဦးပိုင်အမှတ် ၂၁၆ ဧရိယာ ၀ ဒသမ ၁၁၀ ဧက

ရှိမြေကွက်များကို ဒေါ်ဓာနည်ထွေး ၁၂/ကမရ(နိုင်)၀၄၅၃၅၂ နှင့် ဦးအောင်ကျော်ဖြိုး ၉/ညဥန(နိုင်)၁၁၂၉၁၇ တို့က ဝယ်ယူပိုင်ဆိုင်လာခဲ့ပါသည်။

ဒေါ်ဓာနည်ထွေးနှင့် ဦးအောင်ကျော်ဖြိုးတို့ထံမှ ဝယ်ယူရန် စရန်ငွေပေးချေထားပါသည်။ အကျိုးသက်ဆိုင်ခွင့်ရှိသူများသည် အထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ကြောင်း ကြေညာပါသည်။

ဦးစိန်ရီ (တရားလွှတ်တော်ရှေ့နေ) စဉ်-၃၀၃၆
အမှတ် ၂၂၊ ဌာနာလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့.

ကျိုက္ကလော့
အမေ့မေတ္တာ စာမူဆုပေးပွဲ စာမူများဖိတ်ခေါ်ခြင်း

ရန်ကုန်မြို့၊မင်္ဂလာဒုံမြို့နယ်၊ကျိုက္ကလော့ပရိယတ္တိစာသင်တိုက်၊မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာ၊ မေတ္တာဒီပါမိသားစုမှ ဦးစီး၍ နှစ်စဉ်ကျင်းပမြဲဖြစ်သော "အမေ့မေတ္တာ" စာမူပြိုင်ပွဲ (၉) ကြိမ်မြောက်သို့ ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာရှည်များကို တော်သလင်းလကွယ် (၄၊ ၁၀၊ ၂၀၁၃) သောကြာနေ့အထိ နောက်ဆုံးရက် သတ်မှတ်ပြီး အထက်ဖော်ပြပါလိပ်စာအတိုင်း မိမိတို့၏စာမူများပေါ်၌ ဆက်သွယ်ရန် ဖုန်းနံပါတ်၊ လိပ်စာ၊ အပြည့်အစုံရေးသား၍ ပေးပို့ကြပါရန် အကြောင်းကြားအပ်ပါသည်။

၎င်းဆုပေးပွဲအခမ်းအနားကို သီတင်းကျွတ်လပြည့် (၁၉-၁၀-၂၀၁၃) စနေနေ့ည (၇) နာရီတိတိအချိန်တွင် ကျိုက္ကလော့၊ ပရိယတ္တိစာသင်တိုက်၊ မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာ၌ ကျင်းပမည်ဖြစ်ပြီး ဆုရရှိသူများ ဆုလက်ခံရယူနိုင်ရန် ကြိုတင်အကြောင်းကြားအသိပေးပါမည်။

စာမူပေးပို့ဆက်သွယ်ရန်
ဒေါ်ယုဇနဝတီ
ဖုန်း ၀၉၅၁၀၅၆၆၅

ကုန်အမှတ်တံဆိပ်အသိပေးကြေညာချက်

ဦးမျိုးမင်းထွန်း ၁/မညန(နိုင်)၀၉၅၃၃၃ သည် ဖော်ပြပါကုန်အမှတ်တံဆိပ်ကို မှတ်ပုံတင်အမှတ်-၄/၅၀၉၆/၂၀၁၃ ဖြင့် မိမိတစ်ဦးတည်းမှုပိုင်အဖြစ် အသုံးပြုရန် ၂၁-၅-၂၀၁၃ ရက်တွင် ရန်ကုန်မြို့စာချုပ်စာတမ်းများမှတ်ပုံတင်ရုံးတော်တွင် မှတ်ပုံတင်သွင်းပြီးဖြစ်ပါသည်။

ဖော်ပြပါကုန်အမှတ်တံဆိပ်ဖြင့် ဓာတုဗေဒဆေးများ လုံးဝမပါဝင်ဘဲ ကျန်းမာရေးနှင့်ညီညွတ်သော လူမျိုးဘာသာမရွေးအသုံးပြုနိုင်သည့် သောက်ရေသန့်၊ ရေသန့်ရေခဲ၊ ရေထွက်ကုန်ပစ္စည်းအမျိုးမျိုးတို့နှင့် စားသောက်ကုန်ပစ္စည်းအမျိုးမျိုးတို့ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အနှံ့အပြားသို့ လက်လီလက်ကား ထုတ်လုပ်ဖြန့်ချိ ရောင်းချဝန်ဆောင်မှုပေးသွားမည်ဖြစ်ပါသည်။

အဆိုပါကုန်အမှတ်တံဆိပ်အား ၎င်းမှတ်ပုံတင်သည့်ရက်မတိုင်မီ ရန်ကုန်မြို့စာချုပ်စာတမ်းများမှတ်ပုံတင်ရုံးတော်တွင် မှတ်ပုံတင်ထားခြင်းရှိပါက ခိုင်လုံသောအထောက်အထားမူရင်းများနှင့်အတူ ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ခြင်းမရှိပါက အဆိုပါကုန်အမှတ်တံဆိပ်အား ဆက်လက်အသုံးပြု၍ ရောင်းချဝန်ဆောင်မှုပေးသွားမည်ဖြစ်ပါသည်။

သို့သော် မိမိတစ်ဦးတည်းမှုပိုင်ဖြစ်သော အထက်ဖော်ပြပါလုပ်ငန်းအမှတ်တံဆိပ်ကို ဦးမျိုးမင်းထွန်းမှတစ်ပါး အခြားမည်သူတစ်ဦးတစ်ယောက်မှ တံဆိပ်တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ပုံတူပုံမှား၊ ထင်ယောင်ထင်မှား တုပပြုလုပ်ခြင်းစသည်တို့ကို လုပ်ကိုင်ဆောင်ရွက်ခြင်းမပြုရန်နှင့် ပြုလုပ်ပါက ဦးမျိုးမင်းထွန်း၏လုပ်ငန်းအကျိုးစီးပွားထိခိုက်နစ်နာဆုံးရှုံးမှုအတွက် တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးသန့်ဇော်ဝင်းဦး LL.B,LL.M
အထက်တန်းရှေ့နေ (စဉ်-၂၆၈၈၄)
တိုက်(၉/၁၁)၊ အခန်း (၂၀၂-အေ) ဒုတိယထပ်၊ ၃၆ လမ်းတို၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၁၇၈၀၁၈

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်

ပျဉ်းမနား ဇွန် ၁၇

နေပြည်တော်ရဲတပ်ဖွဲ့မှ ကြီးမှူးကျင်းပသော (၁၆) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးအလွဲသုံးမှုနှင့်တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲကို ဇွန်၄ရက် နံနက် ၉နာရီက နေပြည်တော် ပျဉ်းမနားမြို့ အမှတ်(၂) အထကတွင် ကျင်းပသည်။ ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲတွင် နေပြည်တော် ကောင်စီနယ်မြေရှစ်မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်၊ မူလတန်းအဆင့်၊ ကျောင်းသူကျောင်းသား စုစုပေါင်း ၇၈ဦး ပါဝင်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲသို့ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးအေးကြူ၊ ပညာရေးဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဝင်း၊ နေပြည်တော်ကောင်စီဝင် ပျဉ်းမနားမြို့နယ်တာဝန်ခံ ဗိုလ်မှူးကြီးမြင့်အောင်သန်း၊ နေပြည်တော်တိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီး အောင်အောင်၊ ဒုတိုင်းရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးသန်းဝင်းနှင့် နေပြည်တော် ပညာရေးညွှန်ကြားရေးမှူး ဦးမြင့်ဇော်တို့က ပြိုင်ပွဲဝင် ကျောင်းသားကျောင်းသူများ၏ ပန်းချီ၊ ကာတွန်း၊ ပိုစတာရေးဆွဲမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။ **(အပေါ်ပုံ)**

မင်းမင်းလတ်(မန်းတက္ကသိုလ်)

လူမှုကူညီရေးအသင်း လူကုန်ကူးမှုဆိုင်ရာ အသိပညာပေးဟောပြောပွဲ တာချီလိတ်၌ကျင်းပ

တာချီလိတ် ဇွန် ၁၇

ခရိုင် လူကုန်ကူးမှုတားဆီး ကာကွယ်ရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် ဇွန် ၁၂ ရက် မွန်းလွဲ ၁ နာရီခွဲက တာချီလိတ်မြို့ ပါလျှံ (၁) ရန်အောင်မြေ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ လူကုန်ကူးရဲတပ်ဖွဲ့နှင့် လူမှုကူညီရေးအသင်း ရွှေတာချီခရီးသွားလုပ်ငန်းတို့ပူးပေါင်းပြီး တာချီလိတ်ခရိုင်အတွင်း ပြေးဆွဲနေသော ဆိုင်ကယ်အငှား TAXI ဂိတ်(၆၀)မှ ဆိုင်ကယ်အသင်းသား ၁၂၀ ကို လူကုန်ကူးမှုဆိုင်ရာ အသိပညာပေးဟောပြောပွဲကျင်းပသည်။

ဟောပြောပွဲတွင် လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဒုတပ်စုမှူး ဒုရဲမှူး ရင်ရင်အေးက ရွှေ့ပြောင်းသွားလာခြင်း လုပ်ငန်းခွင်၊ လူမှောင်ခို၊ လူကုန်ကူးအဓိပ္ပာယ် ပြစ်မှုပြစ်ဒဏ်များ ခံရတတ်ပုံကို ဖော်ထုတ်ခဲ့သော ဖြစ်စဉ်များနှင့် ချပြရှင်းလင်းခြင်း၊ ယနေ့နိုင်ငံတော်မှ လူကုန်ကူးမှုနှင့် ပတ်သက်၍ ဆောင်ရွက်ပေးနေသော ဆောင်ရွက်ချက်များ၊ ယခင် လူပွဲစားများ လူများသယ်ယူ ပို့ဆောင်စဉ်ကိုယ်တိုင် သယ်ယူပို့ဆောင်ရာမှ ယခုအခါ ဖုန်းဖြင့်ချိတ်ဆက် လက်ကမ်းသယ်ဆောင်သူများ တွေ့ရှိရသဖြင့် မိမိတို့မှ လူပွဲစားများ၏ ကြိုးကိုင်စေခိုင်းမှု မဖြစ်စေရေး အကျယ်တဝင့်ရှင်းလင်းခဲ့ပြီး ၂၀၁၂ ခုနှစ် အထူးစီမံချက်၌ TAXI သမားများမှာ မိတ်ဖွဲ့ အဖွဲ့အစည်းများဖြစ်သဖြင့် လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့နှင့် ပူးပေါင်းလက်တွဲဆောင်ရွက်ရန် မှာကြားရှင်းလင်းသည်။

တက်ရောက်လာသောဆိုင်ကယ်အသင်းသားများကိုဒုတပ်ကြပ်ဝင်းကြိုင်နှင့် ဒုတပ်ကြပ်အေးထွန်းဦးတို့က လူကုန်ကူးအသိပညာပေး လက်ကမ်းစာစောင်များဖြန့်ဝေခဲ့ကြောင်း သိရသည်။

မြင့်မိုရ်(တာချီလိတ်)

ပြည်သူလူထုအခြေပြု တီဘီရောဂါတိုက်ဖျက်ရေး လုပ်ငန်းဆန်းစစ်ဆွေးနွေးပွဲ မိုင်းယောင်း၌ ကျင်းပ

မိုင်းယောင်း ဇွန် ၁၇

မိုင်းဖြတ်ခရိုင် မိုင်းယောင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံးခန်းတွင် မိုင်းဖြတ်ခရိုင် အမျိုးသမီးရေးရာအဖွဲ့က ပြည်သူလူထုအခြေပြု တီဘီရောဂါတိုက်ဖျက်ရေး လုပ်ငန်းဆန်းစစ်ဆွေးနွေးပွဲကို ဇွန် ၁၁ရက်က ကျင်းပရာ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်သီသီစိုးက ရင်သားကင်ဆာအကြောင်း ရှင်းလင်းပြောကြားပြီး၊ မြို့နယ်တာဝန်ခံ ဒေါ်နန်းရွက်က တီဘီရောဂါတိုက်ဖျက်ရေးလုပ်ငန်း ဆောင်ရွက်ရခြင်းအကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့က အမှတ် ၉ရပ်ကွက်သို့ အိမ်တိုင်ရာရောက် သက်ကြီးရွယ်အိုများ ကျန်းမာရေးစောင့်ရှောက်ခြင်း၊ ငွေကြေးနှင့်ပစ္စည်းများထောက်ပံ့ပေးခြင်း၊ လက်ကမ်းစာစောင်ဖြန့်ဝေပေးခြင်း၊ သွေးလွန်တုပ်ကွေးရောဂါနှင့် ငှက်ဖျားရောဂါကာကွယ်ခြင်း၊ ခြင်ထောင်ဆေးစိမ်ခြင်း၊ ရေတွင်း၊ ရေကန်များတွင် ဖုံး၊ သွန်၊ လဲ၊ စစ် အဘိတ်ဆေးခတ်ခြင်း၊ ဘုရားပန်းအိုးများလဲလှယ်ပေးခြင်း လုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ကြကြောင်း သိရသည်။

ရှောလမွန်(မိုင်းယောင်း)

မူဆယ်၌ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

နေပြည်တော် ဇွန် ၁၇

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့ပေါ်တွင် ဇွန် ၁၁ရက်က 88 နှင့်1 စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။ ဖြစ်စဉ်မှာ မူဆယ်မူးယစ်အထူးအဖွဲ့မှ ရဲအုပ်စိုးအောင် ဦးစီးသည့်တပ်ဖွဲ့ဝင်များသည် ဇွန် ၁၂ရက် မွန်းတည့် ၁၂နာရီက မူဆယ်မြို့ ဟိုမွှန်ရပ်ကွက် ဖြိုးမောက်သာ စားသောက်ဆိုင်အတွင်း အဝါရောင်လက်ဆွဲအိတ်တစ်လုံးကိုဆွဲလျက် ဝင်ရောက်လာသူ အိုက်လျန်(ခ)နေမင်းထွန်းအား ရှာဖွေစစ်ဆေးရာ ၎င်းကိုင်ဆောင်ထားသည့် အိတ်အတွင်းမှ 88 နှင့် 1စာတန်းတစ်ဖက်စီပါ နီညိုရောင် စိတ်ကြွရူးသွပ်ဆေးပြား ၁၉၅၀၀ပြားကို ရှာဖွေတွေ့ရှိ ဖမ်းဆီးရမိခဲ့သဖြင့် မူဆယ်ရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။ **မင်းသူရိန်**

အမွေဆက်ခံရန်သက်သေခံလက်မှတ်ရစေခြင်းငှာ လျှောက်ထားကြောင်း

အကြောင်းကြားစာ

(အမွေဆက်ခံရန်သက်သေခံလက်မှတ်စာအက်ဥပဒေပုဒ်မ-၃၇၃)
မန္တလေးခရိုင်တရားရုံးတော်၌
၂၀၁၂ ခုနှစ် တရားမအထွေထွေမှုအမှတ်-၅၄
ကွယ်လွန်သူ ဦးအောင်သန်း(ခ)ဦးရီစွတ်၏ ကျန်ရှိရစ်သောပစ္စည်းအကြောင်း

ဒေါ်ရှမ်း **လျှောက်သူ**
၉/မရမ(နိုင်)၀၂၇၁၈၃
၈၃လမ်း၊ ၂၈×၂၉ကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ် ၂၈×၂၉ ကြား၊ ၈၃လမ်းနေ ဒေါ်ရှမ်းက ကွယ်လွန်သူ ဦးအောင်သန်း(ခ)ဦးရီစွတ်၏ဇနီးဖြစ်သည်ဟူ၍ မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ၈၃လမ်း၊ ၂၈×၂၉ကြားနေ ၎င်းကွယ်လွန်သူ ဦးအောင်သန်း(ခ)ဦးရီစွတ်မှာ ကျန်ရှိရစ်သောပစ္စည်းပိုင်နက် ရရန်ရှိသောကြွေးမြီများကို ကောက်ခံရန်၊ အမွေဆက်ခံရန် သက်သေခံလက်မှတ်စာ အက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း ဤရုံး၌ လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့သော လျှောက်ထားကြောင်းကို အများလူတို့ သိကြားစေခြင်းငှာ ကြော်ငြာသည်မှာ ၎င်းကွယ်လွန်သူ ဦးအောင်သန်း(ခ)ဦးရီစွတ်မှာ ကျန်ရစ်သောပစ္စည်းများအပေါ်၌ ရရန်ရှိသူ လူဟူသမျှတို့သည် ဤရုံးသို့ ၂၀၁၃ခုနှစ် ဇူလိုင် ၃ရက် (၁၃၇၅ ခုနှစ် နယုန်လဆန်း ၁၀ရက်)တွင် လာရောက်ကြရမည်။ ၎င်းရက်တွင် လျှောက်သူဒေါ်ရှမ်း၏ လျှောက်ချက်ကိုနာကြား၍ လက်မှတ်ရသင့် မရသင့်သည့်အကြောင်းကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၃ ခုနှစ် ဇွန် ၁၃ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ခင်ခင်လှ)
ခရိုင်တရားသူကြီး

ဖခင်အမည်မှန်

မြိတ်မြို့၊ အထက (၂)၊ ပဉ္စမတန်း(ခ)မှ မမေနိုင်းနှင့် တတိယတန်း(ဂ)မှ မောင်ဂျွန်နိုင်းတို့၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဦးလင်းလင်းဖြစ်ပါကြောင်း။ **ဦးလင်းလင်း**

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄C/၂၂၃၉ Honda Fit GD1 S/W(4×2)R ယာဉ်လက်ဝယ်ရှိသူ ဦးစောစိုးမိုး ၁၂/အစန(နိုင်)၁၅၀၀၆၆က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)၊ အင်းစိန်မြို့**

အများသိစေရန် ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (၂) ရပ်ကွက်၊ သုဇာတလမ်းမကြီးနှင့် (၈)လမ်းထောင့်၊ မြေတိုင်းရပ်ကွက်အမှတ် (၂)၊ မြေကွက်အမှတ် ၈၃၉၊ နှစ် ၆၀ ဂရန် မြေငှားဂရန်အမျိုးအစား၊($\frac{၃၃'၄"}{၂၈'၁၀"}$×၆၀')၊ ၁၈၆၅စတုရန်းပေအကျယ်ရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အာစီငါးထပ်တိုက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ဂရန်အမည်ပေါက် ဒေါ်သန်းငွေ ၁၂/ဥကမ(နိုင်)၀၉၉၀၄၂၊ ဦးခင်သိန်း ၁၂/ဥကမ(နိုင်) ၀၄၈၇၀၉ တို့ အမည်ပေါက်သော မြေကွက်ဖြစ်၍ ယင်းမြေကွက်နှင့်တကွ အကျိုးခံစားခွင့်များအရပ်ရပ်အားလုံးတို့ကို ယခုရောင်းချသူ ဦးဇော်မင်းထွန်း N/OKA-၀၈၈၃၈၅ က အဆက်ဆက်အရောင်းအဝယ်စာချုပ်များဖြင့် ဝယ်ယူ လက်ဝယ်ပိုင်ဆိုင်ထားကာ ၎င်းမြေကွက်နှင့်ကပ်လျက်ရှိသော အမှတ်(၈၃၈)၊ (၁၃ ပေ ၄ လက်မ×ပေ၆၀) ပါမစ်မြေအမျိုးအစား မြေကွက်နှင့် အကျိုးခံစားခွင့်များအရပ်ရပ်အားလုံး မြေကွက်နှစ်ကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဦးဇော်မင်းထွန်းက ရောင်းချပိုင်ခွင့်အပြည့်အဝရှိကြောင်း တာဝန်ယူဝန်ခံလျက် ရောင်းချရန် ကမ်းလှမ်းလာသည်ကို ကျွန်ုပ်တို့၏မိတ်ဆွေ ဦးမျိုးအေး ၁၂/ဥကတ(နိုင်)၀၄၃၆၀၃ က ဝယ်ယူရန် မြေကွက်နှင့်နေအိမ်ဖိုးငွေ တစ်စိတ်တစ်ဒေသအဖြစ် စရန်ငွေတချို့တစ်ဝက်ကို ပေးချေထားပြီးဖြစ်ရာ အရောင်းအဝယ်ပြုလုပ်သည်ကို ကန့်ကွက်လိုပါက ယင်းမြေကွက်နှင့်ပတ်သက်၍ အကျိုးခံစားခွင့်များရှိသည်ဟုအဆိုရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများ၊ တရားဝင်မှတ်ပုံတင်စာချုပ်စာတမ်းမူရင်းများ၊ တရားရုံးအမိန့်ဒီကရီမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စပြီးဆုံးအောင် ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

ဦးသော်ဇင်	**ဦးငြိမ်းချမ်းထွေး**	**ဦးစွမ်းထက်ပိုင်**
LL.B (၃၁၈၅၄)	**LL.B (၂၉၃၃၉)**	**LL.B (၄၀၇၉၅)**
ဖုန်း-၀၉-၄၃၀၆၄၂၈၁	**ဖုန်း-၀၉-၄၂၁၀၁၆၆၇၉**	**ဖုန်း-၀၉-၄၃၀၉၄၆၇၂**

အထက်တန်းရှေ့နေများ
အမှတ် ၃၃၂၊ သုမင်္ဂလာလမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဖုန်း-၀၁-၅၇၇၀၆၅

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုခဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
မဟာအောင်မြေမြို့နယ်တရားရုံး၌
၂၀၁၂ခုနှစ် တရားမကြီးမှုအမှတ်-၂၇

မသန္တာ(ခ)မေသန္တာကျော် **နှင့်** မောင်မြင့်မြတ်သူ(ခ)ကိုစိုး
တရားလို **တရားပြိုင်**

ကချင်ပြည်နယ်၊ ဖားကန့်မြို့နယ်၊ တာမခံကျေးရွာ၊ တာမခံကျောက်ဝိုင်းအနီး၊ မီလျှံနာလက်ဖက်ရည်ဆိုင်လမ်းကြားနေ မောင်မြင့်မြတ်သူ(ခ)ကိုစိုး (ဘ)ဦးတင်မြိုင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို မသန္တာ(ခ)မေသန္တာကျော်က လင်မယားကွာရှင်းပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၃ခုနှစ် ဇူလိုင် ၅ရက် (၁၃၇၅ ခုနှစ် နယုန်လပြည့်ကျော် ၁၂ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ခုနှစ် ဇွန် ၆ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ဇော်မင်းဦး)
ဒုတိယမြို့နယ်တရားသူကြီး(၂)
မဟာအောင်မြေမြို့နယ်တရားရုံး

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
အမရပူရမြို့နယ်တရားရုံးတော်၌
၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်-၃၂

ဒေါ်နှင်းနှင်းခက် **နှင့်** ဒေါ်လှလှမြင့်(ခ)ဒေါ်မာစီ
တရားလို **တရားပြိုင်**

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်၊ အေး-ရွှေရည်စိမ်လက်ဝတ်ရတနာ၊ ၁၉×၂၀လမ်းကြား၊ ၈၉လမ်း၊ မန္တလေးမြို့နေ တရားပြိုင် ဒေါ်လှလှမြင့်(ခ) ဒေါ်မာစီ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်နှင်းနှင်းခက်က ၁-၁၂-၂၀၁၂ရက်က ချေးယူခဲ့သည့် ငွေကျပ်သိန်း ၆၀၊ စုကြေးအမှတ်စဉ် ၂နှင့် ၁၀မှ ထုတ်ယူသွားငွေစုကြေးငွေ ၁၇သိန်းနှင့် နစ်နာကြေးငွေ ၂၃သိန်း၊ စုစုပေါင်းသိန်း ၁၀၀ရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးတော်အခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၃ ခုနှစ် ဇူလိုင် ၁၂ရက် (၁၃၇၅ခုနှစ် ဝါဆိုလဆန်း ၅ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းတို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ ခုနှစ် ဇွန် ၆ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဒေါ်တင်သန်း
တွံ့ဖက်မြို့နယ်တရားသူကြီး
အမရပူရမြို့နယ်တရားရုံး

ဦးရွှေဝင်း(ခ)ဦးရွှေဝင်းထွဋ် ၁၂/အစန(နိုင်)၀၈၇၁၅၁၊ အမှတ်-၅၈၆၊ ဆရာခြုံလမ်း၊ ၃၅ ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

သိစေရန်

ကျွန်မ၏မိတ်ဆွေ ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ ရဲတံခွန်တာဝါ၊ အောက်ကြည့်မြင်တိုင်လမ်း၊ အမှတ် ၁၃၁၊ အခန်းအမှတ် ၁၀၃၊ ၁၀၄၊ ၁၀၆ရှိ ဇေယာဟသ်ာကုမ္ပဏီလီမိတက်၏လွှဲအပ်ညွှန်ကြားချက်အရ ဦးရွှေဝင်း(ခ)ဦးရွှေဝင်းထွဋ်အား အောက်ပါအတိုင်းသိစေအပ်ပါသည်။

ဦးရွှေဝင်း(ခ)ဦးရွှေဝင်းထွဋ်သည် ဇေယာဟသ်ာကုမ္ပဏီလီမိတက်သို့ ဆန်ဖိုးကြိုတင်ထုတ်ပေးငွေ-၈၆၀၀၀၀၀/-(ကျပ်ရှစ်ဆယ့်ခြောက်သိန်းတိတိ)ပေးသွင်းရန် ကျန်ရှိနေပါသည်။

အဆိုပါငွေများကို ဤကြော်ငြာသည့်ရက်မှစ၍ ၁၄ရက်အတွင်း ကုမ္ပဏီ၏ငွေစာရင်းဌာနသို့ အပြေအကျေလာရောက်ပေးသွင်းရန် အကြောင်းကြားပါသည်။ ပေးသွင်းရန်ပျက်ကွက်ပါက ဥပဒေနှင့်အညီ ဆက်လက်အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထပ်လောင်းသိစေအပ်ပါသည်။

ဇေယာဟသ်ာကုမ္ပဏီလီမိတက်၏လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်သဇင်ဝင်း LL.B,D.B.L,D.I.L
အထက်တန်းရှေ့နေ (စဉ်-၃၅၂၄၈)
အမှတ် ၃၅၊ သုံးလွှာ၊ ၃၅ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊
ဖုန်း-၀၉-၄၃၀၂၃၁၆၂၊ ၃၈၇၄၁၂

ကြော်ငြာ

FOREVER GROUP

MRTV-4 Channel7

MRTV-4၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဝင်းအတွင်း၊ ဟံသာဝတီအဝိုင်းအနီး၊ ပြည်လမ်း၊ ရန်ကုန်မြို့၊
ဖုန်း-၅၀၁၇၁၄၊ ၅၃၅၈၄၁၊ ၅၃၄၇၆၀ (Ext-516)
Email: fgsimthang@gmail.com
Forever Group Co., Ltd, Forever Blossom Co., Ltd, Forever BEC-TERO Co., Ltd, Myanmar Online Co., Ltd, Myanmar Index Creative Village Co., Ltd. တွင် တာဝန်ထမ်းဆောင်ရန် အောက်ပါဝန်ထမ်းများ အလိုရှိပါသည်

(ပြည်တွင်း၌သာခန့်ထားရန်)

Production အလုပ်သင်ဝန်ထမ်း ကျား (၁၅၀) ဦး

- တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိသူ (သို့) တက္ကသိုလ်တက်ရောက်နေသူဖြစ်ရမည်။
- အင်္ဂလိပ်စာအခြေခံ အရေး/အဖတ် ကောင်းမွန်ရမည်။
- HD Camera (သို့) Video Camera ရိုက်ကူးမှုအတွေ့အကြုံရှိသူ ဦးစားပေးမည်။
- Production Process များကို နားလည်တတ်ကျွမ်းသူဖြစ်ရမည်။
- အချိန်၊ နေရာ၊ ဒေသမရွေး တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။ ကျန်းမာရေးအထူးကောင်းမွန်သူဖြစ်ရမည်။ အသက် (၁၈)နှစ်မှ (၂၅)နှစ်အတွင်းဖြစ်ရမည်။
- အလုပ်သင်ဝန်ထမ်းများအဖြစ် ရွေးချယ်ခံထားရသူများအား လုပ်ငန်းခွင်စာတွေ့၊ လက်တွေ့သင်တန်းများပို့ချပေးသွားမည်ဖြစ်ပြီး သင်တန်းကာလ ပြီးဆုံးပါက လုပ်ငန်းကျွမ်းကျင်မှုနှင့် ကြိုးစားမှုအပေါ် မူတည်၍ Camera Man & Camera Assistant ရာထူးများသို့ တိုးမြှင့်ခန့်အပ်သွားမည်ဖြစ်ပြီး နိုင်ငံတကာအဆင့်မီ ရိုက်ကူးထုတ်လွှင့်မှုများအား ကိုယ်တိုင်ပါဝင်ဆောင်ရွက်နိုင်သော အခွင့်အရေးရရှိနိုင်မည် ဖြစ်သည်။

Camera Man ကျား ၃၀ ဦး

- တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိသူ (သို့) တက္ကသိုလ်တက်ရောက်နေသူဖြစ်ရမည်။
- အင်္ဂလိပ်စာအခြေခံ အရေး/အဖတ် ကောင်းမွန်ရမည်။
- HD Camera (သို့) Video Camera ရိုက်ကူးမှုကျွမ်းကျင်ရမည်။ အနည်းဆုံးအတွေ့အကြုံ (၃)နှစ်ရှိရမည်။
- အရပ် ၅ ပေ ၆ လက်မ အထက်ရှိပြီး ကိုယ်အလေးချိန် ၁၁၀-၁၅၀အတွင်းရှိရမည်။
- Production Process များကို နားလည်တတ်ကျွမ်းသူဖြစ်ရမည်။ မိမိရိုက်ကူးထားသော နမူနာ Program များ တင်ပြနိုင်ရမည်။
- စည်းကမ်းစနစ်ဖြင့် လုပ်ကိုင်ဆောင်ရွက်နိုင်သူဖြစ်ရမည်။ အချိန်၊ နေရာ၊ ဒေသမရွေး တာဝန်ထမ်းဆောင်နိုင်ရမည်။
- ကျန်းမာရေး အထူးကောင်းမွန်သူဖြစ်ရမည်။ Team Work လုပ်ဆောင်နိုင်ရမည်။

Floor Manager ကျား/မ ၁၀ ဦး

- တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိသူဖြစ်ရမည်။
- English Speaking (4 Skill) ကျွမ်းကျင်ရမည်။ အသက် ၂၂ နှစ်မှ ၃၀ အတွင်းရှိရမည်။
- Television Studio အတွင်းရှိ အဓိကရိုက်ကူးရေးဧရိယာ Production Floor ကို တာဝန်ယူစီမံခန့်ခွဲနိုင်ရမည်။
- Studio Schedules အတိုင်း အချိန်မှန် ရိုက်ကူးရေးစတင်နိုင်အောင် တာဝန်ယူနိုင်ရမည်။
- Production Director, Camera Man နှင့် Third Party များကို ချိတ်ဆက်၍ Co-Ordinate လုပ်နိုင်ရမည်။
- Production ပြုလုပ်ချိန်တွင် Studio ၏ စည်းကမ်းအတိုင်း ဆောင်ရွက်နိုင်ရန် အဖွဲ့သားများအားလုံးကို နှိုးဆော်နိုင်သူဖြစ်ရမည်။
- လုပ်ငန်းအတွေ့အကြုံရှိသူ ဦးစားပေးမည်။ နေ့စဉ် Report ပေးနိုင်ရမည်။ နေ့၊ ည တာဝန်ထမ်းဆောင်နိုင်ရမည်။
- ကျန်းမာရေး အထူးကောင်းမွန်ရမည်။

TV Studio Manager ကျား/မ ၁၀ ဦး

- တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိသူဖြစ်ရမည်။ Management နှင့်ပတ်သက်၍ ဘွဲ့ရရှိပြီးသူ ဦးစားပေးမည်။
- English Speaking (4 Skill) ကျွမ်းကျင်ရမည်။ အသက် ၂၅ နှစ်မှ ၃၅ နှစ်အတွင်း ရှိရမည်။
- Television Studio အတွင်းရှိ Equipment များကို ကောင်းစွာသိရှိနားလည်ပြီး ကိုင်တွယ်ဖြေရှင်းနိုင်ရမည်။
- Production Process များကို နားလည်တတ်ကျွမ်းသူဖြစ်ရမည်။
- Studio ၏ Production Schecule ကို အဆင်ပြေချောမွေ့အောင် စီမံခန့်ခွဲနိုင်ရမည်။
- မိမိလက်အောက်ရှိ Studio ဝန်ထမ်းများအား စီမံအုပ်ချုပ်နိုင်ရမည်။ နေ့စဉ် Report ပေးနိုင်ရမည်။
- Television Studio Management အတွေ့အကြုံရှိသူ ဦးစားပေးမည်။ စည်းကမ်းရှိ၍ စနစ်တကျကိုင်တွယ် လုပ်ကိုင်ဆောင်ရွက်နိုင်သူဖြစ်ရမည်။ နေ့၊ ည တာဝန်ထမ်းဆောင်နိုင်ရမည်။ ခရီးသွားလာနိုင်ရမည်။
- ကျန်းမာရေး အထူးကောင်းမွန်ရမည်။

TV Studio Sound Engineer ကျား/မ ၁၀ ဦး

- တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိသူဖြစ်ရမည်။ Audio နှင့်ပတ်သက်သော ဘွဲ့(သို့)ဒီပလိုမာရရှိထားသူ ဦးစားပေးမည်။
- English Speaking (4 Skill) ကျွမ်းကျင်ရမည်။
- Audio နှင့်ပတ်သက်၍ Microphone, Mixer, Audio Equipment များနှင့်ပတ်သက်၍ ကျွမ်းကျင်ရမည်။
- Production Process များကို နားလည်တတ်ကျွမ်းသူဖြစ်ရမည်။
- စည်းကမ်းရှိ၍ စနစ်တကျကိုင်တွယ်လုပ်ကိုင်ဆောင်ရွက်နိုင်သူဖြစ်ရမည်။
- နေ့၊ ည တာဝန်ထမ်းဆောင်နိုင်ရမည်။ ခရီးသွားလာနိုင်ရမည်။ ကျန်းမာရေးအထူးကောင်းမွန်ရမည်။

TV Studio Lighting Engineer ကျား/မ ၁၀ ဦး

- တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိသူဖြစ်ရမည်။ B.E (E.P), AGTI (EP) ရရှိထားသူဦးစားပေးမည်။
- English Speaking (4 Skill) ကျွမ်းကျင်ရမည်။
- TV Studio အတွင်းရှိ Lighting Equipment များအကြောင်းနားလည်ပြီး ကိုင်တွယ်အသုံးပြုနိုင်ရမည်။
- အတွေ့အကြုံအနည်းဆုံး(၂)နှစ် ရှိရမည်။
- TV Production Process များကို နားလည်သူဖြစ်ရမည်။ Lighting နှင့်ပတ်သက်၍ အရောင်သဘောတရားများနှင့် Lighting အခြေခံ Technique များကို ကောင်းမွန်စွာ နားလည်ရမည်။
- Electric နှင့်ပတ်သက်၍ နားလည်တတ်ကျွမ်းသူဖြစ်ရမည်။
- စည်းကမ်းရှိ၍ စနစ်တကျကိုင်တွယ်လုပ်ကိုင်ဆောင်ရွက်နိုင်သူ ဖြစ်ရမည်။
- နေ့၊ ည တာဝန်အချိန်မရွေး ထမ်းဆောင်နိုင်သူဖြစ်ရမည်။
- ကျန်းမာရေး အထူးကောင်းမွန်ရမည်။

English Translator ကျား/မ ၄၀ ဦး

- တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိသူဖြစ်ရမည်။
- အင်္ဂလိပ်ဘာသာမှ မြန်မာဘာသာ၊ မြန်မာဘာသာမှ အင်္ဂလိပ်ဘာသာသို့ ကျွမ်းကျင်စွာ ဘာသာပြန်ဆိုနိုင်သူဖြစ်ရမည်။
- အတွေ့အကြုံရှိသူ ဦးစားပေးမည်။ အမျိုးသားဦးစားပေးမည်။
- ကွန်ပျူတာအသုံးပြုနိုင်ရမည်။
- နေ့၊ ည မရွေး တာဝန်ထမ်းဆောင်နိုင်ရမည်။

မှတ်ချက်။ အကြားစွမ်းရည်နှင့် ဘာသာပြန်ဆိုမှုစွမ်းရည်အတွက် အရည်အချင်းစစ် စာမေးပွဲဖြေဆိုရမည်။

လျှောက်ထားလိုသူများသည် အလုပ်လျှောက်လွှာ၊ ပညာအရည်အချင်းအထောက်အထားမိတ္တူ၊ တစ်လအတွင်း ရိုက်ကူးထားသော ကာလာလိုင်စင်ဓာတ်ပုံနှစ်ပုံ၊ မှတ်ပုံတင်မိတ္တူ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ရပ်ကွက်ထောက်ခံစာ၊ ရဲစခန်းထောက်ခံစာ၊ အိမ်ထောင်စုစာရင်းမိတ္တူနှင့် လိုအပ်သောစာရွက်စာတမ်းများနှင့်တကွ အထက်ပါလိပ်စာအတိုင်း ၂၉-၆-၂၀၁၃ရက် နောက်ဆုံးထား၍ လာရောက်လျှောက်ထားနိုင်ပါသည်။

ဝန်ထမ်းအလိုရှိသည်
(ပြည်တွင်း၌သာ ခန့်ထားရန်)

Golden View Hotel တွင်အောက်ဖော်ပြပါဝန်ထမ်းများအလိုရှိသည်။

1.Front Office Manager	ကျား/မ	(၁)ဦး
2.Receptionist	ကျား/မ	(၄)ဦး
3.Bell	ကျား/မ	(၄)ဦး
4.Food and Beverage Manager	ကျား/မ	(၁)ဦး
5.Waiter/ Waitress	ကျား/မ	(၅)ဦး
6.Bartender	ကျား/မ	(၁)ဦး
7.Chef (Asian Food)	ကျား/မ	(၁)ဦး
8.Kitchen Helper	ကျား/မ	(၂)ဦး
9.Stewarding	ကျား/မ	(၁)ဦး
10.Housekeeper	ကျား/မ	(၁)ဦး
11.Room Attendant	ကျား/မ	(၃)ဦး
12.Public Area	ကျား/မ	(၂)ဦး
13.Chief Accountant	မ	(၁)ဦး
14.Accountant	မ	(၁)ဦး
15.General Cashier	ကျား/မ	(၃)ဦး
16.Purchaser	ကျား/မ	(၁)ဦး
17.M&E Technician	ကျား/မ	(၃)ဦး
18.Security ဝန်ထမ်း	ကျား	(၅)ဦး

အမှတ်စဉ်(1,4,7,10)ရာထူးများအတွက် ဟိုတယ်လုပ်ငန်း အတွေ့အကြုံ (၂)နှစ်ရှိရမည်။ အမှတ်စဉ် (၁၃)ရာထူးအတွက် B.Com ဘွဲ့ရပြီးသူ (သို့မဟုတ်) (LCCI Level -3) အောင်မြင်ပြီးသူ ဖြစ်ရမည်။ လျှောက်ထားလိုသူများသည် ကိုယ်ရေးအချက်အလက်၊ ဓါတ်ပုံ (၁)ပုံ၊ ဘွဲ့လက်မှတ် မိတ္တူ၊ မှတ်ပုံတင်မိတ္တူ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ရပ်ကွက်ထောက်ခံစာ၊ ရဲစခန်းထောက်ခံစာတို့နှင့်အတူ (5th July 2013) ရက်နေ့နောက်ဆုံးထား၍ ဦးဝိစာရလမ်း၊ (၄၂)ရပ်ကွက် မြောက်ဒဂုံမြို့နယ်ရှိ Golden View Hotel သို့ ပေးပို့လျှောက်ထားနိုင်ပါသည်။

အသေးစိတ်သိရှိလိုပါက Phone: 01-580917/09-43174651/
09-5015528/ 09-5565533

Email Address: royalgoldenview@gmail.com သို့ **ဆက်သွယ်မေး မြန်းနိုင်ပါသည်။**

RICH MANDALAY COMPANY LIMITED

Medical

ဝန်ထမ်းအလိုရှိသည်။
(ပြည်တွင်း၌ကျပ်ငွေဖြင့်သာခန့်ထားရန်)

AA Medical Products Ltd. မှ အောက်ဖော်ပြပါရာထူးများအတွက် အရည်အသွေးပြည့်စုံသူများအား ခန့်ထားရန် လိုအပ်လျက်ရှိသည်။

1) ရုံးခွဲစီမံမန်နေဂျာ ကျား/မ (၃)ဦး

- ♦ ဘွဲ့ရ၊အသက်(၂၅)နှစ်အထက်။
- ♦ စီမံရေးရာမန်နေဂျာ လုပ်ငန်းအတွေ့အကြုံ(၃)နှစ်၊ ရုံးလုပ်ငန်းနှင့်ပတ်သက်သည့်ကြီးကြပ်မှုလုပ်ငန်း၊ စတိုလုပ်ငန်းများတွင် စီမံအုပ်ချုပ်နိုင်ရမည်။
- ♦ ကွန်ပျူတာ ကျွမ်းကျင်သူကို ဦးစားပေးမည်။
- ♦ ရုံးခွဲ၏လုပ်ငန်းများကို ရှိသောအရင်းအမြစ်များဖြင့် ထိထိရောက်ရောက် အကျိုးရှိရှိ သုံးစွဲပြီး အောင်မြင်အောင် စီမံခန့်ခွဲနိုင်သော အရည်အသွေးရှိရမည်။
- ♦ ကုမ္ပဏီရုံးခွဲတည်ရှိရာမြို့များ(မန္တလေး၊တောင်ကြီး၊လားရှိုး၊မြိတ်၊မြစ်ကြီးနား၊စစ်တွေ၊ ကလေး၊ထားဝယ်၊မကွေး၊မော်လမြိုင်၊နေပြည်တော်နှင့် အခြားမြို့ကြီး)များတွင် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။(မိသားစုနှင့်ပြောင်းရွှေ့မည်ဆိုပါက ကုမ္ပဏီမှ မိသားစုနေရေး၊ထိုင်ရေးအတွက်စီစဉ်ပေးမည်။)

2) Sales Manager ကျား/မ (၃)ဦး

- ♦ ဘွဲ့ရ၊ အသက်(၂၅)နှစ်မှ(၅၀)နှစ်အတွင်း။
- ♦ လူသုံးကုန်ပစ္စည်း(သို့) ဆေးဝါးဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းတွင် မန်နေဂျာအတွေ့အကြုံ(၃)နှစ်ရှိရမည်။
- ♦ ကုမ္ပဏီရုံးခွဲတည်ရှိရာမြို့များ(မန္တလေး၊တောင်ကြီး၊လားရှိုး၊မြိတ်၊မြစ်ကြီးနား၊စစ်တွေ၊ မကွေး၊မော်လမြိုင်၊နေပြည်တော်နှင့်အခြားမြို့ကြီး)များတွင် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။(မိသားစုနှင့်ပြောင်းရွှေ့မည်ဆိုပါက ကုမ္ပဏီမှ မိသားစုနေရေး၊ ထိုင်ရေးအတွက် စီစဉ်ပေးမည်။)
- ♦ အရောင်းနှင့်ပတ်သက်၍လည်းကောင်း၊ အရောင်းဝန်ထမ်းများ စီမံခန့်ခွဲမှုနှင့်ပတ်သက်၍ လည်းကောင်း၊ ကောင်းမွန်စွာစီမံအုပ်ချုပ်နိုင်သူဖြစ်ရမည်။
- ♦ ကွန်ပျူတာ ကျွမ်းကျင်စွာ ကိုင်တွယ်အသုံးပြုနိုင်ရမည်။ အင်္ဂလိပ်အရေး၊ အပြောကျွမ်းကျင်သူကို ဦးစားပေးမည်။

3) မော်တော်ယာဉ်မန်နေဂျာ ကျား (၂)ဦး

- ♦ ဘွဲ့ရ၊ အသက်(၂၅)နှစ်မှ(၅၅)နှစ်အတွင်း။
- ♦ မော်တော်ယာဉ်မန်နေဂျာ လုပ်ငန်းအတွေ့အကြုံ(၃)နှစ်၊ မော်တော်ယာဉ်နှင့်ပတ်သက်သည့် စက်ပိုင်းဆိုင်ရာအစိတ်အပိုင်းများ နားလည်ကျွမ်းကျင်ရမည်။
- ♦ ယာဉ်မောင်းများအား အုပ်ချုပ်ကွပ်ကဲနိုင်ရမည်။
- ♦ မော်တော်ယာဉ်များသုံးစွဲမှုကို စီမံကွပ်ကဲနိုင်ရမည်။
- ♦ ယာဉ်ကြံ့ခိုင်ရေးကို ဦးစားပေးဆောင်ရွက်နိုင်ရမည်။ ယာဉ်ပြင်ဆင်ရေးကိစ္စများ နားလည်ကျွမ်းကျင်ရမည်။

4) Maintenance Helper ကျား (၄)ဦး

- ♦ မော်တော်ကား အစိတ်အပိုင်းများ အသေးစိတ်ပြင်ဆင်မှုလုပ်ငန်း အတွေ့အကြုံအနည်းဆုံး (၁)နှစ်ရှိရမည်။
- ♦ အရက်၊ ကွမ်း၊ ဆေးလိပ်သုံးစွဲသူမဖြစ်ရ။
- ♦ ကျန်းမာရေး ကောင်းမွန်သူဖြစ်ရမည်။
- ♦ ပေးအပ်သောတာဝန်များကိုကျေပွန်စွာထမ်းဆောင်နိုင်သူ၊အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်သူဖြစ်ရမည်။

အထက်ပါ အလုပ်ကိုစိတ်ဝင်စားသူသည် ဤကြော်ငြာပါသည့်နေ့မှ(၂၉.၀၆.၁၃)ရက်အတွင်း မိမိ၏ကိုယ်ရေးရာဇဝင်၊ ဓါတ်ပုံ(၂)ပုံ၊ ပညာအရည်အချင်းအထောက်အထား၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ မှတ်ပုံတင်မိတ္တူ၊အိမ်ထောင်စုစာရင်းမိတ္တူ၊ အကျင့်စာရိတ္တ ကောင်းမွန်ကြောင်း ထောက်ခံစာတို့နှင့်အတူ AA Medical Products Ltd. အမှတ်(၄၀၈/၄၁၀)၊ မဟာဗန္ဓုလလမ်း၊(၄)ထပ်၊ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့သို့ပေးပို့လျှောက်ထားနိုင်ပါသည်။

ဝန်ထမ်းအလိုရှိသည်

စာရေး- မ- နှစ်ဦး
(အခြေခံပညာအထက်တန်းအောင်)
Mega Win Co.,Ltd.
ဖုန်း-၅၄၃၆၉၆၊ ၅၄၈၂၉၇၊ ၄၀၀၄၇၈၊
(၈)၊အေးသာယာလမ်း၊ဘောက်ထော်၊တာမွေ

အမည်ပြောင်း

ဦးသန်းဇော်ဝင်း(ခ)ဦးမောင်ညို၏သမီး အထက (၂)ကမာရွတ် Grade -10(E) တွင် ပညာသင်ကြားနေသော မဇာဇာဖြိုး ၂/ကမရ (နိုင်)၀၆၇၄၇၂အား ယနေ့မှစ၍ အိအိထွန်းဟု ပြောင်းလဲခေါ်ပါရန်။ **အိအိထွန်း**

ဝင်းသစ်မွှေး 09-5117226

သစ်မွှေး နံ့သာနီ၊ကျွန်း၊ ပိတောက်၊ နံ့သာဖြူ၊ လျှော်ဖြူ၊ ပျဉ်းကတိုး၊ မျိုးစေ့နှင့် မျိုးပင် လိုသလောက်ရပြီ။ **501812**

ပြင်ဆင်ဖတ်ရှုပါရန်

၁၇-၅-၂၀၁၃ရက် ဤသတင်းစာ စာမျက်နှာ ကြော်ငြာ(၈) ကန့်ကွက်နိုင်ကြောင်း ကြော်ငြာအမှတ်စဉ် (၁၀) ဒေါပုံမြို့နယ် ဒေါ်ခင်ကြည်၏အမည်ပြောင်းတွင် လျှောက်ထားသူအမည် ဒေါ်ခင်ကြည်အစား ဒေါ်ခင်ကြည် +၁ဟု ပြင်ဆင်ဖတ်ရှုပါရန်။

ကန့်ကွက်ရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ အနော်ရထာလမ်း၊ အနော်ရထာအိမ်ရာရှိ တိုက်အမှတ် ၁၁၊ အခန်းအမှတ် ၂၀၃ကို အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်မြရီ ၆/မအရ(နိုင်)၀၈၅၁၄၉ ၏ အိမ်ပေါ်တက်ရောက်နေထိုင်ခွင့် ပျက်စီးသွားပါသဖြင့် မိတ္တူမှန်ပြန်လည်ထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်ပါက ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း စာရွက်စာတမ်းအထောက်အထားများဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

စီမံကိန်းဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၊ ပိန္နဲကုန်း၊ မြေကွက်အမှတ် ၅ဏ-၄၂A၊ ဧရိယာ ၀ ဒသမ ၀၇၆ ဧက၏ တစ်စိတ်တစ်ဒေသ ပေ (၇၇×၃၆)၊ မြေကွက် တည်နေရာအမှတ်-၁၈၊ ကြေးတိုင်စု(၂)လမ်း၊ ပန္နဲကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ် အပ္ပဒူကယွန်း(BQ-၀၁၃၈၄၄)+၃ အမည်ပေါက် Bမြေပိုင် လ/န ၃(ခ) ရပြီးမြေအား အမည်ပေါက် ဦးအပ္ပဒူကယွန်း+၃ထံမှ ပိုင်ဆိုင်ကြောင်းစာချုပ်အမှတ်-၁၅၈/၉၄နှင့် ၇၀၈/၉၆ အရောင်းအဝယ်စာချုပ်အမှတ်-၅၁၆၇/၉၇၊ စွန့်လွှတ်စာချုပ်အမှတ်-၄၂၆၇/၂၀၀၇တို့တင်ပြ၍ ဒေါ်လှစော(ကိုယ်စား)GP-ဦးကျော်အောင်ဝင်းမှ မြေကွက်ခွဲစိတ်ရန်နှင့် မြေတိုင်းရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၂၁)၊ မြေကွက်အမှတ်(၃၄၄)၊ (အလျားပေ ၄၀×အနံပေ ၆၀)မြေကွက်ရရှိသူ အမည်ပေါက် ဦးကြည်သန်း ၁၂/လကန(နိုင်)၀၃၃၇၉၂က မြေချပါမစ်ပြုလုပ်ပေးပါရန် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း ဤဦးစီးဌာနသို့ သက်ဆိုင်ရာ စာရွက်စာတမ်း အထောက်အထား မူရင်းများ တင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ် ပြုလုပ်ပေးရန်အတွက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေယာရုံးခွဲ(၁၂)
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

သဃ်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၉ သုဝဏ္ဏ(တန်ဖိုးနည်း)၊ မြေကွက်အမှတ် ၃၃+၃၃ အေ၊ မြေကွက်တည်နေရာ အမှတ်၃၃၊ ကမာကြည်လမ်းမကြီး၊ ပိတောက်လမ်းသွယ်၊ (၂၉)ရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ဒေါ်အုံး အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဒေါ်အုံး(မိခင်)နှင့် ဦးညွန့်တင်(ဖခင်)တို့ ကွယ်လွန်သဖြင့် (၁)ဒေါ်ခင်မြင့်မြင့် ၇/ပခန(နိုင်)၀၀၆၉၄၀၊ (၂)ဒေါ်အေးသိန်း ၁၂/ကတတ(နိုင်)၀၀၈၁၅၈ တို့က သမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် စွန့်လွှတ်စာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာ

27th SEA GAMES MYANMAR 2013 NAY PYI TAW

ကျေးဇူးတင်ရှိခြင်း

(၂၇) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၏အကြိုလှုံ့ဆော်မှု အစီအစဉ်အဖြစ် ဘေလ်ဘုတ် (Billboard) များကို အားကစားဝန်ကြီးဌာန၏ တစ်ဦးတည်းစီစဉ်ဆောင်ရွက်လုပ်ဆောင်ခွင့်ရရှိထားသော ADMA Media Co.,Ltd.မှ အကြိုလှုံ့ဆော်မှု အစီအစဉ်တွင်အဘက်ဘက်မှ ပူးပေါင်းပါဝင်ပံ့ပိုးကူညီပေးကြသော နေပြည်တော်တိုင်းဒေသကြီးစည်ပင်သာယာရေးကော်မတီ၊ ရန်ကုန်တိုင်းဒေသကြီးစည်ပင်သာယာရေးကော်မတီ၊ မန္တလေးတိုင်းဒေသကြီးစည်ပင်သာယာရေးကော်မတီ နှင့် ဝန်ကြီးဌာန အသီးသီးအားလည်းကောင်း၊ Billboard များစိုက်ထူရာတွင် ပူးပေါင်းပံ့ပိုးကူညီကြသော **Sponsor Company** တို့အားလည်းကောင်း လှိုက်လှဲစွာကျေးဇူးတင်ရှိပါကြောင်း ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။

ADMA Media Co., Ltd. 09 5184421, 09 508 0844 09 4560 55555

" ပညာသင်ရင်း အလုပ်ခွင့်ဝင်၊ ဘွဲ့ရတာနဲ့ အလုပ်ပါရ "

တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသော ကျောင်းသား/ကျောင်းသူများ ပြည်တွင်း၌ပင်တက်ရောက်နိုင်သော အခွင့်အလမ်း

နိုင်ငံတကာ အဆင့် ပညာသင်ရန်	အလုပ်သင်ပေးပြီး အလုပ်ပါခန့်ပေးမည့် အဖွဲ့အစည်း	အနာဂတ်အခွင့်အလမ်းများ
MCC Training Institute (MCC.i)	MCC International Software Development Center (ISDC)	MNC (Multinational Corporations)
အင်္ဂလန်နိုင်ငံမှချီးမြှင့်မည့် ကွန်ပျူတာ သိပ္ပံဘွဲ့ B.Sc (Hons) Business IT University of Greenwich (UK)	• Junior Software Engineer • Junior System Analyst • Deputy Project Manager Entry Salary $ 200, $ 300, $ 400	• Software Engineer • System Analyst • Project Manager Salary $ 500 - $ 5000

* ဇွန်လ (၂၄)၊ (၂၅)ရက်နေ့များတွင် ကွန်ပျူတာ သိပ္ပံဘွဲ့သင်တန်းအား ဖွင့်လှစ်သင်ကြားမည် ဖြစ်ပါ၍ ကြိုတင်စာရင်းသွင်းပြီး တက်ရောက်နိုင်ပါပြီ *

MCC.i (Yangon Campus) - 01-245762, 249152, 246634, 395512. Mandalay Campus - 02-77930, 09-91034062. Yatanarpon Campus- 02-5178112, 5178113, 5178132

ကန့်ကွက်လိုက နိုင်လိုသော မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးအထောက်အထားတစ်ရပ်ရပ်ဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်

စဉ်	လျှောက်ထားသူ		လျှောက်ထားသည့်					လျှောက်ထားသည့်
	အမည်	မှတ်ပုံတင်	မြို့နယ်	မြေတိုင်း	မြေကွက်	မြေအမည်ပေါက်	လိပ်စာ	အကြောင်းအရာ
၁။	ဦးစိုးဝင်း	၁၂/ဒပန(နိုင်)၀၁၈၂၇၀	ဒေါပုံ	၄	၂၂	ဦးထွန်းအောင်	၁၉၃၊ အောင်သီရိလမ်း၊ မြို့သစ်ရပ်ကွက်	အမည်ပြောင်း
၂။	ဒေါ်မေဖူးသိုက်တင်+၁	၁၂/မရက(နိုင်)၁၃၆၁၇၈	မရမ်းကုန်း	၃၀	၁၉/ကျ၂/၉-B	ဒေါ်တူး(ခ)ဒေါ်ရီရီတင်	၈၂-က(၆)၊ အင်းလေးရိပ်သာ၊ ပြည်လမ်း(၆)ရပ်ကွက်	အမည်ပြောင်း
၃။	ဦးစိုးလွင်(ခ)ဦးသက်ဝင်း	၁၂/ကတတ(နိုင်)၀၂၁၈၇၆	တောင်ဥက္ကလာ	၁၄/၁	၇၁/၂	ဒေါ်ခင်မြင့်	၇၁/၂၊ ၆လမ်းထိပ်၊ သံသုမာလမ်းမ၊ (၁၄/၁)ရပ်ကွက်	အမည်ပြောင်း
၄။	ဦးမောင်အေး	၁၂/လကန(နိုင်)၀၅၉၇၉၀	သဃ်န်းကျွန်း	ရန်ကုန်သစ်	၇၃၂/ခ	ဦးသောင်းကြိုင်	၃၆၊ ဘုရင့်နောင်လမ်း၊ ရန်ကုန်သစ်ရပ်ကွက်၊ သဃ်န်းကျွန်း	အမည်ပြောင်း
၅။	ဒေါ်ရီရီ	၁၃/လရန(နိုင်)၀၈၄၅၄၉	အုံမြောက်	၃၉/A B	ထ/၁၃၀/၁	ဦးချစ်ညီညီ	ထ/၁၃၀/၁၊ရာဇာဓိရာဇ်လမ်း၊ ၃၉ABရပ်ကွက်၊ဒဂုံမြောက်	မြေပုံကူး
၆။	ဒေါ်ရီရီ	၁၃/လရန(နိုင်)၀၈၄၅၄၉	အုံမြောက်	၃၉/A B	ထ/၁၃၀	ဦးချစ်ညီညီ	ထ/၁၃၀/၁၊ရာဇာဓိရာဇ်လမ်း၊ ၃၉ABရပ်ကွက်၊ဒဂုံမြောက်	မြေပုံကူး
၇။	ဦးတင်မောင်သိန်း	၁၂/စခန(နိုင်)၀၂၅၆၄၁	စမ်းချောင်း	၂၈E၂	၁၂၉၁	ဒေါ်သန်းကြည်	၁၊ မအူပင်လမ်း၊ ကျွန်း/တောင်ရပ်ကွက်	အမည်ပြောင်း
၈။	ဒေါ်ဝင်းဝင်းရွှေ	၁၂/ရကန(နိုင်)၀၂၂၈၆၂	ရွှေပြည်သာ	၂၉	၇၀	ဦးစိုးတင့်	၇၀၊ စပယ်လမ်းသွယ်	ဂရန်သစ်
၉။	ဦးသိန်းထွန်း	၁၂/လသန(နိုင်)၀၀၈၄၈၁	မင်္ဂလာဒုံ	၅၃၂B	၁၅၈ B	ဦးမောင်ချို	၁၅၈B၊ ဗိုလ်တောက်လမ်း	အမည်ပြောင်း
၁၀။	ဦးအေးကျော်	၅/ကဘလ(နိုင်)၁၁၇၁၃၅	ဒဂုံအရှေ့	၄	၁၃၉၆	ဒုတိယဗိုလ်မှူးကြီးထွေးလှ	၁၃၉၆၊ အနော်ရထာလမ်း၊ (၄)ရပ်ကွက်	အမည်ပြောင်း
၁၁။	ဒေါ်ဝင်းဝင်းကြည်+၁	၁၂/သကတ(နိုင်)၁၁၃၈၉၂	သာကေတ	၇(အရှေ့)	၇၂	ဦးမြင့်ရွှေ+ဒေါ်ခင်သန်း	၇၂၊ ဈေးဝဏ်လမ်း၊ (၇)အရှေ့ရပ်ကွက်၊ သာကေတ	အမည်ပြောင်း
၁၂။	ဒေါ်လှဲ့လှဲ့နိုင်(ဘီးလစ်)	၁၃/တကန(နိုင်)၀၀၃၄၁၉	ဒဂုံမြောက်	၄၁	၃၆၃	ဦးမောင်ဝင်း	၃၆၃၊ ပဒေသရာဇာလမ်း၊ (၄၁)ရပ်ကွက်၊ ဒဂုံမြောက်	မြေပုံကူး
၁၃။	ဦးကြည်ဝင်း+၄	၁၂/သကတ(နိုင်)၀၉၂၇၉၃	သာကေတ	၁	၁၂၂၇	ဒေါ်လှမြင့်	၁၂၂၇၊ ထူပါရုံအရှေ့(၄)လမ်း၊ (၁)ရပ်ကွက်	အမည်ပြောင်း
၁၄။	ဒေါ်တာဆုတ်(ခ)ဒေါ်စန်း	၁၂/ဥကတ(နိုင်)၀၂၆၄၅၄	တောင်ဥက္ကလာ	၉	၆၀၂/က	ဦးသောင်းရွှေ	၆၀၂/က၊ ဇာနည်(၁၂)လမ်း၊ (၉)ရပ်ကွက်	အမည်ပြောင်း
၁၅။	ဒေါ်တင်တင်ဝင်း	၁၄/ကပန(နိုင်)၀၀၂၂၅၁	ရွှေပြည်သာ	၁၆	၂၇၀+၂၇၁	ဒုဗိုလ်မှူးကြီးမြင့်မောင်	၂၇၀/၂၇၁၊ တော်ဝင်လမ်းသွယ်(၇)၊ (၁၆)ရပ်ကွက်	အမည်ပြောင်း
၁၆။	ဒေါ်စန်းရီ	၉/တသန(နိုင်)၀၅၁၅၆၉	ဒဂုံတောင်	၁၀၇	၅၉/ခ	ဦးကြည်	၅၉/ခ၊ ရတနာပုံလမ်း၊ (၁၀၇)ရပ်ကွက်၊ ဒဂုံတောင်	ဂရန်သစ်
၁၇။	ဒေါ်ရင်မြ+ဒေါ်သီတာစိုး	၁၂/မရက(နိုင်)၀၂၉၉၇၉	မရမ်းကုန်း	၂	၁၀၀	ဒေါ်ရင်မြ	၁၀၀၊ မဒ္ဒမှာလမ်း၊ (၂)ရပ်ကွက်	ဂရန်သစ်
၁၈။	ဒေါ်နန်းယွေ့ခမ်းမိုင်	၁၃/မဆတ(နိုင်)၀၀၆၃၆၁	ဒဂုံတောင်	၁၅၄	၅၆၈	ဦးချစ်သန်း	မြေကွက်အမှတ် – ၅၆၈၊ (၁၅၄)ရပ်ကွက်	ဂရန်သစ်
၁၉။	ဒေါ်နန်းယွေ့ခမ်းမိုင်	၁၃/မဆတ(နိုင်)၀၀၆၃၆၁	ဒဂုံတောင်	၁၅၂	၁၈၂၈	ဦးလှငွေ	မြေကွက်အမှတ် – ၁၈၂၈၊ (၁၅၂)ရပ်ကွက်	ဂရန်သစ်
၂၀။	ဒေါ်မေဆန်းမြင့်+၂	၁၂/ကမရ(နိုင်)၀၄၀၇၅၄	တာမွေ	၃A၄	V၂၇၅	ဦးလှရွှေ	၂၄၊ တာမွေဈေးလမ်း၊ ဖျိုင်းရွာမရပ်ကွက်	အမည်ပြောင်း

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာ

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဆရာတော် ဘဒ္ဒန္တပရမာဘိဝံသ မဟာထေရ်

သက်တော်(၈၄)နှစ်၊ သိက္ခာတော်(၆၄)ဝါ

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့၊ အမှတ်(၁၆)ရပ်ကွက်၊ စွန်းလွန်းဂူကျောင်းတိုက်၏ ပဓာနနာယက ကမ္မဋ္ဌာနာစရိယဆရာတော် ဘဒ္ဒန္တပရမာဘိဝံသ မဟာထေရ်မြတ်သည် (၁၃၇၅ခုနှစ် နယုန်လဆန်း ၆ရက်) ၁၄-၆-၂၀၁၃ရက် (သောကြာနေ့) နံနက် ၄း၃၀နာရီတွင် ရန်ကုန်မြို့ ပန်းလှိုင်အထူးကုဆေးရုံ၌ ဘဝနတ်ထံ ပျံလွန်တော်မူသွားပါသဖြင့် အန္တိမဈာပနသာဓုကီဠနအခမ်းအနားကို (၁၃၇၅ခုနှစ် နယုန်လဆန်း ၁၂ရက်) ၂၀-၆-၂၀၁၃ရက် (ကြာသပတေးနေ့) ညနေ ၄နာရီတွင် မြင်းခြံမြို့၊ အမှတ်(၁၆)ရပ်ကွက်၊ စွန်းလွန်းဂူကျောင်းတိုက်၌ ကျင်းပသွားမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့်ဒါယကာ၊ ဒါယိကာမ အပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

အန္တိမဈာပနသာဓုကီဠန အကျိုးဆောင်အဖွဲ့၊ မြင်းခြံမြို့

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်၊ ရေကန် ဒါယိကာမကြီး

ဒေါ်သန်းတင် (မြင်းခြံ၊ တောင်သာ၊ ကျောက္ကာ)

အသက်(၉၇)နှစ်

(ဦးသော်ရာ-ဒေါ်ငွေမီ)တို့၏သမီး၊ (ဦးအုံးပင်-ဒေါ်အိ)တို့၏သမီးချွေးမ၊ တောင်သာမြို့နယ်၊ ပါလီမန်အမတ်ဟောင်း၊ လွတ်လပ်ရေးမော်ကွန်းဝင်(ပထမဆင့်)(ဦးစံပြည့်)၏ဇနီး၊ ဒေါက်တာဦးကျော်တင့်-ဒေါ်ယဉ်ယဉ်မေ၊ (ဦးအောင်ဇေယျ)၊ ဒေါ်သန်းသန်းအိ (ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန)၊ ဒေါ်မြမြသန်း၊ ဦးတင်မိုး(မီးသတ်ဦးစီးဌာန)-ဒေါက်တာဒေါ်ခင်မေအေးတို့၏မိခင်၊ မြေးခုနစ်ယောက်တို့၏အဘွား၊မြစ်နှစ်ယောက်တို့၏ဘွားဘွားကြီးသည် ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရွှေပင်လုံအိမ်ရာနေ ဒေါ်သန်းတင်သည် ၁၅-၆- ၂၀၁၃ရက် (စနေနေ့) နံနက် ၁၀း၀၅နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၆-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

ဒေါ်ခင်ပု (မကွေး)

အလယ်တန်းပြ(ငြိမ်း)၊ အလက(၃)ဒဂုံ

အသက်(၈၈)နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ အမှတ် ၇၃၊ မင်းရဲကျော်စွာလမ်းနှင့် သစ်တောလမ်းထောင့်နေ (ဦးထုန်း-ဒေါ်ဖွားမြို့)တို့၏သမီး၊ (ဗိုလ်မှူးချုပ်မြင့်မောင်-ဒေါ် ခင်သန်း)၊ (ဦးသိန်းထွန်း)-ဒေါ်တင်တင်မြတို့၏ညီမ၊ ဒုတိယဗိုလ်မှူးကြီးဒေါ်ခင်ညွန့်(ငြိမ်း)-ဦးသိန်းတန်တို့၏အစ်မ၊ ဒေါ်နွယ်နွယ်စိန်-ဒုတိယဗိုလ်မှူးကြီးစိုးသိန်း (ငြိမ်း)၊ ဦးထွန်းခိုင်-ဒေါ်ခိုင်ဇော်၊ ဒေါ်ခင်ဆွေသင်း၊ ဒေါ်မူမူအေး-ဒုတိယဗိုလ်မှူးကြီးသူရဖုန်းစိန်(ငြိမ်း)၊ ဒုတိယဗိုလ်မှူးကြီးမောင်မောင်လတ်(ငြိမ်း) YESB၊ဒေါ်ခင်ထွေးမာ၊ဒေါ်ညီညီ၊ဒေါ်ခင်စုလှိုင်၊ ဒုတိယဗိုလ်မှူးကြီးမျိုးထွန်း-ဒေါ်မြသန္တာစိုးတို့၏အဒေါ်သည် ၁၆-၆-၂၀၁၃ရက် နံနက် ၃း၀၅နာရီတွင် မဟာမြိုင်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၆-၂၀၁၃ရက် မွန်းလွဲ ၁၂း၅၀နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၂-၆-၂၀၁၃ရက် နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း

ဦးအောင်မြင့် (ပဲခူး)

ဒုတိယအထွေထွေမန်နေဂျာ(စီမံ)(ငြိမ်း)၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

အသက်(၈၅)နှစ်

(ဦးငယ်-ဒေါ်လှမြင့်)တို့၏သား၊ (စက်ရှင်တရားသူကြီး ဦးစောစံဒွန်း-ဒေါ်အေးနွဲ့)တို့၏သားသမက်၊ (ဒေါ်ဂျင်နဗီဒွန်း၊ အထက်တန်းသူနာပြုဆရာမ)၏ခင်ပွန်း၊ ဒေါ်မေမေခင်၏အစ်ကို၊ (ဦးစိုးလှဒွန်း-နော်မေးမက်စ်)၊ ဒေါ်မာရီနာဒွန်း-(ဦးစောစံစီ)၊ ဦးတင်ဒွန်း-ဒေါ်ဆင့်ဆင့်သက်တို့၏ညီ/မောင်၊ ဒေါ်ဂလိုရီယာဒွန်း-(ဗိုလ်ကြီးကိုကိုလတ်)တို့၏အစ်ကို၊ ဦးဥက္ကာ-ဒေါ်သီတာလွင်(ခေတ္တ-စင်ကာပူ)၊ မသင်းမာလွင်(ခေတ္တ-စင်ကာပူ)၊ မနိုင်လင်းမြင့်(Bella Interiors Co., Ltd., Beautiful Island)၊ မဇင်ဖြူမြင့်တို့၏ဖခင်၊မောင်မြတ်မျိုးသူ(ခေတ္တ-စင်ကာပူ)၊ မောင်သရဝဏ်(ခေတ္တ-စင်ကာပူ)တို့၏အဘိုးသည် ၁၄-၆-၂၀၁၃ရက်(သောကြာနေ့) ညနေ ၅း၁၅နာရီတွင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရပ်ကွက်အမှတ် ၁၈/E၊ အမှတ် ၁၁၈၊ ပုလဲရတနာလမ်းနှင့် မြိတ်လမ်းထောင့်၊ အာကစားရုံအနီး နေအိမ်တွင် ခရစ်တော်၌ အိပ်ပျော်သွားပါ၍ ၁၈-၆-၂၀၁၃ရက် (အင်္ဂါနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်ခန်းမ(၁)၌ ဝတ်ပြုဆုတောင်း မီးသင်္ဂြိုဟ်ပြီးနောက် အရိုးပြာကို ခရစ်ယာန်ဂိုဏ်းပေါင်းစုံ သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပါမည်။(နေအိမ်မှ ကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဒုတိယရဲမှူးကြီးစိုးတင့်(ငြိမ်း) (ထားဝယ်)

ပြည်ထဲရေးဝန်ကြီးဌာန

အသက်(၇၅)နှစ်

ထားဝယ်မြို့၊ ဆင်ပုနစ်ရပ်နေ (ကျောင်းဆရာကြီး ဦးဘဘ-ဆရာမကြီးဒေါ်နှင်း)တို့၏သား၊ ထားဝယ်မြို့နေ (ဦးဘကျော်-ဒေါ်မေကြီး)တို့၏သားသမက်၊ ထားဝယ်မြို့၊ ကညွန့်ရပ်နေ ဒေါ်တင်မြ၏ခင်ပွန်း၊ ဒုတိယဗိုလ်မှူးကြီးမောင်မောင်စိုး(တပ်ရင်းမှူး၊ ကလောမြို့)-ဒေါ်ဇင်မာသန့်တို့၏ဖခင်၊ ထားဝယ်မြို့နေ (ဒေါ်ဆန်းရီ)၊ဒေါ်မြင့်ကြည်(ဆရာမ၊ငြိမ်း)၊ (ဦးစိုးမြစ်-ဒေါ်တင်ကြည်)တို့၏ညီ/မောင်၊ (ဒုတိယဗိုလ်မှူးကြီးစိုးဝင်း)-ဒေါ်ခင်နွဲ့မူ၊ ဦးအောင်သိမ်း(ပန်းတနော်)တရားလွှတ်တော်ရှေ့နေ-ဒေါ်ခင်ဝင်း(ရုံးအုပ်၊ငြိမ်း၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်)၊ ဒေါက်တာစိုးမြင့်-ဒေါ်တင်တင်ဝင်း(စီမံကိန်းမှူး၊ ငြိမ်း)တို့၏အစ်ကိုသည် ထားဝယ်မြို့၊ ထားဝယ်ပြည်သူ့ဆေးရုံကြီး၌ ၁၄-၆-၂၀၁၃ရက် ညနေ ၅း၃၀နာရီတွင် ကွယ်လွန် သွားပါသဖြင့် ၁၆-၆-၂၀၁၃ရက် မွန်းလွဲ ၁နာရီတွင် ဇဟာသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု

ဒေါ်ခင်ဝင်း(ခ)မသီး

သူဇာဝင်း (အပ်ချုပ်ဆိုင်)

မြေနီကုန်း (သံလွင်ဈေး)

အသက်(၆၇)နှစ်

ရန်ကုန်မြို့၊လှိုင်မြို့နယ်၊(၅)ရပ်ကွက်၊ တိုက် ၆၊ အခန်း ၂၀၃၊ မြကန်သာအိမ်ရာ၊ အပိုင်း ၂၊ ခရေ ၁လမ်းနေ (ဦးဘသော်)-ဒေါ်မြနွယ်တို့၏ သမီးကြီး၊ ဦးသောင်းလွင်-ဒေါ်ခင်နွဲ့၊ (ဦးမင်းဆွေ)-ဒေါ်ခင်နီ၊ ဦးခင်ဇော်-ဒေါ်ခင်အေးချို၊ (ဦးဝင်းဇော်)တို့၏အစ်မ၊ တူ၊ တူမ ၁၀ယောက်တို့၏အဒေါ်၊ မြေးငါးယောက်တို့၏အဘွားသည် ၁၆-၆-၂၀၁၃ရက်(တနင်္ဂနွေနေ့)နံနက် ၁၂း၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၆-၂၀၁၃ရက် မွန်းတည့် ၁၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ နံနက် ၁၀း၃၀ နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

မောင်ချမ်းမင်းမြတ်

အသက်(၁၂)နှစ်

ဦးကျော်လင်း-ဒေါ်အေးအေးခိုင် (လင်းပွဲရုံ)၊ ဦးကောက်-ဒေါ်နီတို့၏မြေး၊ ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ၇ လမ်း၊ အမှတ်၃၅နေ ဦးစိုးမြင့်-ဒေါ်အေးအေးသန်းတို့၏ သားသည် ၁၄-၆-၂၀၁၃ရက်(သောကြာနေ့) ည ၉း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၆-၂၀၁၃ရက် (တနင်္ဂနွေနေ့) ညနေ ၅နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၂၀-၆- ၂၀၁၃ ရက်(ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

ဦးကျော်ဝင်းမောင် (ဖောင်ကြီး)

အသက် (၉၃) နှစ်

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး - ဒေါ်နီနီ၊ (ဦးဆန်းအောင်ကြည်)

ဒေါ်သန်းသန်းဌေး(မြို့နယ်တရားသူကြီး၊ ကျိုက်ထိုမြို့နယ်) တို့၏ဖခင်

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်၊ ဖောင်ကြီးရွာနေ အသက်

(၉၃) နှစ်ရှိ ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

ဦးကျော်ဝင်းမောင်သည် ၇-၆-၂၀၁၃ (သောကြာနေ့) နံနက် ၄း၁၀

နာရီတွင် အာရှတော်ဝင်အထူးကုဆေးရုံ၌ ကွယ်လွန်သွားကြောင်း

သိရသည့်အတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဦးကျော်မင်းထွန်း

SolaRiseSys Co.,Ltd မိသားစု

ဘုရား၊ ရဟန်း ဒါယိကာမကြီး

ဒေါ်လေးခင် (ရွှေကျင်မြို့နယ်အသင်း သက်ကြီးကန်တော့ခံ)

အသက်(၉၀)

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ဇဝနရပ်ကွက်၊ သီရိဝေဘာလမ်း၊ အမှတ် ၁၃နေ (ဦးနန်းပေါ-ဒေါ်ရွှေမှန်)တို့၏သမီး၊ (ဦးကျော်ထွန်း)၏ဇနီး၊ ဦးတင်အေးထွန်း(သချာ)-ဒေါ်မူမူ၊ (ဦးသိန်းစိန်)-ဒေါ်တင်တင်အုံးတို့၏မိခင်၊ဦးသန့်ဇင်ထွန်း၊ ဦးဟိန်းထွဋ်ကျော်-ဒေါ်သူဇာထွန်း (အထက-၄၊ဗိုလ်တထောင်)၊ ဦးဇော်မျိုး-ဒေါ်သိန်းသိန်းဦး၊ ဒေါ်ခင်စန်းသိန်း၊ ဦးတင်လှိုင်-ဒေါ်တူးမာ၊ ဦးသိန်းလှိုင်-ဒေါ်ခင်မျိုးမျိုးလတ်၊ ဦးမျိုးလင်းအောင်၊ ဒေါ်စိန်လှဝင်း၊ ကိုဝင်းကျော်တို့၏ အဘွား၊ မြစ်ကိုးယောက်တို့၏ ဘွားဘွားကြီးသည် ၁၆-၆-၂၀၁၃ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် အောင်ရတနာဆေးရုံ၌ ကွယ်လွန်သွားပါ၍ ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၂၂-၆-၂၀၁၃ရက် (စနေနေ့)နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဦးစိုးဝင်း (မုံရွာ)

အသက်(၈၉)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်း(မြောက်)ရပ်ကွက်၊ ရှမ်းကုန်းလမ်း၊ အမှတ် ၃၅နေ ဒေါ်ခင်ဝင်း၏ခင်ပွန်း၊ဦးအောင်နိုင်-ဒေါ်အေးအေးခိုင်၊ ဒေါ်အေးအေးစိုး(ဒုတိယအထွေထွေမန်နေဂျာ၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း)၊ ဦးစိုးနိုင် (Schlumberger)-ဒေါ်ခင်ဥမ္မာ၊ ဒေါက်တာဒေါ်နီလာစိုး[ပါမောက္ခ (ဌာနမှူး) ဥပဒေပညာဌာန၊ တောင်ကြီးတက္ကသိုလ်]၊ ဒေါ်စန္ဒာစိုး (မစန္ဒာစတိုးဆိုင်) တို့၏ဖခင်၊ မဆုမြတ်စန္ဒီ၊ မဆုသီရိစိုး၊ မောင်ထူးမြတ်နိုင်တို့၏ဘိုးဘိုးကြီးသည် ၁၆-၆-၂၀၁၃ရက်(တနင်္ဂနွေနေ့)ညနေ ၄း၃၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၈-၆-၂၀၁၃ရက် (အင်္ဂါနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှ ကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဦးလှမြင့် (ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့)

ဒုတိယလက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)၊ စားသောက်ကုန်လုပ်ငန်း(သကြား)

အမှတ်(၁)စက်မှုဝန်ကြီးဌာန

အသက်(၈၈)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ရွှေတိဂုံဘုရားလမ်း၊ MWEA Tower ၊ အခန်း ၁၀၀၂ နေ ဒေါ်သန်းသန်းစိန်၏ခင်ပွန်း၊ မသီတာ၊ မသီဂီ၊ ကိုကျော်ထွဋ်၊ ကိုတင်ထွဋ်၊ မမေအောင်၊ ကိုမင်းမင်းထွေးတို့၏ဖခင်၊ မောင်သန်းထွဋ်ဦး၊ မာဘရဏီတင်ထွဋ်၊ မခေတ်ဆုဟေကိုတို့၏ အဘိုးသည် ၁၆-၆-၂၀၁၃ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါ၍ ၁၈-၆-၂၀၁၃ရက် (အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုး မိတ်သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၂-၆-၂၀၁၃ရက် (စနေနေ့) နံနက် ၁၀နာရီမှ မွန်းတည့် ၁၂နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဦးထွန်းကြည် (ထားဝယ်)

တနင်္သာရီတိုင်းဒေသကြီး၊ ဘောလုံးနှင့် လက်ဝှေ့နည်းပြဟောင်း

အသက်(၈၇)နှစ်

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ ကျောက်မော်ရပ်၊ ရန်ကြီးအောင်လမ်း၊ အမှတ် ၂၂၅နေ (ဦးဖိုးချီ-ဒေါ်ဆင်အေး)တို့၏သား၊ (ဒေါ်မြင့်)၏ခင်ပွန်း၊ (ဦးအောင်သိန်း)-ဒေါ်ခင်တင့်၊ (ဦးသန်းမြင့်)-ဒေါ်နှင်းအေး၊ ဦးထွန်းမြင့်-ဒေါ်စန်းစန်းနုစ်၊ ဦးသန်းအောင်(ဝန်ကြီး၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၊ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့)တို့၏ဖခင်၊ မြေးခုနစ်ယောက်၊ မြစ်နှစ်ယောက်တို့၏အဘိုးသည် ၁၅- ၆-၂၀၁၃ရက် (စနေနေ့) ည ၁၀နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၈-၆-၂၀၁၃ရက် (အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ဇဟာသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း၊

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဦးကျော်ဝင်းမောင်

အသက်(၉၃)နှစ်

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး -ဒေါ်နီနီ တို့၏ဖခင် ဦးကျော်ဝင်းမောင်သည် ၇.၆.၂၀၁၃ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်၊

UPT E & E Co-op;Ltd

ဦးဖေသိန်း(MD)နှင့်ဇနီးမိသားစု

ဝမ်းနည်းကြေကွဲခြင်း

ကိုဖြိုးမင်းဦး

အသက်(၃၀)နှစ်

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သန်းဦး -ဒေါ်သန်းသန်းအေး တို့၏သား ကိုဖြိုးမင်းဦးသည် ၆.၆.၂၀၁၃ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်၊

UPT E & E Co-op;Ltd

ဦးဖေသိန်း(MD)နှင့်ဇနီးမိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်၊ ရေကန်ဒါယိကာမကြီး

ဒေါ်သန်းတင်

အသက် (၉၇)နှစ်

ဦးတင်မိုး (ညွှန်ကြားရေးမှူးချုပ်-မီးသတ်ဦးစီးဌာန)-ဒေါက်တာ ဒေါ်ခင်မေအေးတို့၏ မိခင်သည် ၁၅-၆-၂၀၁၃ ရက် (စနေနေ့) နံနက် ၁၀း၀၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှူးနှင့်
မီးသတ်တပ်ဖွဲ့ဝင်များ

ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်၊ ရေကန်ဒါယိကာမကြီး

ဒေါ်သန်းတင်

အသက်(၉၇)နှစ်

ဦးတင်မိုး(ညွှန်ကြားရေးမှူးချုပ်-မီးသတ်ဦးစီးဌာန)-ဒေါက်တာဒေါ်ခင်မေအေးတို့၏ မိခင်သည် ၁၅-၆-၂၀၁၃ရက် (စနေနေ့) နံနက် ၁၀း၀၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ကျောင်းအုပ်ကြီးနှင့်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဗဟိုမီးသတ်သင်တန်းကျောင်း

ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်၊ ရေကန်ဒါယိကာမကြီး

ဒေါ်သန်းတင်

အသက်(၉၇)နှစ်

ဦးတင်မိုး(ညွှန်ကြားရေးမှူးချုပ်-မီးသတ်ဦးစီးဌာန)-ဒေါက်တာဒေါ်ခင်မေအေးတို့၏ မိခင်သည် ၁၅-၆-၂၀၁၃ရက် (စနေနေ့) နံနက် ၁၀း၀၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

အမှတ်(၂)တိုင်းဒေသကြီး/ပြည်နယ် မီးသတ်ဦးစီးရုံးများ၊ ကွပ်ကဲမှုဌာနခွဲမှ
ကွပ်ကဲရေးမှူးနှင့် မီးသတ်တပ်ဖွဲ့ဝင်များ

ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်၊ ရေကန်ဒါယိကာမကြီး

ဒေါ်သန်းတင်

အသက်(၉၇)နှစ်

ဦးတင်မိုး(ညွှန်ကြားရေးမှူးချုပ်-မီးသတ်ဦးစီးဌာန)-ဒေါက်တာဒေါ်ခင်မေအေးတို့၏ မိခင်သည် ၁၅-၆-၂၀၁၃ရက် (စနေနေ့) နံနက် ၁၀း၀၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

မီးသတ်တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ်

တစ်နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း

ဒေါ်ကျော့စိန်

အိုးတန်း၊ စစ်တွေမြို့

(၁၈-၆-၂၀၁၃)

ကျေးဇူးတရားကြီးမားလှသော ချစ်သောမိခင်ကြီး ဒေါ်ကျော့စိန် မိသားစုနှင့်ခွဲခွာခဲ့သည်မှာ ၁၈-၆-၂၀၁၃ရက်တွင် တစ်နှစ်ပြည့်မြောက်ပြီဖြစ်သော်လည်း မိခင်ကြီးအား တစ်နေ့မှ မေ့မရခဲ့ပါ။ မိခင်ကြီးအတွက်ရည်မှန်း၍ လစဉ်ပြုလုပ်ခဲ့သော ကောင်းမှုကုသိုလ်များနှင့် ပြုပြုသမျှသော ကောင်းမှုကုသိုလ်အားလုံးတို့ကို ရောက်ရာဘုံဘဝမှ မြင့်သထက်မြင့်စေရန် မိခင်ကြီးအား အမျှမေတ္တာပေးဝေပါတယ်…

ချစ်သောမေမေ အမျှ…အမျှ…အမျှ

ချစ်သောသား၊ သမီး၊
မြေးများမိသားစု
၂၀၄၊ ရွှေဘန်းလမ်း၊ စစ်တွေမြို့

အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း

ဟာဂျီ ဦးတင်မောင်

(မြန်မာနိုင်ငံသေနတ်ပစ်လက်ရွေးစင်ဟောင်း)

အသက်(၇၇)နှစ်

စစ်ကိုင်းမြို့၊ ဈေးလမ်း(ဟာဂျီ ဦးဘဂျမ်း-ဟာဂျီမ ဒေါ်ကြည်)တို့၏သား၊ ဒေါ်ခင်အေး၊ ဒေါ်ခင်မြတို့၏မောင်၊ ဟာဂျီ ဦးတင်ထွန်းအောင်-ဟာဂျီမ ဒေါ်ခင်စန်းဝင်း၊ မန္တလေးမြို့၊ စက်မှု(၁)နေ ဦးကျော်စိုးဝင်း-ဒေါ်မို့မို့လွင်၊ စစ်ကိုင်းမြို့၊ အိုးတန်းကလေးလမ်းနေ ဦးအောင်နိုင်ဝင်း-ဒေါ်နီနီဝင်း၊ ဦးလှမြင့်-ဒေါ်ခင်စန်းတင်တို့၏ဖခင်၊ မြေး ၁၀ ယောက် တို့၏အဘိုးသည် ၉-၆-၂၀၁၃ရက် (တနင်္ဂနွေနေ့)မွန်းလွဲ ၁၂း၄၅နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ယင်းနေ့ ည ၇ နာရီ မဂ္ဂရစ်နမာဇ်အပြီးတွင် စစ်ကိုင်းမြို့၊ တင်းတိပ်ကဘာရ်စတန်သို့ ပို့ဆောင်ဒါဖွနာပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးရှိ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်သိန်းရီ

အသက် (၆၂)နှစ်

သူငယ်ချင်း ဒို့တစ်တွေကို ၁၁-၆-၂၀၁၃ရက်မှာ ခွဲခွာသွားတဲ့အတွက် မိသားစုနဲ့ထပ်တူ ဝမ်းနည်းကြေကွဲရပါတယ်။

သူငယ်ချင်းကောင်းရာသုဂတိလားပါစေ-

တီချာ ဒေါ်ကြည်ကြည်နွဲ့-

ခင်မေဦး၊ မခင်သန်း၊ ကြူကြူသင်း၊ မြမြဝင်း၊
ခင်ဝင်းမေ၊ ခင်မာဝေ၊ မသန်းနွဲ့၊ ခင်အေးသစ်

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးမြင့်ဆွေ (တရားလွှတ်တော်ရှေ့နေကြီး)

အသက် (၇၁)နှစ်

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာအောင်ကျော်မြတ်၏ အစ်ကို ဦးမြင့်ဆွေ၊ တရားလွှတ်တော်ရှေ့နေကြီး အသက်(၇၁)နှစ်သည် ၃၁-၅-၂၀၁၃ရက် (သောကြာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူဝမ်းနည်းကြေကွဲရပါကြောင်း။

ခေတ္တကျောင်းအုပ်ကြီးနှင့် ဆရာ၊ ဆရာမ၊ ဝန်ထမ်းမိသားစု
ကွန်ပျူတာတက္ကသိုလ်(လှိုင်ကော်)

အမည်ပြောင်း

ပင်းတယမြို့၊ အထကကျောင်း၊ အဋ္ဌမတန်း (က)မှ မဝါဝါဝင်းအား ယနေ့မှစ၍ မရွှန်းလဲ့အောင်ဟု ပြောင်းလဲခေါ်ပါရန်။

မရွှန်းလဲ့အောင်

ကြော်ငြာ

ဝမ်းမြောက်ဂုဏ်ယူခြင်း

တော်ဝင်မိသားစုကုမ္ပဏီ၏ တော်ဝင်ဖောင်ဒေးရှင်းမှ ဆောက်လုပ်လှူဒါန်းသော အ.ထ.က (၃)စမ်းချောင်း သုံးထပ်ကျောင်းဆောင်သစ် ကို

တန်ဖိုးငွေကျပ် သိန်းပေါင်း	၁၁၀၀၀ သိန်း
ကျောင်းတက်စုံဖွံ့ဖြိုးရေးအတွက် ကျပ်	၁၀၅ သိန်း
ဆရာ၊ ဆရာမ တစ်ဦးလျှင် ဆန်တစ်အိတ်၊ ဆီတစ်ပုံး နှင့် ဝတ်စုံ အတွက် ကျပ်	၅၂ သိန်း
အ.ထ.က (၂) စမ်းချောင်း ကျောင်းအထွေထွေပြုပြင်ရေး အတွက် ကျပ်	၃၀၀၀ သိန်း
အ.ထ.က (၂) ကမာရွတ်သို့ ကွန်ပျူတာအစုံ (၆၀) အတွက် ကျပ်	၁၉၅ သိန်း
မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းသို့ ကျပ်	၅၀၀ သိန်း
ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့သို့ ကျပ်	၂၀၀ သိန်း
မြန်မာနိုင်ငံ နယ်စပ်ဒေသဖွံ့ဖြိုးရေးအသင်းသို့ ကျပ်	၂၀၀ သိန်း
စမ်းချောင်းမြို့နယ်အတွင်းရှိ ချို့တဲ့ကျောင်းသား ၁၀၀၀ အတွက် ကျပ်	၁၉၅ သိန်း
စုစုပေါင်းလှူဒါန်းမှု ကျပ်သိန်းပေါင်း **(၁၅၄၄၇)**သိန်း ကို	

လှူမှုထူးချွန် ပထမအဆင့် ဦးကိုကိုထွေး နှင့် ဇနီး သီရိသုဓမ္မသီဂီဒေါ်အေးအေးသန်း မိသားစုမှ သဒ္ဓါထက်သန်စွာ တစ်ဦးတည်းလှူဒါန်းခဲ့ခြင်းအတွက် များစွာဂုဏ်ယူဝမ်းမြောက်ပါကြောင်း ဖော်ပြအပ်ပါသည်။

မန်နေးဂျင်းဒါရိုက်တာ ၊ ဒါရိုက်တာ ၊ ဝန်ထမ်းများနှင့် လုပ်သားများ
ရုံးချုပ် ၊ တော်ဝင်စင်တာ ၊ တော်ဝင်ဆောက်လုပ်ရေး ၊ တော်ဝင်သစ်အချောထည်စက်ရုံ

ဖခင်အမည်မှန်

ဟသ်ာတမြို့နယ်၊ အထက ယုန်သလင်းကျောင်းမှ အဋ္ဌမတန်း(အောင်)ကျောင်းသားမောင်အာကာတင်၏ ဖခင်အမည်မှန် ဦးတင်ဝင်း ၁၂/အလန(နိုင်)၀၀၅၉၇ ဖြစ်ပါသည်။

ဦးတင်ဝင်း

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၃ကံဘဲ့၊ မြေကွက်အမှတ် ၇/ဃ[၁]၊ မြေကွက်တည်နေရာအမှတ်-၆၃၊ သူရဿတီလမ်း၊ ၈ ရပ်ကွက်၊ မရမ်းကုန်းမြို့နယ် ဒေါ်ငွေရှင်အမည်ပေါက် အယ်လ်နှစ်၃၀ သက်ကုန်မြေအား အမည်ပေါက် ဒေါ်ငွေရှင်ထံမှ အရပ်ကတိ အရောင်းအဝယ်စာချုပ်အဆင့်ဆင့်ဖြင့် ဦးမြင့်ဝေမှ ပိုင်ဆိုင်လာပါသည်။ ဦးမြင့်ဝေမှတရားလိုပြုလုပ်၍ မရမ်းကုန်းမြို့နယ်တရားရုံး၊ တရားမကြီးမှုအမှတ် ၃၃/၂၀၁၂ဖြင့် ပဋိညာဉ်အတိုင်း အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှုဖြင့် ဦးပု၊ ဒေါ်ညီမလေး၊ဒေါ်တင်တင်ရီတို့အား တရားပြိုင်ထားရှိပြီး တရားစွဲဆိုခဲ့ရာ တရားလိုမှ အနိုင်ဒီကရီရရှိပြီး တရားမဇာရီမှုအမှတ် ၂၉/၂၀၁၂အရ တရားရုံးကိုယ်စားဆောင်ရွက်ရန်အတွက် တရားရုံးမှခန့်အပ်သည့် ဦးဆန်းရီ(ဘီလစ်)၁၁/ကတန(နိုင်)၀၀၀၆၇၄မှ တရားရုံးဒီကရီ ဂရန်မိတ္တူများတင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-သကမ၊ မြေကွက်အမှတ်-၁၃/၇၅၃/က၊ ဧရိယာ (အလျား ၂၀' × အနံ ၆၀') ရှိ ပါမစ်မြေအမျိုးအစားဟုခေါ်တွင်သည့် အမှတ်-၇၅၃/က၊ မလိခလမ်း၊ (၁၄) ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အဆောက်အအုံအပါအဝင် ဆက်စပ်တွယ်ကပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်တို့အား ပါမစ်အမည်ပေါက် ဦးကျော်လှ (AB-၀၅၅၅၇၀) (ကွယ်လွန်) ၏ဇနီး ဒေါ်ငွေသန့်နှင့် သားသမီးများထံမှ ကျွန်ုပ်၏ မိတ်ဆွေက ဝယ်ယူရန် အိမ်မြေရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါ၍ မည်သူမဆို အထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ ဤကြော်ငြာပါရှိပြီး (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အိမ်မြေအရောင်းအဝယ်ကိစ္စကို တရားဝင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးမိုးဇော်ဦး (LL.B)၊ တရားလွှတ်တော်ရှေ့နေ (စဉ်-၈၉၈၅)
အမှတ်-၅၁၄/၅၁၈၊ ၃-လွှာ၊ အခန်းအမှတ် (၃-A)၊ ကုန်သည်လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
Ph : ၀၉-၇၃၀၇၁၄၄၇ ၊ ၀၉-၄၃၀၅၁၀၃၃

ကန့်ကွက်နိုင်ပါကြောင်း

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၃၉၉/က၊မြေကွက်အမှတ်၆၈၊ဧရိယာ ၁၄ ဒသမ ၆၈ဧက၏ တစ်စိတ်တစ်ဒေသ၊ မြေကွက်ငယ် ၈/၆၈-ဃ၊ ဧရိယာ ၀ ဒသမ ၄၁၃ဧက၊ မြေကွက်တည်နေရာအမှတ် ၆၈/ဃ၊ စိုက်ပျိုးရေးလမ်း၊ အင်းစိန်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအမည်ပေါက် အစိုးရမြေအား ဦးချစ်သန်းမှ အရပ်ကတိ အရောင်းအဝယ်စာချုပ်အဆက်အစပ်တင်ပြ၍ အထူးဝန်ဆောင်ခနှုန်းဖြင့် ဂရန်သစ်လျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အမည်မှန်

ဦးနေမျိုးဇော်၏သား သဲတောမြို့၊ အခြေခံပညာအထက်တန်းကျောင်း စတုတ္ထတန်း(A)မှ မောင်မင်းဇော်ထွေး၏ အမည်မှန်မှာ မောင်မင်းဇော်သွေး ဖြစ်ပါသည်။

မောင်မင်းဇော်သွေး

ကန့်ကွက်နိုင်ပါကြောင်း

လသာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၀ B[၁]၊ မြေကွက်အမှတ် 3rd Western $\frac{1}{6}$ of I-3၊ မြေကွက်တည်နေရာအမှတ် ၃၅၄၊ ကမ်းနားလမ်း၊ ဒေါက်တာလူဇော် ၁၂/ရကန(နိုင်)၀၂၁၀၇၃ အမည်ပေါက် မြေပိုင်မြေအား အမည်ပေါက်ကိုယ်စား အထူးကိုယ်စားလှယ်လွှဲစာ (၅၈၆၄/၅-၄-၂၀၁၃) ရရှိသူ ဦးလူပေါ် ၁၂/မဂတ(နိုင်)၀၂၂၉၉၀ က အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ် (၄၄၄၇/၅-၁၂-၂၀၀၇)မိတ္တူမှန်တင်ပြ၍ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

တစ်ဦးတည်းဖြစ်ပါကြောင်း

ဦးစိုးကက်၏သမီး ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် တရုတ်မေဂျာမှ မထက်မြတ်နိုးနှင့် မနှင်းနှင်း ၇/ကတခ(ပြု)၀၀၀၁၂၁မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

မထက်မြတ်နိုး(ခ)မနှင်းနှင်း
၇/ကတခ(ပြု)၀၀၀၁၂၁

မသဇင်ဦး ၁၂/ဥကမ(နိုင်)၂၀၁၂၈၉ နှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဈ)ရပ်ကွက်၊ ဘုမ္မာ(၃)လမ်း၊ အမှတ် ၆၇၉နေ မောင်ကျော်ကိုထက် ၁၂/ဥကမ(နိုင်)၁၇၉၄၄၂၏ လွှဲအပ်ညွှန်ကြားချက်အရ မသဇင်ဦးနှင့် အများသိစေရန် အောက်ပါအတိုင်း ကြေညာအပ်ပါသည်။ မောင်ကျော်ကိုထက်နှင့် မသဇင်ဦးတို့သည် ၂၀၀၄ ခုနှစ် ဒီဇင်ဘာလတွင် နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ် လက်ထပ်ပေါင်းသင်း၍ ဖော်ပြပါလိပ်စာတွင် နေထိုင်ခဲ့ကြပါသည်။ မသဇင်ဦးသည် ၂၀၀၇ခုနှစ် ဇူလိုင်လတွင် နေအိမ်မှ ၄င်း၏ဆန္ဒအလျောက်ထွက်ခွာသွားရာ ယနေ့အချိန်အထိ နေအိမ်သို့ပြန်လာခြင်း၊ ခင်ပွန်းဖြစ်သူအား ဆက်သွယ်အကြောင်းကြားခြင်းတို့ လုံးဝမရှိပါသဖြင့် ကြေညာသည့်ရက်မှ ၁၄ ရက်အတွင်း မောင်ကျော်ကိုထက်ထံ (သို့မဟုတ်) ကျွန်ုပ်ထံသို့ဖြစ်စေ လာရောက်ဆက်သွယ်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်း မသဇင်ဦးနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးသိန်းဟန် LL.B, D.B.L ဥပဒေအကျိုးဆောင်နှင့် ဥပဒေအကြံပေးရှေ့နေ
အမှတ် (က/၇၂၂)၊ ခေမာသီလမ်းမ၊ မြို့နယ်တရားရုံးရှေ့၊ မြောက်ဥက္ကလာပမြို့နယ်၊
ဖုန်း-၀၉-၇၃၁၄၃၈၈၅

ကန့်ကွက်နိုင်ပါကြောင်း

ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၈၀၊ မြေကွက်အမှတ် ၃၃အေ/၂+၃၄အေ/၂၊ မြေကွက်တည်နေရာ ၁/ဆ၊ မြနန္ဒာလမ်း၊ ၃ ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ဦးအုန်းမောင်၊ ကိုလှမောင်၊ မစောညွန့်၊ အမည်ပေါက်မြေပိုင်မြေအား အမည်ပေါက် ဦးအုန်းမောင်၊ ကိုလှမောင်၊ မစောညွန့်ထံမှ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်-၂၅၉၄၊ ၂၃-၆-၉၇ မေတ္တာဖြင့် အပြီးအပိုင်ပေးကမ်းခြင်းစာချုပ်-၁၇၉၈/၂၀-၅-၉၈နှင့် မေတ္တာဖြင့် အပြီးအပိုင်ပေးကမ်းခြင်းစာချုပ်-၃၄၄၁/၉၈၊ ၇-၁၀-၉၈ ဖြင့် ပိုင်ဆိုင်ခဲ့သူ ဒေါ်သန်းန္တဲ့ရီ ၁၂/ကမရ(နိုင်)၀၀၈၃၁၄၊ ဦးမြင့်စိုး ၁၂/ကမရ(နိုင်)၀၂၆၅၁၉၊ ဦးမြင့်မော် ၁၂/ကမရ(နိုင်)၀၀၉၂၇၄ နှင့် ဒေါ်သန်းသန်းငြိမ်း ၁၂/ကမရ(နိုင်)၀၀၈၂၉၁က အတည်ပြု/တိုင်းခွဲ လျှောက်ထားလာရာ ပူးတွဲပိုင်ရှင်ခြောက်ဦးရှိသည့်အနက် ဒေါ်သန်းန္တဲ့ရီ၊ ဒေါ်သန်းသန်းငြိမ်း၊ ဦးမြင့်စိုး၊ ဦးမြင့်မော်တို့သာ အတည်ပြု/တိုင်းခွဲလျှောက်ထားပြီး ဦးအောင်နီနှင့် ဦးဇော်ထွဋ်တို့ ပါဝင်လျှောက်ထားခြင်းမရှိသဖြင့် အတည်ပြု/တိုင်းခွဲလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

၂-၆-၂၀၁၃ ရက်စွဲပါ မြန်မာ့အလင်းသတင်းစာ၌ ကြေညာသူ ဦးလှမောင်၊ ဒေါ်ရီ၏ ကသာမြို့ရှိ တော်ဝင်နန်း ဧည့်ရိပ်မွန်နှင့်ပတ်သက်၍ အများသိစေရန် ကြေညာချက်အပေါ်

ပြန်လည်ရှင်းလင်းကြောင်းကြေညာခြင်း

ဦးလှမောင်၏ လွှဲအပ်ညွှန်ကြားချက်အရ ဒေါ်သက်သက်ဆွေ အထက်တန်းရှေ့နေ(LL.B)၏ ကြေညာချက်သည် လွှဲအပ်ညွှန်ကြားသူ၏ ညွှန်ကြားချက်မှာ မှန်ကန်ခြင်းမရှိသောကြောင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သန်းလှ ၅/ကသန(နိုင်)၀၀၆၉၅၁က လိုက်နာမည်မဟုတ်ကြောင်း ကသာမြို့၊ အမှတ်(၄)ရပ်ကွက်၊ သစ်တောလမ်းတွင်ရှိသော တော်ဝင်နန်းဧည့်ရိပ်မွန်မှာ ဒေါ်သန်းလှအမည်ဖြင့် လုပ်ပိုင်ခွင့်ကို ယခုအချိန်ထိရရှိထားသူဖြစ်၍ လုပ်ငန်းလုပ်ပိုင်ခွင့်ရရှိထားသည်နှင့်အညီ လုပ်ငန်း၏လက်ရှိပိုင်ရှင်ဖြစ်သည်။ သို့သော် ကြေညာသူ၏ဖခင် ဦးလှမောင်မှာ ၁-၆-၂၀၁၃ ရက်က ကွယ်လွန်ခဲ့ပြီးဖြစ်ပါသဖြင့် ထိုလုပ်ငန်းမှ ရရှိလာသောဝင်ငွေ၏ တစ်စိတ်တစ်ဒေသကို ကျန်ရစ်သူ မိခင်ဒေါ်ရီအား ပေးအပ်မည်ဖြစ်ကြောင်း အများသိစေရန် ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ	**လွှဲအပ်ညွှန်ကြားချက်အရ-**
ဒေါ်သန်းလှ	**ဒေါ်နွယ်နွယ်ညွန့် LL.B**
၅/ကသန(နိုင်)၀၀၆၉၅၁	**တရားလွှတ်တော်ရှေ့နေ (စဉ်-၅၁၆၄)**
	ဖုန်း-၀၉-၇၃၁၈၅၃၄၄

အကွက် ၃၉၀၊ ပင်မ(၁၀)ရပ်၊ သံလျှက်မော်အနောက်ရပ်ကွက်၊
မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့

ကန့်ကွက်နိုင်ပါကြောင်း

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀/အီး)၊ မြေကွက်အမှတ် (၄၅/က)၊ ဧရိယာ ၀ဒသမ၁၃၆မြေအမျိုးအစားမြေပိုင်မြေ (အိမ်ရာမြေသတ်မှတ်)၊ အမည်ပေါက် ဒေါ်အိ၊ ဦးချမ်းအေး၊ မြေကွက်တည်နေရာအမှတ် ၁၁၅၊ အေးသိဒ္ဓိလမ်း၊ ရွာမအရှေ့ရပ်ကွက်၊ အင်းစိန်မြို့နယ်ရှိ မြေကွက်အား အမည်ပေါက်များ၏သမီး ဒေါ်အေးသိန်း(ခ) ဒေါ်ဥတ္တမဉာဏ် ၁၂/စခန(သီ) အမျိုးကြီးဘ၀ဖြင့် (ကွယ်လွန်)၊ သမီး ဒေါ်တင်ဇ (BQ ၀၀၀၉၅၆) (ကွယ်လွန်)နှင့် ခင်ပွန်း ဦးသန်း(ကွယ်လွန်)၍ ကျန်သားနှစ်ဦးဖြစ်သော ဦးတင်မောင်ဆွေ ၁၂/အစန(နိုင်)၁၂၂၄၅၆၊ ဦးမြင့်ဆွေ ၁၂/အစန(နိုင်)၁၂၄၂၁၅ တို့နှင့်အတူ ဒေါ်တင်ဇနှင့် ဦးသန်းတို့၏ သမီးများဖြစ်ကြသော ဒေါ်ခင်စန်းဝင်း ၁၂/အစန(နိုင်)၁၁၇၅၁၇၊ ဒေါ်ခင်သန်းမြင့် ၁၂/အစန(နိုင်)၁၁၇၅၀၆၊ ဒေါ်နီနီ ၁၂/အစန(နိုင်)၀၉၀၃၇၈ တို့မှ မြေအမည်ပေါက်များ ကွယ်လွန်၍ သားသမီး၊ မြေးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာများတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၃၀)၊ လူနေရပ်ကွက် (၃၀)၊ မြေကွက်အမှတ် (၃၄၂)၊ (၃၀) ရပ်ကွက်၊ သခင်ဗစိန်လမ်း၊ အမှတ် (၅၅)၊ ပေ(၄၀×၆၀)၊ ၀ဒသမ၀၅၅ဧကရှိ နှစ်၆၀ ဂရန်မြေကွက်အပါအဝင် ယင်းပေါ်ရှိ တစ်ထပ်နေအိမ်နှင့်ပတ်သက်၍

ကန့်ကွက်နိုင်ရန် အသိပေးကြေညာခြင်း

အထက်လိပ်စာမြေကွက်နှင့် နေအိမ်ကို အမည်ပေါက် ဦးအေးကြူ ၁၂/သဃက(နိုင်)၀၂၃၆၄၇ ထံမှ ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်အေးအေးဝင်း ၁၂/ဗဟန(နိုင်)၀၆၅၇၇၁၀ က စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ယင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ၁၄ ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောအထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ အပြီးသတ်ပြုလုပ်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးဘူမောင် LL.B(စဉ်-၂၂၇၄၇)
လင်း အိမ်၊ ခြံ၊ မြေ၊ တိုက်ခန်းအကျိုးဆောင် အထက်တန်းရှေ့နေကြီး
အမှတ် (၅/၁၁)၊ မြေညီ၊ ဗျိုင်းရေအိုးစင်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊
ဖုန်း-၀၁-၅၅၁၆၅၉၊ ၀၉-၅၁၁၅၉၉၀၊ ၀၉-၅၁၁၈၀၀၇

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

ကမ္ဘာ့ထိပ်တန်း အမေရိကန်ဘွဲ့ဒီဂရီ ရယူလိုသူများအတွက်...

- မြန်မာနိုင်ငံမှ BEHS တက္ကသိုလ်ဝင်တန်း / iGCSE နှင့် 12th Grade ပညာရေးအောင်မြင်ပြီးသူများ၊ ဘွဲ့ရပြီးသူများအတွက် အမေရိကန်နိုင်ငံရှိ အစိုးရတက္ကသိုလ်ကြီးများသို့ တက်ရောက်ပညာသင်ကြားနိုင်မည့် အခွင့်အလမ်းများ
- အမေရိကန် တက္ကသိုလ်ကြီးများ၏ ဘွဲ့ဒီဂရီနှင့် ဘွဲ့လွန်ဒီဂရီများကို SAT၊ GRE၊ GMAT အစရှိသည့် စာမေးပွဲများ ဖြေဆိုရန် မလိုဘဲ တက်ရောက် သင်ကြားနိုင်မည့် ပေါင်းကူးပညာရေးလမ်းကြောင်းများ
- အမေရိကန် တက္ကသိုလ်ကြီးများတွင် နိုင်ငံတကာ အလုပ်အကိုင် အခွင့်အလမ်းကောင်းသော ဘာသာရပ်များကို စိတ်တိုင်းကျရွေးချယ်သင်ယူနိုင် မည်ဖြစ်ပြီး အမေရိကန် ပညာရေးဆိုင်ရာ ကျောင်းဝင်ခွင့်၊ Work & Study အခွင့်အလမ်းများ နှင့် Graduate Intenship အခွင့်အလမ်းများ

"အမေရိကန်ပညာရေးလမ်းညွှန်ဆွေးနွေးပွဲ" ကို ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ကျောင်းသား/သူများ၊ မိဘများ ကြိုတင် စာရင်းပေးသွင်းကြပါရန်။

➡ ဇွန်လ (၁၉) ရက်၊ ၂၀၁၃ (ဗုဒ္ဓဟူးနေ့) ➡ နေ့လယ် (၁) နာရီမှ (၃) နာရီအထိ ➡ ပင်းယခန်းမ၊ ထရေးဒါးစ်ဟိုတယ်၊ ရန်ကုန်

အဆောင် (၅)၊ အခန်း (၄)၊ အမ်အိုင်စီတီပက်ခ်၊ လှိုင်တက္ကသိုလ်နယ်မြေ၊ ရန်ကုန်။ (ဖုန်း) ၆၅၂၂၈၈၊ ၅၂၁၁၂၅၊ ၂၅၁၃၃၂၊ ၀၉-၅၁၂၄၇၆၁၊ ၀၉-၅၀၆၂၁၇၁

အများသိစေရန် ကြေညာအပ်ပါသည်

မန္တလေးတိုင်းဒေသကြီး၊ **မန္တလေးခရိုင်**၊ ပုသိမ်ကြီးမြို့နယ်နှင့် အမရပူရ မြို့နယ်ရှိ ဆည်မြောင်းဦးစီးဌာနမှ ထိန်းသိမ်းလျက်ရှိသော ဆည်တော်လေးရေလွှဲဆည် နှင့် ဆည်တော်ကြီး ရေသောက်စနစ်တွင် ပါဝင်သော ရေပေးတူးမြောင်းမကြီးများ၊ ရေပေးလက်တံ မြောင်းများ၊ ရေနုတ်မြောင်းများ၊ ရေထိန်းအဆောက်အအုံများ၊ ဆည်မြောင်းဝန်ထမ်းအိမ်ရာဝင်းများ၏ ဆည်မြောင်းနယ်နိမိတ်များ၊ မြောင်းပေါင် ဧရိယာမျဲ့ား အတွင်းသို့ ကျူးကျော်ဝင်ရောက် နေထိုင်ခြင်း၊ ဝင်းခြံကာရံခြင်း၊ အိမ်ရာ ဆောက်လုပ်ခြင်း၊ သီးပင်/စားပင်/ပန်းပင်များ ခွင့်ပြုချက်မရရှိဘဲ ဝင်ရောက် ကျူးကျော်စိုက်ပျိုးခြင်း ၊ ဌာနမြေအား ရောင်းဝယ်မှုများပြုလုပ်ခြင်း၊ နည်းအမျိုးမျိုးဖြင့် ကျူးကျော်မှုများပြုလုပ်ခြင်း စသည်တို့သည် မြန်မာနိုင်ငံတူးမြောင်း ဥပဒေပါပြဋ္ဌာန်းချက် များအား ဖောက်ဖျက် ကျူးလွန်ရာရောက်သဖြင့် ထိုကဲ့သို့ ဆောင်ရွက်ခြင်းများ မပြုလုပ်ရန် သတိပေးတားမြစ် လိုက်သည်။

သတိပေးတားမြစ်ချက်အား လိုက်နာခြင်းမရှိပါက မြန်မာနိုင်ငံတူးမြောင်း ဥပဒေအရ အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

မန္တလေးခရိုင်/မြို့နယ်၊ဆည်မြောင်းဦးစီးဌာန

အားသစ်

L.O(4) ဥပဒေအရာရှိအဆင့်(၄)

ဝင်ခွင့်တန်းခွဲများ ဇွန် ၂၂ ရက်စမည်

(A) Sat, Sun- 8:30-12:00 (40000Ks)
(B) Sat, Sun- 12:30-4:00 (40000Ks)
(C) Thus, Fri- 8:30-12:00(40000Ks)

၂၀ ဦးအထူးရိုင်း

Thus,Fri,Sat, Sun-12:30-4:00(100000Ks)

၁၄၈(၄လွှာ) ဆိပ်ကမ်းသာလမ်း(အောက်)၊ ပန်းဆိုးတန်းမှတ်တိုင်
09 500 1599, 09 86 32973, 09 4500 17415

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ ဟံသာဝတီယာဉ်ရောင်းဝယ်ရေးစခန်း အမှတ်(၂)ဝင်းရှိ ယာယီဆိုင်ခန်းအမှတ်(တ-၁၀)ပိုင်ရှင်ဒေါ်အေးစုလှိုင် ၁၂/အစန(နိုင်) ၀၂၇၇၆၉ထံမှ ဦးဇော်မင်းမင်း ၁၂/ဒဂတ(နိုင်)၀၄၄၁၁၀က အရောင်းအဝယ်စာချုပ် ဖြင့်ဝယ်ယူပြီးဖြစ်ပါ၍ သက်ဆိုင်ရာဌာနတွင် ကျွန်တော် ဦးဇော်မင်းမင်း အမည်သို့ ပြောင်းလဲလျှောက်ထားမည်ဖြစ်ရာ အဆိုပါဆိုင်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများ ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါ ကြောင်း နှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက အမည်ပြောင်း ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးဇော်မင်းမင်း
၁၂/ဒဂတ(နိုင်)၀၄၄၁၁၀
အမှတ်(၆၂)၊ ယင်းမာလမ်း၊ ၁၂ ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်

ပြောင်းလဲခေါ်ပါရန်

ဦးကျော်ဇေယျာဝင်း၏သား အမက(၂) ပန်းတင် တတိယတန်းမှ မောင်ကောင်းထက်ကျော်အား ယနေ့မှစ၍ မောင်ကျော်ဝဏ္ဏစည်သူဟု ပြောင်းလဲခေါ်ပါရန်။

မောင်ကျော်ဝဏ္ဏစည်သူ

အများသိစေရန် ကြေညာချက်

မုံရွာမြို့၊ မြဝတီရပ်ကွက်၊ ကျောက္ကာလမ်းရှိ ဦးစိန်ထွန်း ၅/မရန(နိုင်)၀၅၁၄၈၂နှင့် ဒေါ်ခင်အိ ၅/မရန(နိုင်)၀၅၁၄၈၃တို့မှ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်တော် ကျွန်မတို့တွင် သားသမီးလေးဦးထွန်းကားခဲ့ရာ ကိုလေး(ခ)ဖြူဖြူထွန်း ၅/မရန(နိုင်)၀၀၈၆၁၅မှာ ဒုတိယမြောက်သမီးတစ်ဦးဖြစ်ပါသည်။

သားသမီးအများစုသည် ကြယ်နီ ဖက်ဆေးလိပ်ဝင်းအတွင်း၌ စီးပွားသီးခြားစီဖြင့် အိုးအိမ် ခွဲကာ ထူထောင်နေထိုင်ခဲ့ကြပါသည်။ ထို့ကြောင့် သားသမီးအများစုမှာ ကျွန်တော် ကျွန်မ တို့၏ ကြယ်နီ ဖက်ဆေးလိပ်ခုံဝင်းအတွင်း နေထိုင်ကြခြင်းဖြစ်၍ ကျွန်တော် ကျွန်မတို့၏ သွန်သင်မှု၊ ဆုံးမမှု၊ စီမံခန့်ခွဲမှုအတွင်း နေထိုင်ကြသူများဖြစ်ကြပါသည်။

ကိုလေး(ခ)ဖြူဖြူထွန်းမှာလည်း ကျွန်တော် ကျွန်မတို့၏ ကြယ်နီ ဖက်ဆေးလိပ်ခုံဝင်း အတွင်း နေထိုင်သူဖြစ်ပါသည်။ မိဘဝတ္တရားရှိသည်နှင့်အညီ သားသမီးများအပေါ် သွန်သင် ဆုံးမမှုများ အမြဲတစေပြုခဲ့ပါသည်။ ကျွန်တော် ကျွန်မတို့၏ သွန်သင်ဆုံးမမှုကို ကိုလေး(ခ)ဖြူဖြူ ထွန်းက လက်ခံလိုက်နာခြင်းမရှိပါ။ ထို့ကြောင့် ကိုလေး(ခ)ဖြူဖြူထွန်းမှာ ကျွန်တော် ကျွန်မ တို့၏ သားသမီးအရင်းခြာဖြစ်သော်လည်း ၎င်း၏လူမှုရေးကိစ္စများ၊ စီးပွားရေးကိစ္စများ၊ အိမ်ထောင်ရေးကိစ္စများနှင့် ငွေရေးကြေးရေး အရှုပ်အရှင်းကိစ္စများမှာ မိဘများဖြစ်သော ကျွန်တော် ကျွန်မတို့ထံ မည်သို့မျှ အကျိုးသက်ရောက်မှုမရှိကြောင်း မည်သို့မျှ ပါဝင်ပတ်သက်စပ်ဆိုင်ခြင်း မရှိကြောင်း အများသိစေရန် ကြေညာပါသည်။

၎င်းအပြင် ကိုလေး(ခ)ဖြူဖြူထွန်းနှင့် မိဘမောင်နှမများ ပူးတွဲပိုင်သည့် ရွှေ့ပြောင်းနိုင် သည့်ပစ္စည်း၊ မရွှေ့မပြောင်းနိုင်သည့်ပစ္စည်း အရပ်ရပ်တို့အနက် တစ်စုံတစ်ခုအား တစ်ဦး တစ်ယောက်ထံသို့ လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ ပေးကမ်းခြင်း၊ လှူဒါန်းခြင်း၊ ပေါင်နှံခြင်းတို့ကို ကိုလေး(ခ)ဖြူဖြူထွန်းတစ်ဦးတည်းလုပ်ပိုင်ခွင့်မရှိကြောင်းနှင့် ထိုသို့ လုပ်ကိုင်ပါကလည်း ကျန် မိဘမောင်နှမများ၏ သဘောတူညီချက်မရ၍ ဥပဒေအရ အတည်မဖြစ်ကြောင်း အများသိစေရန် ထပ်ဆင့်ကြေညာအပ်ပါသည်။

မိဘများဖြစ်သော ကျွန်တော်၊ ကျွန်မတို့က မိဘဝတ္တရားနှင့်အညီ သားသမီး လေးဦး အပေါ် ရွှေ့ပြောင်းနိုင်သည့်ပစ္စည်း၊ မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းအရပ်ရပ်တို့ကို မိသားစုစီမံမှုဖြင့် ပြုလုပ်ဆောင်ရွက်ထားခဲ့ပြီးဖြစ်ပါသည်။ ယခုအခါ ထိုစီမံမှုရှိနေသော်လည်း ကျွန်တော် ကျွန်မတို့ သက်ရှိထင်ရှား ရှိနေသည့်အတွက် ရွှေ့ပြောင်းနိုင်သည့်ပစ္စည်း၊ မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းများ အပေါ် မည်သည့်သားသမီးကမျှ ၎င်းတို့၏ သဘောဆန္ဒအလျောက် လွှဲပြောင်းခြင်း၊ ရောင်းချ ခြင်း၊ ပေးကမ်းခြင်း၊ ပေါင်နှံခြင်း၊ လှူဒါန်းခြင်း ပြုလုပ်ခွင့်မရှိကြောင်း အများသိစေအပ်ပါသည်။

သားသမီး တစ်စုံတစ်ဦးက ထိုရွှေ့ပြောင်းနိုင်သည့်ပစ္စည်း၊ မရွှေ့မပြောင်းနိုင်သည့်ပစ္စည်း ကို ရောင်းချခြင်း၊ လွှဲပြောင်းခြင်း၊ ပေးကမ်းခြင်း၊ ပေါင်နှံခြင်း ပြုလုပ်ပါကလည်း ဥပဒေအရ အတည်မဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ	**လွှဲအပ်ညွှန်ကြားချက်အရ-**		
၁။ ဦးစိန်ထွန်း	ဦးသန်းထွန်း	ဒေါ်ခိုင်ဝင်းသီ	ဒေါ်လှိုင်းလှိုင်းမြတ်
၂။ ဒေါ်ခင်အိ	တရားလွှတ်တော်ရှေ့နေ	အထက်တန်းရှေ့နေ	အထက်တန်းရှေ့နေ
မြဝတီရပ်ကွက်၊	စဉ်-၃၈၆၄/၈၆	စဉ်-၃၂၃၅၈	စဉ်-၃၄၈၅၄
ကျောက္ကာလမ်း၊	ကျောက္ကာလမ်း၊	ရွှေသို့လမ်း၊	ချမ်းမြသာစည်ရပ်၊
မုံရွာမြို့။	အလယ်ရပ်၊ မုံရွာမြို့။	သလ္လာ အမှတ်	မုံရွာမြို့။
	ဖုန်း-၀၇၁-၂၃၆၀၁	(၂)ရပ်၊ မုံရွာမြို့။	

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ငါးထပ်ကြီး/တောင်ရပ်ကွက်၊ ငါးထပ်ကြီးဘုရား လမ်း၊ အမှတ် (၁၇၃/အေ)ဟု ခေါ်တွင်သော ပေ ၂၀×ပေ ၆၀ ရှိမြေကွက်နှင့် ယင်းမြေကွက်တွင် စွဲကပ်တည်ရှိသော နှစ်ထပ်တိုက်အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိပိုင်ဆိုင် နေထိုင်လျက်ရှိသော ဒေါ်အေးအေးလွင် ၁၂/ဗဟန(နိုင်)၀၂၆၄၆၇ က အရောင်းအဝယ်စာချုပ် အဆင့်ဆင့်ဖြင့် ဝယ်ယူပိုင်ဆိုင်နေထိုင်ခဲ့ကြောင်း ဝန်ခံကတိပြုလျက် ရောင်းချသဖြင့် ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူမှ ဝယ်ယူရန်စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အိမ်ခြံနှင့် ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ယနေ့ကြော်ငြာပါသည့်ရက်မှ ခုနစ် ရက်အတွင်း ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းမူရင်းများ ယူဆောင်လာပြီး ကျွန်ုပ်ထံ သို့ လာရောက်ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။ အဆိုပါ ခုနစ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အထက်ပါအရောင်းအဝယ်အား တရားဥပဒေနှင့်အညီ ဆက်လက်ပြုလုပ် သွားမည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးပြည့်ငြိမ်းအောင် LL.B
အထက်တန်းရှေ့နေ (စဉ်-၃၀၁၅၅)
အမှတ် ၁၁၈၊ ငါးလွှာ၊ ဦးချစ်မောင်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၄၂၁၀၂၇၁၇၁

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၆)၊ လူနေရပ်ကွက် အမှတ် (၆/အရှေ့)၊ မြေကွက်အမှတ် (၁၃၀၅-က)၊ ရှုခင်းသာလမ်း၊ (အလျားပေ ၂၀×အနံ ပေ၆၀) နှစ် ၆၀ဂရန်မြေနှင့် မြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အမည်ပေါက်ပိုင်ဆိုင် သူ ဦးထွေး၏ အမွေဆက်ခံသူသမီး ဒေါ်ခင်ဝင်းကြည် ၁၂/သကတ(နိုင်)၀၁၀၀၆၉ထံမှ ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေများ အဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါအိမ်ခြံမြေ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာချုပ်စာတမ်းအထောက်အထားမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်ရက်မှ ခုနစ် ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးတင့်ဝေထွန်း
အထက်တန်းရှေ့နေ (၃၁၅၃၃)
အမှတ် (၁၀၄/၁၁၂) ပထမထပ်၊ အနော်ရထာလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ ဘုန်ကြီး(၉)လမ်း၊ အမှတ်(၁၀၅၈/က)ဟု ခေါ်တွင်သော ဧရိယာ (၂၀×၆၀)ပေရှိ ဦးသိန်းအောင် (ဘ) ဦးဘခင် (၁၂/မဂတ(နိုင်)၀၁၃၀၁၃၃)မှ ဝယ်ယူပြီး ဦးသိန်းအောင်မှ ဤအိမ်နှင့် ပတ်သက်၍ ရောင်း၊ ဝယ်၊ ငှားပြုလုပ်နိုင်ရန်အတွက် အထူးကိုယ်စားလှယ် လွှဲအပ်ခြင်းခံရသူ ဒေါ်စန်းစန်းမြင့် (ဘ)ဦးအာလပါ (၁၄/ဘကလ(နိုင်)၀၀၁၁၂၇) ကိုင်ဆောင်သူထံမှ အပြီးအပိုင် လွှဲပြောင်းဝယ် ယူရန်ကျွန်ုပ်မိတ်ဆွေမှ ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ် ပါသည်။

ယင်းမြေပိုင်ဆိုင်မှုနှင့်ပတ်သက်၍ အကျိုးသက်ဆိုင်သူများရှိခဲ့ပါလျှင် ဤကြော်ငြာစာ ပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသည့်ပိုင်ဆိုင်မှု အထောက်အထားများ နှင့်လာရောက် ကန့်ကွက်နိုင်ပါကြောင်း သတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ်ကို ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေ ရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးသိန်းဇော်ဦး(LL.B) ဦးအောင်မျိုးထွန်း (LL.B)
အထက်တန်းရှေ့နေ အထက်တန်းရှေ့နေ
စဉ် (၂၁၇၁၆) စဉ် (၃၆၄၈၄)
Ph: 09421026614

ကန့်ကွက်လိုက နိုင်လုံသော မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးအထောက်အထားတစ်ရပ်ရပ်ဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်

စဉ်	လျှောက်ထားသူ		လျှောက်ထားသည့်					လျှောက်ထားသည့် အကြောင်းအရာ
	အမည်	မှတ်ပုံတင်	မြို့နယ်	မြေတိုင်း	မြေကွက်	မြေအမည်ပေါက်	လိပ်စာ	
၁။	ဒေါ်နှင်းပုလဲ	၉/မနမ(နိုင်)၀၀၇၅၈၈	ဒဂုံအရှေ့	၁၃၉	၃၈၄	ဦးလှမြင့်	၃၈၄၊ (၁၃၉)ရပ်ကွက်၊ ဒဂုံအရှေ့	ဂရန်သစ်
၂။	ဦးခင်မောင်ထွန်း	၁၂/မဂတ(နိုင်)၀၃၄၆၀၄	မင်္ဂလာတောင်ညွန့်	၁၁ဂျီ	V ၆၃	ဦးခင်မောင်ထွန်း	၁၃၊ သစ္စာလမ်း၊ မင်္ဂလာတောင်ညွန့်	ဂရန်သက်တမ်းတိုး
၃။	ဦးသိန်းနိုင်	၁၄/မမန(နိုင်)၁၀၀၂၅၆	ဒဂုံတောင်	၆၄(စက်မှုဇုန်)	၁၉၂+၁၉၃	ဦးကျော်ဦး၊ ဦးချစ်ခင်	၁၉၂+၁၉၃၊ အင်းလျားလမ်း၊ (၆၄/စက်မှုဇုန်)ရပ်ကွက်	ဂရန်သစ်
၄။	ဦးမိုးချိန်	၉/မရတ(နိုင်)၁၀၅၉၄၉	ဒဂုံအရှေ့	၁၃၂	၇၀၇	ဦးကျော်မြင့်	၇၀၇၊ (၁၃၂)ရပ်ကွက်၊ ဒဂုံအရှေ့	ဂရန်သစ်
၅။	ဦးမိုးချိန်	၉/မရတ(နိုင်)၁၀၅၉၄၉	ဒဂုံအရှေ့	၁၃၂	၅၀၁	ဦးသန်းဝင်း	၅၀၁၊ (၁၃၂)ရပ်ကွက်၊ ဒဂုံအရှေ့	ဂရန်သစ်
၆။	ဦးမိုးချိန်	၉/မရတ(နိုင်)၁၀၅၉၄၉	ဒဂုံအရှေ့	၁၃၂	၅၀၃	ဒေါ်ရီရီအေး	၅၀၃၊ (၁၃၂)ရပ်ကွက်၊ ဒဂုံအရှေ့	ဂရန်သစ်
၇။	ဦးမိုးချိန်	၉/မရတ(နိုင်)၁၀၅၉၄၉	ဒဂုံအရှေ့	၁၃၂	၇၁၁	ဦးကြွယ်မြင့်	၇၁၁၊ (၁၃၂)ရပ်ကွက်၊ ဒဂုံအရှေ့	ဂရန်သစ်
၈။	ဒေါ်ခင်ခင်ရီ	၁၂/ဥကမ(နိုင်)၀၂၁၁၃၀	ဒဂုံအရှေ့	၁၂၀	၂၄၆	ဒေါ်ခင်ဝင်း	၂၄၆၊ (၁၂၀)ရပ်ကွက်၊ ဒဂုံအရှေ့	ဂရန်သစ်
၉။	ဦးမင်းလွင်	၁၂/မဂတ(နိုင်)၀၈၀၈၃၃	မင်္ဂလာတောင်ညွန့်	၁၂အိုင်	V ၂၁	ဦးကြီးမြင့်	၇၄၊ ၇၆၊ မန္တလေးလမ်း၊ ကန်/ရွှေရပ်ကွက်	အမည်ပြောင်း
၁၀။	ဒေါ်နွယ်နီဝင်းမောင်	၃/ဘအန(နိုင်)၁၆၉၃၆၈	ဒဂုံမြောက်	၃၉/A	၅၄၅	ဦးသက်အောင်(ခ)ဦးဂျော်နီ	၅၄၅၊ ဗိုလ်ဆွန်ပက်လမ်း၊ (၃၉/A)ရပ်ကွက်	အမည်ပြောင်း
၁၁။	ဒေါ်သန်းမေ	၁၂/မဂဒ(နိုင်)၀၇၁၉၅၁	မင်္ဂလာဒုံ	ပတ္တမြား(မြောက်)	၄၈၇	ဒေါ်သန်းမေ	၂၃၊ သိဒ္ဓိလမ်း၊ ပတ္တမြားမြို့သစ်၊ မင်္ဂလာဒုံ	ဂရန်သစ်
၁၂။	ဦးသိန်းဖေ+၁	၁၂/ပဘတ(နိုင်)၀၁၉၁၇၁	မင်္ဂလာတောင်ညွန့်	၁၁အက်ဖ်	V ၆၆	Mohamed Enuss	၁၈/၂၀၊ မြယာကုန်းလမ်းနှင့်(၁၀၁)လမ်းဒေါင့်၊ဗိုမြေရပ်ကွက်	အမည်ပြောင်း
၁၃။	ဒေါ်တင်တင်မြင့်	၁၂/လသန(နိုင်)၀၁၁၂၃၃	ဒဂုံအရှေ့	၁၃၂	၁၂၀	ဦးစိန်မောင်	၁၂၀၊ (၁၃၂)ရပ်ကွက်၊ ဒဂုံအရှေ့	ဂရန်သစ်
၁၄။	ဦးသိန်းစိုး+၃	၁၂/ဥကတ(နိုင်)၀၈၄၈၀၉	တောင်ဥက္ကလာ	၁၀	၉၅၇	ဒေါ်ကျင်မြ	၉၅၇၊ ဓမ္မရာဇာလမ်း၊ (၁၀)ရပ်ကွက်	အမည်ပြောင်း
၁၅။	ဒေါက်တာဒေါ်ခင်မာချို	၁၄/ပသန(နိုင်)၀၁၇၀၄၅	သာကေတ	၃	၁၂၀၂	ဒေါ်ညွန့်ရီ	၂၇၊ မြင်တော်သာလမ်း၊ ဥမာန်ပြေရပ်ကွက်	အမည်ပြောင်း
၁၆။	ဦးနိုင်နိုင်+၁	၅/တဆန(နိုင်)၀၀၀၅၀၀	ဒဂုံမြောက်	၃၅	၈၂၈	ဦးကျော်မြင့်	၈၂၈၊ (၃၅)ရပ်ကွက်၊ ဒဂုံမြောက်	အမည်ပြောင်း
၁၇။	ဒေါ်မေရီရှိန်	၁၂/ဗဟန(နိုင်)၀၄၉၆၉၃	ဒဂုံမြောက်	၂၉	၄၂၇	ဦးတင်အောင်(ခ)ဦးတင်အောင်လေး	၄၂၇၊ အောင်မေတ္တာလမ်း၊ (၂၉)ရပ်ကွက်	အမည်ပြောင်း
၁၈။	ဒေါ်ချိုလဲ့လဲ့ဝင်း	၁၂/လမန(နိုင်)၀၀၄၄၄၈	ဒဂုံမြောက်	၂၉	၈၅၉	ဦးသိန်းလွင်	၈၅၉၊ သခင်ခင်လမ်း၊ (၂၉)ရပ်ကွက်	အမည်ပြောင်း
၁၉။	ဦးသက်စိန်+၁	၁၂/လမတ(နိုင်)၀၂၉၆၁၉	စမ်းချောင်း	၂၈ဘီ၂	၆၈/၃၆	ဒေါ်ကျင်ရွှေ+၁	၇၄၊ မိုးမခလမ်း	ဂရန်သစ်
၂၀။	ဒေါ်သန္တာဝင်း	၁၃/တကန(နိုင်)၀၀၄၁၂၅	ဒဂုံအရှေ့	၁၁၈	၁၄၁	ဒေါ်ရီရီမြင့်	၁၄၁၊ (၁၁၈)ရပ်ကွက်၊ ဒဂုံအရှေ့	ဂရန်သစ်

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

18-6-2013 (B).pmd 1 6/16/2013, 7:22 AM

ကြော်ငြာ

EXCELLENT အနုပညာသင်တန်းကျောင်း (ရန်ကုန်) လှည်းတန်း၊စံရိပ်ငြိမ်။ ၅၁၂၁၄၆၇/ ၅၁၃၇၆၂

ရုပ်ရှင်သင်တန်း နယ်ကျောင်းသားအဆောင်ရှိသည်၊ **ဂီတသင်တန်း** ကျောင်းအပ်လက်ခံပြီ **ရိုက်ကူးတည်းဖြတ်ရေးသင်တန်း**

ဒါရိုက်တာ၊ဇာတ်ညွှန်း၊မော်ဒယ်၊သရုပ်ဆောင်၊ မြန်မာအက၊ Dancer

တေးရေး၊တေးဆို၊ဂစ်တာ၊နတ်၊ကီးဘုတ်၊စန္ဒရား၊တယော၊စောင်း၊ ပတ္တလား၊ပန်းချီ။ Drum / Audio Music

ဓါတ်ပုံ၊ ဗွီဒီယို ရုပ်သံတည်းဖြတ်

ကန့်ကွက်နိုင်ပါကြောင်း

ဒလမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၊ မြေကွက်အမှတ် ၂၆၂/ခ၊ မြေကွက်တည်နေရာအမှတ် ၂၆၂/ခ၊ မဟာဗန္ဓုလလမ်း၊ တပင်ရွှေထီးရပ်ကွက်၊ဒလမြို့နယ် ဦးသောင်း အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးသောင်းထံမှ အရောင်းအဝယ် အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်သူ ဦးလင်းစိန် ၁၂/ဒလန(နိုင်)၀၁၇၅၆၁က မြေချပါမစ်မူရင်း ပျောက်ဆုံးကြောင်းရပ်ကွက်၊ရဲစခန်းထောက်ခံချက်၊ ကျမ်းကျိန်လွှာ၊ ကိုယ်တိုင်ဝန်ခံကတိပြုချက်ပူးတွဲတင်ပြ၍နှစ်၆၀မြေငှားစာချုပ်(၈ရန်)လျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြောက်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၃၆၊ မြေကွက်အမှတ် ၅၂၃၊ မြေကွက်တည်နေရာအမှတ်၅၂၃၊(၃၆)ရပ်ကွက်၊ ဒဂုံမြောက် ဦးသောင်းရွှေ CF-၀၆၀၃၀၃ အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဦးသောင်းရွှေ ကွယ်လွန်သဖြင့် ဒေါ်တင်တင်နှင့် ၁၂/လမန(နိုင်)၀၉၇၅၀၀က တစ်ဦးတည်းသော ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အထွေထွေ ကိုယ်စားလှယ်လွှဲစာအမှတ် ၆၈၆၀/၁၃ (၂-၅-၁၃)ဖြင့် ဒေါ်လင်းလင်းသူ ၁၂/ရပသ(နိုင်)၀၄၆၃၃၉မှ ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပြန်လည်ရုပ်သိမ်းခြင်းမရှိကြောင်းကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကျေးဇူးဆပ်ပါမည်

ကျွန်တော် မောင်ထွန်းထွန်းနိုင် ၁၂/ဆကခ(နိုင်)၀၁၃၆၃၄ နိုင်ငံကူးလက်မှတ်အမှတ် A-၄၇၂၇၁၄ သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၀၁၈၄၉၂**

အမည်ပြောင်း

ဦးဇော်မင်းဌေး၏သား ဘိုကလေးမြို့နယ်၊ မြင်းကကုန်းကျေးရွာ အထက၊ န၀မတန်း(က) တွင် ပညာသင်ကြားနေသော မောင်ကိုကိုလွင်(ခ)ဝင်းမင်းသန်းအား မောင်အောင်ခန့်ပိုင်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်အောင်ခန့်ပိုင်**

Yangon Directory(ရန်ကုန်လမ်းညွှန်) (ဘာပဲလိုလို)

ကုန်အမှတ်တံဆိပ် အမည်အမှတ်အား အလွဲသုံးစားပြု၍ ထင်ယောင်ထင်မှားဖြစ်စေရန် ဈေးကွက်အတွင်း ပြုမူဆောင်ရွက်ခြင်းအတွက် သတိပေးကြေညာချက်

ရန်ကုန်မြို့ လသာမြို့နယ် မဟာဗန္ဓုလလမ်း၊ တိုက်အမှတ် (၅၉၉)၊ အခန်းအမှတ်(၁၇)၊ ဒုတိယလွှာ၊ သိမ်ကြီးဈေး(E)ရုံ တွင်ဖွင့်လှစ်တည်ထောင်ထားသော **(ရန်ကုန်လမ်းညွှန်(ဘာပဲလိုလို) စာအုပ်စီစဉ်ထုတ်ဝေရေးအဖွဲ့)** ကုမ္ပဏီ၏ တာဝန်ပေးအပ်ခြင်းခံရသူ ဒေါ်သက်သက်မွန်၏ လွှဲအပ်ညွှန်ကြားချက်အရ၊ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

MYANMAR MARKETING (Research & Development) ကုမ္ပဏီသည် ရန်ကုန်လမ်းညွှန် အမည်ဖြင့် **ရန်ကုန်မြို့ရှိ စီးပွားရေးလုပ်ငန်းအသီးသီး၏ လုပ်ငန်းရပ်အားလုံးအား စုစည်းဖော်ပြ၍ တစ်ဦးတည်းမူပိုင်အဖြစ် ရန်ကုန်မြို့နှင့်တကွ မြန်မာတစ်ပြည်လုံးသို့ ဖြန့်ဖြူးလျက်ရှိရာ၊** ကောင်းသောဂုဏ်သတင်းဖြင့် စီးပွားရေးလုပ်ငန်းများအကြားတွင် လက်ခံအားပေးလျက်ရှိသော စာအုပ်ဖြစ်ပါသည်။

